
www.burmeseclassic.com

# ဆုမြတ်မွန်မွန်


## အပျိုတော်ကကွက်နဲ့ စီးချင်းထိုးခဲ့တဲ့ချစ်သူ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

အပျိုတော်ကကွက်နဲ့
စီးချင်းထိုးခဲ့တဲ့ချစ်သူ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





## ၁

မောင်ရာစုသစ်သည် နည်းနည်းတော့ စိတ်လှုပ်ရှားနေသည်ဟု ပြောရ၍ရသည်။ အဘယ်ကြောင့်ဆိုသော် သူနဲ့ဖုန်းထဲမှာ ကြုံထားသည့် ကောင်မလေးနှင့် ဒီနေ့ လူချင်းတွေ့ကြမှာဖြစ်သည်။ သူနဲ့ ကောင်မလေးမှာ တစ်ခါမှ မမြင်ဖူး မတွေ့ဖူးကြချေ။ အင်တာနက်မှာ ထုံးစံအတိုင်း Chatting ထိုင်ရင်း ငြိကြရာမှ ဖုန်းတွေပါပြောရင်း ငြိတိတိ ဖြစ်ကြသည်။ သူကတော့ ထုံးစံအတိုင်း လျှာရိုးမရှိတိုင်း လျှောက်ပြောသမျှ ကောင်မလေးက အပေါ်တက်ကိုပဲ ကြွေသွားဟန်တူသည်။ အပြင်မှာတွေ့ဖို့ သူမကပဲ စတင်ချိန်းတာဖြစ်သည်။

သူက ပထမတော့ သွား၍မတွေ့ချင်ပေ။ ဒါပေမဲ့ ကောင်မလေးအသံက နားဝင်ချိုကာ တော်တော်ဆွဲဆောင်မှုရှိသည်။ ကလေးသံ ချွဲချွဲလေးဖြစ်ကာ တီတီတာတာလေး ပြောတတ်သော



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကို သဘောကျသွားသောကြောင့် တွေ့ဖို့ချိန်းလိုက်တာဖြစ်သည်။ ကောင်လေးကလည်း သူမက ပါးဖောင်းဖောင်းလေးဟု အတိတ်စိမ်းပေးထားသောကြောင့် သူက ဘယ်လိုပုံစံလေးများ ဖြစ်မလဲဟု ရင်ခုန်သံတွေကလည်း မြန်ရသေးသည်။

ဒီလိုနှင့် သူဟာ ချိန်းဆိုထားသော မစ္စတာဂစ်တာဆိုင်သို့ နာရီဝက်စောကာ ရောက်လို့နေသည်။ သူ့ရဲ့ဇယားလေးကတော့ ရောက်မလာသေး။ ဇယားလေးက အနက်ရောင်ဂါဝန် ဝတ်လာခဲ့မယ်ဟု ပြောထားသေးသည်။ သူကတော့ ဘာဝတ်မည်ဆိုတာကိုမပြော။ သူမကို ရင်ခုန်အောင် လုပ်ထားကာ သူ့မှာ နားကပ်တစ်ဖက်ပါသည်ဟုလောက်သာ ပြောထားသည်။ သူသည် ချိန်းဆိုထားသော သုံးနာရီအချိန်သို့ ရောက်ခါနီးလျှင် ဆိုင်ပေါက်ဝသို့ တစ်ချက်လှမ်းကြည့်ဖြစ်သည်။ အဲဒီအချိန်မှာပဲ ဆိုင်အဝင်ဝ တံခါးက ဖျတ်ခနဲ ပွင့်လာကာ မည်းမည်းအရိပ်ကြီးက လိမ့်ခနဲ ဝင်ရောက်လာသည်။ ဘယ်လိုအာရုံလဲတော့ မသိပါ။ သူကလည်း အဝင်ဝသို့အကြည့်၊ အဲဒီတစ်ယောက်ကလည်း သူ့ကိုလှမ်းအကြည့်ပဲ ဖြစ်လေရာ သူ့မှာ ဆံပင်မွေးတွေတောင် ထောင်သွားသလို ခံစားရပျက် နှလုံးသားတစ်ခုလုံး အမြောက်နှင့်အပစ်ခံလိုက်ရသူလို ဒိန်းခနဲဖြစ်သွားသည်။ သူမက ချောလွန်းလို့တော့ မဟုတ်ပါ။ မျက်နှာက လပြည့်ညမှာ သာနေသော လမင်းကြီးနီးပါးလောက်ရှိကာ ပါးနှစ်ဖက်က ပန်းသီးကြီးနှစ်လုံး တင်ထားသလို နီရဲပြီး ဖောင်းကားနေသည်။





ခန္ဓာကိုယ်ကတော့ ပြောထားသည့်အတိုင်း ဂါဝန်အနက် ဝတ်လာသဖြင့် ကျောက်ဆည်ဆင်က ကမည့်နေရာဖြင့် နေရာလွှဲဝင်လာသော ဆင်ကြီးအတိုင်းပဲဖြစ်သည်။ နည်းနည်းနော နော ခန္ဓာကိုယ်ကြီး မဟုတ်ချေ။ အဲဒီ ခန္ဓာကိုယ်ကြီးက သူ့ထံသို့ ကတ္တရာပီပါကြီး လိမ့်ကျလိုက်သလို တလိမ့်လိမ့်ဖြင့် ရောက်လာလျှင် သူ့မှာ အသက်ငင်နေသောလူလို လေတောင် ဘယ်အပေါက်ကရှူပြီး ဝင်လာမှန်း မသိတော့ချေ။ ဘုရား ... ဘုရား ... ဒါကြီးက သူနဲ့ကြိုနေတဲ့ ကောင်မလေးတဲ့လား။ သူ တကယ်ပဲ ငိုချင်စိတ် ပေါက်သွားသည်။

သူမက ထိုင်နေသော သူ့ကို ငုံ့မိုးကာ ပြုံးပြသည်။ အမယ်လေး ... မျက်လုံးနှစ်ပေါက်က ကမ္ဘာ့အနက်ဆုံး မာရီယာနာချောက်ထဲ ပြုတ်ကျသွားသလို ဘာမှမမြင်တော့အောင် အိကျပြီး ပိတ်သွားကာ ပါးစုံကြီးနှစ်ဖက်ကတော့ လေထိုးလိုက်သော ဘောလုံးကြီးတွေလို ဖောင်းပြီး တက်လာသည်။ သူသည် သေခါနီး ကယောင်ကတမ်း ရယ်မိသူလို ဟီးခနဲ သွားဖြဲပြပြီးမှ အလျင်အမြန် ပါးစပ်ပိတ်လိုက်ရသည်။ နိုး ... နိုး ... ဒီပုံကြီးနဲ့တော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

"သူက ရာစုသစ်လားဟင်"

"ဟင့်အင်း ... ရာစုဟောင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာရာစုဟောင်းလဲ၊ မြင်လိုက်တာနဲ့ကို ဖုန်းထဲကတစ်ယောက်ဆိုတာ အလိုလိုသိတယ်"

"ဟာ ... မှားနေပြီ။ ကျွန်တော်က ဖုန်းထဲမှာနေတာ မဟုတ်ပါဘူး၊ အပြင်မှာ နေတာပါ"

"ဘာမှ မမှားဘူး။ ယူက ရာစုသစ်ပဲ။ တို့နဲ့ ညတိုင်းဖုန်းပြောနေတဲ့ ရာစုသစ်ပဲ။ ယူ့အသံကို ခွေးချီသွားတောင် မှတ်မိတယ်"

"ဟာ ... မဟုတ်ပါဘူးဆိုမှ။ ခင်ဗျား လူမှားနေပြီ"

"လုံးဝမလွဲဘူး။ မမှားဘူး၊ ယူပဲ ... တို့ သေချာသိတယ်"

"ဟာဗျာ ... မဟုတ်ပါဘူးဆို၊ ခင်ဗျားက ဘာနဲ့သက်သေပြမှာလဲ"

"အောင်မာ ... ဒီမှာ ... ဒီမှာ၊ ယူ နားကပ်ဝတ်ထားတယ်လေ"

"အားလားလား ... ဘာလုပ်တာလဲ။ သေတော့မှာပဲ၊ ခင်ဗျားရဲ့ ဝက်အားကြီးနဲ့"

သူမကြီးက သူ့နားရွက်က နားကပ်ကို ဆွဲလိမ်ပြလေရာ သူ့မှာ ဆင်ကျီစားရာ ဆိတ်မခံသာနိုင်ချေ။ နာသွားသောကြောင့် ဒေါသလည်း ထွက်လာသည်။ ကျောက်ဆည်ဆင်ကလည်း အငြင်းခံရသဖြင့် ပိုရှက်လာကာ ရှက်ရမ်း ရမ်းတော့မှာဖြစ်သည်။ သူသည် နောက်များတော့ လူမမြင်ဖူးဘဲနဲ့ ဘယ်တော့မှ





ဓာတ်လမ်းမလုပ်တော့ပါဘူး ဟူသော သင်ခန်းစာကို ကောင်းကောင်းကြီး ရသွားပြီ ဖြစ်လေသည်။

"ဘာဝက်အားလဲ ... ဘာဝက်အားလဲ။ ယူနော် ... အဲဒီလို မလိုမ့်တပတ်နဲ့ ရှောင်ထွက်ဖို့ မပြင်နဲ့။ သေချာတယ် ... ယူ့အသံကိုလည်း တို့ မှတ်မိတယ်။ ဖုန်းထဲမှာတော့ မွန်လကျီသွန်ကျီ ကြက်သွန်နီလုပ်ပြီး ခုကျတော့မှ စားပြီးနားမလည် ဝါးပြီးပြန်ထွေး လုပ်မနေနဲ့"

"အောင်မာ ... အောင်မာ။ စကားကို ဆင်ခြင်ပြောဗျ။ စားပြီးနားမလည် လုပ်ရအောင် ခင်ဗျားကို ကျုပ်က ဘာတွေများ လုပ်ထားလို့လဲ။ လွှတ်ပါ ... ကျုပ် ကောင်မလေးနဲ့ ချိန်းထားတယ်၊ ခင်ဗျား လူမှားနေပြီ ...

ကျုပ်က ခင်ဗျားနဲ့ ချိန်းထားတဲ့လူ မဟုတ်ပါဘူး"

"ဟင့်အင်း ... ဟင့်အင်း ... မယုံဘူး။ နေဦး ... ယူ့ဖုန်းကို ခေါ်ကြည့်မယ်။ ဖုန်းမြည်လို့ကတော့ အဲဒါ ယူပဲ။ လုံးဝငြင်းလို့ မရတော့ဘူး။ ဘာရမလဲ ... ဟင်း"

ကျောက်ဆည်ဆင်က အိတ်ထဲမှဖုန်းကို ထုတ်ယူလိုက်လျှင် သူ့မှာ ချက်ချင်းပဲ မီးလောင်သွားသည်။ ဖုန်းသာခေါ်လိုက်လို့ကတော့ သူ ဘယ်လိုမှ ညာလို့ရမှာ မဟုတ်တော့။ ဒါကြောင့် သူက ကျောက်ဆည်ဆင်ကို အာရုံပြောင်းသည့်အနေဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဆိုမှကွာ။ ဒီမှာ ကိုယ့်ကောင်မလေးနဲ့ကိုယ် ချိန်းထားတာ။ မယုံရင် လာရင်မေးကြည့်၊ ဟော ... ပြောရင်းဆိုရင်း လာပြီ"

သူက ကျောက်ဆည်ဆင်ကို အာရုံလွှဲအောင် လုပ်လိုက်တာ ဖြစ်သော်လည်း မစ္စတာဂစ်တာ တံခါးဝကိုဖွင့်ပြီး ဝင်လာသူက တကယ်ပဲ ရှိနေခဲ့သည်။ ကောင်မလေးတစ်ယောက်က ဆိုင်တံခါးကိုဖွင့်ပြီး ဝင်လာခြင်းဖြစ်ကာ ကဗျာတစ်ပုဒ် လွင့်လာသလို တကယ်ပဲ လန်းလှပါသည်။ အရပ်မြင့်မြင့်နှင့် အသားဝင်းဝင်းသွယ်သွယ် ကောင်မလေးမှာ မလေးရှားမိုဒယ်တွေလို မျက်နှာပေါက်မျိုးဖြစ်လျက် တကယ်ပဲ မိုဒယ်တစ်ယောက်လားတော့ မပြောတတ်ပါ။ မျက်မှန်ကို နဖူးပေါ်မှာ ပင့်တင်ထားလျက် ရှပ်အင်္ကျီအဖြူလေးကို လက်ခေါက်ဝတ်ထားသော ကောင်မလေးသည် ဆိုင်ထဲသို့ မတ်တောင့် မတ်တောင့်ဖြင့် လျှောက်ဝင်လာလေရာ သူက ကျောက်ဆည်ဆင်ကြီး အငိုက်မိတာကို အခွင့်ကောင်းယူလျက် ထိုကောင်မလေးထံသို့ ရုတ်တရက် ပြေးမိသွားသည်။

ကောင်မလေးရှေ့သို့ ရောက်သောအခါမှ သူက ခြေစုံရပ်မိလိုက်လျှင် ကောင်မလေးက ဘာပါလိမ့်ဟူသော အမူအရာဖြင့် သူ့ကို စူးစမ်းကြည့်သည်။ သူက သေမင်းလက်တွင်းသို့ သက်ဆင်းရတော့မည့် အမူအရာမျိုးဖြင့် သူမအနားသို့ အမြန်ကပ်ကာ တီးတိုးပြောရသည်။





"ဒီမှာ ကိုယ့်ကို တစ်ခုလောက် ကူညီပေးပါ။ အရမ်းဒုက္ခရောက်နေလို့ မင်းက ကိုယ့်ကောင်မလေးပုံ ဟန်ဆောင်ပေးစမ်းပါနော် ...

ပလိစ် ... ကျေးဇူးဆပ်ပါ့မယ်"

သူ့စကားမှ မဆုံးသေး။ ကျောက်ဆည်ဆင်ကြီးသည် တစ်စက္ကန့်လျှင် နှစ်သိန်းရှစ်သောင်းခြောက်ထောင်သော မိုင်ဖြင့် အလင်း၏နှုန်းအတိုင်း အနားသို့ ဇွတ်ခနဲရောက်လာသည်။ သူက ကျောက်ဆည်ဆင်ဘက်လှည့်ကာ အားကိုးရှိသွားသော ပုံစံမျိုးဖြင့် ...

"ဒီမှာ ... ဒါ ကိုယ့်ကောင်မလေးပဲ။ သူနဲ့ချိန်းထားတာကို ကိုယ် ဒီမှာ လာစောင့်နေတာ။ သဲ ရှင်းပြလိုက်ပါဦး။ သူ ကိုယ့်ကို လူမှားနေတာ"

ကျောက်ဆည်ဆင်က ကောင်မလေးကို ကြည့်သည်။ ကောင်မလေးကလည်း ခေတ်ရဲ့အိန်ဂျယ်ပီပီ အထာနပ်သည်။ ကောင်မလေးက သူ့ကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်ကာ ...

"ဟိုတစ်နေ့က ဇယားတောင် ပြီးအောင်မရှင်းသေးဘူး။ နင် ဘာတွေထပ်ရှုပ်ထားတာလဲ"

ဒီလောက်တော့ သူလည်း မအ,ပါ။ ဒီဇာတ်လမ်းမှာ သူမက အဓိကမင်းသမီး ဖြစ်သွားလျက် သူက ဇာတ်ပို့ဖြစ်သွားသည်။ သူက ဇာတ်ပို့ကောင်းပီသစွာဖြင့် ခေါင်းတွေကိုတောင် ကုတ်ဖွပစ်လိုက်ရင်းမှ ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သဲကလည်းကွာ။ ကိုယ် ဘာမှမလုပ်ဘူး။' ဒီမှာ ထိုင်နေတာ။ သဲကို ထိုင်မျှော်နေတာ။ မလာ ... မလာနဲ့ ဆိုပြီး။ သူ့ဟာသူ ကိုယ့်ကို လာရယ်ပြတာနဲ့ အားနာပြီး ပြန်ရယ်ပြလိုက်တာ။ အဲဒါနဲ့ ရစ်တော့တာပဲ ...

သဲ ... လုပ်ပါဦးကွာ။ နေရင်း ထိုင်ရင်းနဲ့ ဆွမ်းခံရင်း ငှက်သင့်တော့မှာပဲ"

ကောင်မလေးက သူ့ကို ပီပြင်သော မျက်စောင်း တစ်ချက် ထိုးလိုက်လျှင် သူ့မှာ ရင်တောင်နည်းနည်းခုန်သွားသည်။ သူ့ကို မျက်စောင်းထိုးပြီးတော့မှ သူမက ကျောက်ဆည်ဆင်ကို နှစ်သိမ့်သလို တစ်ချက်ကြည့်ကာ ...

"သူငယ်ချင်း ... သူက တို့ရဲ့ဧယားပါ။ မင်း လူမှားနေတယ်။ တစ်ခါတည်း မှာထားလိုက်ဦးမယ်။ နောက်ကိုလည်း သူ့ကို ဝေးဝေးက ရှောင်နော်။ သူက အရုပ်ထုပ်။ တို့တောင် သူနဲ့ အခု ဧယားတစ်ခု ရှင်းရမှာ"

ကျောက်ဆည်ဆင်ကြီးက ခပ်တည်တည်ပြောနေသော ကောင်မလေးကိုကြည့်ကာ ယုံသွားဟန်ရှိသည်။ ဘာမှမပြောတော့ဘဲ ချာခနဲလှည့်ထွက်သွားလေသည်။ အဲဒီတော့မှပဲ သူက ဆိုဖာပေါ်မှာ ဝုန်းခနဲ ပစ်ချထိုင်မိလိုက်တော့တာဖြစ်သည်။ အမယ်လေး ကံကောင်းလို့မသေ၊ သံချောင်းတို့အမေပါလားဟရို့။ သူက အခုမှပင် အသက်ကို ထရှူမိလျက် ကောင်မလေးကို မော့ကြည့်ကာ





ကျေးဇူးတင်သော အပြုံးမျိုးဖြင့် ပြုံးမိသည်။ ပြီးတော့ ရှေ့ကဆိုဖာကို လက်ညှိုးညွှန်ပြလျက် ...

"ထိုင်ဦးလေ။ တစ်ခုခု သောက်ပါဦး။ ကိုယ့်ကို ကူညီတဲ့အတွက် ကျေးဇူးတင်စကားကို အေးအေးဆေးဆေး ပြောချင်လို့ပါ"

မလေးရှားမော်ဒယ်လေးက သူ့ကို မျက်ခုံးတစ်ချက် ပင့်ပြကာ အပေါ်နှုတ်ခမ်းတွန့်ရုံလေးတင် ပြုံးပြသည်။ သူသည် ဒီကောင်မလေး တော်တော်မိုက်ပါလားဟူသော အတွေးဖြင့် သူမကို ခပ်နှစ်နှစ်လေး စူးစိုက်ကြည့်ဖြစ်သည်။

"ကျေးဇူးတင်ဖို့ မလိုပါဘူး။ နောက်ဆို ဆင်ခြင်ပေါ့။ လူမမြင်ဖူးဘဲနဲ့ အိပ်မက်တွေပေးတဲ့ အထာတွေကို ဖျောက်တော့လေ"

အံမယ် ... သူမစကားက ဘာလိုလို။ သူက တရင်းဘနီးဟန်ဖြင့် စကားတွေ ဆိုနေသော ကောင်မလေးကို သဘောကျစိတ်ဖြင့် ပြုံးကြည့်ကာ ဟက်ခနဲ ရယ်မိသည်။ ပြီးတော့ လက်ဘစ်ဖက်ကို အသာကာပြရင်းမှ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"အိုခေ ... အိုခေ ... ဖျောက်ပါတော့မယ်။ တကယ်ပဲ ကြောက်သွားပါပြီ။ ကဲ ... ထိုင်ပါဦး မင်းကလည်း။ အခုလောလောဆယ်မှာတော့ မင်းက ကိုယ့်ရဲ့ကျေးဇူးရှင်ပါ။ ကျေးဇူးရှင်နဲ့ မိတ်ဆွေဖြစ်ခွင့်ပေးပါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com

သူက ကြုံ့အီသဘောမျိုးဖြင့် ကြုံ့တုန်း ကြုံ့ခိုက် အီချလိုက်သော်လည်း သူမက သူထင်တာထက် ပို၍ပါးနပ်ပါသည်။ အပြုံးလွင်လွင်လေးနှင့်ပင် ခေါင်းကို ခါယမ်းကာ ...

"မိတ်ဆွေတွေက ခုတလောပေါနေလို့ စိစစ်နေရတယ်။ ပြီးတော့ ရှင့်ကို ကူညီခဲ့တာ၊ မျှော်လင့်ချက်တစ်စုံတစ်ရာ မပါ,ပါဘူး"

သူမက ပြောပြီးတာနှင့် လှည့်ထွက်သွားဖို့ပြင်လျှင် သူက ဟော့ခနဲ လှမ်းခေါ်မိသည်။ ကိုယ်လုံးက ပြန်လှည့်မလာဘဲ လည်ပင်းလေးတင် လိမ်ကြည့်သောပုံစံက fashion TV တွေထဲက မော်ဒယ်အတိုင်းပဲ ဖြစ်ပါသည်။ သူမက ဘာလဲဟုသော သဘောမျိုးဖြင့် မေးဆတ်ပြသည်။ သူက ဘာပြောရမှန်းမသိလျှင် လုပ်နေကျပုံစံအတိုင်း နှာခေါင်းကို တစ်ချက်ပွတ်ကာ ...

"ဟိုဟာလေ ... မင်းရဲ့ကျေးဇူးတစ်ခု ကိုယ့်အပေါ်မှာတင် သွားပြီနော်၊ အဲဒါ တစ်နေ့နေ့ တစ်ချိန်ချိန် ဆပ်ခွင့်ကြုံရင် ဆပ်ပါရစေ"

သူမက သူ့ကို ခပ်နက်နက် စိုက်ကြည့်ကာ ဟက်ခနဲ ရယ်သည်။ ပြီးတော့ ဘာမှမပြောတော့ဘဲ စားပွဲဝိုင်းတစ်ခုသို့ လျှောက်သွားတာကို တွေ့ရပါသည်။ စားပွဲဝိုင်းမှာ သူမရဲ့သူငယ်ချင်းတွေ ဖြစ်နိုင်ဟန်တူသော လူတစ်စု ထိုင်နေတာကို တွေ့ရသည်။ သူမက အဲဒီဝိုင်းမှာ ဝင်ထိုင်သည်။ သူက အဲဒါကို တစ်





ချက်ကြည့်ပြီးသောအခါ သူ သောက်ထားသော ကော်ဖီဖိုးကိုရှင်းလျက် ဆိုင်ထဲမှ ထွက်လာခဲ့သည်။ သူမကိုတော့ ထပ်ပြီးလှည့် မကြည့်ဖြစ်တော့ပါ။

ကံမကုန်ရင်တော့ ပြန်ဆုံမည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂

"ကဲ ... တော်ပါတော့ လွန်းမြတ်ရယ်၊ နင့်ကို ကြည့်ပြီးတော့ စိတ်ကုန်လိုက်တာ တကယ်ပဲ။ ဒီလောက်တောင် ဖြစ်နေလည်း ပြတ်လိုက်ပါလားဟာ"

ရွှေရဲ့စကားကြောင့် ရှိုက်ငိုနေသော လွန်းမြတ်က ထိတ်လန့်တကြား မော့ကြည့်ကာ မယ်သီတာ့ ထံမှာတော့ ဟင်းခနဲ မာန်မဲသံ ထွက်လာသည်။ တစ်နေ့ တစ်နေ့ ဒီလွန်းမြတ်သူဇာ ဆိုတဲ့ သူငယ်ချင်းမထံမှ ရည်းစားနဲ့ပတ်သက်သော ပြဿနာတွေကိုပဲ ကြားလာရသောအခါ ကြာတော့ လူက ဓာတ်ပျက်လာသည်။ လွန်းမြတ်ကိုကြည့်ကာ ရည်းစားထားချင်စိတ်လည်း ကုန်ခန်းလာသည်။

"ဖြတ်လည်း မဖြတ်နိုင်လို့ပေါ့ဟ။ နင်က ချစ်မှမချစ်ဘူးပဲ။ ဘယ်ကိုယ်ချင်းစာတတ်မလဲ"





လွန်းမြတ်က အိညှောင့်ညှောင့်အသံဖြင့် ပြန်လည်ရန်တွေ့သည်။ ရွှေက မဟုတ်သေးဘူးဟူသော ပုံစံဖြင့် ခေါင်းကို ခါယမ်းသည်။ ရွှေရယ်၊ လွန်းမြတ်ရယ်၊ မယ်သီတာရယ် ဆိုသော သူငယ်ချင်းတွေက ဟိုး မူလတန်းထဲက တတွဲတွဲ ချစ်ခင်စွာ ပေါင်းသင်းလာသော သူငယ်ချင်းများ ဖြစ်ကြသည်။ ဆယ်တန်း အောင်အပြီး ကွန်ပျူတာတက္ကသိုလ် တက်တော့လည်း အတူတူပင်။ အခု ပူပူနွေးနွေး ကျောင်းပြီးသွားတဲ့အချိန်ထိလည်း မခွဲဘဲ ရှိကြတုန်းဖြစ်သည်။

ဒီအထဲမှာမှ အချစ်ကို စောစောစီးစီး ရှာဖွေတွေ့ရှိသွားခဲ့သူက လွန်းမြတ်ပဲဖြစ်သည်။ ဘယ်အချိန်ကကြိုက်ပြီး ဘယ်အချိန်က ရည်းစားဖြစ်သွားမှန်းတောင် မသိလိုက်ပေ။ သိတဲ့အချိန်မှာတော့ လွန်းမြတ်တစ်ယောက် အချစ်နဲ့ပတ်သက်ပြီး ခဏခဏ မျက်ရည်ကျရချိန် ဖြစ်နေသည်။ လွန်းမြတ်ရဲ့ရည်းစားကို နာမည်သာကြားဖူး ဓာတ်ပုံမြင်ဖူးပြီး အပြင်မှာတော့ မတွေ့ရသေးချေ။ တွေ့ချင်စိတ်လည်း မရှိပါ။ အခု ကြားရတာနဲ့တောင် တော်တော်စိတ်လေနေပြီဖြစ်သည်။

"ကိုယ်ချင်းစာတတ်တာ မစာတတ်တာ အဓိကမဟုတ်ဘူး။ ယောကျ်ားတို့ရဲ့သဘောသဘာဝကို နားလည်တတ်ဖို့ ပြောပြနေတာ ...


www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဆိုတဲ့အမျိုးက ကောင်းတာမဟုတ်ဘူး။ သူတို့ဆီက သိပ်မမျှော်လင့်ထားနဲ့။ မျှော်လင့်ရင် ဖွမ်းမှာပဲ"

"ဟင် ... နင်က ရည်းစားဘယ်နှယောက် ထားဖူးလို့ သူ့ကို လက်ချာတွေ ရိုက်နေရတာလဲ"

"ဟား ... နင်တို့တွေ အဲဒါ ခက်တာပေါ့။ ယောက်ျားတွေအကြောင်းကို များများသိချင်တာနဲ့ပဲ ရည်းစားတွေအများကြီး လျှောက်ထားရမှာလား။ သေမှာပေါ့ ...

ယောက်ျားတွေအကြောင်းကို သိဖို့ ဝေးဝေးကိုရှာစရာ မလိုဘူး။ ငါ့ဦးလေးတွေ ငါ့အစ်ကိုတွေ ကြည့်တာနဲ့တင် သိပြီးသား။ အဲဒီလိုပဲ တစ်ယောက်တစ်မျိုးဆီ ဆိုးနေကြတာ။ ယောက်ျားတစ်ယောက်ကြောင့် ပျော်ရွှင်ကြည်နူးရတဲ့ မိန်းမဆိုတာ မတွေ့ဖူးသလောက်ပဲ"

တကယ်ကိုပဲ ရွှေက ယောက်ျားလေးများသော အဝိုင်းအဝန်းမှာ နေလာခဲ့သူမို့ ဦးလေးတွေ အစ်ကိုတွေ မောင်တွေနဲ့တင် ယောက်ျားတို့ရဲ့ အကျင့်စရိုက်စုံကို သိနေခဲ့ရတာဖြစ်သည်။ ဒါကြောင့် ယောက်ျားဆိုလျှင် စိတ်ဝင်စားစရာဟု မမြင်ဘဲ စိတ်ပျက်စရာဟု မြင်နေတော့တာ ဖြစ်လေသည်။

"ကဲပါ ... နင်ကလည်း။ အဲဒါတွေ ပြောမနေပါနဲ့တော့။ ဒီမှာ ခံစားနေရတဲ့သူကိုတော့ ပြေရာပြေကြောင်း နှစ်သိမ့်မယ် မရှိဘဲနဲ့ မကောင်းတာတွေပဲ ပြောနေဟယ်"





"ဟာ ... မကောင်းတာကိုတော့ မကောင်းတဲ့အတိုင်း ပြောရမှာပေါ့၊ မကောင်းပါဘူးဆိုနေမှ အကောင်းလုပ်ပြောနေရမလား"

"ကျွတ် ... ပြောလေ ကဲလေပဲ။ ကဲ ... လွန်းမြတ်၊ နင်ကလည်း မျက်ရည်လေး တစမ်းစမ်း လုပ်မနေနဲ့။ ပြီးတော့ ဟိုကချော့ရင် ပျော့သွားမှာပဲ မဟုတ်လား"

"ငါ့စိတ်ထဲမှာ သူ ငါ့ကို တကယ်ချစ်တယ် ဆိုတာတော့ ယုံကြည်ပေးလို့ ရနေတာပဲလေ"

"ဟင်း ... အဲဒါပဲ မိန်းမတွေဟာ နှာခေါင်းမပါရင် ဟိုဟာတောင် စားမယ်ဆိုတဲ့ စကားက တကယ်မှန်ချင် မှန်နေမှာ ...

ယောက်ျားဆိုတာ လစ်တာနဲ့ ဖောက်ပြန်မှာပဲ။ အခုနက ကောင်ကိုပဲကြည့်၊ ဒီကောင်မှာ ရည်းစားတစ်ယောက်တော့ ရှိမှာအသေအချာပဲ။ အဲဒါကို g-talk နဲ့ပဲ အီသလား၊ ဖုန်းနံပါတ်ရပြီး အီသလားတော့ မပြောတတ်ဘူး။ လူမမြင်ဖူးဘဲနဲ့ အီတာဖြစ်မှာပေါ့။ တကယ်လည်း လာရော ဟိုက ဖက်တီးမကြီး ဖြစ်နေတာနဲ့ ငါ့ကိုအပြေးကပ်ပြီး အကူအညီတောင်းတာလေ ...

အေး ... ငါကလည်း သူ့ကြမ္မာကို သနားတာနဲ့ ဩော် ... လေပဲစိုက်ရတာပဲလေဆိုပြီး ကူညီပေးလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဟော ... ပြီးတာနဲ့ ငါ့ကိုပါ ဆက်နွယ်တော့တာပဲ။ ကျေးဇူးဆပ်ပါရစေ ကော်ဖီတိုက်ပါရစေနဲ့ လုံးဝကို မလွယ်ကြဘူး။ အဲဒီလို ရုပ်လေးသနားကမားရှိတဲ့ကောင်တွေ ပိုကြောက်ရသေး”

“ဟင်း ... လွန်းမြတ်ရေ။ နင်တော့ နောက်ကို ဘယ်တော့မှ ရွှေရဲ့ရှေ့မှာ သွားမညည်းပြလေနဲ့။ မသနားတဲ့အပြင် အပြစ်တောင် အတင်ခံရဦးမယ်”

“ငါက အပြစ်တင်နေတာ မဟုတ်ဘူး မယ်သီတာ၊ သူ့စိတ်ကို ထားတတ်အောင် ပြောပြနေတာ။ ယောက်ျားဆိုတဲ့အမျိုးက သူတို့ကို ပြောင်းလဲလို့ မရဘူး။ ပြောင်းလဲမှ ကိုယ်စိတ်ချမ်းသာနိုင်မယ် ဆိုရင်တော့ အဲဒီယောက်ျားကို မချစ်တာ အကောင်းဆုံးပဲ ...

နင် စိတ်ချမ်းသာချင်တယ်ဆိုရင် နင့်စိတ်ကိုပဲ ပြောင်းလဲလိုက် လွန်းမြတ်”

“အမယ်လေး ... အခုကိစ္စက နင်ပြောသလောက်လည်း စိတ်ပိုင်းဆိုင်ရာတွေ ဘာတွေပါလာတဲ့ ကြီးကြီးကျယ်ကျယ်ကိစ္စလည်း မဟုတ်ပါဘူး ရွှေရယ် ...

သူတို့ သမီးရည်းစားချင်း အချစ်စမ်းပြီး စိတ်ကောက်ကြတာပါ။ စိတ်ကောက်ပြေသွားတဲ့အချိန် သူတို့ပဲ အသည်းအသန် ပြန်ချစ်ကြတာ ... ဟင်း ...



ကဲ ... အဲဒါတွေ အသာထားပါဦး၊ ရန်ကုန်တက္ကသိုလ်ရဲ့ အင်္ဂလိပ်စာဒီပလိုမာသင်တန်းက လျှောက်လွှာတွေ ခေါ်နေပြီတဲ့နော်။ အဲဒါ တက်ကြမှာ မဟုတ်လား”

“တက်မှာပေါ့ဟဲ့၊ နင်တို့ မတက်တောင် ငါ့ဟာငါ သွားတက်မှာ”

“ဟွန်း ... ပြောပုံကိုက ရိုက်ပေါက်။ ဟဲ့ ... လွန်းမြတ် ... နင်ရော”

“အင်း ... တက်မှာ။ သူလည်း တက်မှာတဲ့”

“အောင်မယ်လေး ... ကျောင်းတက်တာတောင် ရည်းစားကို ခေါ်နေပြန်ပြီ။ မိလွန်းမြတ်တို့ကတော့လေ တကယ်ပဲ။ ဟင်း ... မျက်စိရှေ့မှာ အမြင်မတော်တာတွေတော့ တွေ့ရတော့မှာပဲ ...

အင်း ... မျက်စိဒုက္ခ နားဒုက္ခ ခံရဦးမယ်၊ ခံရဦးမယ်”

ရွှေရဲ့အပြောကို လွန်းမြတ်က နှုတ်ခမ်းဆူကာ ပြန်ပြောသည်။

“နင်နော် ... အဲဒီလို မပြောပါနဲ့။ ကျောင်းတက်ရတာ ပျော်စရာတောင် ကောင်းဦးမှာပါ။ သူတင်မကဘူး သူ့သူငယ်ချင်းတွေပါ တက်မှာတဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



ကဲ ... အဲဒီတော့ ဘယ်လောက်အုပ်စုတောင့်လဲ၊ ပျော်စရာကြီး။ သူ့သူငယ်ချင်းတွေကလည်း သူ့လိုပဲ အမိုက်စားတွေချည်းပဲ”

“တော်စမ်းပါဟာ။ အဲဒီ အမိုက်စားဆိုတဲ့ကောင်တွေကို ကြောက်လွန်းလို့။ ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်နဲ့နော် လွန်းမြတ်။ အုပ်စုကြီးနဲ့ ဟေးလားဝါးလားတွေလည်း မလုပ်ချင်ဘူး”

ရွှေရဲ့စကားကို လွန်းမြတ်နဲ့ မယ်သီတာက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အသီးသီး မဲ့ရွဲ့ပြကြသည်။ အဲဒီ ရွှေဟာ အရွယ်နဲ့မလိုက်အောင် ကြီးကျယ်သည်ဟုလည်း သူတို့ ထင်သည်။ ယောက်ျားတွေဆို အကောင်းမပြောသလို ငယ်ရွယ်ချောမောသော မိန်းကလေးပီပီ အချစ်ကို စိတ်မဝင်စားတာကလည်း ထူးတော့ထူးဆန်းသေးသည်။

တစ်ခိုင်လုံးရွှေဟု ဆန်းတပြားပြား အမည်တွင်သော ရွှေသည် အုပ်စုထဲမှာလည်း ဆရာမကြီးဒီဇိုင်းဖြစ်သည်။ ပြောလိုက်ရင် လေသံတွေက အမြင့်ကြီးဖြစ်ကာ အရာရာကို ဦးနှောက်နဲ့သာ နှိုင်းနှိုင်းချိန်ချိန် စဉ်းစားတတ်သူမို့ သူငယ်ချင်းတွေကဆိုလျှင် ရွှေ့ကို ဆရာမကြီးဟု အမြဲခေါ်တတ်လေသည်။ ရွှေကတော့ မမှုချေ။ တပည့်ကြီး ဖြစ်တာထက်စာလျှင် ဆရာမကြီးက ပို၍ပို၍ကောင်းသည်ဟု လက်ခံသတ်မှတ်ထားတော့တာ ဖြစ်လေသည်။



၃

ဒီနေ့သည် ကျောင်းစဖွင့်သည့် ပထမဆုံးနေ့ရက်ဖြစ်သည့်အလျှောက် သူသည် လန်းဆန်းသော စိတ်နှလုံးသားတို့ဖြင့် ကျောင်းသို့လာခဲ့သည်။ ရန်ကုန်တက္ကသိုလ်၏မြင်ကွင်းသည် သူ့နှလုံးသားကို တစ်မျိုးတစ်မည် ကြည်နူးဆွတ်ပျံ့စေပါသည်။ ဒီကျောင်းတော်ကြီးမှာ ပညာမသင်ကြားခဲ့ရသော်ငြားလည်း သူ့မိဘတွေ၊ ဦးလေးတွေ၊ အဒေါ်တွေက ဒီမှာပဲ ပညာရင်ငွေ့ခိုလှုံခဲ့ကြသောသူတွေ ဖြစ်လေရာ ဦးလေးတွေ အဒေါ်တွေ ပြောပြခဲ့သော တက္ကသိုလ်ပုံပြင်တွေနှင့် သူသည် ငယ်ငယ်လေးထဲကရင်းနှီးခဲ့ရတာဖြစ်သည်။ သစ်ပုတ်ပင်၊ ဂျပ်စင်၊ အင်းလျားကန်၊ ဦးချစ် လက်ဖက်ရည်ဆိုင်၊ အဓိပတိလမ်း၊ တောင်ငူဆောင်၊ မာလာဆောင်၊ အင်းလျားဆောင် စသော စကားလုံးတွေကို နှစ်တန်း သုံးတန်းတည်းက ရင်ခုန်ခဲ့ရတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဒီနေရာတွေနဲ့ ပြန်လည်ကျွမ်းဝင်ရတော့မည်။ အချစ်ဓာတ်တွေလွှင့်ပျံ့ကာ ခေတ်အဆက်ဆက်က ကျောင်းသားတွေ၏ ချစ်တတ်သော နှလုံးသားဝိညာဉ်တွေ ကျန်ရစ်ခဲ့သော ဒီကျောင်းတော်ကြီးထဲမှာ ဘယ်လိုရင်ခုန်စရာတွေများ ရှိနေမှာပါလိမ့်။ သူက တက်ကြွသော နှလုံးသားဖြင့် ဘောင်းဘီအိတ်ကပ်ထဲ လက်နှစ်ဖက်နှိုက်ကာ သူငယ်ချင်းတွေနဲ့ ချိန်းထားသော တောင်ငူဆောင်ကန်တင်းသို့ ခပ်မြောက်မြောက် ခြေလှမ်းများဖြင့် လှမ်းလာခဲ့သည်။ သူ့သူငယ်ချင်းတွေနဲ့ သူဟာ ကန်တင်းမှာ ချိန်းထားသည်။ အတန်းက ကိုးနာရီမှ စမှာဖြစ်လေရာ တစ်နာရီခန့် အေးအေးဆေးဆေး အချိန်ရသေးသည်။ ကန်တင်းက အစားအစာတွေကိုပဲ အားရပါးရစားဖို့ ဆုံးဖြတ်ထားသည်မို့ အိမ်ကတောင် ဘာမှစားမလာခဲ့။

သူက ကိုယ့်အာရုံနဲ့ကိုယ် သွက်သွက်လျှောက်လာရင်းမှ တစ်နေရာအရောက်တွင် ဘယ်လိုဖြစ်ကာ စည်းကမ်းမဲ့လွှင့်ပစ်ထားသော ငှက်ပျောခွံကို တက်နင်းမိသွားသလဲတော့မသိ။ လူက နောက်သို့ ပက်လက်လှန်ကာ ကျသွားသည်။ သူ့နောက်စေ့နဲ့ ကွန်ကရစ်လမ်းနဲ့တော့ မိတ်ဖွဲ့ပြီဟု ထင်ထားသမျှ သူ့နောက်မှ တစ်စုံတစ်ယောက်သည် သူ့ကို ဆီးဖမ်းထားသလိုရှိသောကြောင့် သူ ထင်ထားသလို အခြေအနေက ဆိုးမသွားပါ။ သို့သော်





နောက်တစ်ယောက်ကတော့ ဆီးဖမ်းပေးထားရတာကို စိတ်ဆိုးသောအသွင်ဖြင့် ဖမ်းထားပေးပြီးသားသူ့ကို ရှေ့သို့ပြန်၍ ဆောင့်တွန်းထုတ်ပေးလိုက်သောကြောင့် သူ့မှာ ဟပ်ထိုးလဲကျတော့မလိုဖြစ်သွားသည်။

နောက်က ဆီးဖမ်းပေးတာကို ကျေးဇူးတင်မလို့ကြံရွယ်နေသော စိတ်တို့သည် ဒေါသမီးတောက်အဖြစ် ချက်ချင်းပဲပြောင်းလဲသွားလေသည်။ သူက ရန်တွေ့ဖို့အတွက် အားရပါးရမုဒ်သွင်းကာ နောက်သို့ ပြန်လှည့်ကြည့်လိုက်လျှင် သူ့ထက်တောင်ဒေါသမုဒ်ကို သွင်းထားသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ခါးထောက်ထားကာ သူ့ကို အပြတ်ချဲတော့မည့် ဒီဇိုင်း ဖမ်းထားသော ကောင်မလေးကို မြင်လိုက်ရလျှင် သူက မျက်ခုံးအစုံကို ပင့်မိလျက် အံ့သြသွားရသည်။

"ဟင် ... မင်း"

ဟုတ်ပါသည်။ လွန်ခဲ့သော တစ်ပတ်က သူ့ကို မစ္စတာဂစ်တာ ဆိုင်ထဲ၌ ကျောက်ဆည်ဆင်ရဲ့ လက်ထဲမှ ကယ်တင်ပေးခဲ့သော ကောင်မလေးဖြစ်သည်။ သူကတောင် မြင်မြင်ချင်းသဘောကျ၍ ဓာတ်လမ်းလုပ်ဖို့ စိတ်ကူးခဲ့ရသော မလေးရှားမော်ဒယ် မျက်နှာပေါက်မျိုးရှိသည့် ကောင်မလေးကလည်း သူ့ကိုသေချာကြည့်မိသွားသောအခါ မှတ်မိသွားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးတွေက ရုတ်တရက် မှေးကျဉ်းသွားကာ "ဩော် ... ရှင်ကိုး"ဟူသည့် အဓိပ္ပာယ်မျိုး ပါဝင်သည့် မျက်လုံးမျိုးဖြစ်သည်။ သူက ကယ်တင်ရှင်မှန်း သိသွားသောအခါ မျက်နှာကြောကို နည်းနည်းလျှော့လျက် ...

"ဟိတ် .. မင်း ကိုယ့်ကို ဘာဖြစ်လို့ ဆောင့်တွန်းလိုက်တာလဲ။ ရက်စက်လိုက်တာကွာ၊ နာလိုက်တာ"

"ဩော် ... ရှင့်ကိုယ်ကြီးက မနိုင်ဝန်ထမ်းပြီး ဖမ်းထားရတာကျတော့ရော စကားထဲ ထည့်ပြောဦးလေ။ ဟွန်း ... ကျွန်မသာ သတိရှိရှိ လျှောက်မလာရင် ရှင့်ခန္ဓာကိုယ်ကြီး ပိပြီး နှစ်ယောက်လုံး ပစ်လဲကျဦးမှာ ..."

ဘာဖြစ်တာမှန်းမသိ။ လမ်းလျှောက်တာ ကောင်းကောင်းမလျှောက်ဘူး။ ယောကျ်ားလေးဖြစ်ပြီး နမော်နမဲ့နဲ့"

"ဟာ ... ကိုယ် နမော်နမဲ့ဖြစ်တာ မဟုတ်ဘူးကွ။ ဒီမှာ တွေ့လား ငှက်ပျောခွံ။ နော် ... ဘယ်သူက စည်းမရှိ ကမ်းမရှိ ပစ်သွားတဲ့ ငှက်ပျောခွံကို တက်နင်းမိလို့ ဖြစ်ရတာ"

"ဩော် ... ငှက်ပျောခွံကို အပြစ်ပုံချနေ။ ရှင့်မှာ မျက်စိပါတာလား၊ ငှက်ပျောခွံက မျက်စိပါတာလား။ ဘယ်လိုလူမှန်းလဲ မသိဘူး။ သူနဲ့ကို ရေစက်မကုန်နိုင် မခန်းနိုင် ... ဟင်း"





သူမက မကျေမချမ်း ရေရွတ်ကာ လှည့်ထွက်သွားဖို့ပြင်သည်။ သူသည် သူမ ပြောလိုက်သော "သူနဲ့ကို ရေစက်မကုန်နိုင် မခန်းနိုင်"ဟူသော စကားကို ကြားလိုက်ရလျှင် ရင်နည်းနည်းခုန်ချင်သွားသည်။ ရေစက်တဲ့ ...။ ရိုးရှင်းသလောက် သိပ်ကိုလှပတဲ့ စကားလုံးလေးပါ။ တမင်ဖန်တီးထားခြင်းတွေ မပါသော ဒီစကားလုံးလေးရဲ့ အနက်အဓိပ္ပာယ်ကို သူမ သေချာမှ သဘောပေါက်ပါလေစွ။ ဒါဆိုလျှင် ဒီကလေးမနဲ့ သူနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံစည်းစေခဲ့သည်မှာ နှစ်ခါရှိခဲ့ပြီဖြစ်သည်။ နှစ်ခါလုံးလည်း သူမက သူ့ရဲ့ကယ်တင်ရှင် ဖြစ်နေတာကလည်း အံ့ဩဖို့ကောင်းပါသေးသည်။

သူက အဖြစ်အပျက်လေးကို နှစ်လိုစွာ ခံစားမိလျှင် လှည့်ထွက်ကာ လမ်းလျှောက်သွားပြီဖြစ်သော သူမနောက်သို့ ကမန်းကတန်းလိုက်ကာ ရှေ့မှပိတ်ရပ်မိသည်။

"ခဏ ... ခဏလေးပါ။ ဟို ... ဟိုဟာလေ ... တစ်ခုလောက် မေးစရာရှိလို့"

"ဘာလဲ"

သူမက ဆောင့်ဆောင့်အောင့်အောင့် ပြန်ထူးသည်။ သူသည် လျှပ်တစ်ပြက် ပေါ်လာသော စိတ်ကူးဖြင့် သူမနဲ့ထပ်၍ ရင်းနှီးမှုရစေမည့်ခွင်ကို ဖန်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟိုဟာလေ တောင်ငူဆောင်ကန်တင်းကို ဘယ်လိုသွားရတာလဲဟင်”

“ဘာလာကြောင်နေတာလဲ။ ဒီကျောင်းထဲတောင် ရောက်နေပြီးတော့မှ တောင်ငူဆောင်ကန်တင်း မသိဘူးဆိုတော့ မဖြစ်နိုင်တာ။ မသိဘူး ... ဟော့ ... ရှင် သက်သက်လာနှယ်မနေနဲ့နော် ...

ဟိုတစ်နေ့က ရှင့်ကို ကူညီခဲ့တာ သေမလိုဖြစ်နေတဲ့ ရှင့်မျက်နှာကို အားနာလို့။ ရှင့်ကို ဇာတ်လမ်းလုပ်ချင်လို့များတော့ ထင်မနေနဲ့”

“ဟာ ... အဲဒီလို မဟုတ်ပါဘူးကွာ။ ကိုယ်က နယ်ကလာတဲ့သူပါ၊ ဒီကျောင်းထဲကို ရောက်ဖူးတာ ဒါပါနဲ့ဆို နှစ်ခါတည်း ရှိသေးတာပါ။ ဒီနေ့ စဖွင့်တဲ့ အင်္ဂလိပ်စာဒီပလိုမာသင်တန်းလေ၊ အဲဒါကို တက်မလို့ ....

ဒါပေမဲ့ သူငယ်ချင်းတွေက အဲဒီကို လာခဲ့လို့ ပြောထားလို့”

သူ့စကားကို သူမက အယုံအကြည် မရှိဟန်ဖြင့် လှောင်ပြုံး ပြုံးကာ ပခုံးတွန့်ပြသည်။

“ဒီမှာ နယ်ကလာတဲ့သူတစ်ယောက်ကို သူငယ်ချင်းတွေက ကန်တင်းမှာ ထိုင်စောင့်နေသတဲ့လား ...





ဟက် ... ဒါဆိုလည်း ဖုန်းသာဆက်ခေါ်လိုက်တော့။ ကျွန်မကတော့ ပြောပြဖို့ စိတ်ကူးမရှိဘူး”

“ဟာ ... ဟော့ ... ဟော့ ...။ ဟာ ... အကြင်နာတရား တော်တော်ခေါင်းပါးတဲ့ မိန်းကလေးပဲကွာ”

သူ ဘာပြောပြော သူမက လှည့်ကိုမကြည့်တော့ချေ၊ အဲဒီနောက်မှာတော့ သူဟာ အောင်မြင်စွာ ဆုတ်ခွာရင်း သူငယ်ချင်းတွေ ရှိနေမည့် ကန်တင်းသို့ ရောက်လာခဲ့တော့သည်။ ကန်တင်းမှာ သူငယ်ချင်းတွေနဲ့အတူ ပြည့်ဖြိုးရဲ့ကောင်မလေးကိုပါ တွေ့ရသည်။ သူက တစ်ချက် ပြုံးပြနှုတ်ဆက်ကာ ထုံးစံအတိုင်း အကျင့်မဖျောက်နိုင်စွာ နောက်မိသည်။

“တစ်ယောက်တည်းလား။ သူငယ်ချင်းတွေရော မပါဘူးလား။ မိတ်ဆက်ပေးဦးလေ ... ဟဲ ... ဟဲ”

ပြည့်ဖြိုးရဲ့ကောင်မလေး၊ လွန်းမြတ်က သူ့ကို မျက်စောင်းတစ်ချက်ခဲကြည့်ကာ ...

“ရာစုနော် ... လွန်းမြတ်ရဲ့သူငယ်ချင်းနှစ်ယောက်ကိုတော့ ချမ်းသာပေးဖို့ Request လုပ်ပါတယ်။ လွန်းမြတ်ရဲ့သူငယ်ချင်းတွေက တကယ့်ကို အဖြူရောင်လေးပါ”

“ဘာလဲ ... ချစ်သုဝေ ဆိုထားတဲ့ အဖြူရောင်လေးပါ သီချင်းကို ပြောတာလား။ ငါ မာနကြီးတယ်ဆိုတာလည်း တိမ်လိုလေလိုပါကွယ် ... ဒီရင်ထဲ လာဝင်ကြည့်လိုက် ... အဖြူရောင်လေးပါဟယ် ... ဆိုတာမျိုးလား ... ဟား ဟား”



www.burmeseclassic.com

www.burmeseclassic.com



သူက ချစ်သုဝေ ဆိုသလိုတောင် လိုက်ပြီးဆိုပြလိုက်လျှင် သူ့သူငယ်ချင်းတွေက ခေါင်းတခါခါ လည်တခါခါ ရှိကြသည်။ လွန်းမြတ်ကတော့ တခစ်ခစ်နှင့် ရယ်၍မဆုံး။ သူက အဲဒီလိုပင် ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေတတ်သူဖြစ်သည်။ ဘယ်သူနဲ့ပဲဖြစ်ဖြစ် အဖွဲ့ကျဖို့လည်း ဝန်မလေးတတ်ချေ။ ကောင်မလေးတွေရဲ့အထာကိုလည်း အလွန်ပင်နပ်ကာ အဲဒါကြောင့်လည်း ကောင်မလေးတွေနဲ့ ကြည်ရခြင်းဖြစ်သည်။ သူ့မှာရည်းစားတွေရော ရည်းစားမကျတကျတွေရော များပြားလျက် အဲဒီလိုရှုပ်တတ်သည့်အကျင့်ကြောင့်ပဲ ရည်းစားတွေနှင့် ပြဿနာတက်ကာ အားလုံးနှင့် ပြတ်သလိုလိုဖြစ်လျက် လက်ရှိအချိန်မှာတော့ ရည်းစားတစ်ယောက်မှ ရှိမနေပါ။ ရည်းစားတွေလည်း ဘယ်ချောင်မှာသွားပြီး အိပ်ပျော်နေသလဲတော့ မသိ။

"နောက်မနေနဲ့။ လွန်းမြတ်က တကယ်ပြောတာ။ လွန်းမြတ်သူငယ်ချင်းတွေနဲ့ ရှင်တို့ကို မိတ်ဆက်မပေးဘူးလို့ ဆုံးဖြတ်ထားတာ"

"ဟာ ... ဘာလို့လဲ။ ကျွန်တော်မျိုးတို့က မိကောင်းဖခင်သားသမီးတွေပါ။ Black List တော့ မသွင်းပါနဲ့ဗျာ။ ဟော့ကောင် ပြည့်ဖြိုး ... မင်းမဒီကိုလည်း ကြည့်ပြောပါဦးကွာ ...

ငါတို့ကို ဘာထင်နေလဲ မသိပါဘူး"





ပြည့်ဖြိုးက ဖြိုးတုံ့တုံ့ဖြင့် ပခုံးတစ်ချက်တွန့်ကာ...

"မင်းက အခြေသတင်းကြီးတဲ့ ရွှေမင်းသမီးလေး ... အဲ ... ဟုတ်ပါဘူး။ ရွှေမင်းသားလေးဆိုတော့ မင်းသတင်းတွေလည်း သူ ကြားမှာပေါ့ဟာ"

"ဟာ ... ကောလာဟလတွေပါ မလွန်းမြတ်သူဇာရယ်၊ ဘေးစကားတွေ မယုံစမ်းပါနဲ့"

"ဟွန်း ... ယုံတယ် ... ယုံတယ်။ ရှင်က ဆော်ကြည်ဘဲဆိုတာ သိလို့ လွန်းမြတ် သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးဖို့ကို စိတ်ကူးမရှိတာ။ လွန်းမြတ် သူငယ်ချင်းတွေက အလန်းစားတွေ။ ပြီးတော့ သန့်သန့်လေးတွေ"

"ဟာ ... ပြောကာမှ ပိုဆိုးနေပြီ။ အေးပါ ... သူ့အလှည့်ကျမှ သိမှာ။ ပြည့်ဖြိုးနဲ့ စိတ်ကောက်တော့မှ ရာစု ... ပြည့်ဖြိုးကလေ ...(ညောင်နာနာလေသံဖြင့်) ဆိုပြီး လာမပြောနဲ့။ လုံးဝလှည့်မကြည့်ဘူး"

"ဟင်း ... ကြည့်စမ်း။ စိတ်ပုပ်တယ် ... အဲ ... ခဏလေး ဟိုမိန်းမတွေ ဖုန်းဆက်တာနဲ့တူတယ်"

စကားပြောနေတုန်းမှာပဲ လွန်းမြတ်ရဲ့ဖုန်းက ထမြည်လာသဖြင့် သူမက ဖုန်းကိုင်သည်။ စကားပြောသံတွေအရ သူမသူငယ်ချင်းတွေဆီကဆိုတာ သိရသည်။



www.burmeseclassic.com

www.burmeseclassic.com


"အင်း ... မယ်သီလား။ အေး ... ငါက ကန်တင်းမှာ လာခဲ့လေ။ အတန်းက နာရီဝက်လောက် လိုသေးတာပဲ။ အင်း ... ပြည့်ဖြိုးနဲ့ ထိုင်နေတာ။ နှစ်ယောက်တည်းမဟုတ်ပါဘူး။ သူ့သူငယ်ချင်းတွေလည်း ရှိတယ် ...

ရွှေရော ... ရောက်ပြီလား။ အင်း ... အဲဒါဆိုလာခဲ့လေ။ အေးပါ ... အေးပါ"

လွန်းမြတ်က ဖုန်းချလိုက်ကာ "သူတို့လာခဲ့မယ်တဲ့" ဟု ပြောသည်။ သူက လွန်းမြတ်ကို လက်မတစ်ချက် ထောင်ပြရင်းမှ ...

"အဲဒီလို ပြေပြေလည်လည် လုပ်စမ်းပါ လွန်းမြတ်သူဇာရယ်။ This man နဲ့ This lady စည်းလုံးမှပေါ့၊ ဟုတ်တယ်မှုလား"

"ဟင်း ... ပြောထားမယ်နော်။ နောက်လည်း တွေ့ရမယ့်သူတွေမို့ မိတ်ဆက်ပေးထားတာ၊ လွန်းမြတ် သူငယ်ချင်းတွေကိုတော့ ကွိုင်မရှာနဲ့။ သူတို့နဲ့ မျက်နှာမပျက်ချင်ဘူး။ အထူးသဖြင့် ရွှေ့ကို မနောက်နဲ့ ...

မယ်သီက တော်သေးတယ်။ ရွှေက နည်းနည်းလေးမှ အပြောခံတာ မဟုတ်ဘူး။ သူက ယောက်ျားလေးတွေဆို သိပ်အကောင်းမမြင်တတ်ဘူး"

"ရပါတယ်၊ အဲဒီအစွဲကို ကိုယ်ချွတ်ပေးလိုက်ပါ့မယ် ... ဟဲ ဟဲ"

"ကြည့်ပါလား။ ပြောနေတဲ့ ကြားထဲက။ ပြည့်ဖြိုး ... ရှင့်သူငယ်ချင်းကို ကြည့်ပြောထားဦးနော်"

"အေးဆေးပါကွာ။ ဟော့ကောင် ... မိန်းမတွေ အများကြီး ရှိတယ်။ သူ့ဘော်ဒါတွေကိုတော့ ဘေးမဲ့ပေးထားလိုက်၊ ဟုတ်ပလား"

"ကြည့်စမ်း ... ကြည့်စမ်း။ ရှင်က လွန်းမြတ်ရဲ့သူငယ်ချင်းတွေကို တိရစ္ဆာန်တွေနဲ့ နှိုင်းတာပေါ့လေ။ ဟင်း ... တွေ့ဦးမယ်။ ရှင့်ရဲ့ အဲဒီပုံစံတွေနဲ့တော့ ရွှေနဲ့ တွေ့တော့မယ်။ ရွှေက ဘယ်သူ့ကိုမှ အားနာတတ်တာ မဟုတ်ဘူး"

"ရပါတယ်။ အားမနာတတ်တော့ ပြောချင်ရာ ပိုပြောလို့ရတာပေါ့"

"ဟင်း ... တကယ်ပဲဟော့၊ ရာစုသစ်ကိုတော့ တကယ်လက်လန်တယ်။ ဟော ... ဟိုမှာ ပြောရင်းဆိုရင်း လာနေပြီ။ တိတ်တိတ်နေဦး"

လွန်းမြတ်က ပြောလိုက်လျှင် သူက လည်ပင်းကို လိမ်ကာ အသာငဲ့စောင်းကြည့်ဖြစ်သည်။ အဲဒီအချိန်မှာပဲ လူက မျက်ခုံးပင့်မိသွားကာ စိတ်ထဲမှာလည်း ဟင်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အို ... ဘုရားသခင်။ အဲဒီလောက်ကြီး တိုက်ဆိုင်တာ ရှိနိုင်ပါ့မလား။ စံပယ်နှစ်ပွင့်က လေထဲမှာ လွင့်လာသည်။ အဲဒီထဲကမှ တစ်ပွင့်သော စံပယ်က စံပယ်ပန်းရှည်ရှည်လေးဖြစ်သည်။ အခုနလေးတင် ပူပူနွေးနွေး တွေ့ခဲ့ရသော ကောင်မလေး၊ တစ်နည်းအားဖြင့် သူနဲ့ သမိုင်းရှိခဲ့ဖူးသော ကောင်မလေးပဲဖြစ်သည်။

ကြည့်စမ်း ... ဒီကောင်မလေးဟာ လွန်းမြတ်ရဲ့ သူငယ်ချင်းတဲ့။ သူက သူမ မမြင်စေသေးရန်အတွက် ခေါင်းကို မသိမသာ ငုံ့စောင်းထားမိသည်။ သူမတို့ အနားရောက်လာသောအခါ သူ့ရင်ခုန်သံတွေ မဆိုစလောက်လေး မြန်နေတာကိုတော့ သူ့ကိုယ်သူ သတိထားမိလေသည်။

"လာ ... မွေ။ ဘာစားကြမလဲ"

"စားတော့ပါဘူး။ အိမ်က စားလာပြီးသား"

"အင်း ... ဒီမှာ လူစုံနေတာနဲ့ ခေါ်လိုက်တာလေ။ နောက်လည်း တွေ့နေရမယ့်သူတွေဆိုတော့ မိတ်ဆက်ပေးထားချင်လို့။ မွေ ... သူက ရာစုသစ်တဲ့။ ဒီဘက်ကတော့ လင်းထက်။ ရာစု ... ဒါက မွေတဲ့။ နာမည်အပြည့်အစုံကတော့ တစ်ခိုင်လုံးမွေ၊ ဒီဘက်က ခင်သီတာ။ လွန်းမြတ်တို့ကတော့ မယ်သီလို့ပဲ ချစ်စနိုးခေါ်ကြတာ ...

ဟင် ... ရာစု။ ရှင် အဲဒါ ဘာလုပ်နေတာလဲ"





သူက မျက်နှာကို တစ်ဖက်သို့ စောင်းထားပြီး လက်တစ်ဖက်နှင့်ပါ ကာထားသကြောင့် လွန်းမြတ်က တအံ့တဩ မေးလိုက်တာဖြစ်သည်။ သူက လက်ဝါးကို အသာဖယ်လိုက်လျှင် သူ့ကို ဘာကြောင့်တာလဲဟု မျက်မှောင်ကြုတ်ပြီး ကြည့်နေသော သူမကို တွေ့လိုက်ရသည်။ သူ့မျက်နှာကို အပြည့်အဝ မြင်သွားသောအခါ သူမရဲ့မျက်နှာမှာ အံ့ဩရိပ်က ပါးပါးလေး ထင်ဟပ်သွားသည်။

သူက လက်ချောင်းလေးများကို လှုပ်ခတ်ကာ "ဟိုင်း"ဟု နှုတ်ဆက်လိုက်လျှင် သူမက အနည်းငယ်ရှုံ့မဲ့သွားသည်။ ပြီးတော့ နှုတ်ခမ်းတစ်ချက် မဲ့သွားတာကိုလည်း တွေ့လိုက်ရသည်။

"ဟဲ့ ... ဘာလဲ။ အဲဒါ ဘာဖြစ်တာလဲ။ ရှင် လွန်းမြတ်သူငယ်ချင်းကို ဘာပြဿနာရှာထားပြန်ပြီလဲ"

"ဟာ ... မရှာရပါလားဗျာ။ မေးလည်း ကြည့်ပါဦး။ အဲ ... ဒါပေမဲ့ သူက ကျွန်တော့်ကိုတော့ ကူညီဖူးတယ်လေ"

"ဟယ် ... ဘယ်လိုတွေပါလိမ့်။ ကြည့်စမ်း ... သူတို့တွေက ဇာတ်လမ်းတွေ ရှိခဲ့တယ်တော့"

အဲဒီစကားကို သူမက ချက်ချင်းပဲ ကဲကဲဆတ်ဆတ် တုံ့ပြန်သည်။ ပုံစံမှာ ရှုံ့ခနဲ ထပေါက်တော့မည့် မြွေဟောက်မ ဒိုင်းမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘာဇာတ်လမ်းမှ မရှိဘူး။ နင်တို့ကို ငါ ပြောပြခဲ့ဖူးတဲ့ မစ္စတာဂစ်တာတုန်းက အရှုပ်ထုပ်ဟာသူပဲ။ ပြီးတော့ အခုနက တစ်ခါတွေ့ခဲ့ရတယ် ...

ဟင်း ... ငှက်ပျောခွံကို တက်နင်းမိပြီး ငါ့ပေါ်ကို ဖက်လက်လှန် လဲကျမလို ဖြစ်တာလေ။ အဲဒါပဲ ... နော်၊ ဘာဇာတ်လမ်းမှ မရှိဘူး။ ပြဿနာအထုပ်နဲ့ပဲ အမြဲတမ်း တွေ့နေတာ"

"အဲဒီလောက်လည်း အသည်းအသန် မငြေရှင်းပါနဲ့ဗျာ။ လူကို မပတ်သက်ချင်ဘူးလား ... ပြော"

သူ့ရဲ့ မိုင်ပိုပို အပြောကို သူမရဲ့စိတ်ပျက်လက်ပျက် မဲ့ပြုံးဖြင့် တုံ့ပြန်သည်။ တွေ့ကတည်းက ကြည်နူးစရာ ရင်ခုန်စရာ အပြုံးမျိုး ပြုံးပြခဲ့တာ တစ်ခါမှ မတွေ့ခဲ့ဖူးပဲ လေသံမာမာတွေ၊ မဲ့ပြုံးတွေ၊ ရှုံ့မဲ့တာတွေသာ တွေ့ခဲ့ရသော်လည်း ဘာကြောင့်မှန်းမသိဘဲ အဲဒါတွေကို သဘောကျနေမိတာတော့ ထူးဆန်းလှသည်။ တွေ့သမျှ ကောင်မလေးတွေထဲက အပြုံးတွေ အချိုတွေကိုပဲ အမြဲတမ်း ရနေကြမို့ ဒါဟာ အသစ်ဖြစ်နေတာလားတော့ မပြောတတ်ပေ။

"စိတ်ကုန်လိုက်တာ။ ဒီလိုမှန်းသိ မလာပါဘူး။ ကဲ ... ဒေါ်လွန်းမြတ်။ အတန်းသွားတက်ဖို့ စိတ်မကူးတော့ဘူးလား ...

သွားမယ် ... လာ"





"ဟဲ့ ... နေပါဦး။ အခုမှ ရောက်တဲ့ဟာကို၊ လက်ဖက်ရည် သောက်လေ၊ နင်က လက်ဖက်ရည် ကြိုက်တာပဲဟာ"

"တော်ပြီ ... မသောက်ချင်ဘူး"

"သောက်ပါ မလုံးရွှေရဲ့။ ဘာလဲ ... ကျွန်တော်တို့ရှိလို့ မသောက်တာလား။ အားမနာပါနဲ့ သောက်ပါ"

"ဘာ ... ဘာ ... ဘာပြောတယ်။ ဘာမလုံးရွှေလဲ"

"ဩော် ... နာမည်က တစ်ခိုင်လုံးရွှေဆို။ အဲဒီထဲမှာ ဖြတ်ခေါ်လို့ အဆင်ပြေတာက လုံးရွှေပဲ ရှိတာ။ မတစ်ခိုင်ဆိုတော့လည်း ..."

သူ့စကားတောင် မဆုံးသေးချေ။ သူမထံမှ ဖြတ်အော်သံကြီးက အကျယ်ကြီး ထွက်ပေါ်လာသည်။

"တိတ်စမ်း ... ရှင် စကားဆက်မပြောတော့ရင် ကောင်းမယ်။ လွန်းမြတ် ... နင့်ဟာနင် လိုက်ချင်လိုက် မလိုက်ချင်နေ။ ငါတော့ သွားပြီ၊ မယ်သီ ... နင်ကရော ဘာလုပ်မှာလဲ"

"ဘာမှမလုပ်ပါဘူး လိုက်မှာပေါ့။ ဟုတ်သားပဲ ရှင်ကလည်း ကျွန်မသူငယ်ချင်းကို ဘာကိစ္စ မလုံးရွှေလို့ ခေါ်ရတာလဲ။ ဟီး ဟီး"

ပြောရင်းမှ မယ်သီ ဆိုသော ကလေးမကပါ ဟီးခနဲ ရယ်ချလိုက်လျှင် အားလုံးရဲ့မျက်နှာတွေက ပြုံးစိစိဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အဲဒီလို အပြုအမူဟာ မလုံးရွှေရဲ့ဒေါသကို ပိုမိုဆွပေး လိုက်ဟန် တူပါသည်။ သူမက သူ့ကို အငြိုးတကြီး အံကြိတ် ကြည့်ကာ တက်တစ်ချက်ခေါက်ရင်း လှည့်ထွက်သွားတော့သည်။ သူမရဲ့သူငယ်ချင်းကလည်း နောက်ကနေ အပြေးပါသွားသည်။

လွန်းမြတ်ကတော့ ပြည့်ဖြိုးက လက်ဆွဲထားသဖြင့် ထွက်မသွားနိုင်သေး။

သူ့ကိုတော့ နောက်ရကောင်းလားဟူ၍ ရန်တွေ့သည်။

"ရာစုသစ် ... ရှင်ဟာလေ ပြောထားတဲ့ကြားက လုပ်ဖြစ်အောင်ကို လုပ်တယ်။ ဘာဖြစ်လို့ ရွှေ့ကို သွားနောက်ရတာလဲ။ ခက်လိုက်တာ။ တကယ်ပဲ ...

သွားပြီ ... သူ ရှင့်ကို ဘယ်လိုမှ အမြင်ကြည်မှာ မဟုတ်တော့ဘူး"

"ခင်လို့ နောက်တာပဲဗျာ။ အဲဒီလို စိတ်ဆိုးရင် ပိုတောင် နောက်ချင်သေးတယ်"

"ဟွန်း ... တော်ပြီ၊ မပြောတော့ဘူး"

လွန်းမြတ်က စိတ်ဆိုးချင်ဟန်ဆောင်ကာ ပြည့်ဖြိုး လက်ထဲမှ ဆောင့်ရုန်းပြီး ထွက်သွားသည်။ ပြည့်ဖြိုးကတော့ သူ့ လူမိုး ပြုံးစေ့စေ့ဖြင့် ကျန်ရစ်ခဲ့လေသည်။ လင်းထက်ကတော့ ပခုံးကို အသာတွန့်ရင်း ...





"ဟော့ကောင် ... တစ်ခိုင်လုံးရွှေ ဆိုတဲ့အတိုင်း ဝင်းမှည့်နေတာတော့ အမှန်ပဲ။ မိုက်တယ်"

"ငါကတော့ အဲဒီလို ကဲကဲဆတ်ကိုမှ ပိုကလိချင်တာ။ သူ ဒေါသထွက်နေတဲ့ပုံကို မြင်ရတာ သိပ်ကျေနပ်ဖို့ ကောင်းတာပဲ ...

ဝါး ... ရည်းစားမထားတော့ဘူးဟေ့။ မလုံးရွှေကိုပဲ ဘယ်လိုနောက်ရင် ကောင်းမလဲ စဉ်းစားတော့မယ်"

"အေး ... အဲဒါက ညကျမှ အိပ်ရာထဲမှာ နဖူးပေါ် လက်တင်ပြီး စဉ်းစား။ ခုတော့ အတန်းသွားတက်ကြစို့။ အချိန်နီးနေပြီ"

ပြည့်ဖြိုးက လောဆော်လိုက်လျှင် သူတို့ဟာ အတန်း တက်ဖို့ ချီတက်လာခဲ့ကြသည်။ အခန်းထဲမှာ မလုံးရွှေကို တွေ့ ရသဖြင့် စိတ်တွေဟာ ပေါ့ပါးလန်းဆန်းကြောင်း ဝန်ခံပါရစေ။ သူ့အဖို့တော့ ဒီနေ့ ဆုန်သင်းပါရ်ရဲ့သီချင်းလေးကို ညည်းနေမိ တော့လေသည်။

"ဒါဆိုရင် ... ဆက်ရန်ဟော့ ... အို ... ခရီးဆက်စို့ ... အဆုံး မရှိ ... အဆုံးမရှိ"



www.burmeseclassic.com

www.burmeseclassic.com



## ၄

လေပြည်သည် စိမ့်စိမ့်လေး တိုက်ခတ်နေသည်။ ပင်လယ်ပြင်မှာ မုန်တိုင်းရှိသဖြင့် ရန်ကုန်မြို့၏ ရာသီဥတုသည် မှိုင်းညှို့ဖွယ်ကောင်းစွာ အုံ့ဆိုင်းလို့နေသည်။ မြကျွန်းညိုညိုတက္ကသိုလ်ထဲတွင် မှိုင်းညှို့နေသော ရာသီဥတုကြောင့် ပို၍လွမ်းမောဖွယ်ကောင်းကာ ပန်းချီကားတစ်ချပ်လို သက်ဝင်လှုပ်ရှား ခံစားဖို့ကောင်းနေသည်။ ရွှေသည် ဒီမြင်ကွင်းကို ခံစားနစ်မျောရင်းမှ လမ်းကိုခပ်ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ ရွှေသည် လွတ်လပ်ပျော်ရွှင်နေသော ကျောင်းသားကျောင်းသူတွေကို ကြည့်ရင်းမှ ကိုယ်ပါစိတ်ကြည်နူးသလို ခံစားရသည်။

အဲဒီအချိန်မှာပဲ ရွှေ့ရဲ့ဘေးနားကို အရိပ်တစ်ခုကကပ်လာတာကို ခံစားလိုက်ရ၍ လှည့်ကြည့်လိုက်လျှင် ခပ်ပြုံးပြုံး





မျက်နှာပေးနှင့် ချဉ်းကပ်လာသော ငနဲသားတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။ လှည်းဘီးလောက်ရှိသော မျက်မှန်ကို တပ်လာကာ ဆံပင်တွေကို ထောင်ထားသော အနီယောကျ်ားသားသည် ရွှေ လှည့်ကြည့်တာမြင်တာနှင့် ဟိုင်း ဟူသော နှုတ်ဆက်သံကြီးနဲ့အတူ လက်ချောင်းလေးများကို လှုပ်ခတ်ပြသည်။ ရွှေက မသိချင်ယောင်ဆောင်ကာ ခြေလှမ်းကို သွက်သွက်ပိုလှမ်းသည်။

"ဒီမှာ ... ခဏလောက်"

"ဆောရီးပဲ ... မှားရမ်းတဲ့အလုပ်ကို ဝါသနာမပါဘူး"

"ဟာ ... အဲဒါကို ပြောတာမဟုတ်ဘူးလေ။ မင်းနဲ့ကိုယ် စကားပြောချင်လို့ပါ"

"လာပြောမနေနဲ့။ စိတ်မဝင်စားဘူး"

"ဟာ ... မင်းက ထင်ထားတာထက်တောင် မာနကြီးတာပဲ။ ကြိုက်ပြီကွာ။ ကိုယ်ကလည်း အဲဒီလို ကြီးတာမျိုးမှ သဘောကျတာ"

"ရှင် ဘာစကားပြောတာလဲ။ လာပြီး မမိုက်ရိုင်းနဲ့နော်"

"မိုက်ရိုင်းတာ မဟုတ်ဘူးလေကွာ။ ကိုယ်က မင်းကို မိသားဖသားပီပီ တောင်းရမ်း ... အဲလေ ... အေးအေးဆေးဆေး စကားပြောချင်တယ်လို့ ပြောနေတာ ...

မင်းကမှ လက်မခံဘဲ။ လူကို ခွေးမောင်းသလို မောင်းထုတ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟ ... ကိုယ့်အဆင့်ကိုယ် သိတာလည်း မင်္ဂလာတရားတော်နဲ့ အညီပါပဲ"

"အင်း ... မင်္ဂလာတရားတော်နဲ့ ပိုညီသွားအောင် မင်္ဂလာဆောင်လိုက်ကြစို့လေ"

"ဘာ ... နင်တော့ သေတော့မယ်နော်။ ငါ့ကို ဘယ်လိုမိန်းမမျိုး ထင်နေလဲ"

"ဘယ်လိုမိန်းမမျိုး ထင်ရမှာလဲ။ မိန်းမဆိုတာ အားလုံးအတူတူပဲ မဟုတ်ဘူးလား။ မာနတွေ စွတ်ကြီးမနေစမ်းပါနဲ့ကွာ။ အေးအေးဆေးဆေး ငြိမ်းချမ်းရေး ယူလိုက်ကြရအောင်ပါ ... နော် ... တစ်ခိုင်လုံးရွှေလေးရယ်"

"အောင်မာ ... အောင်မာ၊ နံပြည်စုတ်ကို ဆံပင်ထောင်ပေးထားတဲ့ ဒီဇိုင်းနဲ့အကောင်ကများ လူပါးဝလို့။ တောက် ... ငါ့အကြောင်းကို သိတယ်ဆိုရင် ငါ့ဒေါက်ဖိနပ်အကြောင်းလည်း သိမှာပေါ့"

ရွှေသည် တကယ်ကို စိတ်တိုလာသောကြောင့် ဒေါက်ဖိနပ်ကို ချည်မည့်ဟန် ပြင်လိုက်လျှင် တစ်စုံတစ်ယောက်က ရွှေရဲ့လက်ကို ဖျတ်ခနဲလာဆွဲကိုင်သည်။ လှည့်ကြည့်ကာ တစ်ခုခုပြောဖို့ ပြင်လိုက်သော ရွှေရဲ့ပါးစပ်တွေ မဟခင်မှာပဲ သူ့ထံမှ စကားတွေက တရစပ် ထွက်လို့လာလေသည်။





"သဲ ... စိတ်ကိုထိန်းပါ သဲရယ်၊ အဲဒီလို မလုပ်ပါနဲ့။ ဒီလို ခဏ ခဏ လုပ်ပေါင်းများလို့လည်း ခဏ ခဏ လျော်ရပေါင်း များလှပါပြီ ...

ဒီမှာ နောင်ကြီး။ သွားပါခင်ဗျာ သွားပါတော့။ ကျွန်တော်ပဲ ကြားထဲက တောင်းပန်ပါတယ်။ သူက အရမ်းစိတ်ကြီးလို့ပါ။ တစ်ခုခုဆို ဒေါသက အရမ်းထွက်တတ်ပြီး လူတစ်ယောက်ကို သွေးထွက်အောင်လုပ်ရမှ ဒေါသပြေတတ်သူပါ ...

နော် ... ကျွန်တော်ပဲ ကြားထဲက တောင်းပန်ပါတယ်။ သွားလိုက်ပါတော့"

သူက ပြောလည်းပြော၊ လက်ကလည်း ရွှေရဲ့လက်ကို မလွှတ်စတမ်း ဆွဲခေါ်လို့လာလျှင် ရွှေသည် ကျားထက်ဆိုးသော ရှင်ကြီးရဲ့နောက်မှာ ယက်ကန် ယက်ကန် စောင်းငန်း စောင်းငန်းဖြင့် ပါလာရသည်။ ကော်ရစ်တာထောင့်ချိုးသို့ ရောက်မှသာ သူ့လက်ထဲကနေ၍ ဆောင့်တွန်းရုန်းထွက်လျက် ...

"ဖယ်စမ်း ... ရှင်က ကျွန်မလက်ကို ဘာဖြစ်လို့ ဆွဲထားရတာလဲ။ ပိုင်စိုးပိုင်နင်း ... ဟင်း"

သူက မေးစေ့ကို လက်တစ်ဖက်ဖြင့် ဟန်ပါပါပွတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



“မင်းလက်ကို ကိုင်ချင်လွန်းလို့ ကိုင်တာမဟုတ်ဘူး။ ကျေးဇူးဆပ်တာ နားလည်လား၊ ကိုယ့်ရဲ့ကျေးဇူးရှင်မို့ ကျေးဇူးဆပ်ပြီး လက်ကိုင်တာ ...

မင်း ဟိုဘဲနဲ့ ရှော့ရှိလို့ အမြင်မတော်လို့ ဝင်ပြီးကူညီတာ”

“တော်စမ်းပါ၊ ရှင့်ကို ဘယ်သူက အကူအညီတောင်းနေလို့လဲ”

“ဒီမှာ အမြင်မတော်လို့ ဝင်ကူညီတာ အမိ။ မင်း အမှန်အတိုင်းတော့ ဝန်ခံလိုက်စမ်းပါ။ မင်းကို ဟိုဘဲနှောင့်ယှက်နေတာကို တော်တော်စိတ်အနှောင့်အယှက် ဖြစ်နေတယ်မဟုတ်လား။ ဟိုက တစ်ခုခု ထိပါးနှောင့်ယှက်လို့ကတော့ ဖိနပ်တွေ ဘာတွေချွတ်ပြီး ဆော်တော့မယ့်အဆင့်ကို ရောက်နေပြီ ...

ဟုတ်တယ်ဟုတ်။ မလုပ်ပါနဲ့ကွာ။ လက်နက်ရှိတယ်ဆိုပြီး အဲဒီလက်နက်ကို အားမကိုးရဘူးလေ။ အကူအညီလိုရင် ကိုယ့်ကို သတိရလိုက်ပါ၊ ဟုတ်ပြီလား”

ရွှေသည် ကိုယ့်ကို ပဲတွေအပြည့်၊ စတိုင်လ်တွေအပြည့်ဖြင့် လာပြောနေသော ယောကျ်ားတစ်ယောက်ကို ပြုံးမဲ့မဲ့ဖြင့် စိုက်ကြည့်ကာ ခေါင်းတွေကို ခါယမ်းနေမိသည်။ သူ ဘာသဘောနှင့် ရွှေ့ကို လာရောနေတာပါလိမ့်။ ရွှေကတော့ သင်းနှင့်





နည်းနည်းလေးမှ မပတ်သက်ချင်ပေ။ ရည်းစားများသည် ဇာတ်လမ်းတွေ ရှုပ်တတ်သည်ဟု ကြားဖူးထားသော ယောကျ်ားတစ်ယောက်ကို သူငယ်ချင်းအဖြစ်နဲ့တောင် မပေါင်းချင်ပါ။ တော်ကြာသူနဲ့စကားပြောတာ မြင်လျှင်တောင် သူ့ဇာတ်လမ်းတွေထဲကတစ်ယောက်ဟု အထင်မခံနိုင်ပေ။ ဒါကို တွေးမိသွားလျှင် ဘာစကားမှ ဆက်ပြောချင်စိတ် မရှိတော့ပဲ လှည့်ထွက်ဖို့ပြင်သည်။

“ဟာ ... နေဦးလေ၊ ဘယ်သွားမလို့လဲ”

“နေစမ်းပါဦး ...”(စကားတောင်မဆုံးသေး။ သင်းကဖြတ်ကာ)

“နေပါတယ်။ ကိုယ်က နေတယ်။ မင်းကသာ လှည့်ထွက်ဖို့ ပြင်နေတာ”

“ကျွတ် ... ရှင် အရူးကွက် လာမနင်းနဲ့နော်။ ရှင်နဲ့ကျွန်မဘာမှမပတ်သက်ဘူး၊ သူငယ်ချင်းလည်း မဟုတ်ဘူး။ မိတ်ဆွေလည်း မဟုတ်ဘူး ...

ဒီတော့ ဘာမှလာမပတ်သက်နဲ့။ နောက် လမ်းတွေ့လည်း မခေါ်နဲ့”

“ဟာ ... မာနကလည်း ကြီးလိုက်တာကွာ။ မလုံးရွှေတို့များ တကယ်စိမ်းကားတယ်”

“တောက် ... ရှင် သေချင်လို့လား ... ဟမ် ? ။ နောက်တစ်ခါ ထပ်ခေါ်ရင် အဆိုးမဆိုနဲ့တော့။ အခုနက မချွတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတဲ့ ဒေါက်ဖိနပ်ဟာ ရှင့်အတွက် ဖြစ်သွားမယ်? ဟင်း”

ရွှေရဲ့ကြိမ်းမောင်းသံကို သူက အိုဗာအိုက်တင်ဖြင့် ကြောက်လန့်တကြား ဖြစ်ပါတယ်ဟူသောပုံစံ လုပ်ပြသည်။ ရွှေသည် အဲဒီပုံစံကို အမြင်ကတ်လွန်းအားကြီးစွာဖြင့် အံကြိတ်ကာ ချာခနဲ လှည့်ထွက်ခဲ့လေသည်။

အတန်းထဲမှာ အရင်ရောက်နှင့်နေသော မယ်သီက ရွှေရဲ့တင်းမာစူပုပ်လာသော မျက်နှာကို မြင်တာနှင့် ချက်ချင်းတန်းမေးသည်။

“ဟဲ့ ... ဘာဖြစ်လာတာလဲ”

“ဘာဖြစ်ရမှာလဲ။ စောစောစီးစီး ကျက်သရေတုံးတွေနဲ့ ချည်းပဲ တွေ့လာရလို့ပေါ့။ ဟိုမိန်းမရော”

“ထုံးစံအတိုင်းပေါ့။ သူ့ဘဲလာခေါ်သွားလို့ ကော်ရစ်တာထောင့်မှာ စကားသွားပြောနေတယ်”

“ဟင်း ... သင်းတို့ကလည်း ပြောပဲ ပြောနိုင်လွန်းတယ်။ နေ့ပြော ညပြောနဲ့။ အဲဒီမိန်းမကိုလည်း သိပ်မကြည့်ချင်တော့ဘူး”

“ဩော် ... မုန်တိုင်းက အားလုံးကို ပတ်တိုက်နေတာပါလား။ ငါ့ကိုတော့ အဖျားမခတ်ပါနဲ့တော့ဟယ်။ ကဲ ... ပြောစမ်းပါဦး။ ဘာတွေဖြစ်လာလို့လဲ”





ရွှေက ဒေါသမပြယ်သေးသောစိတ်ဖြင့် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။ မယ်သီက နားထောင်ပြီးသောအခါ ခေါင်းတဆတ်ဆတ်ညိတ်လျက် ...

“ငါ့အထင်တော့ အဲဒီ ရာစုသစ် ဆိုတဲ့ကောင်က နင့်ကို ကြိုက်နေသလားပဲ”

“အို ... တော်စမ်းပါ။ သင်းလိုဟာမျိုး အကြိုက်ခံရမှာ တောင် သနလွန်းလို့”

“ရုပ်က မိုက်တော့ မိုက်ပါတယ်။ ပေါ့ပျက်ပျက်နိုင်တာပဲ ဆိုးနေတာ”

“သူ့ဟာသူ ပေါ့ပဲပေါ့ပေါ့ လေးပဲလေးလေး စိတ်မဝင်စားဘူး။ ဘယ့်နှယ်ဟာ ... တွေ့သမျှ မိန်းမကိုလိုက်ပြီး ဖွန်ကြောင်နေတဲ့ဟာ။ ကြောင်တယ် ဆိုတာလည်း ကြည့်ကျက်ကြောင် ပေါ့။ ဒါ ကြောင်သင့်တဲ့မိန်းမလား။ မကြောင်သင့်ဘူးလား ဆိုတာတော့ ...

ခုဟာက တွေ့မရှောင် လုပ်နေတာ။ အထူးသဖြင့် ငါ့ကို မလုံးရွှေ မလုံးရွှေဆိုပြီး သက်သက် နာမည်ဖျက်တာကိုတော့ အမုန်းဆုံးပဲ”

“ခစ် ... ပြောလည်း ပြောတတ်တယ်နော်၊ မလုံးရွှေရဲ့။ ချစ်တော့ ချစ်စရာလေးပဲ ဘယ်လိုများ စဉ်းစားမိလဲ မသိဘူး ...



www.burmeseclassic.com

www.burmeseclassic.com

တော်သေးတာပေါ့၊ ငါ့နာမည်က ဘယ်လိုပဲ ဖြစ်တ် ခေါ်ခေါ် မလုံးရွှေလို မဖြစ်လို့"

"မယ်သီနော် ... ငါ လုပ်လိုက်ရ သေတော့မယ်။ နင်ကပါ ဓာတ်တူသား စားချင်နေတာလား"

"မဟုတ်ရပါဘူးဟယ်။ ခိ ... ခိ ... ပြောရင်းနဲ့ ဟိုမှာ လွန်းမြတ်တောင် လာနေပြီ။ အမယ်လေး ... ရုပ်က သာယာလာတဲ့ရုပ်နဲ့"

"ရွှေ ... ဘယ်တုန်းက ရောက်လဲ"

အနားရောက်လာသော လွန်းမြတ်က ရွှေ့ကို ပြုံးစစဖြင့် လှမ်းမေးသည်။ လောကကြီးကို မကျေနပ်သော ဓာတ်ခံရှိသည့် ရွှေသည် ဘယ်သူ့ကိုမှ အကောင်းမမြင်နိုင်ပါ။ ဒါကြောင့် လွန်းမြတ်ကိုလည်း ဘုဘောက် ပြန်ပြောမိသည်။

"ဘယ်တုန်းက ရောက်ရောက်ပေါ့"

"သွားမပြောနဲ့ဟော့။ မလုံးရွှေ ... အဲ ... ရွှေတို့တော့ တော်တော်ပေါက်ကွဲနေတာနော်"

"ဘာမလုံးရွှေလဲ။ မယ်သီ ... နင့်ကိုပါ ငါ လုပ်မိတော့မယ်နော်"

"မလုပ်ပါနဲ့ဟယ်။ ဒီလို လွန်းမြတ်ရေ။ ဒီနေ့မနက် သူက အရှုပ်ထုပ်တွေနဲ့ပဲ တွေ့လာရလို့လေ။ ဒီလို ... ဒီလို ..."





မယ်သီက လွန်းမြတ်ကို တစ်ဆင့် ဓာတ်ကြောင်းပြန်သည်။ ပြီးလျှင် လွန်းမြတ်ကပါ ခေါင်းတဆတ်ဆတ်ညိတ်လျက် ...

"ပြည့်ဖြိုးကတောင် ပြောတယ်ဟ။ ရာစုသစ်က နင့်ကို စ,ရတာကို တော်တော်ပျော်နေတာတဲ့ဟ။ နင့်အကြောင်းတွေလည်း ပြောတယ်တဲ့။ ဟင်း ... ဟင်း ... ကေန္တတော့ ကေန္တပဲပေါ့"

"သွားသေလိုက်။ အဲဒီလို တွေ့မရှောင် ဖွန်ကြောင်ကို ငါက လုံးဝစိတ်မကူးဘူး ဆိုတာလည်း ပြောဖြစ်အောင် ပြောလိုက်ဦး ...

လွန်းမြတ် ... နင်လည်း နင့်ဘဲကတစ်ဆင့် ပြောခိုင်းထား။ ငါ့ကို မလုံးရွှေလို့ မခေါ်နဲ့လို့။ လုံးဝမကြိုက်ဘူး။ နင်ကပါ အလိုတူ အလိုပါ လုပ်မနေနဲ့"

"မလုပ်ပါဘူးဟယ်။ ငါလည်း ပြောတော့ ပြောတာပဲ။ ဒါပေမဲ့ နင် သိတယ်မဟုတ်လား။ သူတို့က မကြိုက်မှန်းသိရင် ပိုစ,ကြတယ်လေ ...

သူတို့အုပ်စုက ခင်ဖို့ကောင်းပါတယ်ဟာ။ နင်က သေချာပေါင်းမကြည့်ဖူးသေးလို့ပါ"

"ဟင်း ... ပေါင်းကြည့်စရာလား။ နင်ပဲပေါင်း ... နင်ပဲပေါင်း"


www.burmeseclassic.com

www.burmeseclassic.com

ရွှေရဲ့ဒေါသတကြီး ရန်တွေ့သံကို နှစ်ကောင်လုံးက စိတ်မဆိုးဘဲ တဟက်ဟက် ရယ်မောကြသည်။ အကြောင်းကတော့ မလုံးရွှေဆိုသော နာမည်ကို စဉ်းစားမိ၍ပဲ ဖြစ်ပါလိမ့်မည်။ တောက် … တွေ့မရှောင် ဖွန်ကြောင်စုတ်ကောင်။ သင်းတော့လား …။





ကဗ္ဗာကြီးက ပူနွေးလာလေလေ
မင်းကို ငါက ပိုချစ်လာလေလေ
ဘာမှတော့ မဆိုင်ဘူး မပြောနဲ့
ချစ်သူနဲ့ ပတ်သက်လာရင်
မင်း ဝမ်းချုပ်တဲ့ကိစ္စဟာ (ကိုယ့်အတွက်တော့)
'ကဗ္ဗာ့အရေးလောက်နီးနီး
ပြဿနာရှိလို့ပါ။ …။

www.burmeseclassic.com

www.burmeseclassic.com



## ၁

"မလုံးရွှေ ... မလုံးရွှေ။ ပုံစံကတော့ တကယ့်ကို ရင့်ကျော ကျော့ပဲ။ ကျွန်ုပ်ကလည်း ရင့်လေ ကြိုက်လေဆို တော့ ခက်ကုန်တော့မယ် မလုံးရွှေရယ်"

ရာစုက မေးစေ့ကို လက်နဲ့ပွတ်ကာ အိုက်တင်ပါပါ ဖြင့်ပြောလျှင် သူ့သူငယ်ချင်းက ခွိခနဲရယ်သည်။ သူနဲ့လင်းထက် က ကန်တင်းမှာ အတူတူ ထိုင်နေတာဖြစ်ပြီး သူတို့နဲ့ မလှမ်း မကမ်း စားပွဲမှာက မလုံးရွှေနှင့် မယ်သီတာက အတူထိုင်နေကာ စားသောက်နေသည်။ ပြည့်ဖြိုးနဲ့ လွန်းမြတ်တို့ကတော့ မရှိကြ။ ဘယ်နေရာမှာသွားပြီး အကြည်ဆိုက်နေသလဲတော့ မပြောတတ် ချေ။

ဟိုဘက်နှစ်ယောက်၊ ဒီဘက်နှစ်ယောက်မှာ မိတ် လည်းဆက်ပေးထားသူတွေ ဖြစ်ပါလျက်နှင့် သိလည်း သိပါလျက်





နှင့် မခေါ်လည်းမခေါ်၊ မပြောလည်း မပြောတာကတော့ တစ်ခုခု လွဲနေသည်ဟု သူကထင်သည်။ မလုံးရွှေသည် သူတို့ရှိမှန်းသိ သောကြောင့်လားတော့ မပြောတတ်။ မျက်နှာကို မော်ချီထားကာ ခပ်ထန်ထန်ရှိသည်။ မလုံးရွှေဟာ ဆံပင်တွေကို သပ်သပ်တင်ပြီး ခေါင်းကိုငဲ့ကာ စောင်းကာ စကားပြောတတ်သော အကျင့်ရှိတာ ကိုလည်း သူက တစ်ခဏအတွင်းမှာပဲ သတိထားမိခဲ့ပြီဖြစ်သည်။ သဘောကျတာ တစ်ခုတွေ့လျှင် အားရပါးရ ရယ်မောပြီး နှုတ် ခမ်းကိုက်တတ်တာလည်း အကျင့်တစ်ခုပင်။

အင်း ... လူဆိုတာကလည်း ပြေးတဲ့လူကိုမှ လိုက် ချင်သော သဘာဝရှိလေရာ သူသည် ကိုယ့်ကို ခပ်စွာစွာလုပ်ချင် သော ကောင်မလေးကို လိုက်ချင်လာသည်။ ပြီးတော့ ဘာကြောင့် မှန်းမသိဘဲ သူမဟာ သူတွေ့ဖူးသော တခြားကောင်မလေးတွေနဲ့ မတူပါ။ သူ့အတွက်တော့ ဘယ်နားက ဆွဲဆောင်မှုတွေ ပိုမှန်း မသိ ပိုလို့နေသည်။

ကျောင်းတက်တာဖြင့် တစ်ပတ်တောင် မရှိသေး။ ဒီပလိုမာသင်တန်းတွင် သူမက နာမည်ကြီးစာရင်းထဲမှာ စတင်၍ ပါဝင်ခဲ့ပြီဖြစ်သည်။ မပါမှလည်းနေရော သူ့မပုံစံဟာ မော်ဒယ် တစ်ယောက်လိုပင် ထင်းထွက်နေလေ့ရှိသည်။ အရပ်ရှည်ရှည်မြင့် မြင့်လေးမှာ အသားက ရန်ကုန်သူ တော်တော်များများလို ဖြူဖွေး နေတာမဟုတ်ဘဲ ဝင်းနေသည့် စိုလက်လက် အသားအရေမျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကာ သူကတော့ အဲဒီအသားအရေကို အလွန်ပဲနှစ်သက်ပါသည်။ မြင်တာနဲ့ကို နူးညံ့ချောမွေ့နေမှာပဲဟု သတ်မှတ်ရလောက်ပြီး ကိုင်ကြည့်လျှင်တော့ ဘယ်လောက်များ အရသာရှိမလဲ မပြောတတ်ပါ။

မင်းကွတ်သီးရောင် ဆိုးထားသော ဆံနွယ်များသည် အပေါ်ဘက်မှာတော့ ဖြောင့်စင်းလျက် အောက်အဖျားလေးတွေက ခွေနွဲ့လိပ်နေသည်မှာလည်း သဘာဝကျကျ ချစ်ဖို့ကောင်းလှသည်။ ခြုံပြောရလျှင်တော့ သူမဟာ စွဲမက်ဖို့ကောင်းသည့် မိန်းမချောစာရင်းဝင်တစ်ယောက် ဖြစ်ပါသည်။

"ဟေ့ကောင် ... မျက်လုံးတွေလည်း ကျွတ်ကျနေဦးမယ်။ အဲဒီလောက်လည်း ငမ်းမနေစမ်းပါနဲ့။ မိန်းမ မမြင်ဖူးတာလည်း မဟုတ်ဘဲနဲ့"

"ဩော် ... ငါက စဉ်းစားနေတာပါကွာ"

"ဘာစဉ်းစားနေတာလဲ။ အဆင်ပြေအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ စဉ်းစားနေတာလား။ ဒီမှာ ရာစု။ မင်းမှတ်ထားကွ။ လူတစ်ယောက်တိုင်းမှာ သူတို့နဲ့ဆိုင်ရာဆိုင်ရာ Key လေးတွေ ရှိတတ်တယ်။ အဓိကသော့ချက်ပေါ့။ အဲဒါကိုသိရင် သူတို့စိတ်ကို ဖွင့်ဖို့ဆိုတာ မခက်တော့ဘူး။ ယောကျ်ားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် key ကို မသိလို့ ခက်နေတာပေါ့"





"အဲဒါတွေ စဉ်းစားတာ မဟုတ်ပါဘူးကွာ။ ငါ စဉ်းစားနေတာ မလုံးရွှေကို ဘယ်လိုစိတ်ဆိုးအောင် နှောက်ရမလဲပဲ စဉ်းစားတာ ...

မင်းလည်း စဉ်းစားစမ်း"

"ဟေ့ကောင် ... မင်း ဘာဖြစ်နေတာလဲ၊ အရင်က မင်း ဒီလိုမဟုတ်ပါဘူး။ တွေ့ရင် ရှိတ်မယ်၊ ခွင်ဖန်မယ် ဆိုတဲ့ဟာက အခုကျမှ ဘာဖြစ်လို့ စ,ဖို့နှောက်ဖို့ပဲ အာရုံကျနေရတာလဲ"

"မင်း မသိပါဘူးကွာ။ မလုံးရွှေ စိတ်ဆိုးတဲ့ပုံစံက အရမ်းရယ်ရတယ်ကွ။ မသိဘူးကွာ ... ငါက သူ့ကိုတွေ့ရင် စ,ပဲ စ,ချင်နေတာ ...

ကဲ ... အခုလည်း အကြံရပြီ"

"ဟေ့ကောင် ... မင်း ဘာတွေ ပေါက်ကရ လျှောက်လုပ်ဦးမလို့လဲ။ ပြဿနာတက်မယ်နော်"

"အဲဒီလောက် အကြီး,ကြီး မဖန်တီးသေးဘူးလေကွာ။ ကဲ ... လာ၊ စားပြီးပြီ မဟုတ်လား ထကြစို့"

"ပိုက်ဆံရှင်းရဦးမယ်လေ။ ငါ ရှင်းလိုက်မယ်"

"နေ ... နေ ... မရှင်းနဲ့၊ ပိုက်ဆံကို မလုံးရွှေ ရှင်းလိမ့်မယ်"

"ဘာရယ် .... ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



သူက လက်ကာပြလိုက်ပြီးနောက် စားပွဲထိုးလေးကို ခေါ်လိုက်သည်။ စားပွဲထိုးလေးက လက်နောက်ပစ်ကာ ရောက်လာသည်။

"ဘာစားမလဲ အစ်ကို၊ လိုအပ်တာတွေရှိရင် ကျွန်တော့်ကို ပြောပါ"

"ဘာလဲကွ၊ ရဲလေး သီချင်း လာဆိုပြနေတာလား"

"အဟီး ... မဟုတ်ပါဘူး။ အကျင့်ပါနေလို့ပါ။ အစ်ကိုတို့က စားပြီးသားပဲ။ ရှင်းတော့မှာလား အစ်ကို"

"အေး ... ဟိုမှာလေ၊ ထိုင်နေတဲ့ ကောင်မလေးတွေ့လား၊ သူတို့ဝိုင်းနဲ့ ပေါင်းရှင်းမှာ"

"ဩော် ... အဲဒီအစ်မတွေ စားတာပါ ပေါင်းတွက်ပေးရမယ် ပေါ့"

"နိုး ... မဟုတ်ဘူးကွ။ ငါတို့စားတာတွေကို သူတို့က ရှင်းပေးမှာ။ သူတို့ ပေါင်းရှင်းလိမ့်မယ်နော်"

"ဟင် ... အဲဒီလိုလား။ ရတယ်လေ အဲဒါဆို ကျွန်တော် အခု သွားပြောလိုက်မယ်"

"အဲ ... မပြောနဲ့ကွ၊ သူက ငါ့ရဲ့ဟိုဒင်းကွ။ ဟင်း ... ဟင်း ... အခု သူက ငါ့ကို စိတ်ကောက်နေတယ်။ မင်း သွားပြောလည်း မသိဘူးလို့ ပြောမှာပဲ"





"ဟာ ... အဲဒါဆိုမှတော့ အစ်ကိုတို့စားတာ ဘယ်ရှင်းပေးမလဲဗျ။ မလုပ်ပါနဲ့ အစ်ကိုရာ၊ တော်ကြာ ကျွန်တော့်လခထဲက စိုက်နေရပါဦးမယ်"

"ဩော် ... မစိုက်ရပါဘူးကွာ၊ မင်းကလည်း မဟုတ်ဘဲနဲ့ ငါက ပြောပါ့မလား။ ကဲ ... ဒီလိုလုပ်၊ သူ့ကို ငါခေါ်ပြမယ်။ ခေါ်လိုက်လို့ သူက လှည့်ကြည့်ပြီး မျက်စောင်းထိုးသွားရင် မင်း သဘောပေါက်လိုက်တော့ ...

ငါ့ကို စိတ်ဆိုးနေတယ်ဆိုတော့ ချော့ရမယ့်ခွင် ဖန်ချင်လို့ပါကွာ။ နော် ... ကူညီရင်လေ (သူက လေသံကို အနည်းငယ်နှိမ့်လျက်) မင်းကို မုန့်ဖိုးပေးပါ့မယ်"

"အစ်ကိုကတော့ စားပြီဗျာ။ ကျွတ် ... မုန့်ဖိုးက ဘယ်လောက်ပေးမှာလဲ"

သူက လက်ငါးချောင်း ထောင်ပြလိုက်လျှင် ကောင်လေးက ခေါင်းကုတ်သည်။ ပြီးတော့မှ မကောင်းတတ်လို့ ကူညီရတယ်ဆိုသော ပုံစံမျိုးဖြင့် ...

"ပြီးရောလေ။ အစ်ကို့ကို အားနာလို့ ကူညီတာနော်။ ပိုက်ဆံကြောင့်တော့ အခိက မဟုတ်ဘူး"

"အိုခေ ... အိုခေ ... ရော့ ... မင်းအတွက် ဘောက်ဆူး။ ဒီမှာကြည့် ... ငါ သူ့ကို ခေါ်ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက တချွတ်ချွတ်နှင့် မလုံးရွှေကို လှမ်းခေါ်လိုက်လျှင် သူမက ပထမတော့မကြား။ နောက်တော့မှ ကြားသွားပြီး သူ့ကို အမှတ်တမဲ့ ယောင်ပြီးလှမ်းကြည့်မိသည်ထင်သည်။ ယောင်ပြီး ကြည့်ပြီးတော့မှ သူက နှာခေါင်းရှုံ့ပြပြီး စ,နောက်တာကိုမြင်လျှင် စူပုပ်၍ နှုတ်ခမ်းထော်ကာ မျက်စောင်းထိုးပြီး တစ်ဖက်သို့ လှည့်သွားသည်။ အဲဒီပုံစံကို လိုချင်နေသော သူ့အတွက်တော့ ကွက်တိပဲ ဖြစ်သွားကာ "အဲဒါပဲ"ဟူသော ပုံစံဖြင့် လက်ဖျစ်တောင် တစ်ချက်တီးမိသွားသည်၊

"တွေ့လား ... ဟိုမှာ စူပုပ်ပြီး မျက်စောင်းထိုးသွားပြီ။ ကဲ ... ငါတို့သွားတော့မယ်၊ မင်း သူ့ကိုခေါ်ရင် သွားလိုက်။ တကယ်လို့ သူတို့က မပေးဘူး ဘာဘူးပြောနေရင် နည်းနည်းပါးပါး ငိုပြလိုက်ကွာ။ သိလား ... သူက သနားတတ်တယ် ...

ကြွေအောင် ငိုပြလိုက်ပေါ့ကွာ။ အဲဒါဆို ပေးမှာပါ။ လစ်ပြီဟေ့"

သူက လျှို့ဝှက်အပြုံးနှင့် ထွက်လာခဲ့သည်။ သိပ်မကြာခင်မှာ သူ့ထံသို့ သူမ ရောက်လာလိမ့်မည်ဟု ထင်ပါသည်။





"အား ... စားလိုက်တာ တော်တော်အီသွားတယ်။ နန်းကြီးသုပ်ကတစ်ပွဲ၊ စမူဆာကနှစ်ခုနဲ့ လက်ဖက်ရည်တစ်ခွက်၊ ဟင်း ... အတန်းထဲရောက်မှ ငိုက်နေရင်တော့ ပြဿနာပဲ"

ရွှေက ကိုယ်ကိုဆန့်ရင်း ဗိုက်ကိုပွတ်ကာ ပြောလိုက်လျှင် မယ်သီက တခစ်ခစ်နှင့်ရယ်သည်။ သူလည်းပဲ ဘာထူးလဲ။ ရှမ်းခေါက်ဆွဲကတစ်ပွဲ၊ ပဲပလာတာတစ်ချပ်နှင့် နွားနို့နှင့်ရောစပ်ဖျော်သော ကော်ဖီကတစ်ခွက် တွယ်ထားသည် မဟုတ်ပါလော။ ရွှေတို့နှစ်ယောက်စလုံးမှာ အစားအသောက် ကြိုက်တတ်ပုံချင်းကတော့ တူကြသည်။ မြင်လိုက်လျှင် လှတပတမိန်းကလေးတွေမို့ အစားသောင်းကျန်းသူများဟု ထင်ချင်စရာ မရှိပေ။

ရွှေ ဆိုလျှင် မြင့်မြင့်သွယ်သွယ် တစ်ယောက်မို့ မော်ဒယ်ဆိုက်ဇ်ဖြစ်ကာ အစားအသောက် Crazy သမားခိုဟာ ယ်သူကမှ ယုံမှာမဟုတ်ချေ။ သို့သော် တစ်ခိုင်လုံးရွှေ ဟူသော ဒီဗိုျမကား အစားအသောက်ကောင်းရှိရာ နေရာမှန်သမျှသို့ လိုက်လံရှာဖွေ စားသောက်နေသူသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ညက ကိုရီးယားနှိပ်စက်လို့လား"

"ဟုတ်ပ။ မာယာမျဉ်းပြိုင်လေ အပြီးဆွဲလိုက်တာ သုံးနာရီ ထိုးရောပဲ။ Breakfast က အဝဆွဲတာ သိပ်ပြဿနာမရှိ ပါဘူးဟာ။ ညစာကိုသာ ဟဲဗီးကြီး သွားမဆွဲမိစေနဲ့"

"အင်း ... ထမင်းတော့ မဆွဲပါဘူး။ ကြေးအိုးလေး ဘာ လေးလောက်ပါပဲ ... ခိ ... ခိ"

"ဟင်း ... အဲဒါဆိုရင်တော့ နင့်အသက် သုံးဆယ်မှာ ဝတုတ်မကြီး ဖြစ်နေမှာပဲ"

"အေး ... ငါလည်း နည်းနည်းတော့ လျှော့မှဖြစ်မယ်။ ဝတယ်ဆိုတာ မျိုးရိုးလိုက်တတ်တယ်တဲ့။ နင့်အမေက ဝလည်း မဝဘူး။ နင်ကိုယ်တိုင်လည်း အခု ပိန်ပိန်လေးရယ်။ အဲ ... ငါကတော့ ပုံမှန်။ ငါ့အမေကတော့ ဝတုတ်ကြီးဆို တော့ ဟုတ်ပ ... ထိန်းတော့ ထိန်းရမှာပဲ"

"ဘာထိန်းမှာလဲ ကလေးထိန်းမှာလား။ ကဲ ... ကဲ ... ရှင်းလိုက်တော့မယ်နော် သွားရအောင်။ ဟိုမိန်းမလည်း ဘယ်ရောက်နေလဲ မသိ။ တကတဲ ဒီပလိုမာလက်မှတ်ရ ချင်တာကနည်းနည်း ရည်းစားနဲ့တွေ့ချင်တာကများများ ဖြစ်နေပြီ"

"အေး ... ခုတော့ ပူးကြ ကပ်ကြနဲ့။ ပြီးကျတော့မှ ဘာ သံကြားရဦးမလဲ မသိဘူး၊ ရည်းစားတွေ အဲဒါကြောင့် မထားချင်တာ။ စိတ်ရှုပ်တယ်"





"ချွတ် ... ချွတ် ... ရှင်းမယ်ဟေ့"

ရွှေက စားပွဲထိုးလေးကို လှမ်းခေါ်လိုက်သည်။ စားပွဲထိုးက အနားသို့ရောက်လာကာ စားထားသမျှကို တွက်ချက်သည်။

"နန်းကြီးသုပ်နဲ့ ရှမ်းခေါက်ဆွဲက ထောင့်ခြောက်ရာ၊ ပဲပလာတာက လေးရာ၊ စမူဆာက နှစ်ရာ၊ နှစ်ထောင့်နှစ် ရာ၊ လက်ဖက်ရည်က ရှယ်ပုံမှန်သုံးရာ၊ နွားနို့ကော်ဖီက လေးရာ၊ နှစ်ထောင့်ကိုးရာဗျ ...

အင်း ... ဟိုအစ်ကိုတွေက နှစ်ထောင်ဆိုတော့ အားလုံးပေါင်း ငါးထောင်ကို တစ်ရာလျှော့ပေါ့"

ဟိုအစ်ကိုတွေ ဟူသော စကားကြောင့် ရွှေရဲ့မျက်ခုံး အစုံက တွန့်ချိုးသွားကာ လေသံက ခပ်ဆတ်ဆတ် ထွက်လာသည်။

"နေပါဦး ... ဘယ်အစ်ကိုတွေရဲ့ နှစ်ထောင်က ပါလာ ရတာလဲ"

"ဟိုဟာလေ ... အစ်မရဲ့ ဟိုဒင်းအစ်ကို ..."

"ဟဲ့ ... ဘာဟိုဒင်းအစ်ကိုလဲ။ စကားကို ရှင်းရှင်းပြောစမ်း"

"အာ ... အစ်မ စိတ်ကောက်နေတဲ့ အစ်ကိုလေ၊ သူက ပိုက်ဆံမလောက်လို့တဲ့၊ အဲဒါ အစ်မနဲ့ ပေါင်းရှင်းမယ်ဆို ပြီး ပြောသွားတာ၊ အစ်မ သိပါတယ်။ အစ်မကို လှမ်းစ, လိုက်လို့ အစ်မတောင် မျက်စောင်းထိုးသေးတယ်လေ"



www.burmeseclassic.com

"တိတ်စမ်း ... နင်က ဘာသိလို့ ဒါတွေလာပြောနေရတာလဲ။ အဲဒီကောင်နဲ့ ငါနဲ့ ဘာမှမပတ်သက်ဘူးဟဲ့ နားလည်လား။ တောက် ... ဘာလဲ၊ အဲဒီကောင်က ငါ ရှင်းပေးလိမ့်မယ်လို့ ပြောသွားသလား"

"ဟုတ်တယ် အစ်မ၊ အစ်မနဲ့ သူနဲ့က ဟိုဒင်းတဲ့။ အဲဒါစိတ်ဆိုးနေကြတာတဲ့။ ဒါပေမဲ့ သူ စားထားတာ အစ်မရှင်းပေးလိမ့်မယ်တဲ့၊ အဲဒါမှ သူနဲ့ အစ်မ ပြေလည်မှာတဲ့"

"တောက် ... သင်းကများ လူပါးဝလို့။ ဒီမှာ နင်ကလည်း အဲဒါကို ယုံစရာလားဟဲ့။ ဒီအဆင်နဲ့ အဲဒီအဆင် ဖြစ်စရာလား ...

ရော့ ... အဲဒီမှာ ပိုက်ဆံသုံးထောင်။ အဲဒီကောင်အတွက် ဘာမှရှင်းပေးစရာ အကြောင်းမရှိဘူး"

"ဟာ ... အစ်မ၊ အဲဒီလိုတော့ မလုပ်နဲ့လေ။ ဆိုင်ရှင်ကကျွန်တော့်ကို ဆူမှာပေါ့ အစ်မရဲ့။ ကျွန်တော် စိုက်နေရမှာပေါ့"

"နင့်ဟာနင် စိုက်တာတွေ၊ ခုတ်တာတွေ ငါ နားမလည်ဘူး။ ငါနဲ့ ဘာမှမဆိုင်တဲ့အတွက် မပေးနိုင်ဘူး။ နင့်ဆိုင်ရှင်ကို နင် သွားပြောလိုက်ရင် နင်တောင် အလုပ်ထုတ်ခံရအောင် ငါ ပြောလိုက်ဦးမယ် ...





ရော့ ... အဲဒီမှာ ပိုက်ဆံ။ ထပ်မတောင်းနဲ့ ထပ်တောင်းလို့ကတော့ နင့်ဆိုင်ရှင်နဲ့ အတိုင်ပဲ"

ရွှေက ပိုက်ဆံသုံးထောင်ကို ပစ်ချပေးပြီးနောက် ပြန်အမ်းငွေတစ်ရာတောင် မယူတော့ဘဲ မယ်သီ့ကိုခေါ်ကာ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ အတန်းထဲသို့ မဝင်မီ လှေကားအောက်က ထောင့်ချိုးတစ်နေရာမှာပဲ တွေ့မရှောင်ဖွန်ကြောင်နှင့် ဆုံသည်။ Crazy စိမ်းဝါရောင်စပို့ရှပ်၊ ဘောင်းဘီအဖြူကို ဝတ်ထားကာ မျက်မှန်ပါ တပ်ထားသေးလျက် ကျောင်းလာတက်တာတောင် ပြင်းသားရှုံးလောက်အောင် ဝတ်လာသော တွေ့မရှောင်ကို စိတ်ပျက်ရှာကြည့်မိသည်။

သူက ရွှေ့ကို မြင်တာနှင့် ကျောက်ကျောရေပက်သောဒီဗိုင်း ဖြစ်သွားသည်။

"မောင်နင်း မလွှေရှုံး ... အဲ ... အဲလေ ... မလုံးရွှေ"

"နင့်ကို ငါ တစ်ခုခုမလုပ်မိခင် နင့်ပါးစပ်ကို ပိတ်ထားရင်ကောင်းလိမ့်မယ်၊ နေစမ်းပါဦး ... နင် တော်တော်အသားယူတဲ့ ကောင်ပါလား တွေ့မရှောင်ဖွန်ကြောင်ရဲ့။ လက်ဖက်ရည်ဆိုင်က စားပွဲထိုးကို ဘာကိစ္စ ငါက နင့်ရည်းစားပါပြောပြီး ပိုက်ဆံရှင်းခိုင်းရတာလဲ ...

နင် တော်တော်တရားလွန်နေပြီနော် တွေ့မရှောင်ဖွန်ကြောင်စုတ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"အို ... အို ... မလုံးရွှေ မှားနေပြီ။ စွပ်စွဲတာ ရင့်လှချည်လား မလုံးရွှေရယ်။ ကျွန်တော်ဟာ ခင်ဗျားရည်းစားလို့ ဘယ်သူ့ကိုမှ မပြောခဲ့ဖူးပါဘူးဗျာ ...

ဘာလဲ ? ဖြစ်ချင်တာတွေ လာပြောနေတာလား ဟင်း ဟင်း"

"ဘာ ... နင် ဘာစကားပြောတာလဲ။ နင် တော်တော်လွန်နေပြီနော်"

"ဟုတ်တယ်လေ။ မလုံးရွှေက ဘလိုင်းကြီး လာကောနေတာကိုး။ ကျွန်တော်က လက်ဖက်ရည်ဆိုင်က စားပွဲထိုးကို ခင်ဗျားနဲ့ ကျွန်တော်က ရည်းစားလို့ မပြောခဲ့ပါဘူး။ ဟိုဒင်းလို့ပဲ ပြောခဲ့တာ ...

ပထမတော့ သူငယ်ချင်းလို့ ပြောမလို့။ ဒါပေမဲ့ သူငယ်ချင်းလို့လည်း သတ်မှတ်လို့ မရသေးဘူး ထင်တာနဲ့ ဟိုဒင်းလို့ ထွက်သွားတာ ...

ဟုတ်တယ်နော် ယောက်ဖ ... ဟဲ ဟဲ"

လူပါးဝလှသော တွေ့မရှောင်ဖွန်ကြောင်က သူ့ သူငယ်ချင်းရဲ့ပခုံးကိုဖက်ရင်း ဟန်ပါပါပြောလျှင် ရွှေက အဲဒီပုံစံကို အော်ဂလီဆန်စွာဖြင့် စိုက်ကြည့်နေမိသည်။ ပြီးတော့ တစ်ခုံ တစ်ခုကို သဘောပေါက်သွားပြီးလျှင် လှို့ဝှက်စွာ ဖျတ်ခနဲပြုံးပြီး နောက် ချာခနဲ လှည့်ထွက်လာခဲ့လေသည်။ အဲဒီလို သွားမယ်ဟု





ထင်မထားသဖြင့် မယ်သီတာ ကြောင်ပြီးကျန်ရစ်ခဲ့ကာ ပြီးတော့မှ ရွှေရဲ့နောက်သို့ အပြေးလိုက်လာသည်။

"ဟဲ့ ... ရွှေ၊ မပြောမဆိုနဲ့ ထွက်သွားလိုက်တာ။ ဘာဖြစ်သွားတာလဲဟယ်၊ ပြီးတော့ နင် ဖျတ်ခနဲ ပြုံးလိုက်သလားလို့ပဲ ...

ဘာတွေလဲ ... ဟိုကောင်ကလည်း တကယ့်အမြင်ကတ်ဖို့ကောင်းတယ် ...

ပေါကြောင်ကြောင်နဲ့"

ရွှေက လမ်းလျှောက်နေရင်းမှ မယ်သီဘက်သို့ ဘည့်တည့်လှည့်ကာ ရပ်ပြီးပြောလိုက်သည်။

"နင် သိလား။ ငါ ပြုံးလိုက်တာက ငါ့ကိုယ်ငါ အဲဒီ တွေ့မရှောင်ဖွန်ကြောင်ရဲ့ အကွက်ထဲကနေ လွတ်အောင်ရုန်းထွက်နိုင်လို့ သဘောကျပြီး ပြုံးလိုက်တာ"

"အိုး ... လိုက်လို့မမီတဲ့ မင်းတို့အကွက်တွေပါလား။ ရွှေရယ် ... ငါတော့ ဘာမှနားမလည်နိုင်တော့ဘူး"

"ငါ ပြောပြမယ်။ အဲဒီကောင်က သူ့ရဲ့တစ်ထွာတစ်မိုက်ဦးနှောက်လေးနဲ့ ငါ့ကို လှည့်စားချင်နေတာ။ ငါ့ကို စိတ်တိုအောင် ဆွပေးမယ်။ ငါ ဒေါသထွက်ပြီး သူနဲ့အချေအတင်ဖြစ်ပြီး စကားတွေများရတာကို ဒင်းက အသားယူမယ် ...


www.burmeseclassic.com

www.burmeseclassic.com

ငါ စိတ်တိုပြီး ပေါက်ကွဲတာကို သူ ကျေနပ်တယ်။ ဒါကြောင့် တစ်ခုပြီးတစ်ခု ငါ့ကို လာဆွနေတာ။ ငါက လည်း ငါ့ကိုပြောရင် နည်းနည်းလေးမှ မကြိုက်တဲ့သူဆို တော့ ချိတ်ကြပြီပေါ့ဟာ ...

ဒါပေမဲ့ ငါ့ဦးနှောက်ထဲကို ဖျတ်ခနဲဝင်လာတဲ့အတွေး က ဒီကောင်ဖန်ထားတဲ့ ခွင်ထဲကို ငါ ဝင်နေမိပြီဆိုတာပဲ။ သူ ဘာပြောပြော ဂရုမစိုက်တဲ့အထာ ဖမ်းထားရင် ဒင်း ဘာတတ်နိုင်မှာလဲ"

"အေးနော် ... အဲဒီလို စဉ်းစားတော့လည်း ဟုတ်သလိုလို ပဲ"

"ဟုတ်သလိုလို မဟုတ်ဘူး။ ဟုတ်ကို ဟုတ်နေတာ။ တော်ပြီ ဒီနေ့ကစပြီး အိုက်ဒီယာ လုံးဝပြောင်းမှ ရတော့ မယ်"

"ငါ့စိတ်ထင်တော့ ရာစုသစ်က နင့်ကို ကြိုက်နေသလားပဲ"

"သွားစမ်းပါ။ အဲဒီလိုကောင်မျိုး ဒီကမ္ဘာကြီးမှာ သူတစ် ယောက်တည်း ယောက်ျားကျန်ခဲ့တယ် ဆိုရင်တောင် ယူဖို့ ကြိုက်ဖို့ မစဉ်းစားဘူး ...

ကဲ ... ကဲ ... တော်ပြီ။ ဒီကောင့်အကြောင်း မပြော တော့ဘူး။ နားလိုက်ရအောင်"





ရွှေက စကားစ,ကိုဖြတ်ပြီး အတန်းဘက်သို့ လမ်း ဆက်လျှောက်လျှင် မယ်သီကပါ ဘာမှမပြောတော့ဘဲ လိုက်လာ သည်။ အတန်းဝမှာတော့ လွန်းမြတ်နှင့် သူ၏ကိုကို,ကို မခွဲနိုင် မခွာရက်ဒီဗိုင်းဖြင့် တွေ့ရသည်။ လွန်းမြတ်ရဲ့ရည်းစား ပြည့်ဖြိုး က ရွှေ့ကို ပြုံးပြနှုတ်ဆက်သော်လည်း ရွှေက တစ်နွယ်ဝင် တစ် ငင်ပါနေမှာစိုးသဖြင့် မသိချင်ဟန်ဆောင်ကာ အတန်းထဲသို့ ဝင် လာခဲ့သည်။

စိတ်က မေ့ဖျောက်ထားသော်လည်း အတွေးထဲမှာ တော့ တွေ့မရှောင်ဖွန်ကြောင်ကို ဘယ်လိုပညာပြန်ပေးရမလဲ ဆိုတာကိုသာ စဉ်းစားတွက်ချက်နေမိသည်။ မိန်းကလေးတွေကို ယက်တစ်လုံးခြား လှည့်စားနေသော သင်းအား နည်းနည်းလေးမှ အကြောမပေးလိုဘဲ အပြတ်အသတ် စုတ်ပြတ်သွားအောင် တိုက် ခိုက်လိုလှလေသည်။


www.burmeseclassic.com

www.burmeseclassic.com

## ၆

"မလုံးရွှေကို နောက်ဖို့ အိုင်ဒီယာတစ်ခု ရထားတယ် ကွ"

သူက အဲဒီလိုပြောလိုက်လျှင် သူ့စကားကို ဘယ်သူကမှ အားတက်သရော မထောက်ခံကြပါ။ သူ့လူ ကိုယ့်ဘက်သား ဖြစ်နေသော ပြည့်ဖြိုးကတော့ ပေါ်တင်ပင် ကန့်ကွက်သည်။

"မလုပ်စမ်းပါနဲ့ကွာ။ ဟိုမှာ လွန်းမြတ်ကလည်း ငါ့ကိုပြောနေပြီ။ မင်းကလည်း အချင်းချင်းတွေ မျက်နှာပျက်အောင် မလုပ်စမ်းပါနဲ့ ...

အားလုံး စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် ဖြစ်အောင်တောင် နေရဦးမယ့်ဟာ"

"ငါက စည်းလုံးချင်ပါတယ်။ သူက နည်းနည်းလေးမှ အပြောမခံ ဖြစ်နေတာ"





"ဩော် ... ဘာလို့ အပြောခံရမှာလဲ။ မင်းကလည်း သူကလည်း ဆတ်ဆတ်ကြဲပဲဟာကို။ တော်ပါကွာ ... မင်းရဲ့ အကြံအစည်တွေကို လက်လျှော့လိုက်ပါ"

"မလျှော့ပါဘူး။ မလုံးရွှေ ဒေါသထွက်တဲ့ပုံစံက အရမ်းကြည့်လို့ကောင်းတာ။ အိုခေ ... မင်းတို့ကြည့်လိုက်။ ဒီနေ့ သူ့ကို ဘယ်လိုနောက်မလဲဆိုတာ"

"ဟော့ကောင် ... မင်းကကွာ။ မလုပ်ပါနဲ့ဆိုတာ ပြဿနာတွေ တက်ကုန်မယ်"

"မတက်ပါဘူး။ ကြည့်နေ"

သူ့သူငယ်ချင်းတွေက ဘာမှမပြောနိုင်တော့ဘဲ ခေါင်းတွေတယမ်းယမ်း ဖြစ်နေကြပြီ။ သိပ်မကြာခင်မှာပဲ အတန်းဆင်းချိန်ရောက်ပြီ ဖြစ်ကြသော အားလုံးဟာ ကန်တင်းသို့ဦးတည်ပြီး ရွေ့ကြလေသည်။ မလုံးရွှေတို့အုပ်စုရဲ့ နောက်ကနေ၍ သူတို့ကလည်း ကပ်ပါလာတာမို့ သူမတို့ရဲ့အရိပ်အခြေကို သူက မြင်နေရသည်။ သိပ်မကြာချေ။ လူရှုပ်နေတာကို အကာကွယ်ယူကာ သူက လက်ထဲမှအရာဝတ္ထုလေးကို မလုံးရွှေရဲ့ကျောဘက်မှာ ဖျတ်ခနဲ ကပ်ထားလိုက်နိုင်သည်။

ပြီးလျှင် သူငယ်ချင်းတွေဘက်သို့ လက်မတစ်ချက်ထောင်ပြလိုက်သည်။ ကန်တင်းရောက်သောအခါ ပြည့်ဖြိုးနှင့် သူ့ရည်းစားက သပ်သပ်ထိုင်၍ မလုံးရွှေတို့က သပ်သပ်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလည်း ကိုယ့်ဟာကိုယ် သပ်သပ်ထိုင်ကြသည်။ သူက ထမင်းကြော် မှာစားရင်းမှ မလုံးရွှေရဲ့ အခြေအနေကို စနည်းနာနေမိသည်။ ခုထိတော့ ဘာမှမထူးခြားသေး။ လင်းထက်က သူ့အနားသို့ကပ်ကာမေးသည်။

"ဟော့ကောင် ... သူ့နောက်ကျောမှာ ချိတ်ထားတာ ဘာလဲ"

"စာတိုက်ပုံးလေ"

"ဘာရယ် ... ဘာစာတိုက်ပုံးလဲ"

"သြော် ... ကတ္တူစက္ကူနဲ့ စာတိုက်ပုံး လုပ်ထားတာလေကွာ။ စာထည့်လို့ရတယ်ဆိုတဲ့ သဘောပေါ့။ ကြည့်နေ ... ပြီးရင် စိတ်ဝင်စားစရာကောင်းတဲ့ ပြဇာတ်လေးတွေ တွေ့လာရလိမ့်မယ်"

"မင်းကလည်းကွာ၊ ငါတော့ မျက်ခုံးလှုပ်တယ်"

လင်းထက်ရဲ့စကားက ပြော၍လို့မှ မဆုံးသေးချေ သူတို့လိုပင် ရှတ်နောက်နောက်ရှိသော ကျောင်းသားတစ်ယောက်က စာရွက်ခေါက်လေးတစ်ခုကို ယူလာကာ သူမအနားသို့ ချဉ်းကပ်လာတာကို တွေ့ရသည်။ အနားရောက်လာသော ကျောင်းသားကို သူမက ဘာကြောင်တာလဲဟူသော ပုံစံဖြင့် မျက်မှောင်ကြုတ်ကြည့်သည်။ အင်း ... ဒီကလေးမဟာ တော်တော်မျက်မှောင်ကြုတ်တတ်တာပဲ။ ဒီပုံစံအတိုင်းဆို အရွယ်မတိုင်မီ ရင့်ရော်မှာ သေချာသလောက်ပဲလေ။





"ဟို ... စာထည့်ချင်လို့ပါ"

"ဘာလဲ ... စာထည့်ချင်တာ နင့်ဟာနင် စာတိုက်ကြီးသွားပေါ့။ ငါနဲ့ ဘာဆိုင်လို့လဲ"

"မဟုတ်ဘူးလေ။ တစ်ခိုင်လုံးရွှေအတွက် သီးသန့်စာကျတော့ တစ်ခိုင်လုံးရွှေဆီမှာပဲ ထည့်ရမှာ မဟုတ်လား"

"ဘာတွေလာပြောနေတာလဲ။ ဘာသီးသန့်စာလဲ"

"ဟုတ်တယ်လေ။ ခင်ဗျားကိုပေးတဲ့ သီးသန့်စာကျတော့ ခင်ဗျားရဲ့စာတိုက်ပုံးမှာပဲ ထည့်ရမယ်ဆို။ သူပဲ ကြေညာထားပြီးတော့"

"နေ ... နေစမ်းပါဦး။ ငါက ဘယ်တုန်းကများ ဘယ်နေရာကနေပြီး ကြော်ငြာထားလို့လဲ"

"ဟိုမှာလေ ... ကန်တင်းထိပ်က ဗာဒံပင်မှာတစ်ခု၊ လှေကားအောက်က ဘလက်ဘုတ်မှာတစ်ခု ကပ်ပေးထားတာ ... နောက်ကျောမှာလည်း စာတိုက်ပုံးလေး ချိတ်ပေးထားပြီးတော့။ အဲဒါ စာထည့်ဖို့ပဲ မဟုတ်ဘူးလား"

"ဟမ် ? ... ဘာစာတိုက်ပုံးလဲ၊ ဘယ်မှာလဲ"

ရွှေက ကပျာကယာနှင့် ကိုယ့်နောက်ကျောကိုယ် စမ်းမိသွားလျှင် ဖုတုတုတစ်ခုကို တွေ့သွားသည်။ မယုံသီကလည်း ထိုင်ရာမှထ,ကာ ရွှေ့နောက်ကျောကိုကြည့်ပြီး ဖြုတ်ပေးလိုက်လျှင် ကတ်ထူစက္ကူနှင့် ပြုလုပ်ထားသော စာတိုက်ပုံးသဏ္ဌာန် ပုံးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရတာ ဖြစ်လေသည်။ ဘယ်သူ လက်ကမြင်းသွားမှန်းလည်းမသိ။ ဒါတစ်ခုလုံး အတပ်ခံရတာတောင် မသိလိုက်သော ရွှေကလည်း တော်တော်ပင် နမော်နမဲ့နိုင်လေသည်။

"တွေ့တယ် မဟုတ်လား။ အဲဒါကြောင့်လည်း လာထည့်တဲ့ဟာကို"

အမယ် ... သူကတောင် ရွှေ့ကို ရန်တွေ့သွားလိုက်သေးရဲ့။ ရွှေက တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ကန်တင်းရှေ့က ဗာဒံပင်တွင် စက္ကူဖြင့် ကြော်ငြာတစ်ခုကို ကပ်ထားသည်။ ရေးထားသည့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"မဝံ့မရဲ ဖြစ်နေသူများအတွက် သတင်းကောင်း ...

ကျွန်မ တစ်ခိုင်လုံးရွှေအား တိတ်တခိုးဖြင့် မဝံ့မရဲ ချစ်စိတ်ဝင်နေသူများသည် ချစ်သဝဏ်လွှာများကို ကျွန်မ၏ ကိုယ်ပိုင်စာတိုက်ပုံးထဲသို့ ထည့်နိုင်ကြပါသည်။ မေတ္တာစာလွှာများကို အိမ်သာတက်ရင်း ဖိမ်ခံဖတ်လိုသဖြင့် တတ်အားသရွေ့ ထည့်ဝင်ပေးကြပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

ပုံ

တစ်ခိုင်းလုံးကြေး ...

အဲလေ ... တစ်ခိုင်လုံးရွှေ"





"တောက် ... ဘယ်ကလေကဝက လက်ကမြင်းထားတာလဲ"

ရွှေက ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲရင်း ကွန်ပျူတာစာစီထားသော စာရွက်ကို စုတ်ဖြဲကာ လုံးချေပြီး ဖနှောင့်နဲ့ပေါက်ပစ်လိုက်သည်။ နေဦး ... နောက်ထပ်တစ်နေရာ ရှိသေးတယ်ဆိုပဲ။ ရွှေက လက်ဦးမှု ရယူရန်အတွက် ကျောင်းဆောင်ကြီးထံပြေးသည်။ သို့သော် ရွှေ နောက်ကျသွားခဲ့ပါပြီ၊ လှေကားထောင့်ရှိ ကြော်ငြာစာတမ်းများကပ်ရာ ဘုတ်တွင် ကျောင်းသူ ကျောင်းသားများ စုအုံကာ ဝိုင်းဝန်းဖတ်ရှုရင်း ရယ်မောနေကြပြီဖြစ်သည်။ ရွှေက လူအုပ်ကြားထဲသို့ တိုးဝှေ့ဝင်သွားကာ စာရွက်ကိုဆွဲဖြုတ်လိုက်သည်။

ဒါတောင် နှမသားချင်း မစာနာသော တချို့ကောင်တွေထဲမှ အသံဗလံတွေက တန်းစီပြီး ထွက်လာသည်။

"ရည်းစားစာတွေကို အိမ်သာတက်ရင်း ဖိမ်ခံဖတ်မယ်ဆိုတော့ ဧကန္တ အကြာကြီးထိုင်ရလို့နဲ့တူတယ်။ လိပ်ခေါင်း အထူးကုကောင်းကောင်း ရှိတယ်နော်"

"ဟား ဟား ... အိမ်သာထဲမှာ တစ်သျှူးမရှိတော့လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ရည်းစားစာကို တိုက်ရိုက်ပေးမှ စဉ်းစားပေးမှာလား။ အီးမေးလ်နဲ့ ပို့လို့ရော အဆင်မပြေဘူးလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြောင်သော အသံတွေက ဟိုက ဒီက ထွက်လို့လာလျှင် ရွှေသည် ဒေါသထွက်တာရော၊ ရှက်တာရော ပေါင်းကာ အသားတွေပါ တဆတ်ဆတ် တုန်လာလေသည်။ ဒီကိစ္စရဲ့တရားခံဟာ ဘယ်သူလဲ။ ဦးနှောက်က သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားနေစရာ မလိုချေ။ အမြဲတမ်း ပေါ့ပျက်ပျက်နိုင်သော မျက်နှာတစ်ခုကို ဖျတ်ခနဲ ပြေးမြင်ကာ ရွှေရဲ့ခြေလှမ်းတွေက ဖွန်ကြောင်အစုတ်အပြတ်ကို ရှာဖို့အတွက် ဒုန်းစိုင်းပြီး ထွက်လာခဲ့သည်။ အခုနတုန်းက အဲဒီကောင်ကို ကန်တင်းမှာ ဖျတ်ခနဲ မြင်လိုက်သလိုရှိသည်။ ဒါကြောင့် ကန်တင်းကိုပဲ လျှောက်လာခဲ့သော ရွှေရဲ့ရင်အစုံမှာ ဒေါသစိတ်ကြောင့် ဖားဖိုရဲ့ရင်ဘတ်လို နိမ့်ချီ မြင့်ချီ ဖြစ်နေသည်။ တကယ်ပါပဲ နှလုံးရောဂါသာရှိလျှင် ချက်ချင်းတောင် Heart Attack ရကာ သေသွားမလားတောင် မသိချေ။

တွေ့ပါပြီ သကောင့်သားကို။ ကန်တင်းထဲမှာ ရယ်ကာမောကာဖြင့် တဝါးဝါး အဖွဲ့ကျနေသည်။ သေချာတာတော့ ရွှေ့အကြောင်းပြောပြီး ရယ်နေတာပဲ ဖြစ်နိုင်သည်။ ဘယ်လိုအာရုံမှန်းတော့ မသိချေ။ ရွှေ့ရဲ့စိတ်ထဲတွင် အခုကိစ္စကို ဖွန်ကြောင်ကောင်_ လုပ်တယ်ဟုပဲ တစ်ထစ်ချ ယုံနေသည်။ သူကလွဲ၍လည်း တခြားသူ မဖြစ်နိုင်ချေ။ ရွှေ့ကို အရှက်ကွဲအောင်၊ အဟားခံရအောင် ဤမျှအထိ သင်း ဘာကြောင့် လုပ်ကြံရက်





သနည်း။ ရှက်ရွံ့ဒေါသပူလောင်မှုများဖြင့် ရွှေက သူ့အနားသို့ ရောက်သွားသည်။

သူက အနားရောက်လာသော ရွှေ့ကို မော့်အကြည့်။ ရွှေသည် သူသောက်လက်စ ဖြစ်ဟန်တူသော လက်ဖက်ရည်ခွက်ဖြင့် သင်းမျက်ခွက်သို့ ပက်ထည့်ပစ်လိုက်လေသည်။ ထိုတစ်ခဏမှာတော့ ဖွင့်ထားသော သီချင်းသံတောင် ပိတ်သွားသလိုခံစားရပြီး လူ အရာဝတ္ထုများသည် တစ်စက္ကန့်လောက်တော့ ငြိမ်သက်သွားသည်ဟုထင်သည်။

ဟာခနဲ ... ဟင်ခနဲ မြည်သော အသံများနောက်တွင် သူက ထိုင်ရာမှ ဝုန်းခနဲထရပ်ကာ ...

"မင်း ... ဒါ ဘာလုပ်တာလဲ"

"နင့်ကို ပက်လိုက်တာလေ၊ ဒီမှာ ကြည့်စမ်း။ ဒီစာရွက်ဟာ နင့်လက်ချက် မဟုတ်လား"

"ဟား ... အဲဒီစာရွက်မြင်တာနဲ့ ကိုယ်လို့ မင်းက ဘာကြောင့် စွပ်စွဲနိုင်ရတာလဲ။ ကိုယ့်လက်ရေးနဲ့ ရေးထားတာမို့လို့လား"

"လက်ရေးနဲ့ ရေးမထားပေမယ့် နင်လုပ်တာဆိုတာ ငါ သေချာသိနေတယ်။ ဒီလိုမျိုး လုပ်တတ်တာ နင်ပဲရှိတာပဲ။ ငါ့ကို တစ်ခုပြီးတစ်ခု လိုက်ပြဿနာရှာနေတာ နင်ပဲရှိတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ငါပြောရင် နင် ဝန်မခံဘူး၊ ငြင်းမယ်ဆိုတာလည်း သိတယ်။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ နင် လုပ်တယ်ဆိုတာကို လည်း သေချာသိနေတယ်။ ပြောစမ်းပါဦး ရာစုသစ်ရဲ့။ နင် ဘာကိစ္စနဲ့ ငါ့ကို လိုက်ပြီးနှောင့်ယှက်နေရတာလဲ"

"ဟား ... ပြဿနာပဲ။ ကိုယ်က မင်းကို ဘာတွေများ နှောင့်ယှက်နေမိလို့လဲ"

ရာစုသစ်က ရှုးချင်ယောင်ဆောင်ရင်း မေးမိကာ မလုံးရွှေရဲ့မျက်လုံးတွေနှင့် တည့်တည့်ဆုံကြည့်မိသွားလျှင် ဖျားချင်သွားသည်။ Big Eye အစိမ်းရောင် တပ်ထားသော မလုံးရွှေရဲ့ မျက်လုံးတွေမှာ စိမ်းညို့တောက်ပြောင်ပြီး အမုန်းအခိုးအငွေ့တွေ တလျှံလျှံတောက်ပနေသည်ဟု ထင်ရသည်။ သူ့ကို ရင်ဆိုင်ကြည့် လာသော မျက်လုံးများမှာ အမုန်းတရားတွေဖြင့် ခါးသီးနေသည်။ ဘာကြောင့် ဒီလောက်တောင် ဒေါသကြီးရတာလဲ မလုံးရွှေရယ်၊ ပျော်စေပြက်စေပဲဟာ။

"နင် ဘာနှောင့်ယှက်တယ်ဆိုတာ နင့်ကိုယ်နင် အသိဆုံးပဲ။ ဒီမှာ နင် သဘောပေါက်အောင် အရှင်းဆုံးပဲ ပြောလိုက်မယ်။ အခုကိုပဲကြည့် နင့်စိတ်က ဟုတ်နေလို့ နင့်ကိုငါ လက်ဖက်ရည်နဲ့ ပက်တာကို နင် ဒီလို အေးအေးဆေးဆေး နေနိုင်တာ ...





မဟုတ်ဘဲ စွပ်စွဲခံရတဲ့သူဆိုရင် ဒီလို ငြိမ်နေနိုင်မှာ မဟုတ်ဘူး။ နင် မြဲမြဲမှတ်ထားလိုက် ရာစုသစ်။ ငါက နင်တွေ့ဖူးတဲ့ မိန်းမတွေလို မဟုတ်ဘူး၊ နင်လုပ်သမျှ အသာလေး ငြိမ်ခံနေမယ့် အစားမျိုးထဲမှာ မပါဘူး။ နင့်ကို အဆိုးဝါးဆုံး တုံ့ပြန်မှုတွေနဲ့ပဲ တုံ့ပြန်သွားမယ် ဆိုတာ သဘောပေါက်ထား"

ရွှေက လက်ထဲကစာရွက်ကို လုံးခြေ၍ ရာစုသစ်ရဲ့ ရင်ဘတ်သို့ ပစ်ပေါက်ပစ်လိုက်ကာ လှည့်ထွက်လာခဲ့သည်။ ကျောင်းတက်နေတဲ့ အချိန်တွင်းမှာ အေးအေးဆေးဆေးပဲ ပညာ သင်ဖို့ စိတ်ကူးထားခဲ့သော်လည်း မမျှော်လင့်သော စိတ်အနှောင့် အယှက်ဖြစ်စရာတွေက ဆက်တိုက်ကြုံရသည်မှာ တကယ်ပဲ စိတ်ပျက်ဖို့ ကောင်းပါသည်။

အခုဆိုလျှင် အများသတိထားစရာ ဖြစ်ခဲ့ပြီ။ ရာစုသစ်ဆိုသောကောင်ကို အရေခွံစုတ်ပစ်ချင်စိတ်တွေသာ ရွှေ့ခေါင်းထဲ၌ ကြီးစိုးမင်းမူလျက် ရှိတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းတွေ ချောင်းစီးလာပြီဆိုရင်
မင်လယ်ထဲကို အစီးဝင်မခံနဲ့။
နှလုံးသားကာတာနဲ့ ချောင်ပိတ်
အိုင်ဖွဲ့ သွန်းလျောင်ထားလိုက်ရင်း
တစ်နေ့နေ့မှာတော့
အငွေ့ပျံပျောက်ဆုံးမယ့်
အမုန်းစမ်းချောင်းလေးဖြစ်မယ်
ထင်တာပဲလေ။ ။



၇

“မင်းလုပ်ရပ်တွေကို ရပ်တန်းက ရပ်သင့်နေပြီနော် ရာစု”

“ဟုတ်တယ် ... ကြာရင် အပျက် အပျက်နဲ့ နာခေါင်းသွေးထွက်လိမ့်မယ်။ လူတစ်ဖက်သားက ခါးသီးနေတဲ့ကိစ္စကြီးကို ဇွတ်မလုပ်ပါနဲ့ကွာ။ ဘာမှလဲ အကျိုးရှိတာမဟုတ်ဘူး ...

မင်းစိတ်ကို အမှန်အတိုင်းမြင်အောင် ကြည့်စမ်းပါ။ မင်း တစ်ခိုင်လုံးရွှေကို ချစ်မိနေပြီလား”

သူ့သူငယ်ချင်းနှစ်ယောက်ရဲ့စကားကို ကြားရတုန်းက အဲဒီမေးခွန်းရဲ့အဖြေကို သေချာမစဉ်းစားမိခဲ့ပါ။ သူတစ်ယောက်တည်း အေးအေးဆေးဆေး ရှိတဲ့အခါမှ နဖူးပေါ်လက်တင်ပြီး စဉ်းစားကြည့်မိခဲ့တာဖြစ်သည်။ သူသည် မိန်းကလေးတွေနဲ့ပတ်သက်လာလျှင် အတွေ့အကြုံ မရှိသူမဟုတ်။ အတွေ့အကြုံရှိသည်

www.burmeseclassic.com

www.burmeseclassic.com


ဒါကြောင့် မိန်းကလေးတစ်ယောက်ကို ချစ်မိနေလား မချစ်မိနေဘူးလား ဆိုတာ မခွဲခြားနိုင်တဲ့အထိတော့ ကိုယ့်ကိုယ်ကိုယ် မညံ့သေးဘူးထင်သည်။

ဒါကြောင့် ခွဲခြားကြည့်သည်။ ခွဲခြားသည်ဆိုရာဝယ် အရင်တုန်းက အဖြစ်အပျက်တွေနဲ့ပါ နိုင်းယှဉ်ချိန်ထိုးပြီး ခွဲခြားကြည့်ခြင်းဖြစ်သည်။ အရင်တုန်းက မိန်းကလေးတစ်ယောက်ကို ရိုတ်ဖို့ ကြိုက်ဖို့ပဲ စိတ်ဝင်စားသည်။ ချစ်စနိုးဖြင့် စနောက်ရတာမျိုး ဝါသနာမပါ၊ စိတ်လည်းမဝင်စားပေ။ ရည်းစားဖြစ်ပြီး လျှင် နှစ်လ သုံးလဆို ပျင်းလာပြီဖြစ်သည်။ ပြီးတော့ ရည်းစားသာဖြစ်နေတယ် ကိုယ့်ရည်းစားကိုယ်လည်း တစ်နေကုန်နေလို့တောင် တစ်ခါလောက် သတိမရချင်။ မလုံးရွှေနဲ့ကျတော့ ထိုသို့မဟုတ်။ မျက်လုံးနှစ်လုံး ပွင့်တည်းက မလုံးရွှေကို သတိရမိပြီး ကျောင်းမှာ ဘယ်လိုနောက်ရမလဲဘဲ စဉ်းစားမိနေတာဖြစ်သည်။ တစ်ခါတလေ လည်း အကြောင်းပြချက်မရှိဘဲ သတိရမိတတ်သည်။ ဒါပေမဲ့လည်း ဒါကို အချစ်ဟု သူ မမြင်မိပေ။ သံယောဇဉ်တစ်မျိုးဟုပဲထင်ကာ နောက်တစ်ရက်ကျတော့ သူငယ်ချင်းတွေနဲ့ပါ ပေါ်တင်ဆွေးနွေး ဖြစ်သွားလေသည်။

"ငါကတော့ သူ့ကို ချစ်တယ်လို့ မထင်ပါဘူး။ သံယောဇဉ်တော့ ရှိမယ်ထင်တာပဲ"



သူ့စကားကြောင့် လင်းထက်က ရေနွေးတွေကို ဖွီးခနဲ ထွေးထုတ်သည်။ ပြည့်ဖြိုးကတော့ ဟင်းခနဲ နှာခေါင်းရှုံ့သည်။

"ရာစုသစ်တို့ကတော့ အဆန်းတွေကို လုပ်ချလိုက်ပြန်ပြီ။ သံယောဇဉ်ရှိတယ် ဆိုတာတွေ ဘာတွေက သူငယ်ချင်း အချင်းချင်းတွေ ဘာတွေကို ပြောတာပါကွာ ...

မင်းက မလုံးရွှေနဲ့ သံယောဇဉ်ရှိရအောင် ဘယ်တုန်းက ဘာသံယောဇဉ်ရှိခဲ့လို့လဲ၊ ဟင်း ... မဟုတ်တာတွေက စ,ပြောပြီ"

"မင်းတို့က အဲဒါတွေ ခက်တာပေါ့။ မိန်းကလေးတစ်ယောက်ကိုတွေ့ပြီး ပတ်သက်တာနဲ့ပဲ ချစ်ရမတဲ့လား။ သံယောဇဉ်ရှိသလိုဖြစ်တဲ့ စိတ်မျိုးရော မဖြစ်ရတော့ဘူးတဲ့လား။ မိန်းကလေးတွေကို ငါ ရည်းစားထားခဲ့ပေမယ့် ဘယ်သူ့ကိုမှ ချစ်တယ်လို့ မထင်ခဲ့ဖူးဘူး။ ကြိုက်တယ်ဆိုတဲ့သဘောမှာပဲရှိတယ်။ အဲဒါလည်း ငါ့ကိုယ်ငါ သိတယ်။ အခု မလုံးရွှေကိုလည်း ချစ်နေမိပြီ ဘာညာ အဲဒါမျိုး မဟုတ်ဘူး။ သံယောဇဉ်တော့ ရှိတယ် ထင်တယ်ပေါ့၊ အဲလိုမျိုး"

သူ့စကားကို ဟိုနှစ်ကောင်က အပိုတွေပြောနေတယ်ဟူသောပုံစံမျိုးဖြင့် နှာခေါင်းရှုံ့ကြသည်။ ပြည့်ဖြိုးကတော့ မ,ဘက်


www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး မိုက်ဘက်ပါသော စကားသံမျိုးဖြင့် သူ့ကိုဖျောင်းဖျသည်။

"သံယောဇဉ်ရှိတယ် ဆိုရင်လည်း သံယောဇဉ်အားကိုးနဲ့ မောင်တိုးလို့လာခဲ့မယ် ဆိုတာမျိုး လုပ်ပါကွာ။ မလုံးရွှေကို အရှက်ရအောင် စ,တာမျိုးတွေ မလုပ်ပါနဲ့တော့။ မကောင်းပါဘူးကွာ၊ ကြာရင် ပိုဆိုးလာကုန်လိမ့်မယ်"

"အေးပါကွာ၊ ငါလည်း တက်ကနစ်တစ်ခုပြောင်းဖို့ အိုက်ဒီယာရထားပါတယ်။ ဒီပုံအတိုင်း ရှေ့ဆက်သွားရင်တော့ မလုံးရွှေရဲ့လက်ဝါးစာ မိတော့မယ် ဆိုတာကို သဘောပေါက်ထားပါတယ် ...

ခုတော့ ကျေပါတယ် မလုံးရွှေပေါ့ ... ဟဲ ... ဟဲ"

"ဟင်း ... ကျေဦးမှပဲ။ ဟိုက ဘယ်သူ့မျက်နှာမထောက်တာမဟုတ်ဘူးနော်။ မင်းမျက်နှာကို လက်ဖက်ရည်ခွက်နဲ့ ပက်ရဲတာများ တကယ်အံ့သြတယ်။ တော်သေးတာပေါ့ လက်ဖက်ရည်က အေးနေလို့။ လောလောဆယ်ငှဲ့ထားတဲ့ ရေနွေးကြမ်းအပူခွက်သာဆို မတွေးရဲစရာပဲ"

"သြော် ... အဲဒါဆိုလည်း မျက်နှာပေါင်းတင်ပြီးသားရတာပေါ့။ နေပါဦး ပြည့်ဖြိုးရ။ မင်း ကောင်မလေးဆီက နေ မလုံးရွှေရဲ့ စိတ်ဝင်စားစရာ ဒေတာလေး ဘာလေး မရဘူးလား ...





မလုံးရွှေက ရှုပါရော structure ရော မိုက်ပါတယ်။ ကွန်ပျူတာတက္ကသိုလ်တောင် တက်လာပြီး ခုချိန်ထိ ဘဲမရသေးဘူးဆိုတာ သိပ်တော့ ဖြစ်နိုင်ချေမရှိဘူးလားလို့"

"ဘာလို့ ဖြစ်နိုင်ချေမရှိရမှာလဲ။ စတိတ်ကျောင်းမှာတည်းက ကြိုက်တဲ့သူတွေ ရှိခဲ့ပေမယ့် သူက ဘယ်သူ့ကိုမှပြန်မကြိုက်ခဲ့တာတဲ့ ...

ကွန်ပျူတာမှာတုန်းကလည်း အဲဒီလိုပဲ။ ကြိုက်တဲ့သူ များတဲ့အထဲမှာပါတဲ့ မိန်းကလေးလို့ ပြောလို့တော့ရပါတယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ ယောင်လို့တောင် စိတ်မဝင်စားတဲ့သူတဲ့"

"ပုံမှန်မဟုတ်ဘူးနဲ့ တူပါတယ်"

"အဲဒါတော့ မသိဘူး။ ဒါပေမဲ့ မင်းပြောတဲ့ မလုံးရွှေတို့ ပုံစံက ဒီဘက်ခေတ်ထဲမှာ တော်တော်ရှားသွားပြီလို့ ပြောလို့ရတဲ့ပုံစံပဲကွ။ ငါ လွှန်းမြတ်ကို တန်ဖိုးထားပြီး လက်ထပ်ဖို့အထိ စဉ်းစားဖြစ်တာလည်း သူတို့ style တွေကို ကြိုက်တာလည်း ပါတယ် ...

သူတို့ဟာသူတို့ ခေတ်မီမီနေတတ်ပေမယ့် ဘောင်တစ်ခုထဲကနေပြီး အေးအေးဆေးဆေးပဲ။ တချို့မိန်းကလေးတွေလို အရမ်းကဲတာမျိုး၊ ကောင်လေးတွေနဲ့ ရှုပ်တာမျိုး မရှိဘူးကွ။ မလုံးရွှေနဲ့ မယ်သီဆို ရည်းစားတောင် တစ်



www.burmeseclassic.com

www.burmeseclassic.com

မှ မထားခဲ့ကြဖူးဘူး။ ငါဆိုလည်း လွန်းမြတ်အတွက် အချစ်ဦးပဲ"

"အေးပေါ့ကွာ၊ မလုံးရွှေရဲ့ အချစ်ဦးကလည်း ငါဖြစ်လာမှာပေါ့"

"ဟင်း ... ရောဂါပဲ။ မင်းကွာ ... မလုံးရွှေ ပြောသလိုပဲ ပြောလိုက်တော့မယ်။ သူက မင်းတွေ့ဖူးတဲ့ မိန်းကလေးတွေလို မဟုတ်ဘူးနော် ...

မင်းရင်ထဲက တကယ် ဘာမှမဟုတ်ဘဲနဲ့ သွားမလုပ်ပါနဲ့ကွာ"

"အေးပါ ... လောလောဆယ်တော့ ငါ့ရင်ထဲက တကယ့်ဆန္ဒကိုပဲ အကောင်အထည်ဖော်မှာပါ"

"ဘာဆန္ဒလဲ"

"သူနဲ့ သူငယ်ချင်း ဖြစ်ချင်တဲ့ ဆန္ဒလေ"

ပြည့်ဖြိုးနှင့် လင်းထက်က သူ့ကို မျက်ခုံးအပင့်သားဖြင့် အကဲခတ် ကြည့်ရှုကြလေသည်။





လွမ်းပိုင်နဲ့ နီနီခင်ဇော်တို့ ဆိုထားသလို
ထာဝရသူငယ်ချင်းတဲ့လား ...
မလုပ်ပါနဲ့ကွာ
ထာဝရသူငယ်ချင်း ဆိုတာထက်
မသာမရဲ့ အဖော်တစ်သင်း ... အဲလေ (မှားသွားလို့)
အနာမယ မျှော်လင့်ခြင်း တစ်ပွေ့ တစ်ပိုက်နဲ့
တစ်သက်လုံး ကျွန်ခံခွင့်ကို ပေးသနားပါ။

www.burmeseclassic.com

www.burmeseclassic.com



၈

ဒီနေ့ ကျောင်းသို့ရောက်တာ ရွှေ့အတွက်တော့ နည်းနည်းစောနေသည်။ မနက်ခင်းက မေမေခိုင်းလိုက်သော ယတြာကိစ္စတစ်ခုအတွက် နံနက်စောစော ဘုရားတက်ကာ ယတြာချေပေးပြီး ကျောင်းသို့ဆက်လာခြင်း ဖြစ်လေရာ ရွှေရဲ့ကျောင်းရောက်ချိန်သည် နည်းနည်းစောနေသည်။ သူငယ်ချင်းတွေကိုတော့ ရွှေ စောပြီးရောက်နေကြောင်း ဖုန်းဆက်ထားသဖြင့် သူတို့စောပြီးထွက်လာကြမည်ဖြစ်သည်။ ရွှေသည် အိမ်ကလည်း ဘာမှစားမလာသဖြင့် ကန်တင်းမှာပဲ တစ်ခုခုစားကာ သူငယ်ချင်းတွေကိုစောင့်ဖို့ ဆုံးဖြတ်လိုက်သည်။

ကန်တင်းသို့ရောက်လျှင် ရွှေက မုန့်ဟင်းခါးတစ်ပွဲကို အိုးဘဲဥနှင့်မှာကာ စိမ်ပြေနပြေ အရသာခံစားသည်။ ခပ်စောစောမို့ ကန်တင်းမှာလည်း လူကသိပ်မကျသေး။ မုန့်ဟင်းခါးကုန်





သွားသောအခါ ဟင်းရည်ကို ငါးဖယ်ကြော်၊ ဘူးသီးကြော်တို့ဖြင့် သပ်သောက်သေးသည်။ ပြီးသွားတော့မှ လက်ဖက်ရည်ပုံမှန်တစ်ခွက်မှာကာ ဖွန်းကလေးဖြင့် အသာမွှေနေတုန်းမှာပဲ မွှေးရနံ့တစ်ခုက ရွှေရဲ့နှာခေါင်းဝကို တွန်းဝင်လာကာ တစ်စုံတစ်ယောက်သည် ရွှေရဲ့မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်လေသည်။ ရွှေက လက်ဖက်ရည်ကို မွှေနေရာမှ ဖျတ်ခနဲ မျက်လုံးလှန်ကြည့်လိုက်လျှင် ရွှေ့ကို ချိုမြိန်သောမျက်နှာထားဖြင့် ပြုံးပြနေသော တွေ့မရှောင်ပွန်ကြောင်ကို တွေ့လိုက်ရလေသည်။

သူက ရွှေကြည့်လိုက်တာနှင့် လက်တစ်ဖက်ကိုထောင်ပြကာ "ဟိုင်း ... မောနင်း"ဟု ခပ်မြူးမြူး နှုတ်ဆက်သည်။ ရွှေက အရေးမစိုက်ဟန်ဖြင့် မျက်နှာကို အသာလွှဲကာ လက်ဖက်ရည်မွှေထားသည့်ဖွန်းကို ပန်းကန်ပြားပေါ်သို့ အသံမြည်အောင်ပင် တမင်ပစ်ချလိုက်သည်။ ဒါဟာ ရာသီဥတုက နင့်ဘက်မပါဘူးဟု သွယ်ဝိုက်ပြီး ပြောလိုက်တာနှင့် အတူတူ ဖြစ်လေသည်။

"မုန့်ဟင်းခါး စားလို့ကောင်းလား"

ရွှေက သူကို စူးခနဲကြည့်လိုက်လျှင် သူက မအံ့သြပါနဲ့ဟူသော ပုံစံဖြင့် ပခုံးတစ်ချက်တွန့်ပြသည်။

"စားနေတာ အားပါးတရကြီးနော်၊ မုန့်ဟင်းခါး တော်တော်ကြိုက်တယ်နဲ့တူတယ်။ ကိုယ်တောင် မင်းစားတာအားကျပြီး တစ်ပွဲမှာစားလိုက်သေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟင်းရည်တော့ အဆစ်တောင်းမသောက်ပါဘူး ...
ဟဲ ဟဲ”

သူ့အပြောကို ရွှေက လိုက်မရယ်ပါ။ လက်ဖက်ရည်ကို တစ်ငုံမော့လိုက်ပြီးမှ ...

“စကားရောဖောရော လာလုပ်မနေစမ်းပါနဲ့၊ ရှင်နဲ့ ကျွန်မ သူငယ်ချင်းလည်း မဟုတ်ဘူး။ ဘာပတ်သက်မှုမှလဲ မရှိဘူး ...

စကားလည်း လာပြောစရာ အကြောင်းမရှိဘူး”

ရွှေက စူပွပွနှင့် ပြောလိုက်ကာ မျက်စောင်းတစ်ချက်ထိုးမိတော့မလို ဟန်ပြင်စဉ်မှာပဲ ကိုယ့်ကို လာကြည့်နေသော ရွှန်းလက်စိုရီနေသည့် အကြည့်များအား ရင်ဆိုင်လိုက်ရတာဖြစ်သည်။ အဲဒီအကြည့်တွေကြောင့် တစ်ခုခုပြောတော့မည့် နှုတ်ခမ်းတွေက ပွင့်အာသွားပြီး ဘာမှမပြောဖြစ်တော့ဘဲ အထစ် အထစ်ဖြစ်သွားသည်။

“အဲဒါကိုပဲ ပြောချင်လို့ လာတာ”

“ဘာ အဲဒါကို ပြောချင်လို့ လာတာလဲ”

“ဩော် ... မင်းက သူငယ်ချင်းလည်း မဟုတ်ဘူး။ ဘာပတ်သက်မှုမှလဲ မရှိဘူးဆိုလို့ အဲဒီအကြောင်းကို ပြောချင်လို့ လာတာပါလို့”





ရွှန်းရွှန်းလက်လက်မျက်လုံး စပ်ဖြဲဖြဲမျက်နှာနှင့် သကောင့်သားကို ရွှေက စိတ်မချစွာဖြင့် စိုက်ကြည့်နေမိသည်။ တွေ့မရှောင်ဖွန်ကြောင်ကတော့ ရောနေပြီ။ တက်ကနစ်တစ်ခုပြောင်းနေပြီ။ သတိတော့ထားမှ ဟူသော အတွေးက ရွှေရဲ့ခေါင်းထဲတွင် ချာချာလည်နေလေသည်။

“တစ်ခိုင်လုံးရွှေ”

သူက ရွှေရဲ့နာမည်ကို တိတိကျကျ ပြည့်ပြည့်စုံစုံခေါ်ကာ သေချာစိုက်ကြည့်လိုက်လျှင် ရွှေ၍ သတိကြီးစွာထားလျက် မျက်မှောင်ကြုတ်ပြီး ပြန်ကြည့်မိသည်။

“လူတစ်ယောက်ကို စတယ် နောက်တယ်ဆိုတာ ဘာဖြစ်လို့ စတာ နောက်တာလဲ သိလား”

“ဒီမှာ ... ရှင် ဘာစိတ်ကူးတွေနဲ့ ကျွန်မကို ဝင်ရောနေသလဲဆိုတာတော့ ကျွန်မ မသိဘူး။ ဒါပေမဲ့ ရှင် ဘာပဲပြောပြော ကျွန်မ စိတ်မဝင်စားဘူး”

ရွှေက စကားကို အပြတ်ပြောပြီးနောက် ထိုင်ရာမှ ထွက်သွားဖို့ရာအတွက် ရှေ့ကလက်ဖက်ရည်ကို ကောက်မော့ပစ်လိုက်သည်။ ပြီးတော့ စားပွဲထိုးကို လှမ်းခေါ်ကာ ပိုက်ဆံရှင်းဖို့ပြင်သည်။ စားပွဲထိုးက အနားသို့ရောက်လာတာ လက်နှစ်ဖက်ကို နောက်ပစ်ရင်း ပြောသည်။

“အစ်မ စားထားတာတွေက ရှင်းပြီးသားခင်ဗျ”



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ဘယ်သူရှင်းတာလဲ"

"ဒီက အစ်ကိုလေ"

ရွှေက သူ့ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် သူက သွားသုံးဆယ့်နှစ်ချောင်းကို ဖြဲပြသည်။ စားပွဲထိုးက အနားမှ ပြန်လှည့်ထွက်သွားသည်။

"ရှင်က ဘာကိစ္စ ရှင်းရတာလဲ"

"ပိစ်လေကွာ ... ချစ်ကြည်ရေး ... ချစ်ကြည်ရေး ဟဲ ဟဲ"

သူက လက်နှစ်ချောင်းထောင်ပြကာ စပ်ဖြဲဖြဲရယ်ရင်း ပြောသည်။

"ဘာချစ်ကြည်ရေးလဲ၊ ချစ်ကြည်ရေးရအောင် ကျွန်မက ဘောလုံးအသင်း ထောင်ထားတဲ့သူ မဟုတ်ဘူး"

"လုပ်ပါကွာ၊ တစ်ပွဲလောက် ကန်ရအောင်ပါ၊ မင်းက ဂိုးဖမ်းကောင်းတယ် နာမည်ကြီးလို့၊ အဲ ... မဟုတ်ပါဘူး ပြောတာတောင် မှားကုန်ပြီ ...

တကယ်ပါ ... ကိုယ် မင်းကို ဖြစ်ပျက်သမျှအားလုံး အတွက် တောင်းပန်တယ်။ ငါ မှားတာရှိရင် xxx တောင်းပန်ပါတယ် ... တကယ်ဆို xxx မင်းရဲ့အနားမှာပဲ"

မျက်နှာရှုးက စကားပြောရင်း အရှိန်တက်ကာ သီချင်းတွေပါ ဆက်ဆိုသည်။ ဆိုင်ထဲမှာမို့ ရွှေက စိတ်ပျက်စိတ်ရှုပ်စွာ အော်မိသည်။





"တိတ်စမ်း ... ဘာကိစ္စ လျှောက်အော်ဆိုနေရတာလဲ၊ ရှင် ဒီလိုပဲ လုပ်စားနေကြလား"

"ဟုတ်တယ်၊ ဘူတာကြီးရှေ့က ကိုယ့်ခွင်လေ ... အဲ ... ဟုတ်ပါဘူး။ မင်းစိတ်ကျေနပ်အောင် ဆိုပြတာပါကွာ၊ ဒီလိုပါ မလုံး ... အဲ ... တစ်ခိုင်လုံးရွှေ ရယ်။ ကိုယ် မင်းကို စတယ် နောက်တယ် ဆိုတာက ခင်လို့မင်လို့ပါ ...

မင်းအတွက် တကယ်ကို စိတ်ပျက်စရာ ကောင်းနေခဲ့မယ်ဆိုရင် ကိုယ် ထပ်ပြီးတောင်းပန်ပါရယ်။ ကိုယ် မင်းနဲ့ပြဿနာတွေ ထပ်မတက်ချင်တော့ဘူး တစ်ခိုင်လုံးရွှေ။ ဒါကြောင့် ဒီနေ့က မင်းနဲ့ ချစ်ကြည်ရေး ယူမယ့်နေ့ပါ"

ပြောနေတဲ့ပုံကတော့ အပီအပြင် အချိုးအချိုတ်ပင်။ ခက်တာက နဂိုတည်းကမှ ယောက်ျားတွေကို အယုံအကြည်မရှိ အကောင်းမမြင်တတ်သော ရွှေဟာ ဒီတစ်ယောက်ကိုလည်း ချက်ချင်းကြီး ကြည်ဖြူပုံကျသွားစရာ ဘာအကြောင်းမှမရှိပါ။ ကိုယ့်ကို စိတ်မတို,တိုအောင် အမြဲတမ်း စ,နောက်နေသော သင်းဟာ အခုလည်းပဲ ကောက်ကာငင်ကာကြီး အချိုးပြောင်းသွားတာ မရိုးသားဟု ထင်နေမိသည်။

"ဘာချစ်ကြည်ရေးမှလဲ လာမယူနဲ့။ ရှင်နဲ့ ဘာချစ်ကြည်ရေးမှလဲ မယူချင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဖြင့်ရင် မင်းက ကိုယ်နဲ့ အမြဲတမ်း ရန်ဖြစ်ချင်နေတာပေါ့၊ ဟုတ်လား ... ဟင်း ... ဟင်း ... အချစ်စမ်းချင်နေတာပေါ့"

"သေလိုက်ပါလား၊ တော်ပြီ ရှင် ကျွန်မဘေးက ဆက်လိုက်မလာခဲ့နဲ့တော့"

"ဒါဆိုရင် ကိုယ့်ကို ချစ်ကြည်ရေး မကန်တော့ဘူးပေါ့။ အဲ ... ချစ်ကြည်ရေးအဖြစ် မိတ်ဆွေသဘောမျိုး သူငယ်ချင်းသဘောမျိုး လက်မခံတော့ဘူးပေါ့"

"မခံဘူး"

"ဟာ ... တစ်ခိုင်လုံးရွှေရယ်။ အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ။ ကိုယ် မင်းကို တောင်းပန်တာတွေ အလကားဖြစ်သွားမှာပေါ့"

"ဘာပြောတယ်"

"ဟုတ်တယ်လေ။ ကိုယ်က ရှိသမျှမာနတွေ ခဝါချပြီး မင်းကို တောင်းပန်တာ။ တောင်းပန်တာတောင် ရိုးရိုးမတောင်းပန်ပဲ အောင်လ သီချင်းဆိုပြီး တောင်းပန်တာ။ ဒါကိုမှ ချစ်ကြည်ရေးက မရဘူးဆိုရင်တော့ တောင်းပန်ရကျိုးမနပ်ဘူးပေါ့"

ရွှေက နှုတ်ခမ်းကို တစ်ချက်မဲ့ကာ လမ်းဆက်လျှောက်လာသည်။ သူကလည်း ဘေးနားကနေ၍ ထက်ကြပ်မခွာလိုက်ပါလာလေသည်။





"ရှင် ဆက်လိုက်မလာနဲ့တော့နော်"

"သူငယ်ချင်းအဖြစ် လက်မခံရင်တော့ လိုက်လာမှာပဲ"

"သေအောင်လိုက် ... လုံးဝလက်မခံဘူး"

"ဒါဆိုလည်း ကိုယ်က လိုက်ပြီးသားပဲ"

"ကျွတ် ... တောက်"

ရွှေက စိတ်ပျက်စွာဖြင့် တောက်တစ်ချက်ခေါက်ကာ ဘာလုပ်ရမလဲဟု အကြံထုတ်မိသည်။ သင်းမျက်နှာကို ခပ်တည်တည်ဖြင့် လှည့်ကြည့်လိုက်လျှင် မျက်နှာရှူးက ဟဲခနဲ သွားဖြဲပြန်သည်။ အဲဒီအချိန်မှာပဲ ရွှေရဲ့ခေါင်းထဲ၌ ညစ်စုတ်သောအကြံဉာဏ်တစ်ခုက ဖျတ်ခနဲပေါ်လာသည်။ ဒီလောက်တောင် လိုက်ချင်သော သကောင့်သားကို ဒီလိုပဲ ပညာပေးမှ ရတော့မည်။

ရွှေက မျက်ဝန်းများကို မှေးစင်းကာ စဉ်းလဲစွာပြုံးလိုက်ပြီးနောက် ခြေလှမ်းတွေကို ခပ်သွက်သွက် လျှောက်လိုက်သည်။ ရွှေ လျှောက်သလိုပဲ သူကလည်း ခပ်သွက်သွက်လိုက်လျှောက်သည်။ အဲဒီအချိန်မှာပဲ ရွှေ လုပ်လိုက်တာတစ်ခုကတော့ သူ့ခြေထောက်ရှေ့မှာ ရွှေရဲ့ခြေထောက်ကို ခြေထိုးခံလိုက်တာပဲဖြစ်တော့သည်။ ရုတ်တရက်မို့ ဘယ်လိုမှ ရိပ်မိမှာ မဟုတ်သော သကောင့်သားသည် ရှေ့သို့ဟပ်ထိုးပစ်လဲကျတော့မလို ဖြစ်သွားသည်။

"ဟာ ... ဟော ... ဟော့"



www.burmeseclassic.com

www.burmeseclassic.com

သူက လှမ်းခေါ်သော်လည်း ရွှေက လှည့်မကြည့်တော့ချေ။ ပခုံးတစ်ဖက်ကိုသာ တွန့်ပြလျက် ခါးကိုလှုပ်ပြကာ မခံချင်အောင် လမ်းဆက်လျှောက်လာခဲ့လေသည်။

> ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
> အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
> သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





မျက်ဝန်းတွေထဲက ကြယ်မိုးတွေ ရွာချလိုက်သလို
ပြိုးပျက်လင်းလက်တဲ့ အကြည့်တွေကြောင့်
မောင့်ရင်ခွင်ဟာ ပြာဖြစ်သွား
စောင့်မနေချင်တော့တာလည်း အရှင့်ပါး
ကျေးဇူးပြုပြီး
အပြုံးတစ်ပွင့်နဲ့ အသက်ဆက်ခွင့်ပေးပါ မဖုရား။

www.burmeseclassic.com

www.burmeseclassic.com

❦ ၉ ❦

"ဟော့ကောင်တွေ ညောင်းပြီကွာ၊ တစ်နေရာရာမှာ ငြိမ့်ကြစို့"

သူက အချက်ပြပြီး လောဆော်လိုက်လျှင် မိန်းမတွေအလား Shopping ကို မမောနိုင် မပန်းနိုင် လုပ်နေသော ပြည့်ဖြိုးနှင့် လင်းထက်က အရိပ်အကဲသိစွာ ခေါင်းညိတ်ပြသည်။ အဲဒီနောက် Shopping Mall ထဲက ကော်ဖီဆိုင်လေးတစ်ဆိုင်မှာ ခဏတာ အညောင်းဖြေကြသည်။ ဒီနေ့ဟာ ကျောင်းပိတ်လေသော တနင်္ဂနွေဖြစ်သည့် အားလျော်စွာ သူ့ကို သူငယ်ချင်းတစ်စု shopping ထွက်ကြသည်။ မိန်းကလေးတွေတင် shopping ဝါသနာပါတာ မဟုတ်ဘဲ ယောကျ်ားလေးတွေလည်း ခေတ်ကိုတော့ မျက်ခြည်မပြတ် ကြည့်နေရတာပင်။





ဒါမှလည်း ကောင်မလေးတွေ ပါးစပ်ဖျားမှာ ပြောစမှတ်တွင်မည် မဟုတ်ပါလား။ တကယ်လည်း သူတို့ရဲ့ ခေါင်းစခြေဆုံး ဖက်ရှင်များဟာ မိန်းကလေးတွေရဲ့နှုတ်ဖျားမှာ သတိထားပြောစရာ ဖြစ်ပါသည်။ လန်ထွက်နေသော Hair Style အမိုက်စားဖက်ရှင်တွေကြောင့် မသိလျှင် မော်ဒယ်လားတောင် ထင်မှတ်မှားခံရသူဖြစ်သည်။ ထိုင်ပြီး စားစရာတွေ မှာထားတုန်းမှာပဲ ပြည့်ဖြိုးက စကားစ,ပြောသည်။

"မင်း ဖုန်းဆက်ဖြစ်လား"

အဓိပ္ပာယ်မပြည့်စုံသော ဝါကျဖြစ်သော်ငြားလည်း ပြည့်ဖြိုး ဘာကိုမေးတယ်ဆိုတာ သဘောပေါက်လိုက်သည်။ မနေ့က သူ မလုံးရွှေ၏ ဖုန်းနံပါတ်ကို တောင်းထားခဲ့သည်။ ကျောင်းမတက်ရသော စနေနေ့မှာ မလုံးရွှေကို သူ အထူးတလည် သတိရမိပါသည်။ ဘာကြောင့်မှန်းမသိ စနေနေ့မနက် အိပ်ရာနိုးကတည်းက မလုံးရွှေကို သတိရနေမိခဲ့သည်။ ကျောင်းသွားရင်တွေ့နေကြမို့ စနေနေ့မှာ မတွေ့ရသောအခါ တစ်မျိုးကြီးပဲ လစ်ဟာနေသလိုလို အသံလေးပဲ ကြားချင်သလိုလို။ ထို့ကြောင့် ပြည့်ဖြိုးဆီက မလုံးရွှေရဲ့ ဖုန်းနံပါတ်ကို တောင်းမိသည်။

ပြည့်ဖြိုးကလည်း ပထမတော့ မပေးချင်ပေ။ သူကလည်း လွှန်းမြတ်ကို ကြောက်ရသည် မဟုတ်ပါလား။ နောက်တော့ ဇွတ်ကြီးတွေ ကတိပေးတော့မှပဲ ဖုန်းနံပါတ်က ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်း ရလာခဲ့တော့လည်း သူ မဆက်ဖြစ်ခဲ့ပေ။ မဆက်ရဲတာ မဟုတ်ဘဲ ဘာကြောင့် မဆက်ဖြစ်သလဲ ဆိုတာတော့ သေချာတောင် မဆုံးဖြတ်တတ်တော့ပါ။ ဖုန်းနံပါတ်လေးကိုတော့ ခေါ်ကြည့်ပြီး လိုင်းမဝင်ခင်မှာပဲ ချ,ချပစ်လိုက်တာဖြစ်သည်၊

"ငါ မခေါ်ဖြစ်ဘူး"

"ဟင် ... ဒါများ၊ တောင်းတုန်းကတော့ အသည်းအသန်။ အခုမရရင်ပဲ သေတော့မယ့်ဒီဇိုင်းနဲ့"

"အေးကွာ ... လုံးဝကြီး မရခင်ကတော့ အဲဒီလို ဖြစ်နေတာ အမှန်ပဲ။ ရတော့လည်း နံပါတ်လေးကိုကြည့်ပြီး နည်းနည်း စိတ်ငြိမ်သွားတယ် ...

အရေးကြုံရင် ဆက်ရအောင် တောင်းထားတာပေါ့ကွာ"

"ဟင်း ... မင်းက ဘာအရေးကြုံမှာမို့လဲ"

"ဩော်ကွာ ... လမ်းမှာ ရဲဖမ်းခံထားရတုန်း ဒဏ်ငွေဆောင်စရာ ပိုက်ဆံမပါတဲ့ အခါမျိုးပေါ့"

သူ့အစား လင်းထက်က ဝင်ဖြေပေးသည်။ ဒီလောက်ချွတ်တာလောက်တော့ သူကမမှုပဲ အသာရယ်မောရင်း အရင်လာချပေးသော ရှောက်ချိုသီးဖျော်ရည်ကို မော့လိုက်သေးသည်။ မျက်လုံးထဲမှာတော့ ရှောက်ချိုသီးဖျော်ရည်ကို အမြဲတမ်းလိုလို သောက်တတ်သော မလုံးရွှေရဲ့နှုတ်ခမ်းများကို ပြေးမြင်ယောင်မိသည်။





စိတ်လိုလက်ရ ပြုံးတတ်တာကို တစ်ခါမှ မမြင်ဖူးသော်လည်း လျှောင်ပြုံးနဲ့တင် အမြည်းအစမ်း ရှုနှမ်းလို့ ရလေသည်။

"မင်း တကယ်ကြွေသွားတာလား"

သူနဲ့ ငယ်ငယ်လေးတည်းက ပေါင်းလာတာဖြစ်သောကြောင့် လင်းထက်က အတည်ပေါက်မေးသည်။ မလုံးရွှေရေ မင်းကို ကြွေသွားတာလားတဲ့။ ကြွေတယ်ဆိုတာ ဘာလဲ။ တစ်စုံတစ်ယောက်ရှေ့မှာ လုံးဝပုံကျသွားတာ ကောက်ယူရတဲ့အဆင့်ဖြစ်သွားတာကို ဆိုလိုတာပေါ့နော်။

"ကြွေသလား မကြွေဘူးလားတော့ မပြောတတ်ဘူး။ ဒါပေမဲ့ လောလောဆယ်မှာတော့ ငါ့အာရုံတွေက သူ့ဆီမှာပဲ စုပုံနေတယ်"

"ဒါ အချစ်ပဲ"

ရည်းစားလေး တစ်ယောက်နှင့်တစ်ပိုင်းသာ ထားဖူးသော ပြည့်ဖြိုးက အူကြောင်ကြောင်ဒီဇိုင်းဖြင့် ထအော်သည်။

"ငါကတော့ အချစ်လို့ မထင်သေးဘူးကွ။ သဇင်နဲ့တွေ့တုန်းကလည်း ငါ ဒီဖီလင်မျိုး ခံစားဖူးတာပဲလေကွာ။ အဲဒီတုန်းကလည်း အချစ်လို့ ထင်ခဲ့ဖူးတာပဲ၊ ပြီးတော့ ဟုတ်မှ မဟုတ်တာ"

"အင်း ... ပြောက်သောက်ခံစားဖူးတော့လည်း ခက်တော့ခက်တယ်"


www.burmeseclassic.com

www.burmeseclassic.com

"မခက်ပါဘူးကွာ။ ရိုးရိုးရှင်းရှင်းလေးပဲ။ ကြာရင် အချိန်က အဆုံးအဖြတ် ပေးသွားမှာပဲလေ။ ခံစားချက်အတိုင်းပဲ အလုပ်,လုပ်တာ ကောင်းပါတယ် ...

ငါကတော့ ဗီလင်လာတဲ့အတိုင်းပဲ လုပ်မယ်"

"မင်းဗီလင်က ဘာလဲ"

"ခုချိန်မှာ သူနဲ့ သူငယ်ချင်း ဖြစ်ချင်တယ်။ အေးအေးဆေးဆေး ရှိချင်တယ်"

"အဲလောက်ကတော့ကွာ"

"မထင်နဲ့နော် ငါ့တပည့်တွေ။ အဲဒီလောက်ကို ခက်ခဲလွန်းလို့ ပြောနေတာ၊ မလုံးရွှေက ဘော်ဒါကတ္တာလည်း မရဘူး ...

ဗွတ်ကြီးလိုက်ပြီး မိတ်ဖွဲ့သလို ဖြစ်နေတယ်။ သူ့အိမ်ရှေ့သွားပြီး ဒိုးလုံးသီချင်း သွားဆိုရမလို ဖြစ်နေတယ်"

"ဘာသီချင်းလဲ"

"အကြင်နာနည်းလှလွန်းသူလေးရယ်။ လုံးဝအကြင်နာ တရား မရှိဘူး။ ခြေထိုးခံတယ်၊ လက်ဖက်ရည်နဲ့ မျက်နှာကိုပက်တယ်၊ ထီးနဲ့ရိုက်တယ်၊ ဘယ်ဘဝက အမုန်းတွေကို ဒီဘဝမှာ အကြေဆပ်နေလဲတော့ မသိဘူး"

"အင်း ... မလုံးရွှေက အရင်တည်းက ယောကျ်ားလေးတွေဆို သိပ်အယုံအကြည်မရှိ၊ အကောင်းမမြင်တတ်တဲ့ လူစားမျိုးတဲ့ကွ။ လွန်းမြတ်ကိုဆိုလည်း ပြောနေတာပဲ။ ရည်းစား





လည်းမထား ဘာဇာတ်လမ်းမှ မရှိတဲ့သူဆိုတော့ သူက မင်းကိုလည်း ရင်မခုန်တာပေါ့ကွာ"

"ဟား ... သူ့နှလုံးက နှလုံးအစားထိုးစက်ကြီး ဖြစ်နေပါဦးမယ်ကွာ"

"အံမယ် ... အဲလိုတော့ မဟုတ်ဘူးကွ။ သူက အပျိုကြီးတော့ မလုပ်ဘူးလို့ ဟစ်ကြွေးထားတာပဲ"

"ရည်းစားထားဖို့ စိတ်မဝင်စားတဲ့သူက အပျိုကြီးတော့ မလုပ်ဘူးဆိုတော့ ဧကန္တ မိဘတွေပေးစားတာကို ယူမယ့်သဘောပဲ။ နှလုံးသားကို အသုံးမပြုဘဲထားတာ နှလုံးသားအခွင့်အရေးကို ချိုးဖောက်တာပဲ"

"အဲဒါတော့ မသိဘူး။ မလုံးရွှေက ဘယ်နေရာမဆို ဦးနှောက်ကိုပဲ အသုံးချတယ်လို့ လွန်းမြတ်က တစ်ခါပြောဖူးတယ် ...

အဲဒါ အခုမှ မဟုတ်ဘူးနော်။ ဟိုးငယ်ငယ် ခုနစ်တန်း ရှစ်တန်းထဲကပဲတဲ့။ ဒါကြောင့် လွန်းမြတ်တို့ အိမ်ကဆို မလုံးရွှေနဲ့ဆို အင်္ဂါဂြိုဟ်ပေါ် အလည်သွားလည်း ယုံကြည်စိတ်ချတယ်ဆိုပြီး ဖြစ်တာ ...

သူက ကိစ္စတစ်ခုခုဆို လုပ်ချင်တာထက် လုပ်သင့်တာကို ပိုဦးစားပေးပြီး စဉ်းစားတယ်လို့ ပြောတယ်။ အဲဒါ မင်း သတိထားရမယ့် အကြီးမားဆုံးအချက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့က မလုံးချွေရဲ့မျက်နှာကို ဖျတ်ခနဲ ပြေးမြင်သည်။ အထူးသဖြင့် တည်ငြိမ်သော မျက်ဝန်းများသည် အချစ်ကိုဦးစ မပေးတတ်သူ၊ ခံစားချက်ကို ရှေ့တန်းမတင်တတ်သူ ဟူသော အရိပ်ယောင်ကွေကို ဖော်ပြပေးနေသည်ဟု ထင်သည်။

"ဒါဆို ငါ့ကို သူငယ်ချင်းအဖြစ် သတ်မှတ်ပေးချင်ရဲ့သား နဲ့ ဦးနှောက်ကို ဦးစားပေးပြီး ပယ်ထားတဲ့သဘောပေါ့"

အဲဒါတော့ မသိဘူးဟူသော သဘောဖြင့် ပြည့်ဖြိုး က လက်ဝါးနှစ်ဖက်ကိုဖြန့်ကာ ပခုံးတွန့်ပြသည်။ အစားလေး ဘာလေး နည်းနည်းပါးပါး စားဝင်မှ အိုက်ဒီယာကောင်းတွေ ထွက်တတ်သော လင်းထက်ကတော့ သူ စိတ်ဝင်စားမည့်စကား တစ်ခွန်းကို ဆောင်ကျဉ်းလာသည်။

"မိန်းကလေးဆိုတာ သူတို့ကို ရိုးရိုးကြီး ချဉ်းကပ်တာထက် twist တစ်ခုနဲ့ ချဉ်းကပ်တာက သူတို့ရဲ့စိတ်ဝင်စားမှုကို လည်း ပိုယူနိုင်တဲ့သဘော ရှိတယ်ကွ ...

ဥပမာကွာ ... မင်းက ဒီအတိုင်းကြီး သူ့အနားကို ကပ်သွားပြီး သူငယ်ချင်းလုပ်ပါရစေ ဘာညာဆိုတဲ့အထာ က သူ့အတွက် ရိုးချင်ရိုးနေမှာပဲ။ ဒါမျိုးတွေက သူလည်း ကြုံဖူးမှာပဲလေ။ အဲဒီတော့ မင်းကို သိပ်စိတ်ဝင်စားမှာ မဟုတ်ဘူး ...



ဒီမှာ ရာစုသစ်ရ၊ မင်း မှတ်ထားကွ။ လူတစ်ယောက် တိုင်းမှာ သူတို့နဲ့ဆိုင်ရာ ဆိုင်ရာ key လေးတွေ ရှိတတ် တယ်။ အဓိက သော့ချက်ပေါ့။ အဲဒါကိုသိရင် သူတို့စိတ် ကို ဖွင့်ဖို့ဆိုတာ မခက်တော့ဘူး။ ယောကျ်ားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် key ကို မသိလို့ ခက်နေတာပေါ့"

"အဲဒီ key ကို ဘယ်မှာ သွားခိုးရမလဲ"

အတည်ပေါက် ပြောနေတာကို ပြည့်ဖြိုးက ဝင်နှောက် သည်။ ပြန်နှောက်နေလျှင် စကားလမ်းကြောင်း ပြောင်းသွားမှာ စိုးသဖြင့် သူက ပြန်မနှောက်မိချေ။ လင်းထက် ပြောသောအဓိပ္ပာယ် ရှိသည့် စကားကိုသာ ဆက်လက်စဉ်းစားနေမိသည်။

"ငါ အကြံပေးမယ်။ မင်း သူ့ကို တစ်ခုခု စိန်ခေါ်လိုက်။ အခု သူက မင်းကို ဘယ်လိုအကြောင်းနဲ့မှ ဘော်ဒါစာရင်း သွင်းဖို့ ဆန့်ကျင်နေတယ် မဟုတ်လား ...

မိန်းကလေးတွေရဲ့သဘောက မခံချင်အောင်ပြောရင် လုံးဝသည်းမခံနိုင်တော့ဘူး"

"ဩော် ... မင်းကြီးတော်ကြီးထဲမှပဲ၊ မခံချင်အောင်ပြောမှ တော့ ဘယ်သူက သည်းခံတော့မှာလဲကွ"

ပြည့်ဖြိုးရဲ့စကားကြောင့် လင်းထက်က ပြည့်ဖြိုးကို သနားစရာ ဉာဏ်ရည်မမီသော သတ္တဝါအလား ငေးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း သိတာ အဲဒီလောက်ပဲ မဟုတ်လား။ ငါ ဆိုလိုတာ အဲဒီလောက်လောက်ထိ အဓိပ္ပာယ်က မ,ကသေးဘူး။ မိန်းကလေးတွေဆိုတာက အထူးသဖြင့် သူတို့ကို မခံချင်အောင် စိတ်ကိုနှိုးဆွပေးရင် ဒါဟာ တက်ကနစ်တစ်ခုဆိုတာ သိနိုင်တဲ့သူ ရှားတယ် ...

အထူးသဖြင့် မာန်တက်နေတဲ့မိန်းကလေးဆို ပိုပြီး မသိနိုင်ဘူး။ ငါ ပြောပြမယ်ကွာ။ မင်းကို အခု မလုံးရွှေက နည်းနည်းလေးမှ မပတ်သက်ချင်တဲ့ ပုံစံရှိတယ်မဟုတ်လား။ အေး ... ဒါကို မင်းက ဒီအတိုင်း ဇွတ်နေရင် ပိုဆိုးမယ်။ အဲဒီတော့ မခံချင်စိတ်ဖြစ်အောင် နှိုးဆွပေးပြီး မင်းကို ပတ်သက်လာအောင် လုပ်ရမှာ"

"ပေါက်ပြီ ... ပေါက်ပြီ ဒီလောက်ဆို ငါ သဘောပေါက်ပြီ၊ ငါ့ကို ရှောင်ပြေးချင်နေတဲ့ မလုံးရွှေကို ဒီလို ဘာကြောင့်ဖြစ်နေတာလဲလို့ မခံချင်စိတ်လေးတွေ နှိုးဆွပေးပြီး ပတ်သက်အောင် လုပ်ရမှာ မဟုတ်လား"

"Right ! ဘယ်လိုနည်းနဲ့ လုပ်ရမလဲ ဆိုတာတော့ မင်းဘာသာ အုံးစားပေါ့ကွာ"

"အိုခေ ... ဒီလောက်ဆို ကိုယ် ဆက်လုပ်ရှားလို့ရပြီ သူငယ်ချင်း။ မလုံးရွှေသာ မိန်းမပီပီ မခံချင်စိတ်အပြည့်ရှိပါစေ ဆုတောင်းရမှာပဲ"





"ရှိလောက်တယ်။ Because သူဟာ အသက်အစိတ်မပြည့်သေးတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေလို့ပဲ။ သူ ဦးနှောက်သုံးပြီး တော်ကောင်း တော်လိမ့်မယ် ...

ဒါပေမဲ့ ငယ်ရွယ်သေးတာမို့ ငါဟဲ့ဆိုတဲ့မာန်က ရှိမှာပဲ။ အဲဒီမာန်ကပဲ သူ့ရဲ့ဟာကွက်တစ်ခု ဖြစ်သွားမှာ"

လင်းထက်ရဲ့စကားအဆုံးတွင် ထောက်ခံသလိုလိုဖြင့် သူက ခေါင်းတစ်ချက် ညိတ်ပြရင်း ဦးနှောက်ကို အပြင်းအထန် အလုပ်ပေးမိသည်။ ဘယ်အရာက မလုံးရွှေရဲ့ key ဖြစ်မည်တဲ့လဲ။ ပြီးတော့ ဘယ်လိုစိန်ခေါ်မှုမျိုးက သူမရဲ့နှလုံးသားကို ဆွဲဆောင်မှုအား ကောင်းစေမည်တဲ့လဲ။

ဒီညတော့ နဖူးပေါ် လက်တင်ကာ စဉ်းစားရတော့မည်။ မလုံးရွှေတော့ မျက်ခုံးတွေ လှုပ်နေပြီဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"အို ... အို ... Something တော့ Wrong တော့မယ် ထင်ပါရဲ့။ ပြဿနာမပေးပါနဲ့ သမီးလေးရယ်။ နင့်ကို ဆင်ရတာလည်း ငါ့မုန့်ဖိုးတွေ ပြောင်တော့မယ်။ အသက်လေးကို မျှဉ်းမျှဉ်းရှူပြီး ကျောင်းထိ ရောက်ပါစေဦး"

ရွှေရဲ့ ချော့မော့သံသည် အထီးအမ ခွဲခြား၍ရသော တစ်စုံတစ်ရာကို ပြောနေခြင်း မဟုတ်ပါ။ နာမ်ပစ္စည်းတစ်ခုကိုသာ အမဇာတ် ဖွတ်သွပ်သွင်း၍ သမီးလေးရဲ့ ဘာလေးရဲ့ လုပ်နေခြင်းဖြစ်သည်။ ရွှေ့ကို ဖခင်ဖြစ်သူက (ရွှေ ဖွတ်ပူဆာသဖြင့်) မွေးနေ့လက်ဆောင် ဝယ်ပေးထားရသော ဖောက်စ်ဝက်ဂွန်ကားလေးကို ရွှေက မိန်းမဇာတ် ဖွတ်သွင်းထားခြင်းဖြစ်သည်။ ဘယ်လိုဇာတ်သွင်းထားသလဲ ဆိုတာတော့ အသေးစိတ် ပြောမပြတော့။ ဒါပေမဲ့ ကားကိုမြင်လိုက်တာနှင့် မိန်းကလေးမောင်းသောကား ဆိုတာကို ခန့်မှန်းနိုင်ကြသည်။





ရွှေတို့အိမ်ရဲ့ မိသားစုစီးပွားရေး အခြေအနေဟာ သာမန်လူတွေနှင့် ယှဉ်လျှင်တော့ ပြည့်စုံသည်ဟူသော အနေအထားမှာဟု ပြော၍ရသည်။ မိဘနှစ်ပါးက မင်္ဂလာဈေးမှာ ဆေးပစ္စည်းမျိုးစုံ ဖြန့်ချိသည့်လုပ်ငန်းကို လုပ်ကိုင်ကာ စီးပွားရေးကို အားကြိုးမာန်တက် ဆောင်ရွက်ကြသောကြောင့် ရွှေတို့မောင်နှမရဲ့ အခြေအနေက ပြည့်ပြည့်စုံစုံ နေထိုင်နိုင်သော အနေအထားမှာ ရှိကြသည်။ ရွှေရဲ့အစ်ကိုကလည်း စင်ကာပူမှာ အလုပ်,လုပ်နေသူမို့ ဘာမှပူပင်စရာမရှိပါ။ ဒါပေမဲ့လည်း သူဌေးသမီးရယ်လို့တော့ ရွှေက ကိုယ့်ကိုယ်ကိုယ် ဘယ်တုန်းကမှ ခံယူမထားခဲ့ချေ။ ရွှေတို့အိမ်မှာ မိဘနှစ်ပါးစီးနေသည့် ရှုပါရှဖ်ဖင်ကောက်တစ်စီး ရှိသော်လည်း ရွှေ့ကို Latest Model ကားတွေ ထပ်ဝယ်ပေးနိုင်သော အင်အားကလည်း အလွယ်တကူ မရှိပါ။ ရွှေကလည်းပဲ တတ်နိုင်သော ဝန်ကလေးနှင့် ကိုယ့်ကားလေးကိုယ် မောင်းချင်သည်။ ရန်ကုန်မြို့မှာကလည်း ဘယ်နေရာသွားသွား ကိုယ့်ကားလေးရှိမှ အဆင်ပြေမည်။

ဒါကြောင့် ရွှေက တန်ဖိုးနည်းသော ကားလေးတစ်စင်းလောက်တော့ ပူဆာရသည်။ ဒီကားလေးကိုပဲ ရိုရိုသေသေ စီးသောကြောင့် စီးလို့လည်း အဆင်ပြေပါသည်။ ဒါပေမဲ့ တစ်ခါတလေတော့လည်း သူက ချူချာတတ်သည်ပေါ့။ အခုလည်း စိတ်ပျက်စွာနှင့် ခေါင်းကုတ်ရင်း ကားပေါ်မှ ဆင်းလိုက်သည်။ ဘာမှတော့ မလုပ်တတ်။ လူရှိန်အောင်တော့ စက်ဖုံးဖွင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွီး ... ဘယ်လိုလုပ်ရပါ့။ ကျောင်းရောက်ဖို့ နည်းနည်းပဲ လိုတော့တဲ့ဟာကို၊ ပြဿနာပဲ"

ရွှေက စက်ဖုံးဖွင့်ပြီး ဟိုနိုက် ဒီနိုက် ကြည့်သော်လည်း အဆင်ကမပြေချေ။ မြင်နေရတာတွေကတော့ သူ့နေရာနဲ့သူ ရှိနေသည်။ ဒါပေမဲ့လည်း ကိုယ်က ဘာမှမလုပ်တတ်။ အဲဒီအချိန်မှာပဲ ရွှေရဲ့ဖုန်းက ထမြည်လာသဖြင့် ကြည့်လိုက်လျှင် လွှမ်းမြတ်ဆီက ဖြစ်နေသည်။

"အေး ... ပြော လွှမ်းမြတ်"

"on the way လား"

"on the မဝေးဘူး။ ပိုင်းစုခိုင်သိန်း ဖြစ်နေတယ်"

"ဘာလဲ ... မက်လောက်စရာတစ်ကွက်မှမရှိတဲ့ တစ်ခိုင်လုံး ရွှေ ဖြစ်သွားပြီလား"

"သေပါ့လား။ လမ်းမကြီးရဲ့ဘေး ဖြစ်နေတယ်လို့ ဆိုလိုတာဟေ့"

"ဟုတ်လား ... လမ်းမကြီးရဲ့ဘေးမှာ ငုတ်တုတ်ထိုင်ပြီး ဘာလုပ်နေတာလဲ။ ကားမောင်းရင်းနဲ့ ဝေဒနာကို မအောင့်နိုင်တော့လို့ ဆောင့်ကြောင့်လေးထိုင်ပြီး ဖြေရှင်းနေတာလား"

"နင်လုပ်ဖူးတာတွေ ပြောမနေနဲ့ဟေ့။ ကားပျက်နေတာ၊ ကားပျက်ပြီး ထိုးရပ်သွားလို့"





"ဟုတ်လား ... နင့်သမီးကတော့ ဖောက်ပြန်ပြီပေါ့။ အေး ... အဲဒါ အခု နင် ဘယ်လိုလုပ်မှာလဲ"

"မသိဘူး။ ဘာဖြစ်သွားမှန်း မသိဘူး။ ဝပ်ရှော့ကို ဖုန်းဆက်ရင်လည်း လာနိုင်ပါ့မလား မသိဘူး။ စိတ်ကုန်လိုက်တာဟာ"

လွှမ်းမြတ်ဘက်မှ ရုတ်တရက် အသံတိတ်သွားသည်။ ဘိုးတိုး, တိုးတိုးနှင့် စကားပြောသံတွေ ကြားနေရပြီ။ ဘယ်သူ့ကို ပြောနေမှန်းလည်း မသိပေ။ ဒီဘက်က ရွှေက စိတ်မရှည်သဖြင့် ခေါ်နေသော်လည်း မကြား။ တစ်ချက်ဆောင့်အော်တော့မှပင် ...

"ဟဲ့ ... ရွှေ၊ ကြားလား"

"ကြားတယ် ... ကြားတယ်။ ဘာဖြစ်နေတာလဲ၊ ငါနဲ့ ပြောနေတဲ့ဟာကို ဘယ်သူ့ကို သွားပြောနေပြန်တာလဲ"

"သြော် ... ဟိုသင်း၊ ပြည့်ဖြိုးက မေးနေလို့ပါ။ နင် ကားပျက်နေတာ ဘယ်နားမှာလဲ၊ ငါတို့လာပြီးခေါ်မလို့"

"တော်ဝင်စင်တာ မရောက်ခင်ဟာ"

"သြော် ... အဲဒီနေရာလား၊ အေး ... ဟုတ်ပြီလေ၊ နင် အဲဒီကပဲ စောင့်နေလိုက်၊ ငါတို့ လာခဲ့မယ်"

ရွှေသည် ရင်အေးသွားရကာ တစ်ချက်ပြုံးလိုက်ရင်း ဖုန်းပိတ်လိုက်သည်။ လာမယ်ဆိုတော့လည်း နားအေးတာပေါ့၊ ကားပေါ်တက်ပြီး သီချင်းလေးနားထောင်ကာ ဂိမ်းဆော့ရင်း



www.burmeseclassic.com

www.burmeseclassic.com

စောင့်လေမည်။ ရွှေက FM မှလွှင့်နေသော သီချင်းသံကို နားထောင်ကာ ဖုန်းကို ဂိမ်းဖွင့်၍ စောင့်နေလိုက်သည်။ ဂိမ်းထဲကို အာရုံဝင်စားကာ အချိန်တွေ ဘယ်လောက်ကြာသွားမှန်းတောင် မသိပေ။ နာခေါင်းထဲသို့ မွှေးပျံ့သောရနံ့တစ်ခု တိုးဝင်လာတာကို ခံစားမိပြီး အပဟမ်း အပဟွတ် စသော ချောင်းဆိုးသံ ကြားရတော့မှပင် အပြင်ဘက်သို့ မော့ကြည့်မိသည်။ မင်းသားရှုံးလောက်သော ပြင်ဆင်မှုမျိုးဖြင့် မေးဆတ်ပြကာ နှုတ်ဆက်နေသော ရွှေရဲ့အချစ်တော်ရန်သူကြီးကို အံ့ဩဖွယ်ရာ တွေ့လိုက်ရသည်။

သင်း ... ဘယ်လိုလုပ်များ ရောက်လာပါလိမ့်။ လွှန်းမြတ်ကရော ဘယ်မှာလဲ ?။

"ကားပျက်နေတယ်ဆို"

"ရှင်က ဘာလာလုပ်တာလဲ"

"ဩော် ... မမလေး ကားပျက်နေတယ်ဆိုလို့ လာတာလေ။ အကူအညီပေးဖို့ ရောက်လာတဲ့သူကိုတော့ ရင်ဝကို ဖနောင့်နဲ့ ကန်မလွှတ်ပါနဲ့ဗျာ"

"ရှင့်ကို ဘယ်သူက အကူအညီတောင်းနေလို့လဲ၊ လွှန်းမြတ်တို့ကရော ဘယ်မှာလဲ"

"လွှန်းမြတ်နဲ့ ပြည့်ဖြိုးနဲ့က ကျောင်းမှာလေ။ ဘာလုပ်မှာလဲ? လူအများကြီး မလိုပါဘူး။ ဆီးပျောက် ... အဲ ... ဆီပျောက် မီးပျောက်လောက်ကတော့ ကိုယ်လည်း ရပါတယ်"





"ကျွတ် ... ပြဿနာအထုပ်ကတော့ လာပြီ။ လွှန်းမြတ်တို့ကတော့ ရှုပ်ပြီကွာ"

"ဘာမှ မရှုပ်ဘူး။ လွှန်းမြတ်လည်း ကားမပြင်တတ်ဘူး။ ပြည့်ဖြိုးဆိုတဲ့ကောင်လည်း ကားမပြင်တတ်ဘူး။ သူတို့နားမှာ ကိုယ်ရှိနေတာနဲ့ မင်းအခက်ခဲကိုကြားပြီး ရောက်လာတာ ...

ကဲ ... ကြည့်မယ်နော်"

ရွှေက မျက်မှောင်ကြုတ်ကာ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ဘာမှမပြောတော့ပေ။ ခုမှတော့ ဘာတတ်နိုင်တော့ပါ့မလဲ။ ဖြစ်နိုင်လျှင် သင်းဆီက အကူအညီကိုလည်း တစ်စွန်းသားမှ မယူချင်ပါ။ အကူအညီရယူပြီး ကျေးဇူးတင်ရမှာကိုလည်း မလိုလားချေ။ သိဘူး ... ကျေးဇူးလည်း မတင်နိုင်ဘူး။ သူ့ဟာသူ မနေနိုင် မထိုင်နိုင် ကူညီတာပဲ။

ကားပြင်တတ်လား မပြင်တတ်လားတော့ မသိချေ။ စက်ဖုံးဖွင့်၍ ဟိုဒီလျှောက်နှိုက်ပြီး ခဏကြာလျှင် ရွှေ့ကိုလှမ်းပြောသည်။

"စက်နှိုးကြည့်"

ရွှေက နှုတ်ခမ်းကို တစ်ချက်မဲ့ကာ စက်နှိုးလိုက်သည်။ စက်က နှိုးသော်လည်း ဂစ် ဂစ် ဂစ်နှင့် အသက်ငင်ကာ ပြန်ရပ်သွားသည်။ ခဏနေတော့ သူက ထပ်ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com

"ပြန်နှိုးကြည့်ဦး၊ လီဗာကို ပုတ်,ပုတ်ပြီးနှိုး၊ မျှဉ်းနှိုးကြည့် မျှဉ်းထား"

ရွှေက နှုတ်ခမ်းကို မဲ့ရွဲ့မိကာ သင်းပြောတဲ့အတိုင်း ထပ်လုပ်မိပြန်သည်။ ဒီတစ်ခါတော့ ကားက ရောရောရှူရှူပဲ နိုးသွားသည်။ လီဗာတဖြင်းဖြင်းပုတ်ကာ စက်ရပ်သွားမှာစိုးသဖြင့် စမ်းသပ်နေမိသည်။ နောက်ဆုံး စိတ်ချရပြီဟု ထင်တော့မှ ရွှေက ကားမောင်းထွက်ဖို့ပြင်သည်။ ပထမတော့ ဒီအတိုင်းပဲ ဗျူးခနဲ မောင်းထွက်ဖို့ စဉ်းစားမိသော်လည်း ရိုင်းလွန်းရာကျမှာစိုးသဖြင့် ဘေးမှာလာရပ်သော ထိုသူ့ကို ခပ်တည်တည်ဖြင့် မော့်ကြည့်ကာ...

"ကျွန်မ သွားတော့မယ်"

"နေဦးလေ ... ကိုယ်လည်း လိုက်မှာ"

"ဟင် ... ရှင်က ဘာကိစ္စ လိုက်မှာလဲ"

"ဟား ... ကူညီတဲ့သူကို ဒီလိုပဲ ပြောရသလားဗျာ။ ကိုယ်က မင်းရဲ့ကားနဲ့ ပြန်လိုက်ရမှာပေါ့။ ဒီနားထိ Taxi ငှားစီးလာတာလေ"

ရွှေက ကျွတ်ခနဲ စုတ်သပ်ကာ စိတ်ရှုပ်သွားမိသည်။ ဒီလိုမျိုးတွေ ပတ်ပတ်သက်သက် မလုပ်ချင်ပါဘူး ဆိုနေမှ ကိုယ့်ကားနဲ့တောင် ခေါ်တင်သွားရပေဦးမည်။ စိတ်ထဲကနေ၍ လွန်းမြတ်ကိုသာ ကျိန်ဆဲနေမိတော့သည်။

"ကဲ ... ကိုယ် လိုက်ခဲ့မယ်နော်"





ရွှေက ဘာမှမပြောတော့ဘဲ မျက်ထောင့်နီဖြင့် ကြည့်လိုက်လျှင် သင်းက ဟဲခနဲ သွားဖြဲပြကာ ကားနောက်ခန်း တံခါးကိုဖွင့်ကာ ဝင်ထိုင်သည်။ တံခါးကို ဂျိန်းခနဲတောင် ပိတ်လိုက်ကာ "မောင်း"ဟု အော်လိုက်သေးသည်။

"နေစမ်းပါဦး ... ရှင်က ဘာလဲ၊ ကျွန်မက ရှင့်ဒရိုင်ဘာမို့ ရှင်က နောက်ခန်းက ထိုင်နေရတာလား"

"ဩော် ... မသိဘူးလေ။ မင်းက ကိုယ်နဲ့အတူတူ ရှေ့ကများ မထိုင်ချင်ဘူးလားလို့ပါ။ တော်ကြာ ရှေ့ကလာထိုင်ရင်လည်း နှင်ထုတ်ဦးမယ်။ ဒါကြောင့် ကိုယ့်အခြေအနေ ကိုယ်သိပြီး နောက်ကနေရာယူရတာပါ အစ်မရယ်"

ရွှေက စကားပြန်ပြောချင်စိတ် မရှိသဖြင့် နှုတ်ခမ်းကို တစ်ချက်မဲ့ကာ ကားဆက်မောင်းနေမိသည်။ တစ်ချက် တစ်ချက် Back ကြည့်မှန်ထဲမှ မြင်နေသော သင်းပုံစံက အချိုးမပြေ။ လက်နှစ်ဖက်ကို နောက်သို့တင်ကာ ပေါင်နှစ်ဖက်ကို ဖြကားထိုင်ရင်း ဒူးတနန့်နန့် ရှိနေသည်။

"တစ်ခိုင်လုံးရွှေ သီချင်းလေး ဘာလေး ဖွင့်လေကွာ"

ရွှေက ဘာမှပြန်မပြောဘဲ စုပုပ်ပြီးတော့သာ ကားမောင်းနေမိသည်။ တစ်နေရာအရောက်တွင် ကားက မီးပွိုင့်မိသွားသာ ခဏရပ်လိုက်ရသည်။ သင်းထံမှ စကားသံက ထပ်ထွက်လာပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com



"တစ်ခိုင်လုံးရွှေ ... မင်း ကိုယ့်ကို အဖြေပြန်မပေးရသေးဘူးနော်"

"ဘာ"

ရွှေ့အသံက ဆောင့်ထွက်သွားပြီး သူ့ကို နောက်ကြည့်မှန်ထဲမှတစ်ဆင့် စူးခနဲ ကြည့်မိသည်။ သူကလည်း ရွှေ့ကို မချိုမချဉ် ပြန်ကြည့်နေကာ ...

"ဘာတွေ လျှောက်အထင်လွဲနေတာလဲ။ ကိုယ်ပြောတာက မင်းနဲ့ သူငယ်ချင်းဖြစ်ခွင့် တောင်းထားတာကို ပြောနေတာ။ ဘယ်လိုလဲ ... မင်းနဲ့ကိုယ် ငြိမ်းချမ်းရေးယူထားပြီးပြီ မဟုတ်လားကွာ ...

နော် ... တစ်ခိုင်လုံးရွှေ"

ဘာအဓိပ္ပာယ်အမှန်းမသိ။ နှာခေါင်းကို တစ်ချက်ရှုံ့ပြကာ ကြူသလိုလို လာပြောသည်။ အဲဒီအပြောမျိုးတွေ နှင့် အဲဒီအထာတွေကို တခြားမိန်းကလေးတွေသာ ကြွေချင်ကြွေမည်။ ရွှေတို့ကတော့ ယောင်လို့သော်မှ စိတ်မဝင်စားမိချေ။

"ကျွန်မကလည်း ရှင့်ကို ရှင်းရှင်းလေး ပြောပြီးသားပဲ။ ကျွန်မ ရှင်နဲ့ သူငယ်ချင်း မဖြစ်ချင်ဘူး"

"Why ? "

"အကြောင်းပြချက်ပေးဖို့ မလိုပါဘူး။ ဒါပေမဲ့ ရှင် သိပ်သိချင်နေတယ်ဆိုရင်တော့ ပြောပြလိုက်မယ်။ ကျွန်မရဲ့စိတ်





ကကို ရှင့်ကို အပေါင်းအသင်း မလုပ်ချင်တာ။ ရှင်နဲ့ ဘာမှ မပတ်သက်ချင်တာ"

"ဟုတ်လား ... ကြောက်နေတာ မဟုတ်ဘူးလား"

"ဘာ"

"မီးစိမ်းပြီ။ မောင်းထွက်တော့"

ရွှေက ကြိတ်မနိုင် ခဲမရဖြင့် အံကြိတ်ကာ လီဗာကို ဆောင့်လွှတ်လျက် မောင်းထွက်လိုက်သည်။ မီးပွိုင့်မှာ ကားတွေများနေတာမို့ ဂရုတစိုက်မောင်းနှင်နေရချိန်မှာ သူ့ကို စကားပြန်မပြောနိုင်အားသေးပေ။ ဖြစ်နိုင်လျှင် ဒီသကောင့်သားကို ကုပ်မှဆွဲချကာ ဖနောင့်နဲ့တောင် ပေါက်ချင်လှသည်။

"ရှင် ဘာစကားပြောတာလဲ၊ ပြန်ပြောစမ်း"

"နေပါဦး။ ကျောင်းထဲရောက်မှ ကားရပ်ပြီးမှ ပြောပါ့မယ်။ တော်ကြာ ကားမောင်းရင်းနဲ့ ရှော့ရသွားရင် ဘယ်လိုလုပ်မလဲ"

ရွှေသည် ဒေါသဖြစ်လွန်းသောကြောင့် နှာခေါင်းမှလေတွေကို မှုတ်ထုတ်ကာ အဖြေလျှော့ လုပ်နေရသည်။ မလွယ်ပါ ... မလွယ်ကြောပါ။ ဒီသကောင့်သားဟာ စကားပြောရင် အကြောကြီးနဲ့ ဘယ်နားကမှ မလွယ်ပါချေ။ သူ ပြောသလိုပင် ကားမောင်းရင်း ဒေါသဖြစ်လျှင် အန္တရာယ်ဖြစ်မှာ စိုးသဖြင့် စိတ်လျှော့ထားပြီး ကျောင်းရောက်တဲ့အထိ သည်းခံပြီးမောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထဲအဝင်မှာတော့ ကားပါကင်မှာ ကားကိုခပ်ကြမ်းကြမ်းပဲ ဆွဲဝေ့ ဆွဲဝိုက်လုပ်လျှင် သင်းက နောက်ထဲမှာ ဖရိုဖရဲဖြစ်ကာ အော်ဟစ်နေသည်။

တစ်နေရာအရောက်မှာတော့ ရွှေက ကားကို ဘရိတ် ဆောင့်အုပ်ပြီး ခပ်ကြမ်းကြမ်းပဲ ထိုးရပ်ပစ်လိုက်သည်။

"အား ... သေပါပြီကွာ။ ကျွတ် ... ကျွတ် ... မင်း ကားကို ဘယ်လိုမောင်းတာလဲ။ ဒီလို အကြမ်းပတမ်းတွေမောင်းနေလို့ မင်းကားလည်း စုတ်နေတာ"

"တောက် ... ရှင့်ပါးစပ်ကို ပိတ်ထား။ နေစမ်းပါဦး ... ရှင်နဲ့ ကျွန်မ စာရင်းရှင်းစရာရှိတယ်။ ရှင် အခုန ကားပေါ်မှာ ကျွန်မကို ဘာပြောတာလဲ။ ကြောက်နေတယ်ဆိုတာ ဘာကိုပြောတာလဲ"

"သြော် ... ဒါလား။ ဒီလိုပါ မင်းကို ကိုယ်က သူငယ်ချင်းဖြစ်ခွင့် တောင်းခံတယ်လေ။ ဒါပေမဲ့ မင်းက ခါးခါးသီးသီး ငြင်းဆန်နေတယ် ...

ကိုယ်က အဟင်း ... ဘယ်လိုပြောရမလဲ။ SKB လေကွာ။ အဲဒီတော့ SKB တစ်ယောက်ကို ပတ်သက်ရမှာ မင်းက ကြောက်များ ကြောက်နေလို့လားလို့ အဲလိုဆိုလိုတာပါ"

"ဘာ SKB လဲ။ ဘာတွေ လာပြောနေတာလဲ"





"သြော် ... ခေတ်ရဲ့သမီးပျို လုပ်နေပြီး ဒါလေးတောင် ကြားဖူးနားဝ မရှိဘူးလားကွာ။ SKB ဆိုတာ ဆော်ကြည်ဘဲကိုပြောတာ။ ကိုယ်က SKB မို့ ပတ်သက်ရမှာ ကြောက်နေတာလားလို့ပါ"

"ဟက် ... တွေးရက်လိုက်တာ"

"ဒါဆိုလည်း မဟုတ်ကြောင်းသက်သေပြလေ။ ဘယ်လိုလဲ"

သူ့အသံက ရွှေ့ကို စိန်ခေါ်နေသလိုပဲဖြစ်သည်။ မျက်လုံးတွေက သရော်မော်ကားကြည့်ကာ နှုတ်ခမ်းတွေက မထီတရီ ပြုံးနေတာကြောင့် ဆွဲကုတ်ပစ်ချင်သည်အထိ အသည်းယားလှလေသည်။ သင်းလိုလူကများ ဆော်ကြည်ဘဲတဲ့။ အင်း ... အဲဒီလို ထင်နေတယ် ဆိုရင်တော့ တကယ်ပဲ ဝမ်းနည်းစရာဖြစ်တော့မည်။

"ကိုယ်ပြောတာကို လက်ခံနိုင်မလား တစ်ခိုင်လုံးရွှေ။ ခုဆိုရင် ကိုယ်၊ ပြည့်ဖြိုး၊ လင်းထက် အပြင် လွန်းမြတ်နဲ့ မယ်သီတာတို့ပါ ကိုယ်တို့နဲ့ အုပ်စုလိုဖြစ်နေပြီလေ။ မင်းသာ ခွဲထွက်နေတာ ...

အဲဒါမျိုး မဖြစ်စေချင်ဘူး။ လွန်းမြတ်နဲ့ ပြည့်ဖြိုးကို အကြောင်းပြုပြီး အားလုံး ချစ်ချစ်ခင်ခင် ဖြစ်စေချင်တယ် ဘယ်လိုလဲ။ SKB ကို မကြောက်ရင် သူငယ်ချင်း တော်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သင်းက ပေါကြောင်ကြောင်ပုံစံဖြင့် လက်နှစ်ဖက်ကို ဆုပ်ကာ တရုတ်ကားတွေထဲကလို ခါးညွတ်ပြီး တောင်းဆိုသည်။ ဒီလူကို စိတ်လည်းပျက် ရယ်လည်းရယ်ချင်ဖြင့် ဘာမှန်းမသိသော ခံစားချက်တွေ ရောပြွန်းနေသောကြောင့် ရွှေက စိတ်တည်ငြိမ်မှု ရစေရန် ခါးထောက်ကာ မိုးပေါ်မော့ပြီး အသက်ကို ဝဝရှူလိုက်သည်။

စိန်ခေါ်မှုမျိုးကိုတော့ ရွှေက ရှောင်ပြေးရိုးထုံးစံမရှိပါ။

"အိုကေ ... ကောင်းပြီ။ ရှင့်ကို လွန်းမြတ်နဲ့ ပတ်သက်တဲ့ မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ပေးလိုက်မယ် ... ရှင်ပြောသလို ကြောက်,မကြောက် ကြည့်လိုက်ပေါ့"

အဆုံးသတ်စကားကို မျက်ခုံးတစ်ချက်ဆတ်ကာ ပြောလိုက်ပြီးနောက် ရွှေက ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဒါတောင်မှ သူ့ရဲ့အပိုးမသေသော အသံကျယ်ကြီးက ကပ်ငြိပြီး ပါလာခဲ့သေးသည်။

"ခိုမတ်ဆီမီးသား"

ဘာလဲဟ။ သင်းလည်း ကိုရီးယားရှူးကြီးပဲလား။



မျက်ကန်းတစ္ဆေ မကြောက်သလို
ချစ်တဲ့သူတိုင်းလည်း တော်တန်ရုံ
အသည်းကွဲမှာ မကြောက်တတ်ခဲ့ဘူး။
စိန်ခေါ်ထားတဲ့ မျက်ဝန်းတစ်စုံရဲ့နောက်မှာ
တောင်ချောက်တစ်ခု ရှိနေမယ်ဆိုလည်း
ရဲရဲကြီး အမိခံလိုက်မယ့်သူ
ဘာကြောင့်လဲတော့ မစပ်စုနဲ့
ကမ္ဘာကျော်အချစ်သမားတွေဆိုတာ
အရူးသမားတွေချည်းမို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"လာဟော့ ... ဒီနေ့ဝိုင်းအတွက် ဒကာကတော့ မင်းပဲ"

ကန်တင်းထဲတောင် ခြေမချရသေး။ သူ့သူငယ်ချင်းတွေက အဲဒီလို ဆီးကြိုထောပနာပြုကြတော့တာဖြစ်သည်။ ကန်တင်းထဲကခုံမှာ ပုန်းခံနဲ့ ပစ်ထိုင်ချလိုက်ရင်း ပါးစပ်ထဲက လေတစ်ချက်ကိုမှုတ်ထုတ်ကာ ...

"ဘာအတွက် ဒကာဖြစ်ရမှာလဲ မောင်တို့ရယ်။ လင်းစမ်းပါဦး"

"အောင်မာ ... အညာလေသံနဲ့ လာစားနေပြန်ပြီ။ မင်းကို မလုံးရွှေက ဘော်ဒါစာရင်း သွင်းလိုက်တယ်ဆို။ ငါပြောလိုက်တဲ့ အိုက်ဒီယာအတိုင်း အသုံးချလိုက်လို့ အဆင်ပြေသွားတာ မဟုတ်လား ...

ကွက်တိကို ဝင်သွားတယ်လေ ... ဟင်"





လင်းထက်က လက်တစ်ဖက်ကို မြှောက်ပြီး လက်ချောင်းတွေကိုကွေးကာ ကွက်တိဆိုသောပုံစံ လုပ်ပြသဖြင့် သူ့မှာ ရယ်ရသေးသည်။

"အေးပါကွာ ... ဟုတ်ပါတယ်။ ဒါပေမဲ့ အဲဒါက Intro ပဲနော်။ နောက်ထပ်တစ်ဆင့်ကျန်သေးတယ်။ သူနဲ့က အဆင့်ဆင့် ဆက်လက်ပြီး ပတ်သက်သွားရမှာ။ အဲဒါတွေ ငါ့ခေါင်းထဲမှာ တွေးထားတယ်"

"ဟား ... မြင့်လှချည်လားကွာ။ ဒါတောင် ရည်းစားဖြစ်ဖို့ လိုက်နေတာ မဟုတ်ဘူး။ ဘော်ဒါဖြစ်ဖို့နော်။ ကဲ ... ဘာတွေစဉ်းစားထားလဲ ... ပြောပါဦး ...

မင်း သူ့ကို ကြွေနေတာတော့ မဟုတ်ပါဘူးနော်"

"ကြွေတာတွေ မကြွေတာတွေ ငါ မသိဘူး။ ဒါပေမဲ့ မလုံးရွှေဟာ ငါထားခဲ့ဖူးတဲ့ ရည်းစားတွေနဲ့ မတူတာတော့ အမှန်ပဲ ...

ပဲများပြီး အိကျိ အိကျိတွေ မရှိဘဲ ရန်စွယ်ငေါငေါ ထွက်ပြနေတဲ့ပုံစံက ငါ့အတွက်တော့ တကယ် Attrection ရှိတယ်။ ငါ ဘာပြောပြော ရင်ခုန်မယ်ဆိုတဲ့ မိန်းကလေးတွေထက်တော့ စိတ်ဝင်စားဖို့ ကောင်းနေတာ အမှန်ပဲလေ"

"ဟင်း ... အကြင်နာကြီးတဲ့ မိန်းကလေးတွေအတွက်တော့ စိတ်မကောင်းဖြစ်စရာပဲ။ ဒီလိုပါပဲကွာ၊ လူတွေက ဘာရယ် မဟုတ် စွဲမိစွဲရာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဟော ... ဟော ... ပြောရင်းဆိုရင်း မင်းရဲ့မလုံးရွှေ တစ်ယောက် အဖော်အလျော်တစ်သင်းနဲ့ ကြွချီလာပါပြီ”

ပြည့်ဖြိုးရဲ့စကားကြောင့် သူက ကန်တင်းအဝင်ဘက်သို့ လှည့်ကြည့်မိသည်။ တွေ့ပါပြီ။ အစဉ်အမြဲ လှပကြော့ရှင်းနေစမြဲဖြစ်သော မလုံးရွှေမှာ ခရမ်းပုပ်ရောင်အစပျော့ပျော့ ပါးပါးလွင့်လွင့် အင်္ကျီလေးဖြင့် ပေါ့ပါးစွာ ဝင်ရောက်လာသည်။ ရှည်ရှည်မြင့်မြင့်လေးမို့ လူကြားထဲမှာလည်း ထင်းခနဲပင်။

“ငါ သွားရောဦးမှပဲ”

“ဟော့ကောင် ... ကန်တင်းထဲမှာနော်၊ အေးဆေးနေစမ်းပါ”

“ဩော် ... အေးဆေးပါပဲ၊ ပြည့်ဖြိုး ... မင်းကရော မင်းဆော်ဆီ မသွားဘူးလား”

“မသွားဘူး။ ငါပါ စက်ကွင်းမိနေမှာစိုးလို့ မင်းဘာသာပဲ သွား”

“အိုခေ ... ရတယ်။ သွားပြီ ... မင်းတို့ စောင့်ကြည့်နေလိုက်”

သူက ဘော်ဒါနှစ်ကောင်ကို မျက်စိမှိတ်ပြလိုက်ကာ မလုံးရွှေတို့ဝိုင်းသို့ ကူးလာခဲ့သည်။ သူရောက်လာတာ မြင်တာနှင့် သုံးယောက်သားမှာ တိုးစိ တိုးစိ ဖြစ်သွားကြသည်။ အားလုံး သတိနော်ဆိုပြီး တိုင်ပင်ထားလိုက်ဟန်လည်း တူသည်။ မလုံးရွှေကတော့ ခပ်တည်တည်ပင်။ မျက်နှာက မော်ချီကာ လည်တိုင်က မတ်နေပြီး စားပွဲထိုးကို မှာကြားနေသည်။





“ချဉ်စပ်ထမင်းကြော်တစ်ပွဲ၊ ထောပတ်သီးဖျော်ရည်တစ်ခွက်၊ အင်း ... နင်တို့က ဘာလဲ ပြောလိုက်ဦး”

ကျန်တဲ့နှစ်ယောက်ကလည်း စားပွဲထိုးကို တစ်ယောက်တစ်ပေါက် ဝိုင်းမှာကြသည်။ အားလုံးပြီးသွားတော့မှ သူက မလုံးရွှေကို ဦးညွှတ်လိုက်ပြီး ပြုံးပြကာ ...

“ခဏလောက် ထိုင်ခွင့်ပေးပါလား”

“အမယ်လေး ... မိုးတွေရွာအောင် လာလုပ်မနေစမ်းပါနဲ့ ရာစုသာစ်ရယ်။ ရှင် ထိုင်ချင်ရင်လည်း ဒီအတိုင်း ဝင်ထိုင်နေတာပါပဲ”

ပြည့်ဖြိုးရဲ့မဒီက သူ့ကို ကောသည်။ သူက အပြုံးမပျက်ဘဲ ပခုံးတွန့်ကာ ...

“ဩော် ... မတူတော့ဘူးလေ လွန်းမြတ်ရယ်။ ဒါက ကျွန်တော့်ရဲ့ ပူပူနွေးနွေး သူငယ်ချင်းလေးဆိုတော့ သူ့ဆန္ဒကို တောင်းခံရဦးမှာပေါ့ ...

ဘယ်လိုလဲ ရွှေ၊ ကိုယ် ထိုင်ခွင့်ရှိမလား”

သူမက အပိုတွေလာပြောနေတယ်ဟူသော ပုံစံမျိုးဖြင့် နှုတ်ခမ်းကို တစ်ချက်ဆွဲဆန့်သည်။ သူမရဲ့သူငယ်ချင်းတွေကလည်း ပို့ပေးပါသည်။

“ဟဲ့ ... ရွှေ၊ မေးနေတာ ပြောလိုက်ဦးလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ရှင့်ဟာရှင် ထိုင်ချင်လည်းထိုင်ပေါ့။ အပိုတွေ လာပြောနေတယ်"

သူက ဘာမှထပ်မပြောတော့ဘဲ အသာပြုံးကာ သူမရဲ့ရှေ့တည့်တည့်ကခုံမှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ရွှေ့ကို တည်တည်ငြိမ်ငြိမ်ပဲ စိုက်ကြည့်လိုက်လျှင် သူက မျက်မှောင်ကြုတ်ကာ ပြန်ကြည့်သည်။ အင်း ... သူ့အပေါ်မှာ တစ်စက်လေးမှ မျက်နှာချိုသာခြင်းမရှိသော ဒီမိန်းကလေးကို ဘာကြောင့်များ သူက ပတ်သက်ချင်နေရတာလဲ။ ဒါဟာလည်း အမုန်းရဲ့ဆွဲအား တစ်မျိုးပဲ ဖြစ်လိမ့်မည်။

"ရွှေ"

သူက တမ်းတသံအပြည့်ဖြင့် ခေါ်လိုက်လျှင် သူမက စိတ်ရှုပ်သလို အမူအရာမျိုးဖြင့် ပြန်ကြည့်သည်။

"မင်းနဲ့ ကိုယ်နဲ့ ကစားပွဲလေးတစ်ခုလောက် ကစားရအောင်"

"ဘာလဲ ... ရှုပ်ရှုပ်ယှက်ယှက်တွေ ဝါသနာမပါဘူး"

"ရှုပ်ရှုပ်ယှက်ယှက်တွေ မဟုတ်ပါဘူး။ စိတ်ဝင်စားစရာကောင်းမယ် ထင်တာပဲလေ။ ဒီလိုပါ ... မင်းနဲ့ ကိုယ်နဲ့ စကားတွေ ပြောကြမယ်။ ယုံတမ်းစကားတွေပေါ့။ ဒါပေမဲ့ ယုံလို့မရဘူး၊ ယုံတဲ့လူက ရှုံးမယ်"

"ဟက် ... အဓိပ္ပာယ်မရှိလိုက်တာ"





ရွှေက အဲဒီစိန်ခေါ်မှုကို နည်းနည်း စိတ်ဝင်စားသွားသော်လည်း ချက်ချင်း လက်မခံသေးပါ။ ဒီကိစ္စတွင် သူ ဘယ်လောက်လေးနက်သလဲ ဆိုတာကို သိချင်သေး၍ ဖြစ်သည်။ သူကလည်း မလျှော့ပါ။ ရွှေ့ကို စူးစိုက်စွာကြည့်ရင်း ထပ်ပြောသည်။ သူကြည့်သော မျက်လုံးထဲမှ နက်ရှိုင်းသော အရိပ်ယောင်များသည် သူ့ရဲ့လေးနက်မှုကို ဖော်ပြနေတာပဲဖြစ်သည်။

"မင်းက ကိုယ့်ကိုဆို သိပ်ပြီး အယုံအကြည် မရှိဘူးမဟုတ်လား။ အဲဒီလို မယုံတဲ့သူကိုမှ ကိုယ်က ယုံလောက်အောင် စကားတွေပြောမှာ။ ဒါကို မင်းမှာ မယုံကြည်ခွင့်ရှိပါတယ် ...

မင်းကလည်းပဲ ကိုယ့်ကို ယုံလောက်တဲ့စကားတွေ ပြောနိုင်ပါတယ်။ ကိုယ်ယုံမိရင် ကိုယ် အရှုံးပဲပေါ့။ ဘယ်လိုလဲ"

ရွှေက သူ့ကိုစိုက်ကြည့်လိုက်လျှင် သူကလည်း ရွှေ့ကိုပြုံးကာ ပြန်လည်စိုက်ကြည့်နေသည်။ နှုတ်ခမ်းတွေက ပြုံးနေသော်လည်း မျက်လုံးတွေကတော့ စိန်ခေါ်သလို ကြည့်နေတာကို ရွှေက ရိပ်မိနေရသည်။ သူ့စိန်ခေါ်မှုကို ကြောက်လို့တော့ဖြင့် ရွှေက ရှောင်ထွက်မသွားချင်ပါ။

"နေစမ်းပါဦး မသိလို့ မေးပါရစေ"

"မေးပါ ... မေးပါ"



www.burmeseclassic.com

www.burmeseclassic.com

"ယုံတဲ့လူက အရှုံးဆိုရင် မယုံတဲ့လူက အနိုင်ပေါ့။ အနိုင် အရှုံးတို့ရဲ့ရလဒ်က ဘာဖြစ်မလဲ။ ဆိုလိုတာက ရှုံးတဲ့လူက ဘာပေးဆပ်ရမှာလဲ"

"ဒါက နိုင်တဲ့လူက စိတ်ကြိုက်တောင်းဆိုခွင့် ရှိတယ်။ ရုပ်ဝတ္ထုပစ္စည်းအားဖြင့်သော်လည်းကောင်း၊ ဝန်ဆောင်မှု တစ်ခုခုအားဖြင့်သော်လည်းကောင်း something ပေါ့၊ ဘာမှ မတောင်းဆိုချင်လည်း ရပါတယ်။ ဆန္ဒရှိသလိုပါ ...

ဘယ်လိုလဲ သဘောတူသလား။ အင်း ... မင်းစိတ် ဆန္ဒရှိမှပါ။ ကိုယ်က ဇွတ်ကြီး မတောင်းဆိုပါဘူး။ ကိုယ် ပြောသမျှကို မိန်းကလေးတော်တော်များများက အရမ်းယုံကြည်ခဲ့ကြတော့ မယုံလောက်ဘူးထင်တဲ့ မင်းကို ချဲလင့် လုပ်ကြည့်တဲ့သဘောပါ။ မင်း လက်မခံချင်ရင်လည်း ပြဿနာတော့ မရှိပါဘူး"

ရွှေသည် ကိုယ့်ကို လေအေးအေးလေးနဲ့ အပြင်းစားလာပြီး စိန်ခေါ်နေသော ယောကျ်ားတစ်ယောက်ကို စူးစူးစိုက်စိုက်ကြည့်ကာ အပြည့်ဝဆုံး ပြုံးပြလိုက်သည်။

"လက်မခံနိုင်စရာ အကြောင်းမရှိပါဘူး"

"ဒါဖြင့်ရင် လက်ခံတယ်ပေါ့"

ရွှေက ခေါင်းညိတ်ပြလိုက်လျှင် သူက နှုတ်ခမ်းနှစ်ဖက်ကို စုချွန်ကာ "ဝိုး"ဟူသောပုံစံမျိုးလုပ်သည်။ ဒီပုံစံကိုပဲ





ကောင်မလေးတွေ စွဲလမ်းကြတယ်။ ပြောသမျှ ယုံကြတယ်ပေါ့။ ရွှေက စိတ်ထဲမှာ ကျိတ်ပြီးပြုံးလိုက်သည်။

"ကဲ ... တစ်ခုခု သောက်ပါဦးလား။ ပွဲဖြစ်တဲ့ အထိမ်းအမှတ်နဲ့ပေါ့"

"အိုခေ ... သောက်ရမှာပေါ့"

သူ့ပုံစံက တကယ်ကြီး တက်ကြွပျော်ရွှင်သွားဟန် ဖြစ်သည်။ ရွှေ့ထံက မုန့်စားရတော့မည်ဆိုပြီး အသိသာကြီးဖြစ်သော ပျော်ရွှင်မှုက အထင်းသား။ ရွှေသည် သူ့ကို အထက်စီးဆန်သော အပြုံးလေးဖြင့် လွင့်လွင့်လေး ပြုံးပြလိုက်ကာ ...

"ရှင့်ကို ကျွန်မက တကယ်ပဲ ကျွေးတော့မယ်လို့ ရှင်ယုံနေတယ်ပေါ့"

သူ့မျက်နှာသည် တစ်စက္ကန့်လောက်မျှ ဖျတ်ခနဲတည်သွားသည်။ သို့သော် ချက်ချင်းပဲပြုံးကာ လက်ဝါးတစ်ဖက်ထောင်ပြပါသည်။

"အိုခေ ... အိုခေ ... ပွဲစပြီပေါ့။ ဟုတ်ပါပြီ တစ်ခိုင်လုံးရွှေရယ်။ မင်းက ကိုယ်ထင်ထားတာထက်တောင် ပိုတော်နေတယ်နော် ...

အင်း ... ကိုယ်တော့ ရင်လေးပါတယ်"

သူ့အပြောကို ရွှေက ဂရုမစိုက်သောအထာဖြင့် ပခုံးတစ်ချက်တွန့်ပြရင်းမှ လာချပေးသောမုန့်ကို စားဖို့ဟန်ပြင်သည်။


www.burmeseclassic.com

www.burmeseclassic.com

"အိုခေလေ ... ကိုယ့်ကို လက်ခံပေးတဲ့အတွက် သင့်ခ်ယူပါ။ နောက်မှ ထပ်တွေ့ကြတာပေါ့"

သူ ထထွက်သွားတာနှင့် ရွှေရဲ့သူငယ်ချင်းတွေက ပကျိ ပကျိ ပြောကာ ကျန်ရစ်ခဲ့ကြသည်။ ထွင်ကို ထွင်တယ်ဆိုတာကတစ်မျိုး၊ မယုံဘူး ယုံတယ် ဆိုတာတွေကတစ်မျိုး စုံနေကြချိန်ဝယ် ရွှေကတော့ တိတ်ဆိတ်စွာဖြင့် မုန့်စားနေမိသည်။ သေချာတာကတော့ ရွှေသည် အရှုံးဆိုတာကို စိတ်ဝင်စားသည့် မိန်းကလေးတစ်ယောက် မဟုတ်ပါ။ နဂိုတည်းကမှ ယောကျာ်းလေးတွေကို မယုံကြည်သောဇာတ်ခံရှိသည့် ရွှေလို မိန်းကလေးတစ်ယောက်ကိုမှ မယုံစတမ်း စိန်ခေါ်နေသူသည် သူ့လည်ပင်းကိုသာသူ ကြိုးကွင်းစွပ်ဖို့ ကောင်းလေသည်။

ရွှေကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်။ သင်ကရော ဘယ်သူ့ဘက်ကိုများ လောင်းကြေးထပ်ချင်ပါသလဲ။





## ၁၂

"ဟား ... ဒါဆိုရင်တော့ ပွဲက ကြည့်ကောင်းပြီပေါ့။ မင်းရဲ့စိန်ခေါ်မှုကို သူက အလွယ်တကူ လက်ခံတယ်ပေါ့၊ ဟုတ်လား"

သူငယ်ချင်းတွေက သူ့ကို စစ်မြေပြင်မှ ပြန်လာသော သူရဲကောင်းသဖွယ် ကြည့်ကာ တအံ့တသြ မေးမြန်းကြလျှင် သူက ချက်ချင်းမဖြေသေးဘဲ အသာပြုံးနေသေးသည်။ ပြီးတော့မှ လက်ဖက်ရည်တစ်ငုံကို ငုံမိကာ ...

"အလွယ်တကူတော့ ဘယ်လက်ခံလဲ။ ဒါပေမဲ့ သူ့ရဲ့ Key ကို ငါက သိသွားတယ်လေ"

"ဘာလဲ ... သူ့ရဲ့ Key က"

"သူက ယောကျာ်းလေးတွေကို အုံးမစားတာပေါ့။ ပြီးတော့ ယောကျာ်းလေးတွေနဲ့ ပတ်သက်လာရင် သူ့ကိုယ်သူ သိပ်ယုံကြည်မှု ပြင်းထန်လွန်းတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com

နဂိုတည်းက သူ့မှာ ယောကျ်ားလေးတွေကို မယုံတဲ့အထာ ရှိတယ်လေ"

"ဟာ ... အဲဒါနဲ့တောင် မင်းက မယုံကြေးသွားလောင်းတယ်ဆိုတော့၊ မင်းသေတွင်း မင်းတူးနေတာပေါ့ကွ"

သူက အဲဒီစကားပြောသော ပြည့်ဖြိုးကို ခပ်ပါးပါးလေး ပြုံးပြလိုက်သည်။

"မင်း ကျားကစားဖူးတယ် မဟုတ်လား။ တစ်ကောင်ကျွေးပြီး နှစ်ကောင်ပြန်စားတဲ့အကွက်ကို မင်း မသိဘူးလား"

"ဒါ ကျားကစားနေတာမှ မဟုတ်တာ"

"မင်း သိပ်ဝေးတယ်။ ဒီမှာ ငါပြောပြမယ်။ သူဟာ ယောကျ်ားလေးတစ်ယောက်ကို အလွယ်တကူ မယုံကြည်တတ်ဘူးဆိုတာ မှန်တယ်။ အေး ... ငါ့ကိုဆိုရင် ပိုတောင် မယုံမကြည် ဖြစ်လိမ့်ဦးမယ်။ ဒါ လုံးဝသေချာနေတဲ့အချက်ပဲ။ မငြင်းနိုင်ဘူး ...

အဲဒီအတွက် သူ့ကိုယ်သူလည်း အပြည့်အဝ ယုံကြည်ထားပြီး စိတ်ကြီးလည်း ဝင်နေလိမ့်မယ်။ ယုန်နဲ့လိပ်ပုံပြင်ထဲက ယုန်လိုပေါ့ကွာ။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးလွန်းရင်လည်း တကျွေ့ကျွေ့မှာတော့ ထိတတ်ကြတယ်မဟုတ်လား ...





သူက တော်တဲ့ မိန်းကလေးတစ်ယောက်ပါ။ ဒါပေမဲ့ မိန်းမတစ်ယောက်အနေနဲ့တော့ mature ဖြစ်တဲ့ အသက်အရွယ် မဟုတ်သေးဘူး။ မိန်းကလေးတွေဟာ များသောအားဖြင့် နှစ်ဆယ့်ငါးနှစ်ကျော်မှ တည်ငြိမ်သွားကြတာများတယ်။ အဲဒီထက်ငယ်တဲ့ အသက်အရွယ်မှာတော့ ကိုယ့်ကိုယ်ကိုယ် proud ဖြစ်တဲ့စိတ်က ပိုများတယ်။ အထူးသဖြင့် တစ်ခိုင်လုံးရွှေတို့လို ခပ်မိုက်မိုက် မိန်းမမျိုးတွေ ပိုဆိုးမှာပေါ့"

သူ ရှင်းပြလိုက်တော့လည်း သူငယ်ချင်းတွေက နားလည်သလိုလိုဖြင့် ခေါင်းတွေညိတ်ကြသည်။ လင်းထက်က ဆေးကရက်တစ်လိပ်ကို ဟန်ပါပါ ရှိုက်ဖွာကာ ...

"အဲဒီတော့ မင်းရဲ့ target က ဘာလဲ။ သူ့အချစ်ကိုရဖို့လား။ သူနဲ့ ရည်းစားဖြစ်ဖို့လား။ ဒါမှမဟုတ် သူပြောသမျှကို ယုံပါတယ်ဆိုပြီး ဒူးထောက်ပေးဖို့လား"

"ဒူးတော့ မထောက်ပါဘူး"

"လက်ပဲမြှောက်မယ်ပေါ့"

"မလွတ်တော့မယ့်အတူတူ ဒီလိုပဲ အရှုံးပေး၊ ဟာ ... မဟုတ်ပါဘူး။ မင်းတို့ပြောတာနဲ့ ယောင်ကုန်ပြီ၊ ရည်းစားရဖို့တွေ ဘာတွေ မစဉ်းစားသေးပါဘူးကွာ။ သားက ငယ်ပါသေးတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုလည်း မင်း သူ့ကို အနိုင်ယူမှာလားကွာ"

"အနိုင်ယူချင်တဲ့စိတ်နဲ့ try မှာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ငါဟာ မညံ့တဲ့ယောကျ်ားတစ်ယောက် ဆိုတာတော့ သူ သိအောင် ပြရလိမ့်မယ် ...

မိန်းမတွေဟာ သူတို့ထက်ညံ့တဲ့ ယောကျ်ားတွေကို စိတ်မဝင်စားတတ်ဘူးလေ။ အထူးသဖြင့် တစ်ခိုင်လုံးရွှေလို မိန်းကလေးတစ်ယောက်က ခပ်ညံ့ညံ့ဘဲတွေကို လုံးဝစိတ်ဝင်စားမှာ မဟုတ်ဘူး။ အဲဒီတော့ ငါဟာ ခပ်ညံ့ညံ့ကောင် တစ်ကောင် မဟုတ်ဘူးဆိုတာကိုတော့ သူသိအောင် ပြရမှာပေါ့"

"ဟင်း ... မင်းတို့ဟာကလည်းကွာ။ ကြားရတာ ရှုပ်နေတာပဲ။ ဘာတွေမှန်းလဲ မသိဘူး။ ကြိုက်ရင်လည်း ကြိုက်တယ်၊ ချစ်ရင်လည်း ချစ်တယ်။ ဒါမှမဟုတ် အီရင်လည်း အီတယ်ပေါ့ ...

အဲလိုလည်း မဟုတ်ဘူး။ မင်းအစား ခေါင်းမူးတယ်"

ရိုးရိုးလေးသာတွေးပြီး ရည်းစားတစ်ယောက်သာ ထား,ထားရှာသော ပြည့်ဖြိုးရဲ့စကားကို သူက ပြုံးမိလေသည်။

"မတူဘူးလေကွာ။ သူက အများနဲ့မတူတဲ့ ကောင်မလေးမို့လို့ပေါ့။ သူ့ key က သူများ key တွေနဲ့ မတူတာ။ သူ့ကို ဖွင့်ချင်ရင် ဒီကီးနဲ့ပဲ ဖွင့်လို့ရတယ်။ ဒါကြောင့်ပါ။ ကဲပါကွာ ... မင်းတို့ ဘာမှ အုံးစားမနေနဲ့ ...



ဒီကိစ္စမှာ လောလောဆယ် မင်းတို့အကူအညီ မလိုသေးပါဘူး။ ဒါကြောင့် မင်းတို့တွေ ကိုယ့်နေကြာစေ့ ကိုယ်နွာစားပြီး အေးအေးဆေးဆေး ပွဲကြည့်ပရိသတ်လုပ်နိုင်တယ် ...

ကြိုက်တဲ့နေရာတွေ့ရင် လက်ခုပ်တီးလိုက်"

"အိုခေ ... ဟော့ကောင်။ ခုကိုပဲ မင်း လှုပ်လို့ရနေပြီ။ ဟိုမှာ မင်းရဲ့မလုံးရွှေ ဘယ်ကနေပြီး ရောက်လာတာလဲ မသိဘူး"

သူတို့သူငယ်ချင်းတစ်စုက ကော်ရစ်တာမှာရပ်ပြီး စကားပြောနေကြခြင်း ဖြစ်လေရာ တစ်နေရာကနေ၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သဏ္ဍာန် လမ်းလျှောက်လာသော မလုံးရွှေကို လှမ်းမြင်သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သဏ္ဍာန် လျှောက်လာခြင်းဆိုသည်မှာ မျက်လုံးထဲ၌ မြင်သာအောင် ပြောပြခြင်းဖြစ်သည်။ တခြားမိန်းကလေးတွေလို ပဲကများများ ခါးတလှုပ်လှုပ် လျှောက်လာတာမျိုး မဟုတ်ဘဲ ရင်ကိုဖွင့် ခါးကိုမတ်ကာ စည်းချက်ကျသောပုံစံမျိုးဖြင့် လျှောက်လာတာဖြစ်သည်။

စကတ်၊ ဘောင်းဘီ ဝတ်ခွင့်မရသော ကုံကော်တောနယ်မြေမှာမို့ မလုံးရွှေသည် အနက်ရောင်ဆွယ်တာသား လည်ထောင် လက်ပြတ်အကျပ်ကို မနော်တိုင်တွေ များများပါဝင်သော ကချင်လုံချည်အနက်ရောင်ဖြင့် ဝတ်ဆင်ထားလေရာ အလွန်တရာမှ ကြည့်ကောင်းလေသည်။ အမှုန်တလက်လက် တောက်နေ

www.burmeseclassic.com

www.burmeseclassic.com



သလား ထင်ရသော အသားအရေနှင့် အနက်ရောင်တို့မှာ အလွန်ပဲ ငေးမောဖွယ် ကောင်းသည်။

"ဟော့ကောင် ... လာနေပြီလေ"

လင်းထက်က သူ့အနားသို့ တိုးတိုးကပ်ပြောသည်။ သူမက သူ့ကိုမြင်သော်လည်း မမြင်ချင်ဟန်ဆောင်ကာ ဖြတ်ကျော်လျှောက်သွားသည်။ အနားက ဖြတ်အသွားမှာ သူမဆီက မွှေးရနံ့တစ်ခုက ဝေ့ခနဲ လွင့်ပျံ့ပြီး ကျန်ရစ်ခဲ့သည်။ သူက မွှေးရနံ့ကို ပီပီပြင်ပြင် ရှူရှိုက်ရင်းမှ သတိအနေအထားဖြင့် သူမနောက်သို့ ကပ်လိုက်လာခဲ့သည်။

သူမရဲ့ဘေးက သူက မြောက်ကြွ မြောက်ကြွဖြစ်သော ခြေလှမ်းများဖြင့် လိုက်သည်။

"ဟိတ် ... ခွေ ... ဟိတ် ... ဟိတ်"

သူက ဘေးကနေ၍ ကပ်ခေါ်နေသော်လည်း သူမက လှည့်တောင်မကြည့်ပေ။ မသိလျှင် နားမကြားတဲ့သူအလား ဂရုမစိုက်တဲ့အထာလားတောင် ပြောတတ်ပါ။

"ဟေ့ ... ခွေ။ ခေါ်နေတာကို လှည့်ကြည့်ဦးလေကွာ"

ဒီတော့မှ သူမက လမ်းလျှောက်တာကို မရပ်ဘဲ သူ့ကို ရှုတည်တည်ဖြင့် လှည့်ကြည့်သည်။ ဝင်းမွတ်တင်းပြောင်နေသော မျက်နှာထားထက်က မျက်လုံးများမှာ စိမ်းညို့နေကြသည်။ Big Eye အစိမ်းရောင်ဖြင့် ရူးသွားစေနိုင်သော မျက်လုံးများ ဖြစ်ပါသည်။





"ခေါ်နေတာကိုရော ယုံရဦးမှာလား။ အဲဒါရော ဂိမ်းထဲမှာပါလား"

"ဟာ ... မပါ,ပါဘူးကွာ။ တကယ်ခေါ်နေတာ ပြောစရာရှိလို့"

"ပြော"

သူက လက်ထဲမှာ ဖွက်ယူလာသော ရည်းစားစာအိတ်ပြာလေးကို လက်ညှိုးနှင့် လက်ခလယ်ကြားမှာ ညှပ်ပြီး သူမရှေ့မှာထောင်ပြလိုက်လျှင် သူမက ဘာလဲဟူသော အထာဖြင့် မျက်မှောင်ကြုတ်ကြည့်သည်။ သူက "ယူလေ"ဟူသောသဘောမျိုးဖြင့် ထပ်၍ကမ်းပေးလိုက်လျှင် သူမထံမှ စကားသံထွက်လာသည်။

"အဲဒါ ဘာလဲ"

"ရည်းစားစာပါ"

သူမက အနည်းငယ် အံ့ဩသွားကာ ဒေါသထွက်တော့မလို ဖြစ်သော်လည်း သူတို့ရဲ့ဂိမ်းအကြောင်းကို သတိရသွားဟန်ဖြင့် မျက်နှာကျောက ပြေလျော့သွားသည်။ ပြီးတော့ နှုတ်ခမ်းထောင့်စွန်းလေးတင် ဖျတ်ခနဲပြုံးရင်း (သူမဒီ့ ဒီလိုမျိုး ပြုံးတတ်ပါပေသည်။)

"ရည်းစားစာပေးတာ ! ဟုတ်လား။ ဟား ဟား ခေတ်ဟောင်းရုပ်ရှင်ကားတစ်ကားကို ကြည့်နေရတဲ့အတိုင်းပဲ ဘယ်ခေတ်မှာ နေ,နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုင်တီခေတ်မှာပါ။ ဒါပေမဲ့ ကိုယ်တို့အိမ်မှာ နို့ဆီဖောက်တံတော့ သုံးပါသေးတယ်"

"အေးလေ ... နို့ဆီဖောက်တံ သုံးပေမယ့် အိုင်တီခေတ်မှာ နေ့နေတာပဲ မဟုတ်လား။ ဒီခေတ်မှာ ရည်းစားစာပေးတာ ရှိသေးလို့လား ...

ပြီးတော့ စာအိတ်ပြာလေးနဲ့၊ အမယ်လေး ... ရုပ်ရှင်ကားဟောင်းတစ်ကားကို ပြန်ကြည့်နေတဲ့ အတိုင်းပဲ"

"ဟုတ်ကဲ့ ... အဲဒီအတွက် အသစ်ဖြစ်တယ် မဟုတ်လား။ တကယ်တော့ ခေတ်ကြီးက တစ်ပတ်လည်နေတာပဲလေ။ မင်းတို့ အခုသုံးနေတဲ့ မျက်တောင်အတုကြီးတွေ၊ Skinney ဘောင်းဘီတွေဟာ လွန်ခဲ့တဲ့ နှစ်‚နှစ်ဆယ်က ဖက်ရှင်တွေပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ ထားပါတော့ ... ကဲ ... ရှင်ပြောချင်တာ ဒါပဲလား"

"ဒါပါပဲ ... ယူမယ် မဟုတ်လား ဒီစာကို"

သူက မျက်လုံးစိမ်းများဖြင့် သူ့ကို ခပ်ရိရိစိုက်ကြည့်ကာ ပခုံးတစ်ချက်တွန့်ရင်း သူ့လက်ထဲကစာကို ဆတ်ခနဲဆွဲယူသည်။ "မှတ်ပြီလား ... ယူတယ် ဘာဖြစ်သေးလဲ"ဟူသောပုံစံက So Close ဇာတ်ကားထဲမှ ရှုကြည့်၏ ထီမထင်မျက်နှာပေးမျိုးဖြစ်သည်။ အင်း ... ဇွဲလမ်းစေသော မြားတွေနဲ့တော့ ရင်ခွင်ကို တဒုတ်ဒုတ် ပစ်ပေါက်ဖြို့နေခဲ့ပြီ။





သူ ဒေးခနဲ ဖြစ်သွားတုန်းမှာပဲ သူမက ရှေ့သို့ ဆက်လျှောက်သွားခဲ့ပြီဖြစ်သည်။ သူက ဘာရယ်ကြောင့်မှန်းမသိ ခေါင်းကိုယမ်းပြီး သူငယ်ချင်းတွေဆီသို့ ခပ်ပြုံးပြုံးဖြင့် ပြန်လျှောက်လာခဲ့သည်။ သူငယ်ချင်းတွေက သူ့ကို စစ်မြေပြင်မှ ပြန်ရောက်လာသော သူရဲကောင်းတစ်ယောက်သဖွယ် အားပါးတရ ဝိုင်းဝန်းကြိုဆိုကြသည်။ အထူးသဖြင့် သူပေးခဲ့သော စာအိတ်ပြာလေးကို စိတ်ဝင်တစား ရှိကြတာ ဖြစ်ပါသည်။

"ဟေ့ကောင် ... ဘာအထာတွေလဲကွ။ စာအိတ်အပြာလေးကရော ဘာလဲ။ အဲဒီစာအိတ်မျိုးတွေက လွန်ခဲ့တဲ့ နှစ်‚နှစ်ဆယ်က တက္ကသိုလ်ကျောင်းသားတွေ စာအုပ်ထဲမှာညှပ်ပြီး ထည့်ပေးတတ်တဲ့ ရည်းစားစာ စာအိတ်မျိုး မဟုတ်လား ...

စာအိတ်ထဲမှာ ဘာရေးထားတာလဲ။ ထွင်တာလား နေပါဦး မင်းပေးတာကို သူက ချက်ချင်းလက်ခံပြီး ယူတယ်ပေါ့"

"ယူတာပေါ့။ မယူရင် သူ ရှုံးသွားမယ်လေ"

"ဘာရယ် ... မင်းက ဘယ်လိုပြောပေးလို့လဲ"

"ရည်းစားစာပါလို့ ပြောပေးတာ"

"ဟ ... အဲဒါကိုတောင် ယူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယူရတာပေါ့ကွ။ သူနဲ့ ငါနဲ့က အလောင်းအစား လုပ်ထားတာလေ။ ယုံလောက်အောင်ပြောမယ့် စကားတွေအတွက် မယုံကြေး လောင်းထားတာ ...

အခု ငါက ရည်းစားစာလို့ ပြောပြီးပေးတယ်။ ပုံမှန်ဆိုရင်တော့ သူ ဘယ်ယူမလဲ။ ဒါပေမဲ့ အလောင်းအစားကိစ္စက ရှိသေးတော့ မယုံဘဲနဲ့ ယူရတော့တာပေါ့"

"ဟား ... ရာစုသစ်တို့ကတော့ ပိုင်တယ်ကွာ။ ငါတောင် မင်းရဲ့တက်ကနီကွေးတွေကို စိတ်ဝင်စားလာပြီ"

"ဒီလိုပဲ ဖြစ်ရမယ်လေ"

"ဒါနဲ့ စာအိတ်ပြာလေးထဲကဟာက တကယ်ပဲ ရည်းစားစာလား"

"ရည်းစားစာ ဘယ်ဟုတ်မလဲ။ ရည်းစားစာဆိုရင် အထဲက စာသားတွေကို သူ ဘယ်ယုံတော့မှာလဲ"

"ဝေ ... အဲဒီတော့ ဘာတွေရေးထားတာလဲ။ ဘုန်းကြီးအိပ်မက်ပါ။ ခုနစ်စောင်ဝေပါ။ ဝေလျှင် နင်နဲ့ ငါနဲ့သွားမည်။ မဝေလျှင် နင် မုဆိုးမဖြစ်မည် အဲဒါတွေလား"

"ထွတ် ... မင်းကြီးတော်ကြီးပဲ အဲဒါမျိုးတွေ သွားရေးပေးလိုက်။ ငါရေးတာ ရည်းစားစာတော့ မဟုတ်ပေမယ့် လှုပ်ခတ်စေမယ့် စာမျိုးလေးပေါ့"

"ဘာတွေရေးထားတာလဲ ယောက်ဖ"





သူက အနားကို တိုးကပ်မေးလာသော ပြည့်ဖြိုးကို ခပ်ပြုံးပြုံးလှည့်ကြည့်ကာ "လာ"ဟူသော သဘောဖြင့် လက်ယပ်ခေါ်လိုက်သည်။ ပြည့်ဖြိုးကလည်း သူ့လူကိုယ့်ဘက်သား လုပ်နေတဲ့သူဆိုတော့ သတင်းတွေကို စပ်စုတတ်သည်။ ပြည့်ဖြိုးက နားတစ်ဖက်ကို လက်ဝါးနှင့်ကာလျက် သူ့ပါးစပ်နားသို့ တေ့ပေးသည်။ သူသည် ရင်ခေါင်းထဲကလာသော ရှုတတလေသံမျိုးဖြင့် ပြည့်ဖြိုးရဲ့အမေးကို ဖြေပေးလိုက်သည်။


"ပြောမပြဘူး"



www.burmeseclassic.com

www.burmeseclassic.com








## ၁၂

ရွှေသည် ကိုယ့်အခန်းထဲက စားပွဲပေါ်တွင် တင်ထားသော အပြာရောင်စာအိတ်လေးကို တစ်ချက်စိုက်ကြည့်ကာ ဆတ်ခနဲ ကောက်ယူလိုက်သည်။ ဖွင့်တော့မည် လုပ်ပြီးမှ ရုတ်တရက်မပွင့်ဖြစ်သေးဘဲ စာအိတ်ပြာလေးကို အတန်ကြာ စိုက်ကြည့်နေမိသေးလေသည်။ ကြည့်နေရင်းမှ စာအိတ်ပြာပေါ်တွင် ရာစုသစ်ရဲ့ရုပ်ပုံလွှာက ထင်ယောင်ပြီး လာသည်။ သူသည် ရွှေ့အတွက်တော့ ခါတိုင်းတွေ့ဖူးနေကြ ယောက်ျားလေးတွေနဲ့ သိပ်မတူဘဲနည်းနည်းလေး ကွဲထွက်နေသော သူတစ်ယောက် ဖြစ်သည်ဆိုတာကိုတော့ လက်ခံရမည်ဖြစ်သည်။

သူနဲ့ ရွှေတို့ လုပ်ထားသော အလောင်းအစားသည် ရွှေရဲ့စိတ်ကို တစ်မျိုးတစ်ဖုံ လှုပ်ရှားစေတယ် ဆိုတာကိုတော့ [illegible]ခံရတော့မည်။ လူတိုင်းက တစ်စုံတစ်ရာအတွက် ယုံကြည်မှု

www.burmeseclassic.com

တစ်ခု တည်ဆောက်နေချိန်မှာ သူက ယုံကြည်မှုဆိုတာ မရှိကြေးတဲ့။ ရွှေသည် တွေးမိတိုင်း ဒီကိစ္စကို သဘောတကျနှင့်ပြုံးကာ ရယ်မိရသည်သာဖြစ်၏။ အစက သင်းနှင့် မျက်နှာကြောမတည့်ခဲ့သော်လည်း အသစ်တွေ ထွင်,ထွင်လာတတ်တာကိုတော့ စိတ်ဝင်တစား ဖြစ်ရသည်။ အခုလည်းပဲ မျက်မှောင်ကိုကြုတ်မိကာ စာအိတ်ကို ဖောက်လိုက်သည်။ အထဲမှာပါသော စာများသည် ချစ်ကြောင်း ကြိုက်ကြော... ရေးထားသောစာများ မဟုတ်မှန်းကြိုသိနေပေမယ့် ဘာရေးထားတယ် ဆိုတာတော့ ရွှေက စိတ်ဝင်စားနေပါသေးသည်။

ရွှေသည် စာအိတ်အပြာလေးထဲမှစာကို ထုတ်ယူပြီးနောက် ခုတင်ပေါ်တွင် လှဲလျောင်းလိုက်သည်။ ဒီစာကို မနက်ခင်းကတည်းက ရခဲ့ပေမယ့် အခုလို ညအိပ်ရာဝင်ခါနီး အချိန်ကျမှ ဖွင့်ဖောက်ဖြစ်တော့သည်။ ရွှေသည် စာကိုဖွင့်လိုက်လျှင် ခပ်သော့သော့ လက်ရေးများက ညီညာစွာ ထွက်ပေါ်လို့လာသည်။

"ရွှေရေ ...

မင်းကို ဒီညအတွက် အပျင်းပြေဇာတ်လေးတစ်ခု ပြောပေးပါ့မယ်။ ရှေ့ဖြစ်ဇာတ်တော့ မဟုတ်ပါဘူး။ နောက်ဖြစ်ဇာတ်လေးပါ။ ကိုယ့်စာကို မနက်တည်းက ရခဲ့ပေမယ့် အခု ညဘက် အိပ်ရာဝင်ခါနီးတော့မှ ဖတ်တယ် မဟုတ်လား။





ဟိတ် ... မလိမ်ကြေးနော်။ မင်း မလိမ်တတ်ဘူးဆိုတာ ကိုယ်သိပါတယ်။ ကဲ ... ကိုယ့်လက်ရေးကို မင်းမြင်ရုံနဲ့ မင်းအိပ်မက်ထဲကို ရောက်လာနိုင်မှာ မဟုတ်တဲ့အတွက် ခဏနေရင် မင်းဆီကို ဖုန်းဆက်ပါ့မယ်။

ရာစုသစ်"

ရွှေသည် စာကိုဖတ်ပြီးသွားသောအခါ နှုတ်ခမ်းကို ...စ်ချက်မဲ့မိသည်။ ပြီးတော့ နည်း...ည်းလည်း အံ့ဩပါသည် ...တစ်ယောက် ဘာလို့များ ဒီလောက်တောင် သိနေနိုင်ပါလိမ့်။ ...သချာတာတော့ အတွေ့အကြုံကြောင့်ပဲ ဖြစ်ပါလိမ့်မည်။ ဒီလို ...တွေးမိတော့ ရွှေသည် နှုတ်ခမ်းကို တစ်ချက်ဖိကာ စာကိုခေါင်း...အုံးဘေးသို့ လွှင့်ပစ်လိုက်သည်။ ဖက်ခေါင်းအုံးကို လိမ့်ဖက်ကာ ...ဟိုတွေး ဒီတွေးဖြင့် မကျေနပ်စိတ်က လှိုက်တက်လာသည်။ ...တ်တွေက ဟိုဟိုဒီဒီ ရောက်နေသဖြင့် ကိုယ့်ကိုယ်ကိုယ် အလို...ကျဖြစ်ကာ အိပ်ရာထက်မှ ထထိုင်မိသည်။

နာရီကိုကြည့်လိုက်သောအခါ ညဆယ်နာရီထိုးပြီ။ ...ရွှေသည် ညဆယ့်တစ်နာရီမှာ အမြဲတမ်း ပုံမှန်အိပ်တတ်သူဖြစ်...ပါသည်။ တစ်ခါတလေ အလွန်ဆုံးနေရင် ဆယ့်နှစ်နာရီအထိပဲ ...ဖြစ်ကာ ဒီ့ထက်တော့ အိပ်ချိန်က ဘယ်တော့မှ နောက်မကျ။ ...မိန်းကလေးတစ်ယောက်အတွက် အိပ်ရေးဝဝ အိပ်စက်အနား... ...နှင့် လှပမှုကလည်း အရေးပါ ဆက်စပ်နေသည်ဟု ယူဆ...


www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ရွှေက အိပ်ရေးပျက် သိပ်မခံပါ။ ပြီးတော့ ကိုယ့်ရဲ့အိပ်ချိန်ထဲကလည်းဖွဲ့ကာ ဘယ်တော့မှ ဖုန်းမပြောတတ်။

သေချာတာတော့ လူတွေသည် သမားရိုးကျတွေထက် အထူးအဆန်းတွေကို ပိုစိတ်ဝင်စားသော သဘာဝရှိတတ်ပါသည်။ ရွှေသည် အတွေးတွေ ဟိုတွေး ဒီတွေးရောက်ကာ စိတ်မတည်ငြိမ်တာကို မနှစ်သက်တာကြောင့် စားပွဲပေါ်မှ စာအုပ်ကိုယူကာ အိပ်ရာထက်၌ ပြန်လှဲချလိုက်သည်။ စာအုပ်ကို ဟိုလှန်ဒီလှန်လုပ်ကာ စာအုပ်ထဲမှ အကြောင်းအရာတစ်ခုက ရွှေ့ကိုစိတ်ဝင်စားဖို့ ဆွဲခေါ်ယူနေတုန်းမှာပဲ ရုတ်တရက် ထွက်ပေါ်လာသော ဖုန်းမြည်သံသည် လူကို ဆတ်ခနဲတောင် တုန်ခါသွားစေသည်။

ဖုန်းကို ကောက်ယူပြီး ကြည့်လိုက်လျှင် ရွှေ မသိသော နံပါတ်တစ်ခုဖြစ်ကာ ဘယ်သူဆက်သောဖုန်း ဆိုတာကိုလည်း ရိပ်စားနေမိသည်မှာ ထူးခြားသော အာရုံတစ်မျိုးပဲ ဖြစ်ပါလိမ့်မည်။ ရွှေသည် အသက်ကို ခပ်ဝဝရှူကာ ဖုန်းကိုဖွင့်ထူးလိုက်သည်။

"ဟယ်လို"

"တစ်ခိုင်လုံးရွှေ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ရွှေ ... ကိုယ် ရာစုသစ်ပါ"

"အင်း ... ပြော"





သူ့ဘက်မှ အသံတိတ်သွားသည်။ ခဏနေတော့မှ စကားသံ ထွက်လာသည်။

"ကိုယ့်စာကို ဖတ်ပြီးပြီလား"

"ပြီးပါပြီ"

"ဟုတ်လား ... ဒါဆို ကိုယ့်ဗေဒင် မှန်သလား"

ရွှေသည် သူ မေးတာကို ရုတ်တရက် ပြန်မဖြေမိချေ။ နှုတ်ခမ်းကို အသာကိုက်ရင်းမှ ဘယ်လိုပြန်ဖြေရမလဲ ဆိုတာကို စဉ်းစားနေမိသည်။ စဉ်းစားလို့တောင် မပြီးသေး သူ့အသံက ထွက်ပေါ်လို့လာသည်။

"ဟိတ် ... ညာဖို့တော့ မစဉ်းစားနဲ့နော်။ ဒီနေရာမှာတော့ ဟုတ်တိုင်းမှန်ရာ ဝန်ခံကြေး ဘယ်လိုလဲ ?၊ မှန်တယ်မဟုတ်လား"

"အေး ... မှန်တယ်"

"ဟား ... ဒီလိုမှပေါ့။ ကဲ ... ကိုယ် ဘယ်လိုဗေဒင်တွက်လိုက်တယ်ဆိုတာ မင်း မသိချင်ဘူးလား"

"မသိချင်ပါဘူး။ ကျွန်မက ဗေဒင်တွက်တာမှ ဝါသနာမပါတာ"

"ဟုတ်လား ... ကြားရတာ ဆန်းကြယ်လိုက်တာ။ ကိုယ်သိတဲ့ မိန်းကလေးတော်တော်များများကတော့ ဗေဒင်ဆို အရူးအမူးပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ရှင်သိတဲ့ မိန်းကလေးတွေနဲ့မှ မတူတာ"

"ဟုတ်လား။ ဘာတွေ ပိုထူးတာ ရှိလို့လဲ"

"ဒါ ရှင်သိဖို့ မလိုပါဘူး"

"အေးပေါ့ ... နည်းနည်းတော့ စောသေးတယ် ထင်တယ် နော်"

"ရှင် ဘာစကား ပြောတာလဲ။ ရိသဲ့သဲ့ လာမပြောနဲ့နော်။ ကျွန်မက သိပ်သည်းခံနေမှာ မဟုတ်ဘူး"

"သြော် ... ဒုက္ခပဲ။ သန်ရာ သန်ရာ တွေးနေပြန်ပြီ။ အခု မင်းနဲ့ ကိုယ်နဲ့က သိပ်မှမရင်းနှီးသေးတာ။ အဲဒါကြောင့် မင်းအကြောင်းကို ကိုယ် ဘယ်သိပ်သိသေးမလဲ။ နောက်တော့ ဒီထက်ရင်းနှီးလာရင် မင်းရဲ့စိတ်နေသဘာဝကို သိချင်သိလာမှာပေါ့ ...

အဲဒါကို ပြောတာ"

"ဟွန်း"

ရွှေ့ထံက ဟွန်းခနဲဟူသော အသံက ဆောင့်ဆောင့်အောင့်အောင့် ထွက်ပေါ်လို့လာလျှင် သူက ခပ်ဟက်ဟက်ရယ်မောသည်။ ပြီးတော့မှ ရင့်ခေါင်းထဲက လာသောအသံဖြင့် ...

"ရွှေ"

"ဘာလဲ ... ပြော"

"ထူးတာကြီးကလည်းကွာ။ ချိုချိုသာသာ မရှိလိုက်တာ"



BURMESE CLASSIC .com



"ဒီလိုပဲ ပြောတတ်တယ်။ တစ်ခိုင်လုံးရွှေရဲ့ ရာဇဝင်ထဲမှာ နူးညံ့ချိုသာတာမျိုး မရှိခဲ့ဘူး ရာစုသစ်"

"အင်းပါ ... ကြားသိထားပါတယ်။ ဒီမှာ တစ်ခိုင်လုံးရွှေ"

"ဘာလဲ ... ပြောမှာဖြင့် ပြောပါလား။ ရှင်နဲ့ ကျွန်မနဲ့ နှစ်ယောက်တည်း ဖုန်းပြောနေတာ နာမည်ကို ခေါ်ခေါ် မနေစမ်းပါနဲ့။ ရှင် တစ်ခုခု ပြောလိုက်ပြီဆိုရင် အဲဒါ ကျွန်မကို ပြောတာမှန်း ကျွန်မ သိတယ်"

"ဟင့်အင်း ... ကိုယ်က ဖုန်းပြောရင်လည်း အဲဒီလိုပဲ။ တစ်ခုခု ပြောမယ်ဆိုရင် နာမည်ကို အရင်ခေါ်လိုက်တယ်။ ပြီးတော့မှ ကိုယ် ပြောချင်တာကို ပြောတာ"

"သိဘူး ...။ ရှင့်ဟာရှင် ခေါ်ချင်ခေါ် မခေါ်ချင်ရင်နေ၊ ကျွန်မကတော့ ကျွန်မနဲ့ ဖုန်းပြောနေရင်းနဲ့မှ နာမည်ကို တခေါ်ခေါ် ပြန်ထူးတာကိုစောင့်၊ ပြန်ထူးတော့မှ ပြောချင်တဲ့စကားကိုပြော၊ အား ... ရှည်လိုက်တဲ့ပေ၊ လက်မခံနိုင်ဘူး"

"အေးပါကွာ ... အေးပါ၊ ထားပါတော့၊ ကဲပါ အခု မင်းကိုပြောမယ့်ဟာက မင်းဆီက တောင်းဆိုစရာတစ်ခုရှိလို့"

"ဘာတောင်းဆိုမှာလဲ"

"သြော် ... ညတိုင်း ဖုန်းဆက်ခွင့်ကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေက အဲဒီအတွက် အဖြေစကားကို ရုတ်တရက် ပြန်မပေးနိုင်သေးဘဲ မျက်မှောင်ကြုတ်ကာ စဉ်းစားမိသည်။ ဒါဟာ တကယ်ပြောနေတဲ့ စကားလား။ ဒါမှမဟုတ် ယုံတမ်းစကားပြောနေတဲ့ စကားလား။ သူ ယုံအောင်ပြောနေတာကို ရွှေက မယုံဘူးဟု သွားပြောလျှင် ရွှေ နိုင်မည်လော။ မဟုတ် ... ရွှေတို့ လောင်းထားသော ကိစ္စရပ်မှာ သူ ယုံအောင်ပြောမည်။ ရွှေကလည်း ပြောချင်ရာပြောနိုင်သည်။ ဒါကို ယုံကြည်မိသူက အရှုံး၊ မယုံရ ဟူသော စည်းမျဉ်း။

အတော်တော့ အူကြောင်ကြောင် နိုင်သည်ဟု ထင်ပါသည်။

"ရွှေ ဘာတွေ စဉ်းစားနေတာလဲ"

"ဘာမှ မစဉ်းစားဘူး"

"မစဉ်းစားရင် ဘာလို့အသံတိတ်နေတာလဲ။ စဉ်းစားပါတယ်။ ဘာလဲ ... ကိုယ်ပြောတာကို ယုံရကောင်းနိုး မယုံရကောင်းနိုး စဉ်းစားနေတာ မဟုတ်လား"

"ဘာမှ မဟုတ်ဘူး"

"ကဲပါ ... မဟုတ်ရင် ဖြေပါ။ ကိုယ့်ကို ညတိုင်း ဖုန်းဆက်ခွင့်ပေးပါ ... နော်"

"အို ... မ ... မ ..."





မပေးနိုင်ဘူးဟု ပြောမည်ပြင်သော စကားလုံးများသည် လေထဲမှာ တန်းလန်းဖြစ်ကုန်သည်။ ရွှေက မပေးနိုင်ဘူးဟု ပြောလိုက်ပြီဟု ဆိုပါစို့။ သူက အော် ... အဲဒါကို တကယ်ယုံနေတာလား၊ ကိုယ်က ယုံတမ်းစကား ပြောနေတာပါ၊ မင်းရှုံးပြီနော် ဆိုလျှင် သေပြီဆရာ ! မဟုတ်ပါလော။ တောက် ... ဆုပ်လည်းစူး စားလည်းရှူး ဘဝပါလား။

"ပြောလေ ရွှေ ... ဘာပြောတာလဲ"

"ဘာမှ မဟုတ်ဘူး။ ရှင့်ဟာရှင် ဆက်ချင်ဆက် မဆက်ချင်နေပေါ့"

သူက ရွှေရဲ့ခပ်ဆတ်ဆတ်အသံကို အထာပေါက်စွာဖြင့် တဟားဟား တမျှင်းမျှင်း ရယ်နေပုံမှာ အလွန်ပင်အော်ဂလီဆန်စရာ ကောင်းလှလေသည်။

"အိုခေလေ ... မောင့်သဘောပေါ့နော်"

"ရှင် ဘာစကားပြောတာလဲ၊ သေမယ်နော်"

"အော် ... မဟုတ်ပါဘူး။ ကိုယ် ဆိုလိုတာက ဟိုဟာလေ စိုင်းစိုင်းနဲ့ သက်မွန်မြင့်တို့ရဲ့ မောင့်သဘောဇာတ်ကားကို သတိရသွားလို့ပါ။ အဲဒီကား အရမ်းကောင်းတယ်နော်။ ကြည့်ပြီးပြီလား ... ဟင်း ဟင်း"

"တော်ပြီ။ ဘာမှ စကားရော ဖောရော လာလုပ်မနေနဲ့။ ဖုန်းချမယ် ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ... နေပါဦး။ ကိုယ် မင်းကို မေးစရာရှိသေးတယ်။ မင်းကို ကိုယ် ဗေဒင်ဟောတာ မှန်သလား မှားလား၊ ပြော ... အဲဒါကို ဖြေပေးပါ”

“မှန်တယ်လို့ ပြောပြီးပြီပဲ”

ရွှေ့ရဲ့အသံက ခပ်ဆတ်ဆတ်ဖြင့် စိတ်မရှည်သလို ထွက်သွားသည်။ သူက သဘောတကျဖြင့် တမျှင်းမျှင်း ရယ်ပြီးတော့မှ ရွံစရာကောင်းသော Sexy သံကြီးဖြင့် ထပ်မေးသည်။ သိဘူး ... ရွှေကတော့ ယောကျ်ားတချို့ရဲ့ တိုးဖွဖွ ရှတတနှင့် ပုံမှန်မဟုတ်သော ဘာသံကြီးတွေကို Sexy Voice ဟု သတ်မှတ်တတ်ကာ အော်ဂလီဆန်လေ့ရှိသည်။ ယောကျ်ားတွေဟာ မိန်းမတွေကို သက်သက်လာကြိုနေသည်ဟု ထင်နေတာဖြစ်၏။

“အင်း ... အဲဒါဆိုရင် ကိုယ် ဘာကြောင့် ဒီလိုအမှန်ကို ပြောနိုင်သလဲ ဆိုတာရော မသိချင်ဘူးလား”

“ရှင် ... ဗေဒင်မတတ်ဘူး ဆိုတာတော့ ကျွန်မသိတယ်”

“ဟား ဟား ... တော်လိုက်တဲ့ တစ်ခိုင်လုံးရွှေကွာ။ ဒီလို တော်နေလို့လည်း မင်းက စိတ်ဝင်စားဖို့ ကောင်းနေတာပေါ့။ အင်း ... ဟုတ်တယ်၊ ကိုယ် ဗေဒင်မတတ်ပါဘူး။ ဒါပေမဲ့ မင်း ကိုယ့်စာကို ဖတ်မယ့်အချိန်ကို အတိအကျ ပြောနိုင်တာတော့ ထူးဆန်းမနေဘူးလား ... ဟင် ... အဲဒါ ဘာကြောင့်လို့ထင်လဲ ရွှေ။ မင်း သိလား”





သူက ရွှေ့ကို သွေးတိုးစမ်းသလို မေးသည်။ အဲဒီအမေးကြောင့် ရွှေ တစ်ယောက် အေးစက်စွာ ပြုံးလိုက်တာကို သူ မမြင်နိုင်ပါ။ ဒီလိုပဲ ဘာကြောင့်ဟု ဆက်ပြောတော့မည့်စကားကိုလည်း ရွှေက နားမထောင်လိုပါ။ သူ့ရင်သို့ ထုတ်ချင်းစိုက်ပြီး နစ်ဝင်မည့် မြားတစ်စင်းကိုသာ ရွှေက ပစ်လွှတ်ပါမည်။

“သိပ်သိတာပေါ့”

“သိတယ် ! ... ဟုတ်လား။ ဘာကြောင့်လဲ”

“ကျွန်မစိတ်ကို ရှင် သိနိုင်တာ သိပ်ဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ လောကမှာ မျက်စိနဲ့ မမြင်နိုင်တဲ့ တချို့အရာတွေကို နှလုံးသားက လှမ်းမြင်ရတယ်လေ ...

အိုခေ ... ကဲ ... ကျွန်မ အိပ်တော့မယ်။ Good Night”

ရွှေက သူ ဘာမှပြန်မပြောခင် အနိုင်နဲ့ပိုင်းပြီး ဖုန်းချပစ်လိုက်သည်။ ပြီးတော့ တစ်ယောက်တည်း ပခုံးတွန့်ကာ သဘောတကျ ပြုံးမိလေသည်။

သူက ရွှေရဲ့ဂိုးပေါက်ထဲသို့ ဂိုးသွင်းဖို့ အပြာရောင်စာအိတ်လေးတစ်အိတ်ဖြင့် ကြိုးပမ်းခဲ့သော်လည်း တကယ်တမ်း ဗွေဆော်ဦးဂိုးကို သွင်းခဲ့တာက ရွှေဖြစ်သည်။ အဲဒီအတွက် ရွှေသည် ကိုယ့်ကိုယ်ကိုယ် သဘောတကျဖြင့် ဘရာဗိုပေးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟာ ...
ကံ့ကော်ပွင့်လေးနားက ဘောက်ဖတ်တစ်ကောင်
ဖြစ်ခဲ့မယ်ဆိုရင်တောင်
ချစ်တဲ့စိတ်ကြောင့် အသက်ရှူရဲ့မှာ မဟုတ်ဘူး
ဝင်သက် ထွက်သက်တိုင်းမှာ
မင်းအတွက် အချိန်မပေးနိုင်မှာစိုးလို့
မြတ်နိုးခြင်းဆိုတာ
ရင်တွင်းခံစားချက် ဆိုပေမယ့်လည်း
မင်းအတွက်ဆိုရင်
အချိန်ပိုပေးပြီး ဆက်ထုတ်နေဦးမယ့်
ထုတ်ကုန်တစ်မျိုးလိုပါပဲ
ယုံတယ်ဟုတ်! ။ ။

## ၁၄

BURMESE CLASSIC .com

ကောင်းကင်ပြာ၍ နေခြည်သာသော နေ့တစ်နေ့တွင် သူသည် ကျောင်းထဲသို့ ခပ်စောစောရောက်လာခဲ့သည်။ ဘာကြောင့်မှန်းတော့ မသိဘဲ ရန်ကုန်တက္ကသိုလ်ထဲတွင် ကျောင်းလာတက်ရခြင်းကို သူ တကယ်ပျော်သည်။ တစ်ယောက်နဲ့ တစ်ယောက် ကြင်နာယုယနေသော အတွဲလေးများကို မြင်လေတိုင်း ၎င်းတို့၏ အပျော်သည် သူ့ကို ကူးစက်လာသယောင် ခံစားရသည်။ ဒီနယ်မြေကိုက ချစ်တတ်သူတို့၏နယ်မြေ ဖြစ်ပါလိမ့်မည်။ ခေတ်အဆက်ဆက်က ကျောင်းသူ ကျောင်းသားတွေ၏ ချစ်တတ်သော နှလုံးသားဝိညာဉ်တွေသည် ဒီနယ်မြေထဲက လေထုထဲတွင် ကျန်ရစ်ခဲ့ပေလိမ့်မည်။

သူသည် ချစ်တတ်သူတို့အကြောင်း တွေးမိသွားလျှင် တစ်ခိုင်လုံးရွှေကို ဖျတ်ခနဲ သတိရသွားသည်။ နှုတ်ခမ်းတွေက

www.burmeseclassic.com

www.burmeseclassic.com



မပြိုးတုံ့တုံ့ ပြိုးတုံ့တုံ့ လုပ်ထားကာ စိမ်းညို့လှပသော မျက်ဝန်း
များဖြင့် စွဲမက်ဖွယ်ကောင်းသော သူမကို သူ တကယ်သဘောက
ပါသည်။ သူမကို လူတင်မကဘဲ အသံကိုပါ သဘောကျရသေ
သည်။ သူမအသံသည် အခါတိုင်းက သူ အီစီကလီ လုပ်နေကြ
မိန်းကလေးများလို တိုးတိုးညှင်းညှင်း ခပ်ချွဲချွဲအသံမျိုး မဟုတ်ဘ
ရိုက်သံပါသော စကားပြောသံဖြစ်သည်။ သိပ်တော့မနူးညံ့။ အနည်
ငယ် ဆတ်ချင်သည်။ ဒါပေမဲ့ ရိုက်သံပါသည့်အတွက် တော်တော်
ကြီး အဆင်ပြေသည့် လေသံမျိုး ဖြစ်သွားသည်။

ပြီးတော့ သူမက သူ ထင်ထားတာထက် ပိုနပ်က
ပိုပြီးစာတတ်ပါသည်။ မနေ့က သူ့ကို ပြောသွားသော စကား
လုံးသည် ပွဲပြီးခါနီးမှ လှလှပပသက္ကင်းယူသွားသော အနိုင်ကိုဖြ
သည်။ တစ်ချိန်လုံး သူက သယ်လာခဲ့သမျှ သူမက ပွဲပြီးခါနီး
ကျမှ အနိုင်နဲ့ပိုင်းကာ ဖုန်းချသွားခြင်းဖြစ်သည်။ ဘာတဲ့
လောကမှာ မျက်စိနဲ့မမြင်နိုင်တဲ့ တချို့အရာတွေကို နှလုံးသား
လှမ်းမြင်ရတယ် ဆိုပါလား။ အဲဒီစကားလေးကို သူက ကြိုက်
ချင်တောင် ဖြစ်သွားရသည်။ သဘောကတော့ သူကပဲ သူမ
အလေးထားလွန်းသောကြောင့် သူမရဲ့စိတ်ကို သူ့နှလုံးသား
လှမ်းမြင်နိုင်တယ်လို့ ဆိုလိုသွားခြင်းဖြစ်သည်။ သူသည် အဲ
အကြောင်းအရာလေးကို ပြန်တွေးမိတိုင်း သဘောကျလွန်းသေ
ကြောင့် ပြုံးရသည်။ အပြုံးနဲ့ သူသည် မိတ်ဖွဲ့ကာ လမ်းလျှော





လာနေတုန်းမှာပဲ သူနဲ့ မျက်နှာချင်းဆိုင် ရှေ့တည့်တည့်မှ လျှောက်လာသော တစ်စုံတစ်ယောက်ကို ဘွားကနဲ ဆုံတွေ့သွားသည်။

သူ့စိတ်ထဲမှာ သတိရနေသောကြောင့် တမ်းတပြီး မြင်ယောင်မိခြင်း မဟုတ်ပါ။ သူမဟာ တကယ့်ကိုပဲ တစ်ခိုင်လုံးရွှေ အစစ် ဖြစ်ပါသည်။ သူနဲ့ သူမဟာ မျက်နှာချင်းဆိုင် တည့်တည့်ကြီး ဆုံကြတာမို့ သူမကလည်း သူ့ကိုမြင်သည်။ သူကလည်း သူမကိုမြင်သည်။ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးလာသော သူသည် သူမကို မြင်သောအခါ အော်တိုပြုံးပြီးသား ဖြစ်သွားသည်။

သူမကတော့ သူ့အပြုံးကို လျော့တိလျော့ရဲသာ တုံ့ပြန်ပြီး လမ်းဆက်လျှောက်သွားဖို့ ပြင်သည်။ သူမ လျှောက်လာသောလမ်းဟာ စာသင်ခန်းကို ကျောခိုင်းထားသောလမ်းမို့ သူက ဘယ်သွားမှာပါလိမ့် ဆိုတာကို စိတ်ဝင်စားသွားသည်။ သူမ ကြည့်ရသည်မှာ တစ်ခုခုကို မသက်မသာ ခံစားနေရသော ပုံသဏ္ဍာန်လည်း ပေါက်ပါသည်။

သူက သူမကို ဂရုတစိုက် ငဲ့ကြည့်ကာ နောက်မှ အသာလိုက်ခေါ်မိသည်။

"ရွှေ ... မင်း ဘာဖြစ်လာတာလဲ။ တစ်ခုခု ဖြစ်နေတာ လား"



www.burmeseclassic.com

www.burmeseclassic.com

သူမက သူ့ကို ဖျော့တော့သော မျက်လုံးများဖြင့် မော့ကြည့်ကာ ခေါင်းယမ်းပြသည်။ ပြီးတော့ ဆက်သွားဖို့ပြင်သည်။ သူက အဲဒီပုံစံကြောင့် ပို၍စိုးရိမ်သွားသည်။ ဒီကလေးမဟာ ခါတိုင်းက ဒီလိုပုံစံမျိုးမှ မဟုတ်တာ။ သူမက သူ့ကိုခေါင်းယမ်းပြပြီးနောက် ဆက်လျှောက်သွားဖို့ပြင်သည်။ ဒါကိုလည်း သူက ဖွဲ့မလျှော့ချင်သေးပါ။ တစ်ခုခုဆိုလျှင် သူမကို ကူညီဖို့ အဆင်သင့် ရှိချင်သည်မှာ သူ့ရဲ့တကယ့်စေတနာပဲ ဖြစ်ပါသည်။

"ရွှေ ခဏနေပါဦး။ မင်း တစ်ခုခု ဖြစ်နေတာ မဟုတ်လား။ ဘာတွေဖြစ်နေတာလဲ။ မင်းနဲ့ ကိုယ်နဲ့က သူငယ်ချင်းတွေပါ ...

မင်းကို ကိုယ် ကူညီပါရစေ။ ဘာဖြစ်လို့လဲ၊ ကိုယ့်ကိုပြောပါ"

"ဘာမှမဖြစ်ပါဘူး။ ရှင့်လမ်း ရှင်သွားစမ်းပါ"

"ဟာ ... မသွားနိုင်ပါဘူး။ မင်းကြည့်ရတာ အခြေအနေဟန်ပုံမှ မပေါ်တာ။ တစ်ခုခု ဖြစ်နေတာ သေချာတယ်။ ဘာလဲ ... နေမကောင်းဘူးလား"

"အင်း ... ရတယ်။ ဘာမှမဖြစ်ဘူး။ ကျွန်မ ပြန်တော့မှာ"

"ပြန်တော့မှာ။ ဒါဆို မင်းက နေမကောင်းလို့ပေါ့။ မင်းကြည့်ရတာ ယိုင်တိုင် ယိုင်တိုင်နဲ့ ဖြစ်ပါ့မလား။ အားနည်းပြီး မူးလဲသွားမှာ စိုးရတယ်"





"မလဲပါဘူး။ ရှင့်ကို ပြောနေရတာ အချိန်ပိုကြာတယ်။ တော်ပြီ ရှင်နဲ့ ဘာမှမဆိုင်ဘူး။ ရှင့်လမ်းရှင်သွားတော့"

သူက သူမပြောပုံဆိုပုံကို ထောင်းခနဲ စိတ်တိုသွားသော်လည်း တကယ်ကို အားပြတ်ချင်သလို ဖြစ်နေပုံရသည်။ သူမပုံစံကြောင့် စိတ်ကိုပြန်လျှော့လိုက်သည်။ သူမကတော့ အရင်လို ခပ်မတ်မတ်တောင် မလျှောက်နိုင်တော့။ လမ်းသွားတာတောင် ခပ်ကိုင်းကိုင်းလေး ဖြစ်နေကာ မြေပျို့မှာစိုးသည့်အလား ထိန်းလျှောက်နေရသည့် ပုံစံမျိုးဖြစ်သည်။

ဒီတော့လည်း သံယောဇဉ်မပြတ်သည့် သူသည် သူမအနားသို့ ထပ်ရောက်သွားပြန်သည်။ သူမက သူ့ကို လာပြန်ပြီလားဟူသော အကြည့်မျိုးဖြင့် ခပ်ဆတ်ဆတ် မော့်ကြည့်သည်။

"ဒီမှာ ... မင်းအတွက် စေတနာနဲ့ ပြောနေတာကွ။ မင်းကို သက်သက်မဲ့လိုက်ပြီး ကြောင်နေတာ မဟုတ်ဘူး ... ကျွတ် ... စေတနာကို နားမလည်တဲ့ မိန်းကလေးပဲ"

သူမက သူ့ကို ဒေါသတကြီးကြည့်သည်။ အနီးကပ်ကြည့်တော့မှ သူမရဲ့နှုတ်ခမ်းနှင့် နဖူးစတို့တွင် ချွေးစေးများပြန်နေတာကို သူက သတိထားတွေ့မိလိုက်ရသည်။ ပြီးတော့ ရုတ်တရက်ဆိုသလို ချက်ချင်းပင် သူမရဲ့ပုံစံက ငိုမလိုပုံစံဖြစ်သွားပြန်သည်။ ဘယ်လောက်မှမကြာ စက္ကန့်ပိုင်းလောက်အတွင်းမှာတင် ရှုံ့ရှုံ့နင့်နင့် နာကျင်သွားသော ပုံသဏ္ဌာန်မျိုးဖြစ်သွားပြန်လျှင် သူပင် မျက်စိလည်ကာ ခေါင်းမူးချင်သွားရသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် ... ကျွတ် ... ရှင် ... ရှင် တော်တော်ဒုက္ခပေးတဲ့သူပဲ"

"ဟာ ... ဘာဖြစ်လို့လဲ။ မင်းကို ကိုယ် ဘာလုပ်ရသေးလို့လဲ။ နေပါဦး ... မင်းက ဘာဖြစ်တာလဲ။ ဒဏ်ရာတစ်ခုခု ဖြစ်နေတာလား"

"ဟုတ်တယ်။ တောက် ... ရှင့်ကို ပြောနေရတာနဲ့တင်ကို ပိုဆိုးလာတာ"

"ဟာ ... ဘာဖြစ်တာလဲ။ ကိုယ်က မင်းကို အကောင်းကူညီမလို့ မေးတာလေ"

"မလိုဘူးလို့ ပြောထားတယ်။ အား ... ကျွတ် ... ကျွတ်။ သေတော့မှာပဲ။ ဒီမှာ အိမ်သာဘယ်နားမှာရှိလဲ"

"ဘာ"

"ရှင် မြန်မာစကား နားမလည်ဘူးလား။ ရှင် ပြောတော့ ကူညီချင်တယ်ဆို။ ကူညီမယ်ဆို။ ကဲ ... ပြော။ အိမ်သာဘယ်မှာလဲ"

"ဟာ ... အိမ်သာ ဘယ်နားမှာ ရှိတယ်ဆိုတာ ကိုယ်က အဲ ... နေဦး။ သိပြီ ... သိပြီ။ ဒီနားက ဆရာများနားနေခန်းဆိုတော့ အိမ်သာတော့ ရှိမှာပဲ။ မင်း အရမ်းအရေးကြီးနေလို့လား"





"ကျွတ် ... ကျွန်မ ဝမ်းလျှောနေတာရှင့်"

"ဟာ ... အဲဒါမှ ပြဿနာပဲ။ ဘယ်လိုလုပ်မှာလဲ"

"တောက် ... ဘယ်လိုလုပ်ရမှာလဲ။ ရှင် အရစ်တက်နေလို့ ဒီလို ဖြစ်ရတာ"

"အာ ... နေပါဦး ... နေပါဦး။ ကိုယ် ကြိုးစားကြည့်ဦးမယ်လေ။ မင်း ခဏတော့ အောင့်လို့ရသေးတယ် မဟုတ်လား။ ခဏလေး ... ခဏလေး၊ ဩော် ဒီနားမှာ ပြောင်းဖူးရိုးကလည်းမရှိ"

"ဘာရှင့်"

သူက ကူညီမယ့်အရေးကို ရိုးရိုးမကူညီဘဲ သူမကို နောက်ဖြစ်အောင် နောက်လိုက်သေးလျှင် သူမထံမှ ဆောင့်ကြီးအောင့်ကြီး အော်သံက ကျယ်လောင်စွာ ထွက်ပေါ်လို့လာသည်။ သူက မျက်လုံးကိုပြူးကာ ကပျာကယာ ပုံစံမျိုးဖမ်းလျက် ...

"ဟာ ... ဟေ့ ... ဟေ့၊ စွတ်အော်မနေနဲ့လေ။ တော်ကြာ အကုန်လုံးထွက်ကျနေဦးမယ်၊ ပြဿနာပဲ။ ခဏလေး ... ခဏလေးစောင့် ...

ကိုယ် သွားမေးလာခဲ့မယ်"

သူက ဆရာများနားနေခန်း အနားသို့ ပြေးလာကာ အရိပ်အယောင်ကို ရှာဖွေလိုက်သော်လည်း ဆရာများနားနေခန်းသည် တံခါးကို သော့ခလောက်ချိတ်ထားကာ လူကတော့ပြင်


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်မှမရှိ။ ပြတင်းပေါက်မှတစ်ဆင့် အားလုံးကို မြင်တွေ့နေရသော်လည်း လူမရှိသဖြင့် သူ့မှာ အကျပ်ရိုက်၍နေသည်။ အဲဒီအချိန်မှာပဲ သန့်ရှင်းရေးလုပ်သည့် မိန်းမကြီးတစ်ဦးက သူ့အနားမှာ ဖြတ်သန်းသွားလျှင် သူက ဝမ်းသာအားရဖြင့် ခေါ်မိသည်။

"အဒေါ်ကြီး ... အဒေါ်ကြီး။ ဟိုဟာလေ ဒီဆရာများနားနေခန်းမှာ အိမ်သာရှိလား မသိဘူး"

အဒေါ်ကြီးက သူ့ကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်ကာ ...

"ရှိသားပဲ။ ဘာလုပ်မလို့လဲ"

"ဩော် ... ဟိုဟာလေ။ အိမ်သာပါ ဆိုမှတော့ တက်မလို့ပေါ့"

"ဟဲ့ ... တက်ချင်ရင် မင်းတို့ကျောင်းသားတွေ အိမ်သာရှိသားပဲ။ သွားတက်ပေါ့၊ ဒါက ဆရာ ဆရာမတွေသုံးတဲ့ဟာ"

"မဟုတ်ဘူး ဒေါ်ကြီးရ။ ဟိုဟာလေ ... တက်မှာက ကျွန်တော်မဟုတ်ဘူး။ ကျွန်တော့် ကောင်မလေးပါ။ အရမ်းအရေးကြီးနေလို့ ကူညီပါ ဒေါ်ကြီးရာ ...

ကူညီပါနော်။ ကျွန်တော်လေ ဟိုဒင်း ... ဒေါ်ကြီးကို လက်ဖက်ရည်ဖိုး ပေးပါ့မယ်"





သူက ပြောပြောဆိုဆို ဝေါလက်ထဲမှ တစ်ထောင်တန်တစ်ရွက်ကို ထုတ်လိုက်လျှင် အဒေါ်ကြီးရဲ့မျက်နှာမှာ သွားတိုက်ဆေးကြော်ငြာလို ဖြဲခနဲ ဖြစ်သွားသည်။ သူ့လက်ထဲက တစ်ထောင်တန်ကို ဖျတ်ခနဲ ဆွဲယူပြီးနောက် ရုပ်အင်္ကျီအိတ်ကပ်ကြီးထဲသို့ ကပျာကယာထည့်ကာ ဘေးပတ်ဝန်းကျင်သို့ အသာကြည့်ရင်း ...

"ဟဲ့ ... အိမ်သာသော့က အခန်းထဲကတိုင်မှာ ချိတ်ထားတာ။ တံခါးက သော့ချိတ်ရုံပဲ ချိတ်ထားတာဆိုတော့ မင်းဟာမင်း ဝင်ယူလိုက်"

"ဗျာ ... ဒေါ်ကြီး ယူပေးလေဗျာ။ ဒေါ်ကြီးက သန့်ရှင်းရေး လုပ်တာဆိုတော့ အခန်းထဲကို ဝင်လို့ကောင်းပါတယ်"

"ပြီးတာပဲ။ ဒါပေမဲ့ ကိစ္စပြီးရင်တော့ အိမ်သာကိုသော့ခတ်ပြီး တိုင်မှာ ပြန်ချိတ်ထားခဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ စိတ်ချပါ"

အဒေါ်ကြီးက သော့ကိုယူပေးသွားကာ ခပ်သုတ်သုတ် ထွက်ခွာသွားသည်။ သူသည် အိမ်သာသော့ ရလာတာကို မီးခဲသေတ္တာသော့ ရလာသူလို ဝမ်းသာအားရဖြင့် ကော်ရစ်တာထောင့်ချိုးမှာ စောင့်နေသည့် ရွှေ့ထံ ပြန်ပေးရသည်။ ရွှေ့ရဲ့မျက်နှာသည် သူ တွေ့ဖူးသမျှ မျက်နှာတွေထဲ၌ ကမ္ဘာပေါ်တွင် သနားစရာအကောင်းဆုံး မျက်နှာဖြစ်သည်ဟု ယူဆရသည်။ သူမရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီမျက်နှာကို တွေ့ရတော့မှာ ကြိုက်မရှက်၊ ငိုက်မရှက်ဆိုသည့် စကားတွင် ပန်းမရှက်ဟူသော စကားတစ်ခွန်းပါ နောက်တိုးရတော့မှာဖြစ်သည်။

"ရော့ ... ရော့ ... အိမ်သာသော့။ ရလား ... လိုက်ဖွင့်ပေးရဦးမလား"

"ရတယ် ... နေခဲ့"

သူမက သော့ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အိမ်သာခန်းများဆီသို့ ကြောင်တစ်ကောင်လို ပေါ့ပါးသော ခြေလှမ်းများဖြင့် ပြေးဝင်သွားသည်။ သူက ကော်ရစ်တာထောင့်ချိုးဘက်သို့ ပြန်လျှောက်လာကာ ထွက်သွားရကောင်းနိုး၊ စောင့်နေရကောင်းနိုးဖြင့် ဗျာများစိတ်လှုပ်ရှားနေမိသည်။ သူမ ကြည့်ရတာ တစ်ခဏထဲ၌လည်း အဆင်ပြေမည့်ပုံ မပေါ်ပါ။ လူက အားပြတ်နေသော ဒီဇိုင်းနှင့် ဖြစ်ကာနေသည်။ ဘာတွေများ အစားသောင်းကျန်းလို့ ဒီလောက်ထိတောင် ဖြစ်ရတာပါလိမ့်။

အခုမှပဲ သူမအနားသို့ သူ့ကို အကပ်မခံသော အကြောင်းကို သိခွင့်ရတော့လျှင် သူသည် တစ်ယောက်တည်း သဘောကျစွာဖြင့် အသာရယ်မောမိလေသည်။ ကြည့်စမ်းပါဦး ... ခါတိုင်းက သူ့ကိုတွေ့လျှင် အမြဲတမ်း ဝေါက်ငမ်း ရန်လုပ်စူပုပ်နေတတ်သည့် ကောင်မလေးက ခုတော့လည်း သူ့အကူအညီယူကာ ကမ္ဘာ့အရေးကြီးဆုံးပြဿနာကို ဖြေရှင်းနေရသည်ဟု ဘယ်





တုန်းကမှ စိတ်ကူးယဉ်ခဲ့ဖူးမှာ မဟုတ်ချေ။ အင်း ... ရေစက်ကိုကပါလာတော့လည်း ဘယ်လိုရှောင်လွှဲလို့ ရမှာတဲ့လဲ မလုံးရွှေရယ်။

သူတို့ရဲ့ Plots က ကဗျာမဆန်ဘူး ဆိုသော်ငြားအသစ်လို့တော့ ပြော၍ရသည်။ သူမ အိမ်သာတက်ဖို့အတွက် အိမ်သာကို ရှာဖွေပေးရကာ အိမ်သာစောင့်ဂျူတီတောင် ကျလိုက်သေးသည်။ သူက မလုံးရွှေ တစ်ယောက် မျက်လုံးလေးမှိတ်ကာအားပါးတရ ကျေနပ်ဇိမ်ခံနေပုံကို မြင်ယောင်ကြည့်ရင်း ပြုံးစေ့စေ့ဖြစ်သွားသည်။ တကယ် လိုအပ်နေတဲ့အချိန်မှာ ဖြေရှင်းခွင့်ရလိုက်တဲ့ ဒီလိုကျေနပ်ခြင်းမျိုးက ဘယ်လိုကျေနပ်ခြင်းမျိုးမှ မလဲနိုင်ဘူး မလုံးရွှေရဲ့။

ခဏနေသောအခါ သူမက ပြန်ထွက်လာသည်။ ဝေဒနာတစ်ခုကို လောလောလတ်လတ် ဖြေရှင်းလိုက်ရသဖြင့် သက်သာသွားဟန် တူသော်လည်း သူမပုံစံမှာ တကယ်ပဲ အားပြတ်သူလို ဖြစ်နေသဖြင့် ကရုဏာသက်သွားရသည်။ သူမက စောင့်နေသေးသော သူ့ကိုမြင်လျှင် အံ့သြသွားဟန်ဖြင့် ...

"ဟင် ... ရှင် ဘာလို့ စောင့်နေသေးတာလဲ"

"ဩော် ... မင်းက ခုတော့ စားပြီးနားမလည်လုပ်ပြီပေါ့"

"ဘာ ... ရှင် မိုက်ရိုင်းလှချည်လား"

"ဟာ ... ဆောရီး ... ဆောရီး။ ကိုယ်က အဲဒီအဓိပ္ပာယ်နဲ့ ပြောတာမဟုတ်ဘူး။ အဲဒီစကားက ကိုယ်တို့သုံးနေကျ



www.burmeseclassic.com

www.burmeseclassic.com



စကားဆိုတော့ ဘာရယ်မဟုတ် ယောင်ပြီး ပြောထွက်သွားတာ။ တကယ်ဆိုလိုတာ မဟုတ်ဘူး။ မင်းကို အလကားစောင့်နေတာ မဟုတ်ဘူး။ အိမ်သာသော့ကိုခတ်ပြီး ဆရာများနားနေခန်းထဲကို ပြန်ထားပေးရမှာ၊ သော့ခတ်ခဲ့ရဲ့လား"

"ခတ်ခဲ့တယ် ... ရော့"

သူမက သူ့လက်ထဲသို့ သော့ကို လှမ်းပေးလျှင် သူက လက်ချင်းမထိအောင် အသာလေးယူသည်။ သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်နေသော သူမကို သူက ဟဲခနဲ ရယ်ပြလျက် ...

"ဟင်း ဟင်း ... မင်း လက်မဆေးရသေးဘူး မဟုတ်လား။ ဆောရီး ... ဝမ်းရောဂါပိုးကို ကိုယ်က အကြောက်ဆုံးမို့လို့ပါ"

သူမက ဘာမှမပြောတော့ဘဲ အံကိုကြိတ်ကာ ချာခနဲလှည့်ထွက်သွားသည်။ သူသည် သော့ကိုယူကာ ဆရာများနားနေခန်း အခန်းတံခါးကို ဖွင့်ပြီးနောက် အိမ်သာသော့လေးကို တိုင်မှာချိတ်ဖို့ အလုပ်မှာပဲ သူ့အနောက်မှ မာကျောသောအသံတစ်သံက ထွက်ပေါ်လို့လာသည်။

"ဟိတ် ... မင်း ဒါဘာလုပ်တာလဲ"

သူက သွားပြီဟူသော အသိဖြင့် မျက်နှာကြီးမှာ မဲ့ခနဲဖြစ်သွားသည်။ သို့သော် မျက်နှာကို အချိုသာဆုံး ပြန်ပြင်





ယူကာ တစ်ဖက်သို့ လှည့်လိုက်လျှင် သူ့ကို စားတော့ဝါးတော့မလို မျက်နှာထားဖြင့် ကြည့်နေသော ဆရာမတစ်ယောက်ကို အသည်းငယ်ဖွယ်ရာ တွေ့မြင်လိုက်ရသည်။ သူသည် အဲဒီပုံစံကို ကြည့်ပြီးနောက် ကြောက်လန့်တကြားဖြင့် သွားဖြဲပြမိသည်မှာ Tom & Jerry ကာတွန်းဇာတ်လမ်းထဲက ကြောင်ကြီး Tom ရယ်ပြသောပုံလို မချိသွားဖြဲ ဖြစ်သွားသည်။

သို့သော် ဆရာမက သူ့ပုံစံကို ခံစားပေးဟန်မတူပါ။ သူ့လက်ထဲက သော့ကိုသာ သဲသဲမဲမဲ စိုက်ကြည့်နေသည်။

"အဲဒီသော့က ဘာလုပ်တာလဲ"

"ဟိုဟာလေ ခဏ။ ခဏ ငှားတာပါ တီချယ် ... ဟဲ ဟဲ"

"ဘာခဏငှားတာလဲ။ မင်းကို ဘယ်သူက ငှားလို့လဲ။ ဒါ ဆရာမတွေကိုင်တဲ့ အိမ်သာသော့ မဟုတ်လား။ မင်းက ဘယ်သူ့ခွင့်ပြုချက်နဲ့ ဒီအခန်းထဲကို ရောက်လာရတာလဲ ...

ပြောစမ်း ... မင်းဘယ်မေဂျာကလဲ။ မင်းတို့ ဌာနမှူး ဘယ်သူလဲ"

"ဟာ ... ဟာ တီချယ်။ လွန်ကုန်ပါ့မယ် ခင်ဗျာ။ ကျွန်တော် မဟုတ်တာလုပ်ဖို့ ရောက်လာတာ မဟုတ်ပါဘူး။ အရမ်းအရေးကြီးတဲ့ အရေးပေါ်ကိစ္စတစ်ခု ပေါ်လာလို့ပါ ...

တောင်းပန်ပါတယ် တီချယ်"



www.burmeseclassic.com

www.burmeseclassic.com


"မလိုချင်ဘူး၊ ဆရာမတွေရဲ့ နားနေခန်းထဲကို ခွင့်ပြုချက်မရဘဲဝင်တာ၊ ဒါ မင်းစည်းကမ်းကို ချိုးဖောက်တာပဲ။ မင်းက ဆရာမတွေရဲ့အိမ်သာကို ဘာဝင်လုပ်တာလဲ။ မင်းလို ကျောင်းသားတစ်ယောက်နဲ့ ဆရာမအိမ်သာနဲ့ ဘာဆိုင်လဲ"

"ဘာမှမဆိုင်ပါဘူး။ ကျွန်တော် သုံးတာလည်း မဟုတ်ပါဘူး"

"ဘာရယ် ... ဒါဆို ဘယ်သူသုံးတာလဲ"

"ဟိုဒင်း ... ကျွန်တော့် ကောင်မလေးပါ တီချယ်ရယ်။ သူ သွားရင်းလာရင်းနဲ့ အရေးပေါ်ပြဿနာတက်လာလို့ ကျွန်တော်က ကူညီတာပါ ...

အဲ ... ဒီသော့ကိုလည်း သန့်ရှင်းရေးလုပ်တဲ့ မိန်းမကြီးကပဲ ယူပေးခဲ့တာပါ။ ပြီးတော့ အဲဒီမိန်းမကြီးက ဒီမှာပြန်ထားဆိုတာနဲ့ လာထားတုန်း အခု တီချယ်ရောက်လာတာပါ ...

တကယ်ပါ တီချယ်။ ဘုရားစူး မိုးကြိုးပစ်ပါ။ သား မညာပါဘူး"

ဆရာမက သူ့ပုံစံကို မယုံသလိုကြည့်ကာ ...

"မင်းကောင်မလေးက ဘယ်မှာလဲ"

"ဟိုသင်း ... ကော်ရစ်တာမှာပါ"

ဆရာမက သူ့ကို မင်းလောက်တော့ ပျင်းတယ်ဟူသော အထာမျိုးဖြင့်ကြည့်ကာ သကြော်နိမိုးရုပ်ရှင်ကားထဲက ခင်သန်းနုလို မခိုးမခန့် ပြုံးပြသည်။ သူကတော့ ဇင်ဝိုင်းလို မျက်နှာငယ်လေးဖြင့် ပြန်ကြည့်နေရရှာပါသည်။

"သွားခေါ်လာခဲ့"

"ခင်ဗျာ"

"မင်းကောင်မလေး ဆိုတာကို သွားခေါ်လာခဲ့လို့ ပြောနေတာ။ မင်း ဒီလိုပြောပြရုံနဲ့တော့ ငါက အလွတ်ပေးယုံမယ်ထင်နေလား"

"ဟုတ် ... ဟုတ်ကဲ့"

သူက မယောင်မလည်ဖြင့် ထွက်လာလျှင် ဆရာမကပါ မျက်နှာထားတင်းတင်းဖြင့် နောက်ကနေပြီး မယောင်မလည်လိုက်ပါလာသည်။ သူသည် စိတ်ထဲမှ ဘုရားတရားတ,ပြီးကော်ရစ်တာဘက်သို့ ထွက်လာခဲ့လျှင် မလုံးရွှေကို အမြီးသော်မှမမြင်ရတော့ပါ။ ဆရာမဘက်သို့ လှည့်ကြည့်လိုက်လျှင် လက်နှစ်ဖက်ကို တင်းတင်းပိုက်ပြီး ဓားသွေးကျောက်ကို အရည်ဖျော်ကာ လိမ်းထားသော ဆရာမရဲ့မျက်နှာကို တွေ့မြင်လိုက်ရသည်။

"ဘယ်မလဲ ... မင်းကောင်မလေး"

"ဟို ... ဟိုဟာလေ၊ ဟိုဒင်း တီချယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှ ဟိုဒင်းတီချယ်တွေ ဘာတွေ လုပ်မနေနဲ့။ မင်း မရိုးသားဘူးဆိုတာ ငါ သိတယ်။ မင်းကောင်မလေးသာ တကယ်တမ်း ရှိရိုးမှန်ရင် သူ အိမ်သာသုံးတဲ့ကိစ္စ သူ့ ဟာသူပဲ သော့ကို ပြန်လာထားရမှာပေါ့ ...

မင်းနဲ့က ဘာဆိုင်လဲ။ ပြီးတော့ ဒီအပြင်မှာ မင်းကို စောင့်နေရမှာပေါ့။' ခုတော့ မင်းပြောတာတွေနဲ့ တခြားစီ ပဲ။ ကဲ ... ဒီတော့ မင်း ငါနဲ့ မော်ကွန်းထိန်းဆီကိုလိုက် ခဲ့"

သူ ခေါင်းငိုက်စိုက် ကျသွားသည်။ ဘာမှလဲ ဆက် ပြောချင်စိတ် မရှိတော့။ အိမ်သာသော့ကို လိုချင်သူမှာ တစ်ခိုင် လုံးရွှေ၊ အသွားစေခိုင်းသူမှာ သန့်ရှင့်ရေးအဒေါ်ကြီး၊ နောက်ဆုံး တော့ ရှိရှိသမျှ အပြစ်ဒဏ်တွေကို ခေါင်းငုံ့ခံရသူမှာ သူသာလျှင် ဖြစ်တော့သည်။ ဖြစ်ချင်ရာဖြစ် ဟူသော သဘောထားဖြင့် သူ သည် တီချယ်ရဲ့နောက်မှ မော်ကွန်းထိန်းရုံးခန်းသို့ ကုပ်ကုပ်လေး လိုက်ပါလာခဲ့ရသည်။

မလုံးရွှေကတော့ သူ့ကို တကယ်ပဲစားပြီးနားမလည် ဝါးပြီးပြန်ထွေး လုပ်သွားခဲ့ပြီဖြစ်သည်။ သို့သော် သူ ကျေနပ်ခဲ့ ပါသည်။





၁၅

"ဟား ဟား ဟား ... တော်သေးတာပေါ့ကွာ။ မော်ကွန်း ထိန်းက မင်းဦးလေး ဖြစ်နေလို့။ မင်းတော့လား နေရင်း ထိုင်ရင်းနဲ့ ဆရာမများအိမ်သာကို သွားချောင်းတဲ့သူဆိုပြီး တစ်ကျောင်းလုံးကို လည်ပင်းမှာ ဆိုင်းဘုတ်ချိတ်ပြီး လှည့် ပြရတော့မလို့"

"အေး ... အဲဒီတီချယ်က ဖြစ်နိုင်ရင် ငါ့ကို အဲသလိုလုပ် စေချင်တဲ့ ဒီဇိုင်းနဲ့"

သူက စိတ်မသက်သာစွာပြောပြီး ခေါင်းကိုအသာ ခါယမ်းနေမိသည်။ မနေ့က ဖြစ်သွားသောကိစ္စသည် သူတို့အုပ်စု ထဲတွင်တော့ အတော်ကြီး ပြောစရာဖြစ်သွားခဲ့သည်။ ထိုဆရာမက သူ့ကို မော်ကွန်းထိန်းထံပို့ကာ သူ့ပြစ်မှုတွေကို တိုင်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com

မော်ကွန်းထိန်းသည် သူ့ဦးလေးအရင်းခေါက်ခေါက် ဖြစ်ပါသည်။ သို့သော် ဦးလေးက အထာနပ်စွာဖြင့် ဆရာမရှေ့တွင် သူ့ကို ရုပ်တည်ကြီးနှင့် မသိသလို ဆက်ဆံကာ ဒီကိစ္စကို အရေးယူပေးပါ့မည်ဟု ဆရာမကို မစားရဝခမန်း ပြောလွှတ်လိုက်သည်။ ပြီးတော့မှ သူ့ပခုံးကို တစ်ချက် နှစ်ချက်ပုတ်ကာ ပြန်လွှတ်တာ ဖြစ်ပါသည်။

သူ့နေရာမှာ တခြားကျောင်းသားတစ်ယောက်သာ ဆိုလျှင် ဘယ်လိုဆုံးဖြတ်မလဲတော့ သူ မသိပါ။ သူ့သူငယ်ချင်းတွေကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ကို တစ်ခုခုအမြတ်ထုတ်ဖို့ ပြောကြသည်။ သူ စိတ်ဝင်စားနေသော လော်လော်လတ်လတ်ကိစ္စမှာ မလုံးရွှေရဲ့ ကျန်းမာရေးပြဿနာ ဖြစ်ပါသည်။ သူမလေး တစ်ယောက် အဆုံးမရှိသော ပန်းကမ္ဘာထဲမှာပဲ ပျော်မွေ့နေပြီလား။ ဒီနေ့ သူမ ကျောင်းမလာပါ။ သူသည် ဇော်ပိုင်ရဲ့အမောပြေအခွေထဲက "မင်းကျောင်းတက်တဲ့နေ့"သီချင်းကို တိုးတိုးလေးဖြင့် တစ်ပိုင်းတစ်စ ညည်းမိသည်။

"မင်းတို့ကလည်းကွာ။ အဲဒီ အခြေအနေကျမှပဲ တိုက်တိုက်ဆိုင်ဆိုင် ဆုံမိရတယ်လို့။ ဘာပဲဖြစ်ဖြစ် မင်း သူ့ကိုကူညီလိုက်တာဟာ မဟာရောမကူညီမှုကြီးပဲကွ။ ပြီးတော့ မင်းက ဟိုဘွားတော်နဲ့ ရှော့ဖြစ်သွားသေးတယ် ...





သူ့ကို ကူညီတယ်၊ ကူညီတဲ့အတွက် မင်း ရှော့ဖြစ်တယ်။ အဲဒါ သူသိဖို့လိုတယ်။ ဒီကတစ်ဆင့် မင်းတို့ရဲ့ လေးနက်မှုကို တည်ဆောက်ရမယ်"

"ဟွန်း ... လေးနက်မှုကို တည်ဆောက်ရမယ့် အကြောင်းအရာကလည်း ဟား ဟား ပန်းပေးတဲ့ဖူးစာပေါ့"

ပြည့်ဖြိုးရဲ့စကားကို သူနှင့် လင်းထက်က တဟားဟား ရယ်မောမိသည်။ သူကတော့ ရှုံ့ရှုံ့မဲ့မဲ့နှင့် ဘာမှမပြောပေမယ့် လင်းထက်က သူ့အစား ရန်တော့တွေ့ပေးပါသည်။

"ဟောကောင် ... ဘာမှလာဟားမနေနဲ့။ ဒါ တကယ့်အနှစ်တွေလေ"

"အေးပါ ... ဟုတ်ပါတယ်။ တစ်ခိုင်လုံးရွှေရဲ့အနှစ်တွေပေါ့"

"ဟောကောင်တွေ ... တော်ကြစမ်းကွာ။ ဒီမှာ စားသောက်နေတဲ့ဟာကို"

"အေး ... ထားတော့။ ဒါပေမဲ့ ဒီကိစ္စကို မင်းက မင်းအတွက် ကောင်းကောင်းကြီး အသုံးချဖို့လိုတယ်။ မင်းအတွက် Plus ပြနေတဲ့ အခြေအနေပဲ"

"သူများဒုက္ခရောက်တာကို အဲဒီလိုကြီး အခွင့်အရေးမယူချင်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟ … မင်းကို အခွင့်အရေး ယူခိုင်းနေတာ မဟုတ်ဘူး။ မင်းကလည်း မင်းမဟုတ်တဲ့အတိုင်းပဲ။ ဝေးလိုက်တာ …

ဒီကိစ္စကို မင်း သူ့ကို ဘာမှသွားမပြောနဲ့။ သူ့ဟာသူ မင်းကိုလာမေးလိမ့်မယ်၊ အဲဒီကျမှ မင်းပြောလိုက်"

"မမေးရင်ရော"

"မေးပါတယ် ဆိုမှကွာ။ မင်းနဲ့ ငါနဲ့ လောင်းမလား"

"တော်ပြီကွာ၊ မလောင်းတော့ဘူး။ သူမေးမှာ ငါသိတယ်"

"ခွေးကောင်"

လင်းထက်က သူ့ကို ခပ်တိုးတိုး ဆဲရေးသည်။ သူက လက်ဖက်ရည်ကို တစ်ငုံ့ငုံရင်းမှ သူမထံသို့ ဖုန်းဆက်ကြည့်ရမလားဟု တွေးမိသည်။ သက်သာရဲ့လား နေမကောင်းဘူးလားလို့ မေးချင်သော်လည်း သူမများ ရှက်နေမလားဟု တွေးမိသောအခါ ဖုန်းဆက်ဖို့စိတ်ကူးကို လျှော့လိုက်ရသည်။ ဖုန်းမဆက်တာက သူ့အတွက် ပိုကောင်းလိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။ သို့သော် ဘာကြောင့်မှန်းမသိဘဲ သူမရဲ့အသံလေးကိုလည်း လွမ်းနေမိပါသေးသည်။

အိုး … လွမ်းတယ်တဲ့။ ဒီခံစားချက်မျိုးကို လူပျိုဖော်ဝင်ကတည်းက သူ မခံစားခဲ့ရဖူးသေးပါ။

"အခု မင်းနဲ့ သူနဲ့က ဘယ်လိုအခြေအနေ ရှိပြီလဲ"

"ဒီအတိုင်းပါပဲ"





"ဒီအတိုင်း ဆိုတာကရော ဘယ်လိုလဲ။ လန်းနေပြီလား"

"အင်း … Intro လေးတော့ စတီးနေပြီပေါ့"

"ဟုတ်လား၊ အဲဒီလို တီးခွင့်ရတယ် ဆိုကတည်းက အခြေအနေက မဆိုးသေးပါဘူး"

"အေးပေါ့။ ဒါပေမဲ့ သူက တခြားမိန်းကလေးနဲ့ မတူဘူးနော်၊ ငါ တစ်ချက်တီးရင် သူက နှစ်ချက်ပြန်တီးတာ။ သူ့စိတ်ကို ငါက သိနိုင်ပါတယ် ဆိုတာကို ဖြေရှင်းချက်တွေ ဘာတွေ သူက နားထောင်တာ မဟုတ်ဘူး။ ဘာ့ကြောင့် သိနိုင်ဘာလဲလို့ မေးတာ၊ ဒါက မဆန်းပါဘူးတဲ့ …

တချို့အရာတွေက မျက်စိနဲ့မမြင်ရပေမယ့် နှလုံးသားနဲ့ မြင်ရတယ်တဲ့။ ငါဖြင့် ပါးစပ်အဟောင်းသားနဲ့ ဘာဆက်ပြောရမှန်း မသိဘူး။ သူက ဖုန်းချပစ်ရော အဲသလိုမျိုး …

ငါကပဲ သူ့ကို Heart ထိလွန်းလို့ သိနိုင်လွန်းတယ် ဆိုတဲ့ ပုံစံမျိုး သူက ဖမ်းသွားတာ"

"ဒါဆို ဆက်လုပ်ပေါ့။ အိုကေနေပြီပဲ။ မင်းတို့ပွဲက ကြည့်ကောင်းပါတယ်။ ဘယ်သူကလန်းပြီး ဘယ်သူက ဂွမ်းသွားမလဲတော့ မသိဘူး"

"နှာမည်အရတော့ တစ်ခိုင်လုံးရွှေက တစ်နိုင်လုံးကိုရွှေ၊ အားလုံးရွှေ အလန်းပဲ။ လောလောဆယ် မင်းကလည်း အဲဒီအလန်းစားကိုမှ ကြွေချင်နေတယ် မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"မကြွေချင်ပါဘူးကွာ။ ငါက အေးဆေးပါ"

"ဟွန်း ... အေးဆေးမို့လို့ပဲ။ အိမ်ဘာစောင့် တပ်မှူးလေး လုပ်လာတာပေါ့။ ရာထူးကလည်း"

"ဟေ့ကောင်တွေ တော်ကြစမ်းပါကွာ။ ဒီစကား ဒီမှာတင် ရပ်တော့။ တခြားသူတွေ ကြားသွားရင် မကောင်းဘူးကွ။ သူက ငါ့ကိုတောင် ပထမက ပေးသိတာမဟုတ်ဘူး ဖွတ် ထွက်ပြေးနေတာ။ ငါက သူ့နောက်က ဖွတ်လိုက်လို့ဒီလို ဖြစ်သွားရတာ ...

သူလည်း အမှန်တော့ စားပြီးနားမလည် လုပ်သွား တာတော့ မဟုတ်ပါဘူးကွာ။ သူ့ဇာတ်သူ မနိုင်လို့ အိမ်ကို အမြန်ပြေးရတာ နေမှာပါ"

"ဟင်း ... လူကြည့်တော့ မလေးရှားမော်ဒယ်လိုလို ဘာ လိုလိုနဲ့။ ကြည့်ရတာ ဝက်သားနဲ့ ထန်းရည်ကို ရောသောက် မိတယ်နဲ့ တူတယ်"

"မင်းတို့က မဟုတ်တာက စ,ပြောပြီ။ သူများသားသမီးကို မပြောပါနဲ့။ ဝက်သားနဲ့ ထန်းရည် မဟုတ်ဘူး။ ပဲဟင်းနဲ့ ကိုရီးယားကမ်ချီ"

"ကဲ ... ဟေ့ကောင်တွေ တော်ပြီနော်။ ဒီလောက်ဆို တော်လောက်ပြီ"





"မဟုတ်ပါဘူး။ ဒီလို ဖင်မနိုင်ဘဲနဲ့ အိမ်ပြန်ပြေးရတဲ့အထိ ဘာတွေများ အစားသောင်းကျန်းလာသလဲလို့ ကြုံရင် မင်း မေးလိုက်စမ်းပါ ...

ငါတို့ အဲဒီကိစ္စကို အထူးတလည် စိတ်ဝင်စား တယ် ... ဟဲ ဟဲ"

"တော်ပြီကွာ ... ဟေ့ကောင်တွေ။ လာခဲ့ ... အတန်းသွား တက်မယ်။ အတန်းချိန် နီးနေပြီ"

သူက ပြောပြောဆိုဆို မတ်တတ်ထရပ်ကာ စကား စ,ကို ဖြတ်ဖို့ကြိုးစားသည်။ သူငယ်ချင်းတွေကို မစောင့်ဘဲ ရှေ့ က ထွက်သွားသော သူ့ကို နောက်ကလိုက်ပါလာသော လင်းထက် က လှမ်းပြီးလှောင်ပြောင်သည်။

"ဟေ့ကောင် ... သူစားတာ ဝက်သားနဲ့ ထန်းရည်ဆိုတာ လောင်းမလား"

သူက လှည့်ကိုမကြည့်တော့။ သို့သော် ဟုတ်တိုင်း မှန်ရာ ဝန်ခံရလျှင်တော့ သူမ ဘာတွေများစားလို့ ဒီလောက်ထိ ဝမ်းလျှောရသလဲ ဆိုတာကို စိတ်ဝင်စားသည်။ သူမကို ပန်းကမ္ဘာ ဆီသို့ အလည်ခေါ်ဆောင်သွားသူမှာ ဘယ်သူလဲ။ အဲဒီတရားခံ ကိုတော့ သူလည်း သိချင်သေးသည်။

အဲဒီ အစားအစာတွေကို သူလည်း ရှောင်ချင်၍ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ရွှေသည် ကျောင်းသုံးရက်ပျက်ပြီးသည့်နောက်တွင် ကျောင်းပြန်တက်ပါသည်။ ကျောင်းသို့ လာခဲ့ရသော်လည်း တစ်စုံတစ်ယောက်ကို ရင်ဆိုင်ရမှာကို ထိတ်လန့်နေမိသည်။ အဲဒီနေ့က အဖြစ်အပျက်သည် ပြန်တွေးမိတိုင်း ရှက်ရွံ့စိတ်ပျက်ရသော်လည်း ဘာမှမတတ်နိုင်တော့ပါ။ အဲဒီနေ့က နဂိုတည်းကမှ ဗိုက်သိပ်မကောင်းသော ရွှေသည် ဝမ်းလျှောနေတာကို သိသိကြီးနှင့် မုန့်ဟင်းခါးကို သွားစားခဲ့သည်။ မုန့်ဟင်းခါးစားပြီး ဘယ်လောက်မှ မကြာသောအချိန်မှာ စားသောက်ထားသော အစားအစာရဲ့တန်ခိုးက စတင်ပြတော့တာဖြစ်သည်။ ညကလည်း အိပ်ရေးပျက်ထားသောကြောင့် လူက အလိုလိုအားယုတ်လာကာ ကိုယ့်ကိုယ်ကိုယ် အခြေအနေမဟန်မှန်း သိသဖြင့် အိမ်သို့ပြန်ပြေးတာဖြစ်သည်။





သို့သော် အချိန်မီ ဆေးမသောက်ထားသော ဗိုက်သည် ရွှေ့ကို လမ်းမှာတင် ဒုက္ခပေးတော့တာဖြစ်သည်။ ဘယ်လိုမှ မတတ်နိုင်တော့။ နားမလည် ပါးမလည်ဖြင့် အူကြောင်ကြောင် လိုက်လုပ်နေသော ဟိုတစ်ယောက်ရှေ့မှာမှ အရှက်ကွဲရသည်ဟု သတ်မှတ်သောကြောင့် နေကောင်းတာတောင် တစ်ရက်က သက်သက်မဲ့ ကျောင်းမတက်ခဲ့ခြင်းဖြစ်သည်။ အခုတော့ ကျောင်းမတက်လို့ မရတော့။ စာကူးစရာတွေလည်း ရှိသေးသဖြင့် ကျောင်းသို့ စောစောထွက်လာခဲ့သည်။ အတန်းထဲတွင် လူတောင်သိပ်မရှိသေး။ ရွှေရဲ့ ဘော်ဒါနှစ်ကောင်တောင် မရောက်သေးပါ။

အတန်းထဲမှာထိုင်ကာ စာကူးဖို့ ပြင်ဆင်နေတုန်းမှာပဲ ရွှေရဲ့ရှေ့သို့ စာရွက်အဖြူတစ်ထပ်က ကျရောက်လို့လာခဲ့သည်။ ရွှေက ဖျတ်ခနဲ မော့်ကြည့်လိုက်လျှင် လက်ပိုက်ကာ ပြုံးပြနေသော တစ်ယောက်သောသူကို တွေ့လိုက်ရသည်။

“ဘယ်လိုလဲ ... နေကောင်းသွားပြီလား”

“အင်း”

ရွှေက မျက်လွှာချကာ အသာဖြေမိသည်။ သူက ရွှေရဲ့ရှေ့က စာအုပ်တွေကို တစ်ချက်ကြည့်ပြီးတော့မှ ...

“စာကူးမလို့လား မကူးနဲ့တော့လေ။ ဒီမှာ အဲဒါတွေက မင်းအတွက် ကိုယ် ဖိုတိုဆွဲလာတာ”



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ... ရပါတယ်"

"ရပါတယ် လုပ်မနေနဲ့။ မင်းအတွက် သက်သက်ကူးထား တာ။ မင်းမယူလို့လည်း ကိုယ့်အတွက် ဘာမှအသုံးဝင်မှာ မဟုတ်ဘူး။ ဗယာကြော်သည်ကုလားကိုပဲ ချစ်သက်လက် ဆောင် ပေးလိုက်ရမှာပဲ ...

ကိုယ့်စေတနာကို အသိအမှတ် မပြုဘူးလား"

ရွှေက သူ့ကို တစ်ချက်မော့ကြည့်လိုက်လျှင် သူက ဘယ်လိုလဲဟူသော သဘောဖြင့် ပခုံးတွန့်ပြသည်။ ရွှေသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ဘာမှမပြောတော့ဘဲ ဖိုတိုစာရွက် များကို ဆွဲယူကာ အသာကြည့်လိုက်သည်။ လက်ရေးများမှာ ရှင်းလင်းသေသပ်ပြီး လှပပါသည်။

"ဘယ်လောက်ကျသလဲဟင်"

"ရှမ်းခေါက်ဆွဲ တစ်ပွဲဖိုးပေါ့"

"ဟုတ်လား ? ။ ပေးပါ့မယ်"

"နိုး ... နိုး။ အဲဒီလို ငွေကြေးကို လိုချင်တာ မဟုတ်ဘူး။ မင်းကိုယ်တိုင် လိုက်ကျွေးတာကို စားချင်တာ"

"အဲဒါဆိုရင်တော့ ဆောရီးပဲ။ ကျွန်မ အပြင်စာတွေစား လို့မရဘူး"

ရွှေက ယောင်ပြီး လွှတ်ခနဲ ထွက်သွားလေရာ သူ ကလည်း မျက်ခုံးတစ်ချက်ပင့်သည်။ အာ ... သွားပါပြီ။ အဲဒီ



ကိစ္စကို အစ,ဖော်မိပြန်ပြီ။ အဲဒီနေ့က ရွှေသည် ကိုယ့်မှာတာဝန် ကောင်းဘူး ဆိုတာကိုလည်း သိသည်။ သို့သော် ကိုယ်အိမ်သာ တက်တာကို စောင့်ပေးနေသော သူ့ကို ကျေးဇူးလည်းတင်၊ အမြင်လည်းကတ်သောစိတ်ဖြင့် ဟိုဘက် ဒီဘက် လွှန်ဆွဲနေကာ သူ မရှိတော့တဲ့အချိန်၌ ကျောင်းအပြင်ဘက်သို့ အမြန်ပြေးထွက် လာခဲ့ရတာဖြစ်သည်။ ပြီးတော့ ကိုယ့်အခြေအနေက မကောင်း တော့ဘူး ဆိုတာလည်း ကိုယ့်ဟာကိုယ်သိသည်။

ဒီနားမှာ ကြာကြာဆက်နေလျှင် ရွှေ အရှက်တော် ဘပြန်းပြန်း ကွဲတော့မှာကို သိနေသဖြင့် သူ သော့သွားထားတုန်း အမြန်လစ်ပြေးရသည်ဖြစ်လေရာ နောက်ပိုင်းမှာ သူဘာတွေဆက် ဖြစ်ပြီး ကျန်ခဲ့သလဲဆိုတာ ရွှေ မသိပါ။ ကျေးဇူးတင်စကားပြော သင့်သည်ဆိုတာကို သိသော်လည်း အရှက်တရားတစ်ခုက ရွှေ့ကို ဒိစီးထားသဖြင့် ရွှေသည် အဲဒီကိစ္စကို ပြောမထွက်။ သူက ရွှေ့ ကို ကြင်နာသလိုဖြင့် ငုံ့ကြည့်ကာ ...

"ဆောရီး ... အဲဒီအချက်ကို ကိုယ် မေ့သွားတယ်။ ဟုတ် သားပဲ မင်း သိပ်နေမကောင်းသေးဘူးနဲ့ တူတယ်။ အဲဒီ နေ့ကရော အဆင်ပြေလား။ ဘယ်လိုပြန်သွားတာလဲ။ ကိုယ်က မင်းကို ဆက်ကူညီဦးမလို့ပါ။ မင်း ကိုယ့်ကိုစောင့် များစောင့်နေခဲ့သေးလား၊ ကိုယ် အထဲမှာ နည်းနည်းတိုင် ပတ်နေလို့"

www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောကြောင့် ရွှေက မျက်လုံးပင့်ကာ သူ့ကို အံ့သြတကြီး မော့်ကြည့်မိသည်။ သူက အရေးမပါသလို အနေအထားဖြင့် ဆက်မပြောတော့ဘဲ ရွှေ့ကိုသာ ပြုံးပြနေသည်။ သဘောကတော့ ရွှေ့ထံကအဖြေကို စောင့်နေသည့်ပုံစံမျိုး။ သူ ဘာများ တိုင်ပတ်တာပါလိမ့်။ သူ ယူလာသည့်သော့ဟာ ဆရာမများ နားနေခန်းကသော့ ဖြစ်သည်ဆိုတာကို ရွှေ သိထားသည်။ အဲဒီအတွက် ဘာပြဿနာများ တက်တာပါလိမ့်။

မေးချင်နေသော မေးခွန်းပိုးကောင်များသည် ရွှေ့ရဲ့ နှုတ်ခမ်းဝသို့ တရွရွ တက်လာသည်။ သူကလည်း ဘယ်လိုတိုင်ပတ်တယ် ဆိုတာကို ဆက်မပြော။ ရွှေသည် သူ့မျက်လုံးများကို ခါတိုင်းလို စိုက်မကြည့်အားဘဲ မျက်နှာလွှဲလွှဲနှင့်ပင် ...

"ဘာတိုင်ပတ်သွားတာလဲ"

"အင်း ... မော်ကွန်းထိန်းဆီ ရောက်သွားတာပေါ့"

"ဘာရယ် ! "

ရွှေက မျက်လုံးပြူးသွားပြီး သူ့ကို မော့်ကြည့်မိသည်။ သူက ရွှေ့ကို နေရောင်ခြည်လို အင်အားရှိသော မျက်လုံးများဖြင့် သေချာစွာ စိုက်ကြည့်နေသည်။ သူ့အကြည့်ဒဏ်တွေမှာ အင်အားရှိသည်။ အင်အားတစ်ခုပါသော မျက်လုံးများသည် ရွှေ့ကို ညို့ယူနေသလိုဖြစ်ကာ ရယ်ရွှင်ရိပ်မြူးသော အရိပ်အယောင်များလည်း ကပ်ပါလို့နေသည်။ အဲဒီမျက်ဝန်းများနှင့်အတူ မော်





ကွန်းထိန်းဆီ ရောက်သွားတယ် ဟူသော စကားသည် ရွှေရဲ့ရင်ကို အကြီးအကျယ် စွဲအောင်ဖမ်းစားပါသည်။

"မော်ကွန်းထိန်းဆီ ရောက်သွားတယ် ! ဟုတ်လား။ ဘာဖြစ်လို့ ရောက်သွားတာလဲ"

"ဩော် ... မရောက်ဘဲနေမလား အမိရယ်။ ကျုပ်ကို အဲဒီက ဆရာမတစ်ယောက်က မိသွားတာကိုး။ မိသွားတော့ စစ်လား ဆေးလားနဲ့ပေါ့။ ကိုယ်ကလည်း သူ ကျေနပ်လောက်အောင် ဖြေရှင်းချက် မထုတ်နိုင်ဘူးလေ ...

ဆရာမများ နားနေခန်းဝင်တယ်။ အိမ်သာသော့ ယူတယ်ဆိုတော့ ကွိုင်တက်ပြီပေါ့၊ အဲဒါနဲ့ မော်ကွန်းထိန်းဆီ ပို့လိုက်ရော"

"ပို့လိုက်တော့"

"အင်း ... ရောက်သွားတာပေါ့။ မော်ကွန်းထိန်းက ယောကျ်ားဆိုတော့ နည်းနည်းနားလည်တတ်ပါတယ်။ သိပ်တော့ ပြဿနာမချဲ့ဘူး။ ဒါပေမဲ့ သတိပေးခံရတယ်။ နောက်တစ်ခါဆို လက်မှတ်ထိုးရမယ်ပေါ့"

"ဩော် ... ဖြစ်မှဖြစ်ရတယ်။ ကျွန်မ စိတ်မကောင်းပါဘူး။ ဟို ... အဲဒီတုန်းကလည်းလေ အရမ်းနေမကောင်းဖြစ်နေတာနဲ့ ရှင့်ကို မစောင့်တော့ဘဲ ပြန်သွားတာပါ။ ဒီလောက် ပြဿနာတက်မယ်လည်း မထင်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com


"အင်း ... ရပါတယ်။ No problam ပါ"

"ကျေးဇူးတင်ပါတယ်"

ရွှေရဲ့တိုးဖွဖွအပြောကို သူက နူးညံ့စွာ စိုက်ကြည့်ရင်း ပြုံးသည်။ အဲဒီအပြုံးသည် အသက်ဝင်လွန်းအားကြီးသောကြောင့် ရွှေ့မှာ ယောင်ယမ်းပြီး ငေးခနဲဖြစ်သွားသည်။ ရာစုသင်ရဲ့အကြည့်သည် မျက်လုံးထဲမှ ပန်းတွေပွင့်လာအောင် လှပစွာစွမ်းဆောင်ပြီး ကြည့်သောအကြည့်ဖြစ်သည်။ ရွှေက သူ့ထံမှအကြည့်မလွှဲခင်မှာပဲ စကားသံတစ်ခုက ထွက်ပေါ်လို့လာသည်။

"အဲဒီကျေးဇူးကို မင်း ပြန်ဆပ်ရလိမ့်မယ်"

မမျှော်လင့်ထားသော စကားကြောင့် ရွှေရဲ့မျက်လုံးလေးတွေက ဝိုင်းခနဲ ဖြစ်သွားလျှင် သူက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ပြုံးပြီး ချာခနဲလှည့်ထွက်သွားသည်။ ရွှေသည် ဒီလိုစကားမျိုးပြောလိမ့်မည်ဟု မထင်ထားသောကြောင့် သူ့ကျောပြင်ကိုငေးပြီးကျန်ရစ်ခဲ့သည်။ သို့သော် သူက ဒီအဖြစ်အပျက်ကို ကြိုသိနေသည့်အလား ရွှေဘက်သို့ ခေါင်းပြန်လှည့်လာကာ လက်ညှိုးနဲ့လက်မကိုဖုန်းဆက်မည့်သင်္ကေတန်လုပ်လျက် နားရွက်အနားမှာကပ်ပြသည်။ ပြီးတော့ သူ့ပါးစပ်က စကားတစ်ခွန်း ထွက်ကျလာသည်။

"နှစ်ဆယ့်တစ်နာရီ၊ နှစ်ဆယ်မိနစ်"

အဲဒီအချိန်သည် စစ်ဆင်ရေးစတော့မည့်အချိန်ဟု ရွှေက သတ်မှတ်ပါသည်။



## ၁၇

သူသည် လက်မှနာရီကို တစ်ချက်မြှောက်ကြည့်ပြီးသောအခါ နှစ်ဆယ့်တစ်နာရီ နှစ်ဆယ်မိနစ်ရောက်ဖို့ မိနစ်ပိုင်းမျှသာ လိုတော့ကြောင်း သိရလျှင် သွေးအေးစွာပြုံးလျက် တစ်ခိုင်လုံးရွှေရဲ့ဖုန်းနံပါတ်တွေကို နှိပ်ခေါ်လိုက်သည်။ ခုချိန်ဆို သူမလည်း သူ့ဖုန်းကို မျှော်နေခဲ့ပြီဆိုတာ သူ သေချာပေါက် သိပါသည်။ သိပ်မကြာခင်မှာပဲ သူ့ဖုန်းက တစ်ဖက်သို့ ဝင်သွားသည်။ Ring tone နှစ်ချက်မြည်အပြီးတွင် သူမက ဖုန်းကိုဖွင့်ကာ ထူးသည်။

"ဟယ်လို"

"ရွှေ ... ကိုယ်ပါ"

"အင်း ... ပြောလေ"

"ပထမဆုံး မေးချင်တာက ရွှေ နေကောင်းရဲ့လား ဆိုတာပါပဲ"


www.burmeseclassic.com

www.burmeseclassic.com

"ကောင်းလို့ မနက်ကပဲ ကျောင်းကိုလာခဲ့ပြီလေ"

"အိုကေ ... အိုကေ ... ဟုတ်ပါပြီ။ ရွှေလည်း ကိုယ့်ကို တစ်ခုခု ပြောစရာရှိမှာပဲနော်၊ မေးချင်တာ ပြောချင်တာများ ရှိရင် စိတ်တိုင်းကျ ပြောနိုင် မေးနိုင်ပါတယ်"

သူက လမ်းဖွင့်ပေးလိုက်သလျှင် သူမက ခေတ္တတော့ တိတ်ဆိတ်သွားသည်။ ပြီးတော့ သူ ထင်ထားတဲ့အတိုင်းပဲ သူ့ကို မေးခွန်းထုတ်လာခဲ့ပါသည်။

"ရှင့်ကို ကျွန်မက ကျေးဇူးဆပ်ရမယ်ဆိုတာ ဘယ်လို ကျေးဇူးဆပ်ရမှာလဲ"

"ဒါကတော့ မင်းသဘောပါ။ မင်း ဆပ်ချင်လို့ ကိုယ်က ပြောရတာလေ"

"ဟင် ... ရှင့်ကို ကျွန်မက ကျေးဇူးဆပ်ချင်တယ်လို့ ဘယ်တုန်းက ပြောလို့လဲ"

"မင်းကပဲ ကျေးဇူးတင်ပါတယ်လို့ ပြောခဲ့တယ်လေ"

"အင်းလေ ... ကျေးဇူးတင်တယ်လို့ ပြောခဲ့တာ ကျေးဇူး ဆပ်ပါ့မယ်လို့ ပြောခဲ့တာမှ မဟုတ်တာ"

"တစ်ခိုင်လုံးရွှေ ... တစ်ခိုင်လုံးရွှေ။ မင်းက မြန်မာစကား ကို ရေရေလည်လည် သဘောမပေါက် နားမလည်သေးဘူး နော် ...





ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို လူတွေက လွယ်လွယ်ကူကူနဲ့ ဖောဖောသီသီ ပြောနေကြတာ။ အဲဒီ စကားရဲ့ တကယ့်အနက်အဓိပ္ပာယ်ကို မသိသေးလို့ပါ။ ကျေးဇူးတင်ပါတယ် ဆိုတာက လူတစ်ယောက်က ကိုယ့် ကို ကျေးဇူးပြုလိုက်တဲ့အခါမှာ အဲဒီလူရဲ့ကျေးဇူးက ကိုယ့် အပေါ်မှာ တင်သွားတယ်လို့ ဆိုလိုပြီးပြောတာ။ အကြွေး တင်တယ်ဆိုတဲ့စကားကို မင်းကြားဖူးတယ် မဟုတ်လား။ အဲဒီသဘောအတိုင်းပဲ သူ့ကျေးဇူးတွေ ကိုယ့်အပေါ်မှာ တင်သွားပြီလို့ ပြောတာ ...

အဲဒါကြောင့် မင်းကို ကိုယ်က ကျေးဇူးဆပ်ရလိမ့်မယ် လို့ ပြောတာကွယ့်"

သူ့ရဲ့အဆုံးသတ်စကားကို သူမက အသာရယ်မောသည်။ ဒီလို ရယ်မောလိုက်ခြင်းအားဖြင့် သူမနဲ့ သူနဲ့အကြားတွင် ပို၍ရင်းနှီးသွားသလို ခံစားရပါသည်။

"ကဲ ... ဘယ်လိုလဲ၊ ကိုယ်ပြောတာ လက်ခံလား"

"အေး ... လက်ခံချင်သလိုလိုပဲ"

"လုပ်ပြီ။ လက်ခံတယ်ဆိုလည်း လက်ခံတယ်ပေါ့။ မင်း ဟာလေ စကားပြောလိုက်ရင် အသည်းကို ကလိထိုးတယ်"

"အသည်းကို ကလိထိုးတယ်ဆိုတာ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား ... ဒီတစ်ခါတော့ မင်း ဝေးသွားပြီ။ အသည်းကို ကလိထိုးတယ်ဆိုတာ အသည်းယားအောင် လုပ်တာကို ပြောတာ"

"ဪ ... ဪ ... အဲဒီလို ဖြစ်သွားလား။ မရည်ရွယ်ခဲ့တာတော့ မှန်ပါတယ်"

"ထားပါတော့ ... ရွှေ"

သူက ထားပါတော့လို့ ပြောပြီးမှ ရွှေဟု နူးညံ့တိုးဖွဖွစွာ ခေါ်လိုက်လျှင် သူမက မထူးပါ။ သူက အားမလျှော့ဘဲ ထပ်ခေါ်လိုက်သည်။

"ရွှေရေ"

"ဘာလဲ ... ဘာဖြစ်နေတာလဲ။ ရှင့်ကို ကျွန်မပြောထားတယ်နော် ရာစုသစ်။ ရှင်နဲ့ ကျွန်မနဲ့ နှစ်ယောက်တည်း ဖုန်းပြောနေတာ။ ကျွန်မနာမည်ကို တ,တပြီး ခေါ်မနေနဲ့ မထူးနိုင်ဘူး"

"ခက်တာပဲကွာ၊ မာနကလည်း ကြီးလိုက်တာ။ ခေါ်တာတောင် မထူးဘူးတဲ့။ ဘယ်လိုကောင်မလေးလဲ။ တော်တော်မာနကြီးတယ်နဲ့ တူတယ် ...

ကိုယ်ကလည်း စကားပြောရင် အဲဒီလိုခေါ်ပြီးမှ ပြောတတ်တာ။ တစ်ခုခု လေးနက်တဲ့ စကားတစ်ခု ပြောတော့မယ်ဆိုရင် အဲဒီလိုပဲ ခေါ်တတ်တယ်။ မင်းကိုမှ မဟုတ်ဘူး။ ဘယ်သူနဲ့ပဲဖြစ်ဖြစ် အဲဒီလိုပဲ"





"ကျွန်မကလည်း အဲဒီလို အပိုအလုပ်တွေကို အမုန်းဆုံးပဲ"

"ကဲ ... ဒါဆိုရင်တော့ မင်းနဲ့ ကိုယ့်ကြားမှာ ကွဲလွဲချက်တစ်ခုခုတော့ ရှိနေပြီ။ ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး။ မင်းနဲ့ ကိုယ်နဲ့ ညှိကြမှ ဖြစ်တော့မှာ ...

အင်း ... ညှိဖို့ဆိုတာကလည်း မလွယ်တော့ မလွယ်ဘူး။ တစ်ယောက်ယောက်ရဲ့ ဆန္ဒကို တစ်ယောက်က လိုက်လျှောပေးမှကို ဖြစ်တော့မှာ"

"အေးလေ ... အဲဒီတော့ ရှင်ကပဲ ကျွန်မရဲ့ဆန္ဒကို လိုက်လျှောပေါ့"

"ဟာ ... အဲဒီလိုကြီးတော့ မလိုက်လျှောချင်ပါဘူး။ လူတိုင်းမှာ ကိုယ်ပိုင် Right တစ်ခုဆီတော့ ရှိကြတာပဲ။ ဒီလိုလုပ်လေ မင်းက ကိုယ့်ကျေးဇူးကို ဆပ်မယ်မဟုတ်လား"

"ဘာလဲ။ ကျေးဇူးဆပ်တဲ့ အထိမ်းအမှတ်နဲ့ ရှင်ခေါ်တာကို ထူးပေးရမယ်ပေါ့။ နိုး ... နိုး ... အဲဒါတော့ မရဘူး"

"မဟုတ်ပါဘူးကွာ။ ပြောတဲ့စကားကိုလည်း ဆုံးအောင် နားမထောင်ဘူး။ ကျေးဇူးဆပ်တဲ့ အထိမ်းအမှတ်နဲ့ ခေါ်တာကို ထူးပေးရမှာ မဟုတ်ဘူး။ ကျေးဇူးဆပ်တဲ့အနေနဲ့ ကိုယ်နဲ့ အလောင်းအစားတစ်ခု လုပ်ရမယ် ...

မင်း နိုင်ရင်တော့ မင်းသဘောပဲ။ ကိုယ်နိုင်ရင်တော့ မင်းက ကိုယ့်အလိုကို လိုက်လျှောရမယ်။ ဘယ်လိုလဲ"


www.burmeseclassic.com

www.burmeseclassic.com

"အင်း ... စဉ်းတော့ စဉ်းစားရမယ်"

"စဉ်းစားစရာ မလိုပါဘူး။ မင်းအတွက် သမာသမတ်ကျပြီး မျှတပါတယ်။ မင်းဘက်မှာ အခွင့်အရေး ပိုရထားတယ်လေ။ ကျေးဇူးဆပ်တဲ့အနေနဲ့ မင်းက ကိုယ့်ရဲ့အလောင်းအစားကို လက်ခံပေးရမှာ။ မင်း နိုင်သွားရင်တော့ ကိုယ်က ဒီတစ်သက် မင်းရဲ့ ရှန်ဆိုတဲ့ ထူးသံလေးကို မကြားနိုင်ရတော့ဘူးပေါ့"

"အောင်မယ် ... ရှင့်ကို ဘယ်သူက ရှန်လို့ ထူးမယ် ပြောနေလို့လဲ"

"ရှန်လို့ ထူးရမယ်လေ။ မိန်းကလေးဆိုတာ ယဉ်ယဉ်ကျေးကျေး ရှန်လို့ ထူးရမှာပေါ့၊ ကဲ ... ဘယ်လိုလဲ ဖြစ်မလား။ မင်းက တရားမျှတမှုကို ကြိုက်တယ် မဟုတ်လား"

"အိုခေ ... ရှင်ရဲ့အလောင်းအစားကိုလည်း ပြောပါဦး"

"မင်း ကိုယ့်ကို ကြိုက်တဲ့ကိစ္စတစ်ခုကိုခိုင်း၊ အဲဒါကိုဖြစ်အောင် လုပ်ပြမယ်။ ဖြစ်အောင်လုပ်နိုင်ရင် မင်းရှုံးတယ်။ အဲဒါဆို မင်းက ကိုယ်ခေါ်တိုင်း ရှန်လို့ ထူးရမယ်။ ကဲ... ဘယ်လိုလဲ။ မင်းဘက်ကို ကိုယ်က အခွင့်အရေးတွေအများကြီး ပေးထားတာနော် ...

ဒါကိုမှ မင်း ရှုံးသွားတယ် ဆိုရင်တော့ ရှန်လို့ ထူးဖို့ကို မင်းအတွက် ထိုက်တန်သွားပြီ မဟုတ်လား"





သူမက ဘာမှပြန်မဖြေပါ။ ဒါပေမဲ့ အာရုံခံနှလုံးသားဖြင့် ကြည့်သော စွမ်းအင်အရ သူမ မဲ့ပြုံး‚ပြုံးနေမည်ဆိုတာ သူ သိပါသည်။

"မင်း မဲ့ပြုံး‚ပြုံးနေတယ် မဟုတ်လား ရွှေ"

သူမထံမှ အသံတိတ်သွားသည်။ ပြီးတော့မှ ဝန်ခံခြင်းပါသော စကားလုံးတချို့က ထွက်လာပါသည်။

"ရှင်က မိန်းမအထာတော့ တော်တော်နပ်တယ်နဲ့ တူတယ်နော်"

ဒါက သူ့ကိုစတင်ဖွဲ့သော စကားမှန်း မသိတဲ့အထိ သူ မည့ံသေးပါ။ သူ့ခေါင်းထဲတွင် အီစီကလီမီးပွင့်လေးတွေမှာ တဖျပ်ဖျပ်နဲ့ လင်းလာသည်။ သူက လျှို့ဝှက်စွာပြုံးကာ ...

"ကိုယ် မိန်းမတွေအကြောင်း သိပ်မသိပါဘူး။ မင်းကိုကျတော့ မျက်စိနဲ့မမြင်ရပေမယ့် နှလုံးသားက လှမ်းမြင်နေရတယ်လေ။ ဒီတော့ မင်း ဘာလုပ်နေတယ်ဆိုတာ ကိုယ်သိတာ သိပ်တော့မဆန်းဘူး မဟုတ်လား"

သူက သူမ ပြောခဲ့ဖူးသော စကားတစ်ခွန်းကို မမေ့မလျော့စွာဖြင့် အထောက်အထား ခိုင်လုံစွာ ပြောလိုက်လျှင် သူမက တဟားဟားနှင့် အော်ရယ်လေသည်။ သူက စိတ်ရှည်စွာနဲ့ပဲ သူမ ရယ်တာကို သည်းခံပြီး စောင့်ပေးလိုက်သည်။ သူမက ရယ်လို့အားရတော့မှ သူ့ကို စကားစ‚ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com



"ရှင်က လျှော့ချက်(Check)ဖို့ မသင့်တဲ့ လူစားမျိုးပဲ"

"ဒါပေါ့ လျှော့ချက်ရင် ထမင်းဝတ်သွားမယ်၊ ပိုချက်ထား"

"အင်း ... တော်လ်ကီတွေကတော့ လတ်ပါတယ်။ ဒီလောက်နဲ့တော့ ရင်ဘတ်နဲ့မတိုးတာ ခက်တယ်"

ဟော ... သူမကလည်း စလာပြီ။ အစဉ်အလာနဲ့ နာမည်ကြီးခဲ့တဲ့ သူ့ကို တစ်စက်မှ မမှုတဲ့အလား ရဲရဲတောက်စွာ ခြေသည်။ သူကလည်း ဒီလိုစကားလေးတွေကို မျှော်လင့်နေတာ ဖြစ်ပါသည်။ သူမက ခြေပြီဆိုမှတော့ သူကလည်း လာထားပဲပေါ့။

"နောက်တော့ တိုးသွားမှာပေါ့။ အခုက အစပဲရှိသေးတယ်။ အစပိုင်းဆိုတော့ အများကြီးထည့်လို့ ဘယ်ရသေးမလဲ။ ဝုန်းခနဲ တန်းပြီးပြေးဝင်လာရင်း တိုင်နဲ့ ခေါင်းနဲ့ အုန်းဆိုပြီး ဆောင့်သွားမှာပေါ့ ...

ကိုယ် ကွဲသွားမှာပေါ့ ကောင်မလေးရဲ့ ဟဲ ...ဟဲ"

"ဟွန်း"

သူမထံမှ မကျေမနပ်သံ စူကောက်ကောက်လေး ထွက်ပေါ်လို့လာလျှင် သူ့ရင်ထဲ၌ တဖျပ်ဖျပ် မြည်သွားသည်။ အဲဒီ တဖျပ်ဖျပ်သည် ရင်ခုန်တာလား ဘာလားတော့ သူ့ကိုယ်သူ မသိပါ။ ခဏ ခဏ ဖြစ်နေတာဆိုရင်တော့ ရင်ခုန်တာပဲဖြစ်တော့မည်။ ခက်တာက သူ့ရင်သည် ခုန်တာလား၊ မခုန်တာလားဆိုတာတောင် သူ့ကိုယ်သူ မသိတော့ခြင်းပဲ ဖြစ်လေသည်။





"ဗွေ"

သူက တိုးဖွဖွ ခေါ်လိုက်လျှင် သူမက ပါးနပ်စွာဖြင့် မထူးပါ။

"ရှင်နဲ့ ကျွန်မနဲ့ အလောင်းအစား မလုပ်ရသေးဘူးလေ"

"အေးပါ။ အဲဒါကိုပဲ ပြောမလို့ပါ။ ကဲ ... ပြော၊ ကိုယ့်ကို ဘာခိုင်းမှာလဲ"

"အင်း ... စဉ်းစားဦးမှာပေါ့။ ချက်ချင်းကြီးတော့ ဘယ်သိမလဲ"

"မြန်မြန်စဉ်းစားကွာ။ မြန်မြန် အနိုင်အရှုံး ကွဲပြားမှ မင်းကိုယ်ခေါ်ရင် ထူးမှာ"

"အံမယ် ... ရှင် နိုင်မယ်လို့ အာမခံနိုင်လို့လား"

"လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်နေရတာပါ မဗေဒါရယ်"

သူက ပန်းပန်လျက်ပါ ရုပ်ရှင်ဇာတ်ကားထဲမှ ကောလိပ်ကျောင်းနေဝင်း အသံဖြင့် ပြောလိုက်လျှင် သူက သဘောကျစွာဖြင့် တဟားဟား ရယ်မောလေသည်။ ရယ်မောရင်းမှနေ ရုတ်တရက် အရယ်ရပ်သွားကာ သူ့နာမည်ကို အလန့်တကြား ထခေါ်သည်။

"ရာစုသစ်"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ရုတ်တရက်မို့ ယောင်ယမ်းပြီး ထူးမိသွားရသည်။ ပြီးတော့မှ သူမပြောခဲ့သော စကားတို့ကို သတိရသွားကာ ...

"ဟော့ ... မင်းက ကိုယ့်ကိုကျတော့ မင်းနာမည်ကို မခေါ်နဲ့လို့ ပြောတယ်။ အခု မင်းကျတော့ ကိုယ့်ကိုဘာဖြစ်လို့ ခေါ်တာလဲ"

"အို ... အသာနေစမ်းပါ။ အခု ကျွန်မ ရှင့်ကိုခိုင်းဖို့ အကြံတစ်ခု ထွက်လာလို့လေ"

သူက သူမစကားကို စူးစိုက်စွာ နားထောင်မိသည်။ သူမက ဆက်ပြောပါသည်။

"ရှင် အတန်းထဲက မြမှူးသရဖီနွယ်ကို သိလား"

"သိတယ်လေ။ မင်းနဲ့အပြိုင် နာမည်ကြီးနေတဲ့ လေဒီမဟုတ်လား။ သူက တရုတ်မော်ဒယ်၊ မင်းက မလေးရှားမော်ဒယ် ဟဲ ဟဲ"

"ဘာမလေးရှားမော်ဒယ်လဲ၊ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့"

"ဟုတ်တယ်၊ မင်း တကယ်တူတာ၊ အရမ်းမိုက်တယ်၊ စိတ်မပူပါနဲ့ ကိုယ်က အဲဒီ တရုတ်မယ်တော်ကို မကြိုက်ပါဘူး"

"မကြိုက်လို့ မရဘူး။ ရှင် သူ့ကို ကြိုက်ရတော့မယ်"





"ဘာဖြစ်တယ် ! ။ အဲဒီလိုကြီးတော့ မနောက်နဲ့လေ"

"နောက်နေတာ မဟုတ်ဘူး။ တကယ်ပြောတာ၊ ရှင် သူ့ကို ကျွန်မရှေ့မှာ ချစ်တယ်လို့ ပြောရလိမ့်မယ်"

"ဟာ ... အဓိပ္ပာယ်မရှိတာ"

"အဓိပ္ပာယ်မရှိတာ ရှိတာ ကျွန်မ မသိဘူး၊ ကျွန်မသိတာကတော့ ရှင် သူ့ကို ကျွန်မရှေ့မှာ ချစ်တယ်ဆိုပြီး ရည်းစားစကား ပြောပြရလိမ့်မယ် ...

အဲဒီလို ပြောနိုင်တယ်ဆိုရင် ရှင် နိုင်တယ်လေ။ ရှင့်ရဲ့အဆိုကို ကျွန်မ လက်ခံမယ်။ ရှင်ခေါ်လေတိုင်း everytime & everywhere 'ရှန်'လို့ ထူးပေးမယ်။ ဘယ်လိုလဲ"

သူမအသံက စိန်ခေါ်သလို ခပ်မြူးမြူး ထွက်လာသည်။ သူသည် နှုတ်ခမ်းကိုက်၍ တိတ်ဆိတ်စွာ စဉ်းစားရင်း မြမှူးသရဖီနွယ် ဟူသော ကောင်မလေးရဲ့မျက်နှာကို ပြေးမြင်ယောင်မိသည်။ မျက်လုံးလေး ခပ်မှေးမှေးဖြင့် ရှစ်မိုင်လောက်က လှမ်းကြည့်လျှင် တရုတ်မင်းသမီး ဖစ်ကီကျောင်းဝေနဲ့တူသော အဲဒီကောင်မလေးကလည်း ဒီပလိုမာသင်တန်းရဲ့ ဂုဏ်ထူးဆောင် အလုပဂေးလည်း ဖြစ်သေးသည်။ ဒီလို ကောင်မလေးမျိုးကိုမှ သူက ရည်းစားစကား ပြောရမတဲ့။ ပြောရမှာလည်း သူမရဲ့ရှေ့ တည့်တည့်မှာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အချွန်နဲ့မ,နေပြီဖြစ်သော တစ်ခိုင်လုံးရွှေပင်

တည်း။

"မင်းက ကိုယ့်ကို တကယ့်ဟာကိုမှခိုင်းနေတာကိုး ရွှေရဲ့"

"အေးပေါ့ ... လွယ်တာတော့ ဘယ်ခိုင်းမလဲ။ ရှုဝံကြယ်ကို ယူပေးပါတို့ ဘာတို့ကလည်း မဖြစ်နိုင်တဲ့ဟာတွေလေ"

"ဩော် ... ဒါကြီးကတော့ ဖြစ်နိုင်တယ်ပေါ့"

"ဒါကတော့ ရှင် ဆုံးဖြတ်လေ။ ကျွန်မကတော့ ကျွန်မဖြစ်ချင်တာ ခိုင်းတာပဲ။ ရှင့်မှာ မလုပ်နိုင်ဘူးဆိုတဲ့ ငြင်းပယ်ပိုင်ခွင့်လည်း ရှိပါတယ်။ လုပ်ရင်တော့လည်း ရှင်ဖြစ်စေချင်သလို ဖြစ်သွားရမှာပေါ့"

သူက အသက်ကိုဝဝရှူကာ ဆုံးဖြတ်ချက်တစ်ခုကို နိုင်နိုင်မာမာ ချလိုက်သည်။

"အိုခေလေ ... မြမှုုးသရဖီနွယ်ကို မင်းရှေ့မှာ ကိုယ် ချစ်တယ်လို့ ပြောပါ့မယ်"

သူမထံမှ အသံတိတ်သွားသည်။ ပြီးတော့မှ ...

"ရှင် သေချာစဉ်းစားဦးမလား။ အခုချက်ချင်း အဖြေမပေးချင်ရင်လည်း ရပါတယ်"

"စဉ်းစားစရာ မလိုပါဘူး။ မင်းက သူ့ကို ရည်းစားစကားပြောစေချင်တယ် မဟုတ်လား။ မင်း ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရမှာပေါ့ ရွှေ ...

မင်းခိုင်းတဲ့အတိုင်း ကိုယ်လုပ်မှာပါ"





"အိုး ... ကျွန်မ ခိုင်းတာမဟုတ်ပါဘူး။ ရှင်နဲ့ လောင်းကစားလုပ်တာလေ။ ရှင် လက်မခံချင်ရင်လည်း ဖြစ်သားပဲ"

"ကိုယ် လက်မခံလို့မှ မဖြစ်တာ။ ကိုယ် လက်မခံရင် ကိုယ် အရှုံး၊ ဒါဆိုရင် မင်းက ခေါ်တိုင်း ရှန်လို့ထူးတော့မှာမှ မဟုတ်တာ"

"ဒါပေမဲ့ ရှင် သူ့ကို ချစ်တယ်လို့ ပြောလိုက်တဲ့အခါမှာ နောက်ဆက်တွဲ ဖြစ်လာမယ့် အကျိုးဆက်တွေက ရှော့နည်းနည်းတော့ ရှိမယ်နော်"

"မင်းက အဲဒါကို စိုးရိမ်နေတာလား၊ ဒါဆိုရင် ကိုယ့်ကို ဘာလို့ ခိုင်းနေသေးလဲ"

"ကျွတ် ... သွားသေလိုက်ပါလား။ ရှင့်ကို ဘယ်သူက စိုးရိမ်တယ် ပြောနေလို့လဲ"

သူက လှို့ဝှက်စွာ တစ်ချက်ပြုံးလိုက်ပါသည်။

"ဟုတ်ပါပြီ။ စိုးရိမ်နေတယ်ဆိုလည်း မစိုးရိမ်ဖို့ ပြောမလို့ပါ။ ကိုယ့်အတွက် စိတ်မပူပါနဲ့ ရွှေ။ ဒါပေမဲ့ ဒီလိုခက်ခဲတဲ့ လောင်းကစားတစ်ခုကို လက်ခံခဲ့တဲ့ ကိုယ့်အတွက် မေးခွန်းတစ်ခုကို အမှန်အတိုင်း ဖြေပေးမလား"

"ဘာမေးမှာလဲ"

"ပြန်မမေးနဲ့လေ။ အမှန်အတိုင်း ဖြေပေးမလား။ မဖြေပေးဘူးလားပဲ သိချင်တာပါ။ စိတ်ချပါ။ မင်း ဖြေရကျပ်တဲ့ အတိုင်းအထွာတွေ ဘာတွေ မမေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေဦးမယ်။ ကဲ ... ပြော"

"သြော် ... မင်း ဝမ်းလျှောတာလေ။ ဘာတွေများ အစားမှားသွားလဲလို့"

"ဟာ ... ဒါ ရှင်မေးစရာလား"

"သြော် ... ပြောပြပါ။ တကယ် စိတ်ဝင်စားလို့ပါ။ ကိုယ်လည်း ရှောင်လို့ရအောင်လို့ပေါ့"

"ဝက်သားတုတ်ထိုးနဲ့ သင်္ဘောသီးသုပ်ပေါ့။ မန်ကျီးဖျော်ရည်လည်းပါတယ် သိပြီလား"

သူမက ပြောပြီးတာနှင့် ပြောပြောဆိုဆို ဖုန်းချသွားလျှင် သူသည် သဘောတကျဖြင့် ရှုံ့ရှုံ့မဲ့မဲ့ ရယ်မောမိလေသည်။ ဒါပေမဲ့ သိပ်အကြာကြီး မရယ်နိုင်ပါ။ မြမှုူးသရဖီနှယ် ဆိုသောတစ်ယောက်ကို ရှော့မတက်စေရဘဲ ရည်းစားစကားပြောဖို့ကိစ္စကရှိသေးသည်။ ဒီကိစ္စသည်လည်းပဲ တွေးတောတတ်လျှင် သိပ်တော့ခက်မည်မဟုတ်ပါ။

မည်သည့်နည်းလမ်းမဆို ပြဿနာရဲ့နည်းလမ်းကို မသိခဲ့လျှင် ပြဿနာဟု ခေါ်ဆိုနိုင်ပြီး ပြဿနာရဲ့နည်းလမ်းကို သိခဲ့ရလျှင်တော့ ပြဿနာဟု မခေါ်ဆိုနိုင်တော့ပါ။





## ၁၈

ရွှေသည် ကျောင်းသွားချိန် နီးလာပြီဖြစ်သဖြင့် မှန်ရှေ့မှာ ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်ခြယ်သနေမိသည်။ အဝတ်အစား ဝတ်ပြီးသွား၍ နောက်ဆုံးအဆင့်ဖြစ်သော နှုတ်ခမ်းနီဆိုးနေတုန်းမှာပဲ ခုတင်ပေါ်မှာ တင်ထားသော ရွှေရဲ့ဖုန်းက အသံထမြည်လာသည်။ ရွှေက ဖုန်းနံပါတ်ကိုကြည့်လိုက်လျှင် ရာစုသစ်ဆီကဆိုတာကို သိလိုက်ရသည်။

"ဟယ်လို"

"အင်း ... ရွှေ။ အလုပြင်နေတုန်း အနှောင့်အယှက်ဖြစ်သွားရင် ဆောရီးပဲ။ ကိုယ် မင်းကို သတင်းလှမ်းပေးတာပါ။ ဒီနေ့ မြမှုူးသရဖီနှယ်ကို ကိုယ် ရည်းစားစကားပြောမယ်"

ရွှေသည် ရုတ်တရက် ဘာမှပြန်မပြောမိ။ သူက ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

“ဘယ်မှာပြောမလဲ ဆိုတာတော့ အတန်းထဲမှာပေါ့။ အတန်းသားအားလုံး ဆုံတဲ့အချိန်မှာပြောမှာ ရွှေ။ မင်းတစ်ယောက်တည်းရဲ့ရှေ့တင် မဟုတ်ဘူးပေါ့”

“ဘယ်လိုလဲ၊ ရွှေ အတွက် ကိုယ် တကယ်ကြိုးပမ်းခဲ့ပါရဲ့နော်”

ရွှေသည် ဒီလိုကြီး သူ တကယ်ပဲ လုပ်ပါ့မလားလို့ မယုံတစ်ဝက် စိတ်ထားမျိုး ရှိခဲ့သောကြောင့် ဒီလိုပြောလာခဲ့သောအခါ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ ကြောင်နေမိသည်။ အံ့သြစိတ်ကလည်း ရင်ဘတ်နဲ့အပြည့် ဖြစ်လို့နေပေသည်။

“ကဲ ... အဲဒါလေး လှမ်းဆက်ပြောနေတာပါ။ ကိုယ် ဖုန်းချတော့မယ်နော်”

“အင်း ... အင်း”

ရွှေက မှင်သက်နေရာမှ အင်း,လိုက်လျှင် သူက ဘိုင့်ဘိုင်ဟု နှုတ်ဆက်ကာ ဖုန်းချသွားသည်။ ရွှေသည် နှုတ်ခမ်းနီဆိုးနေတာတောင် စိတ်ဖြောင့်လက်ဖြောင့် မဆိုးနိုင်တော့ဘဲ အဆင်ပြေသလိုဆိုးကာ အမြန်ပြီးသွားသည့်။ မှန်ထဲမှာ မြင်နေရသော ရွှေသည် အဝါရောင်အင်္ကျီလှလှကို ဝတ်ဆင်ထားပြီး ကျောလယ်မှာရှိသော ဆံနွယ်တွေက အပေါ်ပိုင်းမှာ ဖြောင့်စင်းလျက် အဖျားလေးတင် ခွေနွဲ့လိပ်ထားကာ Degital ကောက်သားတို့မှာ သဘာဝကျစွာ လှပနေကြသည်။ ရွှေရဲ့ရုပ်ရည်ကို တော်တော်များ





များက မြန်မာမဆန်ဟု ပြောကြသည်။ မလေးရှားမလိုလို၊ ဖိလစ်ပိုင်မလိုလိုဖြင့် ဆွဲဆောင်မှုတစ်ခုကတော့ ရှိနေသည်။

ဆွဲဆောင်မှုရှိသော မျက်နှာတစ်ခုသည် မှန်ထဲကနေ၍ ရွှေ့ကို အသာအယာ စိုက်ကြည့်နေသည်။ ဒီနေ့ သူက မြမှူးသရဖီနွယ်ကို ရည်းစားစကား ပြောတော့မယ်တဲ့။ အဲဒီအကြောင်းအရာသည် ရွှေ့ကို နည်းနည်းတော့ စိတ်လှုပ်ရှားစေပါသည်။ ကိုယ်ကပဲ ပြောခိုင်းပြီး ဘာကြောင့် စိတ်လှုပ်ရှားကာ စိတ်တွေတစ်မျိုး ဖြစ်နေသလဲတော့ မသိ။ နည်းနည်းတော့ တုန်တုန်လှုပ်လှုပ် ဖြစ်နေသောကြောင့် မျက်လုံးတွေကိုမှိတ်ပြီး ဝင်လေထွက်လေကို သတိထားမှတ်ကာ သုံးမိနစ်လောက် အသက်ကို မှန်မှန်ရှူလိုက်ရသည်။ ပြီးတော့မှ ကျောင်းသို့ ထွက်လာခဲ့သော ရွှေ့ရဲ့ ခြေလှမ်းများသည် ခါတိုင်းနေ့ကထက် ဘာကြောင့်များ သွက်လက်နေရသလဲတော့ မသိပါ။ ကျောင်းရောက်လျှင်တော့ ရွှေရဲ့သူငယ်ချင်းမများမှာ ကန်တင်းတွင် ကြိုတင်ရောက်ရှိလို့ နေကြသည်။

“လာဟေ့ တစ်ခိုင်လုံးရွှေ။ ဘာစားမလဲ၊ တုတ်ထိုးနဲ့သင်္ဘောသီးသုပ် စားမလား”

“စားမယ် ... စားမယ်။ နင်တို့ ငါ့ကို တော်တော်စောစောနှာ ရှိကြတယ်နဲ့တူတယ်”

“ဟုတ်ပါဘူးဟာ။ ငါတို့က နင့်ကို အားကျနေတာပါ။ နင် အစားလျှော့စရာမလိုဘဲ ဝိတ်လျှော့လို့ ရလို့လေ”


www.burmeseclassic.com

www.burmeseclassic.com

"တော်စမ်းပါဟာ။ ဟဲ့ ... နင်တို့ကို ငါ သတင်းထူးတစ်ခု ပြောစရာရှိတယ်"

"ဘာလဲ ... ဘာလဲ၊ ဘယ်က အမျိုးသားကောင်လေးတစ်ယောက်နဲ့ အီစီကလီ ဖြစ်နေပြန်ပြီလဲ"

"တော်စမ်းပါ။ ငါ့အကြောင်း မဟုတ်ဘူး။ ရာစုသစ်အကြောင်း"

"ရာစုသစ် ! ။ ဟဲ့ ... နင်နဲ့ ရာစုသစ်ကရော ဘာတွေလဲ။ ဘယ်အဆင့်ထိ ရောက်နေကြပြီလဲ။ ပြော"

"ဘယ်အဆင့်မှ မရောက်ဘူး။ နေပါဦး ... နင်တို့ကလည်း ငါပြောတာ ဖြတ်,ဖြတ်ပြီး မပြောစမ်းပါနဲ့။ ဒီနေ့ အတန်းထဲမှာ နင်တို့ ထူးခြားတဲ့ မြင်ကွင်းတစ်ခုကို တွေ့ရလိမ့်မယ်"

"ဘာလဲ ... ရာစုသစ်က တစ်တန်းလုံးရှေ့မှာ နင့်ကို ရည်းစားစကား ပြောမှာတဲ့လား"

"ပြောတော့ ပြောမှာ။ ဒါပေမဲ့ ငါ့ကိုတော့ မဟုတ်ဘူး"

"ဘယ်သူလဲ ... ငါ့ကိုလား"

လွန်းမြတ်က မြီးရှည်ကို တူဖြင့် အားရပါးရသုပ်စားရင်းမှ မေးသည်။ ရွှေသည် လွန်းမြတ် မေးတာကို ပြန်မဖြေနိုင်ဘဲ သူ စားနေသော မြီးရှည်တွေကိုသာ စားချင်စိတ်ဖြင့် ငေးမောနေမိသည်။ ဝမ်းကိုက်ပိုး ဝင်ထားသဖြင့် ဆရာဝန်က အပြင်





စာတွေ တစ်လလောက် ရှောင်ရမည်ဟု ပြောထားသောကြောင့် ရွှေ့မှာ နှစ်သက်သော အပြင်စာမုန့်သမျှ ဘာမှမစားရ။ တစ်နေ့တစ်နေ့ ပေါင်မုန့်၊ ခေါက်ဆွဲပြုတ်၊ မြူစွမ် စသော လူမမာအစားအစာများနဲ့သာ ပြီးနေရသည်။

"ဟဲ့ ... ဘာမျှော်နေတာလဲ"

"အင် ... မဟုတ်ပါဘူး"

"ဘာဖြစ်နေတာလဲ၊ ဝေဝေဝါးဝါးနဲ့။ ပြောလေ ရာစုသစ်က ဘယ်သူ့ကို ရည်းစားစကား ပြောမှာတဲ့လဲ"

"မြမှူးသရဖီနွယ်"

လွန်းမြတ်က စားလက်စမြီးရှည်တွေ ပလုတ်ပလောင်းဖြင့် ရွှေ့ကို မျက်လုံးပြူးကြည့်သည်။ မယ်သီကတော့ ကော်ဖီမော့ရင်းမှ မျက်လုံးစွေကြည့်လေသည်။ ရွှေက မေးခွန်းတွေဖြင့် ပြည့်နှက်နေသော သူတို့မျက်ဝန်းများကို တည့်တည့်စိုက်ကြည့်ကာ ခေါင်းတစ်ချက် ဆတ်ပြရင်းမှ ...

"ဟုတ်တယ်။ အဲဒီ ရည်းစားစကားကို ငါကပဲ ပြောခိုင်းလိုက်တာ"

"ဟာ ... ဘာတွေလဲ။ အသစ်တွေပါလား၊ လိုက်လို့မမီတော့ပါလား"

"လိုက်လို့မမီရင် ရောက်တဲ့နေရာမှာတင် နေခဲ့တော့။ အဲဒါ သူနဲ့ ငါနဲ့ အလောင်းအစား လုပ်ထားတာလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... အဲဒါကို သူက လက်ခံတယ်ပေါ့"

"ဩော် ... လက်ခံလို့ပဲ အခု သူက ဒီနေ့ မြမှုးသရဖီနွယ်ကို ရည်းစားစကား ပြောတော့မယ်လေ။ ဒီနေ့မနက်ဘဲ ငါ့ကို ဖုန်းဆက်ပြောတာ"

"ဟဲ့ ... အဲဒီတော့ ရှော့ရှိမှာပေါ့။ ရည်းစားစကားပြောတယ်ဆိုတာ ပြောပြီးတာနဲ့ ပြီးသွားတာမှ မဟုတ်တာ။ ပြီးတော့ ပြောမယ့်သူကလည်း တကယ့် ဇော်ကိုမှရွေးပြောမှာ။ ပြောမယ့်နေရာကလည်း အတန်းထဲမှာဆိုတော့ ဟား ဒီနေ့တော့ သမ္မတမသွားဘဲ ကားကောင်းတစ်ကား ကြည့်ရဦးမှာပဲ။ ဟိ ... ဟိ ... ကောင်းတယ် ...

နင်ကလည်း ဘယ်လိုစိတ်ကူးနဲ့ အဲဒီလို သွားခိုင်းလိုက်ရတာလဲ။ ဩော် ... အေးပေါ့။ အလောင်းအစားနဲ့မို့။ ဒါပေမဲ့ ဟိုကလည်း တကယ်လုပ်တယ်နော်။ မြမှုးသရဖီနွယ်ကို တကယ်ရည်းစားစကား ပြောမယ်ဆိုတော့ အံ့တော့အံ့ဩစရာပဲ။

ဘယ်လိုများ ပြောမှာပါလိမ့်။ ဒီလိုဆိုရင် အခုအခြေအနေမှာကို သူက တစ်ဝက်နိုင်နေပြီပေါ့"

မယ်သီရဲ့အပြောကြောင့် ရွှေသည် တွေခနဲဖြစ်သွားသည်။ တွေခနဲ ဖြစ်သွားမှုမှာ ကိုယ်ရှုံးမှာ ကြောက်လို့ရယ်ဟူသော အသိကြောင့် သက်သက်တော့ မဟုတ်။ ရှုံးလျှင်လည်းပဲ ရွှေပေး





ဆပ်ရမည့် အခွင့်အရေးမှာ ဘာမှ ကြီးကြီးကျယ်ကျယ်တော့မဟုတ်။ ဒါပေမဲ့ သူ ဟိုကလေးမကို အများသူငှာရှေ့မှာ ရည်းစားစကား ပြောတော့မယ်ယူသော ကိစ္စရပ်သည် ရွှေ့ရဲ့စိတ်ကို တည်တည်ငြိမ်ငြိမ်တော့ သိပ်မဖြစ်စေပါ။

"ကဲ ... မြန်မြန်စားကြဟာ၊ အတန်းထဲ သွားရအောင်"

"ဟင် ... မိန်းမ။ နင့်ဘာသာနင် ခိုင်းပြီး အခုတော့ နင့်ဘာသာနင် ဇာတ်ပျက်နေပြီ မဟုတ်လား"

"မပျက်ပါဘူး။ ငါက ဘာဆိုင်လို့ ပျက်ရမှာလဲ"

"အောင်မာ မညာပါနဲ့။ နင့် မျက်လုံးတွေထဲမှာ ဒီကိစ္စအတွက် စိုးရိမ်စိတ်တွေကို ငါတွေ့နေရတယ်။ အင်း ... ရာစုသစ်တစ်ယောက်လည်း နင်နဲ့ကျတော့မှပဲ အိမ်သာတော်ဝန်မင်းလည်းဖြစ်ရ၊ အခုလည်း ဘာမှန်း ညာမှန်းမသိဘဲ မိန်းကလေးတစ်ယောက်ကို ရည်းစားစကား ပြောရတော့မယ်"

မယ်သီရဲ့နောက်ဆုံးပိတ် အဆုံးသတ်စကားများသည် ရွှေ့ရဲ့ရင်ခုန်သံတွေကို ပုံမှန်ထက် နည်းနည်းမြန်သွားစေသည်။ ချက်ချင်းပဲ သူ့မျက်နှာကို မြင်ယောင်မိကာ ခံစားချက်တွေ ပြောင်းလဲသွားသော ကိုယ့်ကိုယ်ကိုယ်လည်း ကျိန်ဆဲမိသည်။ သူ့မျက်လုံးတွေသည် ရွှေ့ကို ကြည့်လေတိုင်း အစဉ်သဖြင့် ရှိနေကာ အရိပ်ယောင်တစ်မျိုးဖြင့် လင်းဖြာနေသည်။ အဲဒီမျက်ဝန်း


www.burmeseclassic.com

www.burmeseclassic.com

တွေသည် လောကမှာ တစ်စုံတစ်ယောက်တည်း အတွက်သာ သီးသန့်ခံစားမှု ဖြစ်ပေါ်လာသော မျက်ဝန်းမျိုးဖြစ်သည်။ သူ ရွှေ့အတွက် တကယ်ပဲ ပြောင်းလဲလာတာလား။

ရွှေ မစဉ်းစားတတ်တော့ပါ။ စာသင်ခန်းရှိရာသို့ လှမ်းလာသော ရွှေရဲ့ခြေလှမ်းများသည် လိုအပ်သည်ထက် ဘာ့ကြောင့်မြန်နေသလဲ ဆိုတာတော့ ရွှေရဲ့နှလုံးသားများက အတည်ပြုမပေးသေးပါ။ အတန်းထဲသို့ ရောက်သွားလျှင် ကျောင်းတက်ချိန်ရောက်နေပြီဖြစ်၍ အတန်းထဲ၌ လူစုံနေပြီဖြစ်သည်။ ရွှေရဲ့မျက်လုံးများသည် အတန်းထဲမှာ သူ့ကို မသိမသာရှာဖွေမိသည်။ သူ မရှိသေးပါ။ မရောက်သေးပါ။ ရွှေရဲ့မျက်လုံးနှစ်လုံးအားဖြင့် မလုံလောက်သဖြင့် သူငယ်ချင်းတွေကိုပါ အကူအညီ တောင်းမိသည်။

သူငယ်ချင်းတွေကလည်း ရှာဖွေပေးသည်။ ရာစုသစ်ကို မတွေ့ရပါ။ ရာစုသစ်တင်သာမက သူ့ရဲ့သူငယ်ချင်းတွေကိုပါ မတွေ့။ ရွှေသည် ရာစုသစ်ကို မတွေ့သောအခါ မြမှုံးသရဖီနွယ်ကို ရှာဖွေမိသည်။ မြမှုံးသရဖီနွယ်ကိုတော့ သူမနေရာမှာ ဘော်ဒါတစ်စုနှင့် တွေ့ရပါသည်။ ရွှေသည် မြမှုံးသရဖီနွယ်ကို အခုမှပဲ စေ့စေ့စပ်စပ် ငေးမောမိသည်။ ရာစုသစ် ပြောသလို ရှစ်မိုင်ကကြည့်လျှင် တရုတ်မင်းသမီး ရှုကြည်နှင့်တူသော သူမသည် မကြာခင်မှာ ရည်းစားစကားပြောခံရတော့မှာကို ကြိုမသိ၍ လွတ်လပ်ပေါ့ပါးစွာ ရယ်မောနေသည်။





အဲဒီအချိန်မှာပဲ အတန်းထဲသို့ ကျောင်းသားနှစ်ယောက်က ဝင်ရောက်လာကာ ဆရာတွေ စာသင်သော စတေ့ချ်ပေါ်သို့ တက်လိုက်တာကို တွေ့ရသည်။ လူရှေ့သူရှေ့မှာ ထင်းထင်းကြီး ထွက်နေသောကြောင့် ဆူညံနေသော အတန်းတွင်းတွင် အသံတွေက နည်းနည်းငြိမ်သက်သွားသည်။ ခပ်နောက်နောက်ရှိသော ကျောင်းသားတစ်ယောက်က “မီးပြတ်သွားပြီ”ဟု ထအော်သည်။ မယ်သီက စင်ပေါ်သို့ မျက်လုံးပြူးဖြင့် လှမ်းကြည့်ကာ လွန်းမြတ်နှင့် ရွှေကို အလန့်တကြား အော်ပြောသည်။

“ဟဲ့ ... ဟဲ့ ... ဟိုပေါ်မှာ ပြည့်ဖြိုးနဲ့လင်းထက် မဟုတ်လား”

“ဟုတ်ပ! ကြည့်စမ်း။ ဟင် ... သင်း ... ဒါ ဘာကြောင်တာလဲ”

လွန်းမြတ်က အော်ပေမယ့် ရွှေကတော့ စိတ်ဝင်တစား ကြည့်နေမိသည်။ ထိုအချိန်မှာပဲ လင်းထက်က အတန်းသားတွေကို စကားစ,ပြောသည်။

“နားထောင်ပါ သူငယ်ချင်းတို့။ ဖရန်ဇို ပရိဒတ်ရှင်းကနေ နောက်တစ်ခါ တင်ဆက်လိုက်တယ်။ အဲလေ ... ဟုတ်ပါဘူး။ ယောင်လို့ ... ယောင်လို့”

လင်းထက်က စိုင်းစိုင်းသီချင်းကို စ,ဆိုပြီး အရွှန်းဖောက်လျှင် အတန်းထဲ၌ ဝါးခနဲ ပွဲကျသွားသည်။ ထိုသူက ရယ်ရင်းမှ ဆက်ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီတစ်ခါ တကယ်ပြောမှာပါ။ အခု ကျွန်တော်တို့အဖွဲ့က သူငယ်ချင်းတို့ကို ကဗျာစာအုပ်လေးတွေရောင်းမှာ ဖြစ်ပါတယ် ...

ခေတ်အဆက်ဆက်က တက္ကသိုလ်တွေမှာ ကဗျာစာအုပ်လေးတွေ စုထုတ်ခဲ့ကြပြီး အမြတ်အစွန်းကို အဓိကမထားဘဲ ရောင်းချခဲ့ကြတာ သူငယ်ချင်းတို့လည်း သိမှာပါ"

"သိပါတယ် ... သိပါတယ်"

"အားပေးမှာပါ"

"တစ်အုပ်ဝယ်ရင် နှစ်အုပ်လက်ဆောင်လားဟေ့"

အောက်က ကျောင်းသားတွေဆီမှ အသံသေး အသံကြောင်တွေက မျိုးစုံထွက်လာသည်။ သို့သော် အပေါ်ကဟာတွေကတော့ ဖြုံပုံမပေါ်ပါ။

"ဟုတ်ကဲ့ ... အဲဒီတော့ ကျွန်တော်တို့က ကဗျာစာအုပ်လေးထဲမှာ မေတ္တာလက်ဆောင်အဖြစ် မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောနည်း ခုနစ်နည်းကို ထည့်ပေးထားပါတယ်"

"ဟေ့ ... အဲဒါကို အခု ကြော်ငြာဟေ့"

"ဝယ်မယ် ... ဝယ်မယ်။ ရောင်းပါ ... ရောင်းပါ"





အတန်းထဲက ကျောင်းသားတွေရဲ့အသံတွေကကျွက်ကျွက်ညံကာ ဆူညံသွားသည်။ စင်ပေါ်က လူနှစ်ယောက်က လက်ဝါးနှစ်ဖက်ကို ကာပြကာ ...

"ဟုတ်ကဲ့ပါ။ ခဏလေး ငြိမ်ပေးပါဦး။ ပြောစရာရှိသေးလို့ပါ။ အဲဒီ ခုနစ်နည်းထဲက နှစ်နည်းကို ကျွန်တော့်သူငယ်ချင်းနှစ်ယောက်က ခေတ်နှစ်ခေတ်ကို ထူထောင်နိုင်ခဲ့တဲ့ သားအဖနှစ်ယောက်ရဲ့ မတူညီ ကွဲပြားတဲ့စတိုင်လ်မျိုးနဲ့ ရည်းစားစကား ပြောပြမှာ ဖြစ်ပါတယ်"

"ဝေး ... ဟေး ... ဟေး"

"ရှီး ... ဖြောင်း ... ဖြောင်း"

အတန်းထဲက ကျောင်းသားတွေရဲ့ လက်ခေါက်မှုတ်သံနဲ့ လက်ခုပ်သံတို့က ဆူညံသွားသည်။ ကျောင်းသူတွေက စိတ်ဝင်တစားဖြင့် ပြုံးစိ ပြုံးစိ။

အဲဒီအချိန်မှာပဲ အတန်းထဲသို့ ရာဇာနေဝင်း စတိုင်လ်ဖြင့် ကျောင်းသားတစ်ယောက်က ဝင်လို့လာလျှင် အားလုံးပွဲကျသွားသည်။ ထိုကျောင်းသားက လက်ထဲမှာ ကဗျာစာအုပ်တစ်အုပ်ကိုကိုင်ကာ နောက်ဆုံးအတန်းလောက်က ကျောင်းသူတစ်ယောက်ထံသို့ တည့်တည့်လျှောက်သွားသည်။ ပြီးတော့ တကယ်ကိုပဲ ရာဇာနေဝင်း စတိုင်လ်ဖြင့် ရည်းစားစကား ပြောပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... အာရုံတွေ မများပါနဲ့။ မများပါနဲ့။ ချစ်တဲ့ အာရုံဆိုတာ ဒီတစ်ယောက်မှာပဲ ရှိသင့်ပါတယ်၊ မင်းကို မြင်ရုံနဲ့ စွဲလမ်း ... စွဲလမ်း ... စွဲလမ်းလွန်းလို့ ကြက်ရိုးကိုက်လေတိုင်း မင်းကို အမြဲတမ်း သတိရခဲ့တဲ့သူပါ"

အဲဒီစကားကိုကြားလျှင် တစ်ခန်းလုံးက ဝိုင်းရယ်ကြသည်။ သူ ရည်းစားစကားပြောသောကောင်မလေးမှာ တကယ့်ကို ပိန်ပိန်သေးသေးလေး ဖြစ်သောကြောင့် ကောင်မလေးကလည်း နှုတ်ခမ်းကို အသာကိုက်ကာ ရယ်သည်။ စိတ်ဆိုးပုံတော့မပြ။ လွတ်လပ်ပျော်ရွှင်နေကြသော လူငယ် လူရွယ်တွေမို့ အားလုံးက ပေါ့ပေါ့ပါးပါးဖြင့် အထာသိကာ တိုင်ပင်ကိုက်နေကြသည်။

"ကဲ ... ကဲ ... ကဲ ... ဒီတော့ ... ဒီတော့ကာ မင်း ကိုယ့်ကို မငြင်းလိုက်ပါနဲ့ မငြင်းလိုက်ပါနဲ့နော်။ ဒီကဗျာစာအုပ်လေးထဲက စာသားတစ်ခုအတိုင်း မင်းနဲ့ ကိုယ်ရဲ့နှလုံးသားနှစ်ခုကို တွဲချည်ထားလိုက်ကြရအောင် ...

ဘယ်လိုလဲ ချည်မှာလား"

"ချည်မှာ ... ချည်မှာ ... ဂုန်နီအိတ်ကြိုးနဲ့"

ကျောင်းသားတချို့က လှောင်ပြောင်သည်။ အဲဒီတစ်ယောက်က ကောင်မလေးကို ကဗျာစာအုပ်လက်ဆောင်ပေးကာ အားလုံးကို လက်ပြရင်း သူ့နေရာမှာသူ သွားထိုင်သည်။ အဲဒီ





အချိန်မှာပဲ စင်ပေါ်က ကျောင်းသားနှစ်ယောက်က ထပ်၍ကြော်ငြာပြန်သည်။

"ဟုတ်ကဲ့ ... ဒီတစ်ခါ ရည်းစားစကားပြောဖို့ အလှည့်ကျသူကတော့ ရာဇာနေဝင်းရဲ့အဖေ ကောလိပ်ဂျင်နေဝင်း ဖြစ်ပါတယ်ခင်ဗျား"

အဲဒီအခါတွင် တစ်တန်းလုံးရဲ့ လက်ခုပ်သံတွေ၊ လက်ခေါက်မှုတ်သံတွေက အခုနကထက် ပို၍ညံသွားသည်။ သိပ်မကြာခင်မှာပဲ အတန်းထဲသို့ ကောလိပ်ဂျင်နေဝင်း စတိုင်လ်ဖြင့် တစ်စုံတစ်ယောက်က ဝင်ရောက်လို့လာသည်။ ရွှေသည် အဲဒီတစ်ယောက်ကိုမြင်လျှင် မျက်လုံးအဝိုင်းသား ဖြစ်သွားသည်။ ရုတ်တရက် မမှတ်မိတော့အောင်ပင် သူ့ပုံစံက ဒီဇိုင်းပြောင်းထားကာ တကယ့်ကိုပဲ ကောလိပ်ဂျင်နေဝင်း စတိုင်လ်ပေါက်နေသည်။

ခါတိုင်းက နီညိုရောင်ဆန်ဆန်ပေါ်မှာ ရွှေရောင်မျှင်မျှင် ဟိုက်လိုက်ချပ်တွေ ဖောက်ထားသော ဆံပင်တွေသည် အခုတော့ ခေါင်းလိမ်းဆီရောင် တပြောင်ပြောင်ဖြင့် နက်မှောင်လို့နေကြသည်။ ကျွဲကော်ကိုင်း မျက်မှန်အနက်၊ တိုက်ပုံအနက်၊ ပုဆိုးတိုတိုဖြင့် သူ့ပုံစံသည် ကောလိပ်ဂျင်နေဝင်း စတိုင်ပီပြင်လှသည်။ အသံကလည်း ကောလိပ်ဂျင်နေဝင်းအတိုင်း တုပပြီးပြောထားလေရာ ဘယ်လောက်များ လေ့ကျင့်လာသလဲတော့ မသိ။



www.burmeseclassic.com

www.burmeseclassic.com



လေသံမှာ တစ်ပုံစံတည်း။ အားလုံးက သူ့ကိုကြည့်ပြီး တဝါးဝါး နှင့် ပွဲကျနေကြသည်။ သူက အတန်းရှေ့မှနေ၍ မြမှူးသရဖီနှယ် ထိုင်နေသော နေရာသို့ တန်းတန်းမတ်မတ် လျှောက်သွားလျှင် ရွှေရဲ့နှလုံးသားထဲ၌ အေးခနဲ ဖြစ်သွားသည်။ သူကတော့ ရွှေ့ကို လှည့်တောင်မကြည့်ပါ။ မြမှူးရဲ့ရှေ့သို့ရောက်လျှင် လက်တစ်ဖက် ကိုမြှောက်လျက် ခေါင်းကိုညွတ်ကာ ...

"အညားဇရော မဗေဒါ။ ကျွန်တော် ကိုရီးယားကလာတဲ့ ကောလိပ်ဂျင်နေဝင်းပါ။ နှာခေါင်းလေးကို နည်းနည်းပြင် ထားတာမို့ မှတ်မိပါစေ ... ဟဲ ဟဲ ဟဲ"

သူ့ပုံစံကို တစ်တန်းလုံးက တဝါးဝါး တဟားဟား ဖြင့် ရယ်ကြသည်။ မြမှူး ကိုယ်တိုင်သည်လည်း ပြုံးစိစိဖြင့် ရယ် မောသဘောကျနေသည်။ စိတ်အနှောင့်အယှက်ဖြစ်စရာ စိတ်ဆိုး စရာပုံစံကို သူမထဲမှ မတွေ့ရ။ ရွှေသည် သူနဲ့ မြမှူးပုံစံကို စူးစိုက်စွာ အကဲခတ်နေမိသည်။ သူက တကယ့်ကို ကောလိပ်ဂျင် အိုက်တင်ဖြင့် မြမှူးကို စကားဆက်ပြောသည်။

"မဗေဒါ ... ဒီမှာ မဗေဒါ။ နှလုံးသားနဲ့ ပြောတဲ့စကားကို နားထောင်ပါ မဗေဒါ။ မီးရောင်အောက်ကိုဝင်ရင် စကတ် ပါးပါးလေး မဝတ်ပါနဲ့။ အဲလေ ... လူပြက်တွေနဲ့ အရမ်း မတွဲပါနဲ့"



"ဝါး ... ဟား ဟား ဟား"

အဲဒီစကားကိုလည်း တစ်တန်းလုံးက ပွဲကျသွားပြန် သည်။

သူက ဆက်ပြောသေး၏။

"ဒါဟာ ချစ်လို့ပြောတာမှတ်ပါ မဗေဒါ။ မချစ်ရင်မပြော ပါဘူး။ ဒီမှာ မဗေဒါ။ မင်းဟာ လေနှင်ရာမျောရတဲ့ ဗေဒါပန်းကလေးမို့ မင်းအတွက် ကိုယ်က ကဗျာလေး တစ်ပုဒ် စပ်ပေးပါရစေ ...

ကိုယ်က ချေးတုံး၊ မင်းက အီးလုံး၊ မြစ်ဧရာနဒီ ကြောမှာ မျောကြတလုံးလုံး ... ဟဲ ဟဲ ဟဲ"

သူ့စကားအဆုံးတွင် တစ်တန်းလုံးက အူလှိုက်သည်း လှိုက် ရယ်ပြန်သည်။ မြမှူး ကိုယ်တိုင်သည်လည်း မျက်စိပေါက် တောင် မဖွင့်နိုင်။

သူက မြမှူးရဲ့ရှေ့သို့ ကဗျာစာအုပ်လေးကို ချပေး ကာ ...

"ကဲ ကဲ ... နှလုံးသားတွေလည်း ရယ်ရလွန်းလို့ မောပန်း နေပါ့မယ်။ မင်းကို လေးလေးနက်နက်ဖြစ်အောင် အုတ်ခဲ ကို လည်မှာဆွဲပြီး အိမ်သာကျင်းတူးတဲ့စကားမျိုး ပြောပါ့ မယ် ...

www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် ရှုဝ်ကြယ်ကိုလည်း ဆွတ်ပေးပါ့မယ်။ ဖူဂျီတောင်ကို ဖြိုပေးဆိုလည်း ဖြိုပေးမယ်။ အဲဒီလောက်ထိ ချစ်ပါတယ် မဗေဒါရယ်။ ဒါ ... ဒါ့ကြောင့် ကျုပ် အချစ်ကိုတော့ လက်ခံလိုက်ပါ ...

ဒီနေ့ညနေ ဂျပ်ဆင်အောက်က စောင့်နေပါ မဗေဒါ။ မိုးမရွာရင် ကျုပ် လာခဲ့ပါ့မယ်။ အဲဒီလောက်ထိ မင်းကို ကျုပ် ချစ်တာပါ"

"ဝေ ဟေး ဟေး ... ကမ္ဘာ့အကောင်းဆုံး ရည်းစားစကားပဲဟေ့"

"ထောက်ခံပါတယ် ... ထောက်ခံပါတယ်"

"ကြိုက်တယ်ဗျို့"

သူက သောင်းသောင်းဖျဖျ အော်နေသော ကျောင်းသားများကို လက်ပြကာ အတန်းထဲမှ ပြန်လည်ထွက်ခွာသွားသည်။ သူ့သူငယ်ချင်းတွေကတော့ ကဗျာစာအုပ်တွေကို ကျောင်းသူကျောင်းသားများထံ လက်မလည်အောင် ရောင်းချနေရလေသည်။ မယ်သီက ကျောက်ရုပ်လိုဖြစ်နေသော ရွှေ့ကို တံတောင်နှင့်တွက်ကာ ...

"ဟဲ့ ... ဘယ်လိုလဲ။ နင်ရော မဝယ်ဘူးလား"

"ဖာင့်အင်း ... သူ့ဆီက လက်ဆောင်တောင်းမှာပေါ့"





"ဩော် ... နင်က။ အေး ... ငါကတော့ သွားဝယ်ဦးမယ်။ ဟဲ့ ... ဒါဆို နင်နဲ့ သူနဲ့ လောင်းထားတဲ့ပွဲမှာ နင် ရှုံးသွားပြီပေါ့နော်"

ရွှေသည် တစ်နေရာသို့ စူးစိုက်ကြည့်ကာ နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်က ကော့တက်အောင် ပြုံးမိသည်။ ရွှေရှုံးသွားသော်လည်း အဲဒီအရှုံးကို ရွှေ တစ်ယောက် ကျေကျေနပ်နပ်ကြီး လက်ခံခဲ့ပြီဖြစ်သည်။ အဲဒါ ဘာကြောင့်များပါလိမ့်။ သေချာတာကတော့ တစ်ခါတစ်ရံတွင် အရှုံးသည်လည်း ချိုမြိန်မှုအရသာတွေကို ပေးတတ်သည်ဆိုတာ နားလည်သဘောပေါက်ခဲ့ရပြီ ဖြစ်သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၉

သူသည် အိပ်ရာထက်မှာ ပစ်လှဲလိုက်ပြီးနောက် နဖူးပေါ်လက်တင်ကာ ဖုန်းကိုတော့ ကျန်တဲ့လက်တစ်ဖက်ဖြင့် သူမဆီသို့ နှိပ်ခေါ်လိုက်သည်။ ညဆယ့်တစ်နာရီခန့် ရှိသွားပြီမို့ ဖုန်းလိုင်းတွေလည်း အတော်အသင့် ရှင်းသွားကာ သူမဖုန်းထဲသို့ ချက်ချင်းဝင်သွားသည်။ ဒီနေ့ တစ်နေ့ခင်းလုံး သူ အတန်းမတက်ခဲ့ပါ။ မနက်ခင်းတည်းက သရုပ်ပြရည်းစားစကား ပြောပြီးသောအခါ သူ အိမ်ပြန်သွားခဲ့တာဖြစ်သည်။ သူမဆီသို့ သူ ဖုန်းလည်းမဆက်ခဲ့။ သူ့ဖုန်းကို သူမ မျှော်လင့်နေမည်ဆိုတာ သိသော်လည်း တမင်ပင် မဆက်ခဲ့ခြင်းဖြစ်သည်။

ဒီလို ဖိလင်တွေ တက်တတ်သော ညဥ့်နက်နက် အချိန်တွေကို တမင်စောင့်ကာ ဖုန်းခေါ်ခဲ့ခြင်း ဖြစ်ပါသည်။ ဖုန်းမြည်သံ သုံးလေးချက် အပြီးတွင် သူမက ဖုန်းကိုဖွင့်ထူးသည်။





"ဟယ်လို"

"အင်း ... ကိုယ်ပါ ရွှေ"

"ပြောလေ ရာစုသစ်"

သူမအသံက တိုးဖွဖွဖြစ်ပြီး ခါတိုင်းနဲ့သိပ်မတူပါ။ သူက ဒါကို ရိပ်မိစွာဖြင့် တစ်ချက်ပြုံးလိုက်သည်။

"ကိုယ်တို့ အလောင်းအစားကိစ္စ ဘယ်လိုလဲ"

"အင်း ... ရှင်နိုင်တယ်ပေါ့"

"ဟား ... အသံကြီးကလည်း မပြောချင် ပြောချင်နဲ့ ပြောနေရတဲ့ အသံကြီးပါလား။ ဘာလဲ ? အနိုင်မပေးချင်တာလား။ အနိုင်မပေးချင်ဘူးဆိုလည်း ရပါတယ်။ ထားလိုက်ပါတော့"

"အဲလိုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ရှင့်ဟာက တကယ်ပြောတာမှ မဟုတ်ဘဲ"

"ဘာလဲ ... မင်းက တကယ်ပြောစေချင်တာလား။ ပြဿနာပဲ"

"အဲလိုတော့ မဟုတ်ဘူးလေ။ ဒါပေမဲ့ ဒါက ထွင်ကွက်တစ်ခုဆိုတော့"

"အဲဒါကတော့ မင်းရဲ့ချို့ယွင်းချက်ပဲလေ။ မင်းက ရည်းစားစကားပြောဆိုလို့ ပြောလိုက်ရတာ။ ဒါပေမဲ့ စည်းမျဉ်းစည်းကမ်းတွေ မပါဘူး မဟုတ်လား ...


www.burmeseclassic.com

www.burmeseclassic.com



အခု ဘယ်လိုပဲဖြစ်ဖြစ် မင်းရှေ့မှာတင်မက တစ်တန်းလုံးရဲ့ရှေ့မှာပါ သူ့ကို ရည်းစားစကား ပြောခဲ့တာပဲလေ။ ဒါ ကိုယ့်ရဲ့အားထုတ်မှု တစ်ခုပဲပေါ့။ ဒါကို မင်းအသိအမှတ် မပြုဘူးဆိုလည်း ရပါတယ်"

"အမယ်လေး ... အဲလောက်လည်း မဟုတ်ပါဘူး။ ရှင်နိုင်နေပြီပဲ ခေါ်ရမှာပေါ့"

"ကိုယ်ခေါ်လေတိုင်း အချိန်မရွေး နေရာမရွေးမှာ ရှန်လို့ မင်း ထူးနိုင်ပြီပေါ့"

"အင်း"

သူမထံမှ မပွင့်တပွင့်အသံ ထွက်ပေါ်လို့လာလျှင် သူက ဒီဘက်ကနေ၍ အသာကျိတ်ပြုံးမိသည်။ ပြီးတော့ သူမနာမည်ကို ခပ်တိုးတိုးလေး ခေါ်မိပါသည်။

"ရွှေ"

သူမထံမှ ရုတ်တရက် အသံထွက်မလာ။ ပြီးတော့မှ မထူးချင်ထူးချင်အသံဖြင့် "ရှန်"ဟူ၍ ထွက်လာသည်။

"အင်း ... သိပ်တော့ နားဝင်မချိုပေမယ့် ပထမဆုံးအသံဆိုတော့လည်း ဆိုးတော့မဆိုးပါဘူး"

"အောင်မာ ... ကျုပ်ကို ရှင် ဝေဖန်စရာ မလိုပါဘူး"

"ဝေဖန်မှုရှိမှ တိုးတက်တာ မိန်းကလေးရဲ့။ ကဲ ... နှိ ... အဲ ... အဲဒလ ... ရွှေ"





"ဘာလဲ ... ပြော"

"ဟာ ... ဘာလဲပြော မဟုတ်တော့ဘူးလေ၊ ရှန်လို့ထူးရမယ်လေ"

"ဟင်း ... ဒါကတော့ ရှင်က မလိုအပ်ဘဲ ခဏ ခဏခေါ်နေတာကိုး"

"မလိုအပ်ဘဲ ခေါ်နေတာ မဟုတ်ပါဘူး။ လိုအပ်လို့ခေါ်တာပေါ့။ မင်းပဲ ပြောထားတယ်လေ။ ကိုယ်နိုင်ခဲ့ရင် Anythime & Anywhere ဘယ်နေရာမဆို ကြိုက်သလိုခေါ်၊ ရှန်လို့ ထူးပါ့မယ် ဆိုတာလေ"

"အေးပါ ... ထားလိုက်ပါတော့"

"ထားရတော့မှာပေါ့။ ဘယ်လိုလဲ ဗိုက်ကီစ္စရော အဆင်ပြေသွားပြီလား"

"သေလိုက်ပါလား။ အဲဒါ ရှင်မေးစရာလား"

"စိတ်ပူလို့ မေးတာပါကွာ ဝမ်းကိုက်ပိုးက အသည်းထိရောက်သွားတတ်တယ်လို့ ကြားဖူးလို့ပါ ... ရွှေ"

"ဘာတုန်း"

"အာ ... အဲလို မထူးနဲ့လေ။ ပြောထားတဲ့ဟာကို စကားလည်း နားမထောင်ဘူး"

"ဘာမှ ထောင်စရာမလိုဘူး။ ရှင်က တန်အောင်ခေါ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

သူက ရွှေ့ရဲ့စကားကို ဟက်ဟက်ပက်ပက် ရယ်မောမိသည်။ အင်း ... တစ်စုံတစ်ရာဟာ ရင်ထဲကို တိုးဝင်မွှေနှောက်လို့ လာတယ်ဆိုရင် ဒါဟာ ဘာများဖြစ်နိုင်ဦးမှာတဲ့လဲ။ ရွှေ့ကို အရင်ကတော့ ခင်မင်တဲ့စိတ်၊ သဘောကျတဲ့စိတ်တွေ ရှိခဲ့ပေမယ့် နောက်ပိုင်းမှာ ဒါတွေဟာ တဖြည်းဖြည်းနဲ့ ပြောင်းလဲလာတယ်ဆိုရင် အချစ်ကလွဲပြီး ဘာများဖြစ်နိုင်မှာတဲ့လဲ။

"ရွှေ အခု မင်း ကိုယ့်ကိုစကားပြောတာ နှုတ်ခမ်းကြီးထော်ပြီး ပြောနေတယ် မဟုတ်လား"

ဟုတ်နေသောကြောင့်ထင့်။ သူမက ခေတ္တတော့ ငြိမ်သွားသည်။

"ဟုတ်တယ်မှလား ရွှေ။ ကိုယ် မြင်နေရတယ်နော်"

"ရှင်က မိန်းမကျမ်းကို တော်တော်ကြေတယ်နဲ့ တူတယ်နော်"

"ဒါပေါ့၊ ညတိုင်း ခေါင်းအုံးအိပ်တာ၊ အဲ ... ဟုတ်ပါဘူး။ နောက်တာပါကွာ။ မိန်းမကျမ်းကြေတာ မဟုတ်ဘူး။ မင်းက ရင်ဘတ်ကြီးထဲကို ဝင်ထားလို့ ကိုယ်က မင်းကို သိနေတာပါ ...

မင်းပြောသလိုပဲပေါ့ ရွှေရဲ့။ တချို့အရာတွေက မျက်လုံးနဲ့ မမြင်ရပေမယ့် နှလုံးသားက မြင်ရတာတွေ ရှိတယ်လေ"





သူမက ဘာမှပြန်မဖြေပါ။ သူက အတပ်သိစွာဖြင့် ပြောလိုက်သည်။

"ဟိတ် ... မင်း နှုတ်ခမ်းကို မဲ့လိုက်တယ် မဟုတ်လား"

"ရှင် လူမှ ဟုတ်သေးရဲ့လား"

"လူပါ။ လူတောင်မှ ရိုးရိုးလူ"

"အောင်မာ ... ရှယ်လူ ဆိုတာကရော ဘာလဲ"

"ရှယ်လူဆိုတာကတော့ မိန်းကလေးတွေ ပိုခွဲတတ်မှာပေါ့"

"အောင်မာ ... ဘာမှမခွဲတတ်ဘူး။ စကားကို ပြန်ရောမချနဲ့။ ရှင် တကယ့်ကို တော်လ်ကီကောင်းပြီး မိန်းမကျမ်းကြေတဲ့သူပဲ။ ဒါကြောင့် ဒီဘက်က ဘာလုပ်တယ်ဆိုတာက အစ အကုန်သိနေတာ ...

ဘယ်စကား ပြောလိုက်ရင် ဘယ်အိုက်တင် လုပ်မယ်ဆိုတာ သိနေတယ်"

"ဒါကတော့ မင်း မင်းသမီးမို့ပါ"

"ဟဲန်း ... ပိုပိုတွေ။ မိုင်တွေပိုပြီး လမ်းမလျှောက်စမ်းပါနဲ့၊ ရာစုသစ်ရယ်"

"မိုင်တွေပိုပြီး လမ်းလျှောက်တော့ ခရီးပိုရောက်တာပေါ့ ရွှေကလေးရဲ့"

"ဘာ ... ရွှေကလေးလဲ။ စကားတွေက ဘောင်ကျော်မလာနဲ့နော်"


www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး ... မသိလို့ မေးပါရစေဦး။ မင်းကို မင်းရဲ့မိဘတွေက ဘာဖြစ်လို့ တစ်ခိုင်လုံးရွှေလို့ ပေးရတာလဲ။ မင်းငယ်ငယ်တုန်းက တစ်ကိုယ်လုံး ရွှေရောင်ဝင်းဝါပြီး မွေးလာလို့လား"

"သေလိုက်ပါလား။ ရှင် စကားပြော ကြည့်ပြော"

"သြော် ... ကြည့်ပြောချင်ပါတယ်ဗျာ။ ဒါပေမဲ့ မင်းက ကြည့်ပြောခွင့်မှ မပေးတာ"

သူမက ရုတ်တရက်တော့ အသံတိတ်သွားသည်။ ပြီးတော့မှ ...

"တကယ်လား။ ရှင်က ကျွန်မကို ကြည့်ပြောချင်တာလား"

"အင်းပေါ့။ အဲဒီလို ကြည့်ပြောခွင့်ကို မင်းက ပေးမှာမို့လို့လား"

"ပေးမယ် ... ရှင် ဘာပြောမှာလဲ ပြော"

သူမအသံက စိန်ခေါ်သည့်အသံမျိုးမို့ သူက နည်းနည်းတော့ ငြိမ်သက်သွားသည်။ ဒါကိုပင် သူမက သဘောပေါက်သည့်အလား တဟင်းဟင်းနှင့် ရယ်မောနေလေသည်။ ရှင်မပြောနိုင်တော့ဘူး မဟုတ်လားဟူသော အသံမျိုး။ သူ့ကို ချောင်ပိတ်နေသည့်အသံမျိုးမို့ သူ့ရဲ့ယောကျ်ားသွေးတွေက လှုံ့ဆော်လာသည်။

"ပြောမယ့် အကြောင်းအရာကိုတော့ အခု ပေးသိလို့မဖြစ်ဘူးလေ"





"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ မင်း သိသွားရင် ကိုယ့်ဆီကို မင်း ဘယ်လာတော့မလဲ"

သူမထံမှ အသံတိတ်သွားသည်။ သူက အသာအယာ ကျိတ်ပြုံးလိုက်ပါသည်။ သို့သော် သူမကလည်း သူထင်ထားတာထက် ပို၍သတ္တိရှိပါသည်။

"လာပါတယ်။ သိလည်း လာမှာပါ။ ကဲ ... ပြော၊ ဘာပြောချင်တာလဲ"

"အင်း ... မင်းက ကြားရဲပေမယ့် ကိုယ်က မပြောရဲဘူးလေ။ ဒါပေမဲ့ မင်းနဲ့တော့ စကားတွေ မျက်နှာချင်းဆိုင်ကြည့်ပြီး ပြောချင်တယ် ...

ကဲ ... အဲဒီအခွင့်အရေးကို ပေးမှာလား"

"အကြောင်းရင်းကို မသိရဘဲနဲ့တော့ ရှင်နဲ့တွေ့ဖို့သက်သက် မလာနိုင်ပါဘူး"

"ဒါဖြင့်ရင် သိရမှ လာမှာပေါ့"

"ဒါပေါ့"

"ကဲ ... ဒါဖြင့်ရင် ပြောမယ်။ မင်းကို ကိုယ် အခုဆို နေ့တိုင်းလိုလို အမြဲသတိရနေတတ်တယ်ဗျ။ ညတိုင်းလည်း လွမ်းတတ်တယ် ...


www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြောင်းတွေကို စီကာပတ်ကုံး ပြောချင်တာ ဘယ်လိုလဲ လာမှာလား”

“ဟား ဟား ... ရှင့်ရဲ့အလိမ်အညာစကားတွေကို ကျွန်မက အချိန်ပေးပြီး တမင်တကာ လာနားထောင်ရမယ်ပေါ့။ ရယ်ရတယ် ... ကောင်းပြီလေ၊ ယုံကြည်လို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ နားထောင်ကောင်းမယ်လို့ ထင်လို့ လာနားထောင်မယ်လေ ...

ဘယ်လိုလဲ”

သူမက သူ့ကို ပေါ်တင်ကြီးပဲ စိန်ခေါ်တိုက်ခိုက်သည်။ သူသည် အဲဒီစကားကြောင့် ရင်ထဲ၌ နင့်ခနဲ ဖြစ်သွားသော်လည်း ဘာမှမဖြစ်သလို တဟင်းဟင်းနှင့် အောင့်သက်သက် ရယ်နေလိုက်ရသည်။ တစ်ယောက်နဲ့တစ်ယောက် ယုံတမ်းစကားတွေပြောပြီး မယုံကြေးဟု ပြောထားသော လူနှစ်ယောက်ရဲ့ဆက်ဆံရေးမှာ ဒီလို ကပ်ဖိုးကပ်ဖဲ့နဲ့ ရှိထော့နေကြသည်မှာ ဆန်းတော့ မဆန်းခဲ့ပါ။ ဒါကို သူက မင်း ကိုယ့်နှလုံးသားကို မစော်ကားနဲ့ဟု သွားရမ်း၍မရ။ အခြေအနေကို နားလည်သဘောပေါက်စွာ အသုံးချရတော့မှာဖြစ်သည်။

“ရပါတယ်၊ ဘယ်လိုပဲ လာနားထောင်ထောင်ပါ။ မင်းရဲ့စိတ်၊ မင်းရဲ့သဘောပါပဲ။ အိုခေလေ ... မင်း ဘယ်အချိန်အားမလဲ”





“ဆန်းဒေးနေ့လယ် တစ်နာရီလောက်စပြီး အချိန်ပေးနိုင်တယ်”

“အင်း ... ဒါဆို စိမ်းလန်းစိုပြေထဲက Zephyr ဆိုင်လေးထဲမှာ တစ်နာရီလောက် တွေ့ကြတာပေါ့”

“အိုကေလေ။ ခုလို လက်ခံပေးတဲ့အတွက် ကျေးဇူးပါရှင်”

“နဲဗားမိုင်း”

သူမက သူ့ကို ခပ်ပြတ်ပြတ်ပြောပြီးသောအခါ ဖုန်းချသွားသည်။ သူသည် သူမအသံလေးများ လွင့်ပျံ့ကျန်ရစ်ခဲ့ရာ ဖုန်းလေးကို တစ်ချက်စိုက်ကြည့်ရင်းမှ ပခုံးတွန့်မိသည်။ ဟုတ်မယ်ထင်လို့ လုပ်ခဲ့တာတွေအတွက် နောင်တဆိုတာတော့ မရှိချင်ပါဘူး ကလေးရယ်။ သေချာတာတော့ မင်းနဲ့ ကိုယ့်ကြားမှာ ရိုးသားပွင့်လင်းဖို့ လိုအပ်ပြီလို့ ထင်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

နေ့လယ်ခင်း တစ်နာရီခန့်မှ စိမ်းလန်းစိုပြေထဲ၌ လူနည်းနည်းရှင်းနေသည်ဟု ထင်မိသည်။ သူသည် နာရီကိုတစ်ချက်ကြည့်လိုက်သောအခါ တစ်နာရီထိုးဖို့ ငါးမိနစ်လောက်သာလိုတော့ကြောင်း တွေ့ရသည်။ ခုချိန်ထိတော့ သူမရဲ့အရိပ်အယောင်ကို မမြင်ရသေးပါ။ သူမ လာရောလာပါ့မလား။ သူမနဲ့ သူ့ကြားတွင် ယုံလောက်အောင်ပြောသော စကားတို့ကို မယုံကြေးဟူသော လောင်းကစားဆန်ဆန် စကားမျိုး ရှိခဲ့ဖူးသည်။ ဒါပေမဲ့ ဒီအချိန်မှာတော့ အဲဒီစကားကို သူ ရုပ်သိမ်းပစ်ချင်ပြီ ဖြစ်ပါသည်။

တစ်ယောက်နဲ့ တစ်ယောက် ပညာစမ်းတာတွေ၊ အကွက်ရွှေ့တာတွေ၊ တွက်တာတွေ ချက်တာတွေ စသဖြင့် အဲဒီလို အနှစ်သာရမရှိသည့် စကားတွေကို သူ မပြောချင်တော့။ ရင်





ထဲမှာ ပကတိရှိသည့်အတိုင်းသာ ဆက်ဆံလိုတော့သည်။ ဒါကို သူမ နားလည်အောင် သူ ဘယ်လိုရှင်းပြရမှာတဲ့လဲ။ သူ စဉ်းစားနေတုန်းမှာပဲ သူမက ရောက်ရှိလို့လာသည်။ အဖြူရောင်ချည်သားအင်္ကျီလက်ပြတ်အရှည်လေးကို Blue Sky ဂျင်းပန့်တိုလေးဖြင့် တွဲဖက်ဝတ်ဆင်ကာ ခပ်မတ်မတ်လျှောက်လာပုံသည် တကယ့်ကို Cat walk လျှောက်နေသော မော်ဒယ်လေးတစ်ယောက်လိုပဲ ဖြစ်သည်။

တစ်ချက်နှောကာ ဝေ့ပြီးတိုက်ခတ်လာသော လေပြည်တွေသည် ချစ်စရာကောင်းစွာဖြင့် သူမရဲ့မွှေးရနံ့တချို့ကို ခိုးဖွက်ယူပြီး သယ်ဆောင်ပေးသည်။ အမျိုးအမည်မသိသော ရေမွှေးနံ့သည် သူ့ရင်ခုန်သံကို တကယ်ပဲ မြန်စေပါသည်။

"မင်း ဒီနေ့ အရမ်းလှတယ် ရွှေ"

"ဒီနေ့ လှတယ်ဆိုတော့ ဘယ်နေ့က မလှလို့လဲ"

"အရင်နေ့တွေကလည်း လှပါတယ်။ ဒီနေ့ကတော့ ရင်ထဲကို ပိုဝင်သလားလို့။ မင်း ကြားဖူးမလားတော့ မသိဘူး။ ဒီတစ်ယောက်ကို မြင်နေတာ ကြာပြီဖြစ်ပေမယ့် အခုကျမှပဲ လှတယ်လို့ ထင်တာမျိုး နောက်ကျမှပဲ ချစ်တယ်လို့သိသွားတာမျိုး၊ အဲဒါမျိုးတွေပေါ့ ...

အဲဒါတွေကတော့ စိတ်ရဲ့ထူးခြားမှုတစ်ခုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ စကားအဆန်းတွေ တယ်ပြောနေပါလား"

"စကားအဆန်းတွေပြောတာ မဟုတ်ပါဘူး။ စိတ်ထဲမှာရှိတဲ့စကားတွေကို ရိုးရိုးလေးပဲ ပြောလိုက်တာ။ တချို့စကားတွေက အဓိပ္ပာယ်ရိုးရိုးလေးပေမယ့် လူနဲ့တွဲလိုက်တဲ့အခါမှာ ဆန်းတယ်လို့ ထင်ရတယ် ...

ဥပမာ ... ကိုယ်လိုလူ ပြောတဲ့စကားတွေကို မင်းအနေနဲ့ တကယ့်အစစ်တွေလို့ ဘယ်ယုံမလဲနော်။ အဲလိုပေါ့"

သူမက အထူးအဆန်းတွေ ကြားနေရပါလားဟူသောသဘောမျိုးဖြင့် မျက်ခုံးကို ဟန်ပါပါ ပင့်ချီသည်။ သူက ဒီ့ထက်ပိုပြီး မပြောတော့ပါဟူသော သဘောမျိုးဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"အိုခေ ... မင်း နည်းနည်းတော့ စားသွားပြီနဲ့တူတယ်။ တစ်ခုခု သုံးဆောင်လေ၊ ဘာစားမလဲ။ ဒါမှမဟုတ် ဘာသောက်မလဲ"

"စတော်ဘယ်ရီ လက်ဖျော်တစ်ခွက်ဆို ရပါပြီ"

"အင်း ... ကိုယ်လည်း အဲဒါပဲ သောက်မယ်။ မင်းမလာသေးလို့ ရေတစ်ခွက်မှာထားတာ။ မင်းလာတော့မှ မင်းသောက်တာ လိုက်သောက်မယ်လို့ စိတ်ကူးထားလို့လေ"





သူမက သူ့ကို ဘယ်လိုဖြစ်နေပါလိမ့် ဟူသောအကြည့်မျိုးဖြင့် မျက်မှောင်ကြုတ်ပြီး ကြည့်သည်။ သို့သော်နှုတ်ခမ်းထောင့်စွန်းတွေက ပြုံးနေသောကြောင့် အဲဒီမျက်နှာလေးနှင့် အဲဒီအကြည့်မှာ အင်မတန် ရင်ခုန်ဖို့ကောင်းပါသည်။ ဘုရားရေ ရင်ခုန်ပြန်ပြီ။ ထူးအိမ်သင်ကတော့ ရင်ခုန်ရင် အချစ်ပဲကွယ်တဲ့။ ရင်ခုန်တိုင်းသာ အချစ်ဆိုလျှင် သူမနဲ့တွေ့နေတဲ့အချိန်တွေတိုင်း သူ အမြဲရင်ခုန်နေရသည်လေ။

သူမရော ရင်ခုန်ဖူးသလား။ သူ စိတ်ဝင်စားသွားသည်။

"ရွှေ"

သူမက ဘာလဲဟူသော သဘောမျိုးဖြင့် မျက်လုံးတစ်ချက် လှန်ကြည့်ကာ ထူးသည်။ အဲဒါလည်း တစ်မျိုး တစ်ဘာသာတော့ ရင်ခုန်ဖို့ ကောင်းသည်ဟု ထင်ပါသည်။ သို့သော် သူက နည်းနည်းတော့ ရစ်ချင်သဖြင့် ...

"ကိုယ် ခေါ်နေတာ မထူးဘူးလား"

"ဘာထူးစရာလိုလဲ။ ရှင့်ရှေ့မှာ ကျွန်မတစ်ယောက်လုံး ထိုင်နေတဲ့ဟာပဲ"

"ဒါပေမဲ့ မင်းနဲ့ ကိုယ့်ကြားမှာ သဘောတူညီမှု ရထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသဘောတူညီမှုမှာ လူချင်းတွေ့လို့ ခေါ်ချိန်မှာ ဘယ်လိုဆိုပြီး မပါဘူးလေ။ ကဲပါ ... ရှင် သိပ်ရစ်တာပဲ။ ပြောစရာရှိတာပြော"

"မင်းကို တစ်ခုလောက် မေးချင်လို့ ဖြေမှာလား"

"ဖြေလို့ရတဲ့ မေးခွန်းဆိုရင်တော့ ဖြေမှာပေါ့"

"အိုကေ ... ဖြေလို့ရတဲ့ မေးခွန်းပါ။ မင်း ဖြေဖို့ပဲလိုတာ"

သူမက သူ့ကို စိတ်မရှည်တော့ဘူးဟူသော အကြည့်မျိုးဖြင့် ကြည့်သည်။ သူက အဲဒီအကြည့်ကို အိပ်မက်ထဲအထိ ပါလာအောင် ရင်ထဲမှာ သိမ်းဆည်းရင်းမှ ...

"မင်း ရင်ခုန်ဘူးလား ရွှေ"

"ဘယ်တုန်းကမှ မခုန်ဖူးဘူး"

"သေချာလို့လား ... ခုန်ဖူးမှာပါ"

"သေလိုက် ! ရှင့်လို အားတိုင်း ယားတိုင်း ခုန်တတ်တဲ့ဟာမျိုးများ မှတ်နေလား"

"မဟုတ်ပါဘူး။ ကိုယ် ဆိုလိုတာက မင်း စာမေးပွဲဖြေတဲ့ အခါမျိုးတို့၊ အောင်စာရင်းကြည့်တော့မယ့် အချိန်မျိုးကျ ရင် ရင်ခုန်ချင် ခုန်မှာပေါ့"

"ဒီမှာ ... ဘာမှ လာအစ်မနေနဲ့။ ရင်ခုန်တာလည်းမရှိဘူး။ ရင်မောတာလည်း မရှိဘူး"





"ဟုတ်လား။ ဒါဆိုရင် မင်းကို ကိုယ် စိတ်ဝင်စားစရာ အကောင်းဆုံး မေးခွန်းလေး မေးချင်တယ်။ မင်း လူတစ်ယောက်ကို တစ်ခါမှ မချစ်ဖူးဘူးလားဟင်"

သူ့စကားကို သူမက မဲ့ပြုံးတစ်ခုပြုံးသည်။ အဲဒီမဲ့ပြုံးဟာ နည်းနည်းတော့ ကြောက်ဖို့ကောင်းသည်ဟု ထင်ပါသည်။ သူ ထင်ထားတာ မမှားကြောင်း စက္ကန့်အနည်းငယ်အကြာမှာ သိခွင့်ရလိုက်သည်။

"အချစ်ဆိုတာ ဒီကမ္ဘာကြီးပေါ်မှာ တကယ်ရှိချင် ရှိလိမ့်မယ်။ ဒါပေမဲ့ ကျွန်မအတွက်တော့ ရှိလာမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မ အချစ်ဆိုတာကို မယုံကြည်ဘူး"

သူ့ရင်ထဲတွင် လျှော်အသေးစားတစ်ခု လှုပ်ခတ်သွားသည်။ သူမ မျက်နှာကိုကြည့်လိုက်တော့ နောက်နေတာနဲ့လည်း မတူ၊ တမင်ကျော်ပြီး အနိုင်လိုချင်စိတ်နဲ့ ပြောနေတာမျိုးလည်း မဟုတ်ဘဲ တကယ့်ကို စိတ်ပါလက်ပါ ပုံစံမျိုးဖြစ်သည်။

"အချစ်ကို မယုံကြည်ဘူး ဟုတ်လား ! "

တကယ်တော့ သူ မေးလိုက်ချင်တာက ကိုယ့်ကို မယုံကြည်ဘူး ဟုတ်လား ! လို့ မေးလိုက်ချင်တာပါ။ မင်းဟာ အချစ်ကို မယုံကြည်ဘူး ဆိုတာထက် ကိုယ့်ကိုမယုံကြည်တာက ပိုများနိုင်ပါတယ်။ အေးလေ ... ကိုယ်ဆိုတဲ့ ကောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်စရာမှ မကောင်းဘဲကိုး။ အထူးသဖြင့် ယောကျ်ားတွေကို ပိုမယုံကြည်တတ်တဲ့ ရွှေနဲ့မှ တည့်တည့်သွားတိုးမိတာတော့ ကံကြမ္မာရဲ့ ကျီစားမှုတစ်ခုပဲ ဖြစ်တော့မည်။

"ဟုတ်တယ်။ ပြောရရင် ကျွန်မက ဘဝမှာ အေးအေးချမ်းချမ်းပဲ နေချင်တဲ့သူရှင့်"

"ဩော် ... ဘယ်သူကရော စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ နေချင်လို့လဲ။ လူမှန်ရင် စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေချင်ကြတဲ့သူတွေချည်းပါပဲ"

"အေး ... ဒါပေမဲ့ အချစ်ကို ထိတွေ့ပတ်သက်လိုက်တာနဲ့ အဲဒီအခွင့်အရေးတွေအားလုံး ဆုံးရှုံးသွားနိုင်တယ်လေ။ အချစ်ဆိုတာ လူတွေကို စိတ်ချမ်းသာမှု ပေးစေနိုင်တယ်ဆိုတာ အင်မတန် နည်းပါးတယ်။ ရှိတယ်ဆိုတဲ့ ဟာတွေကလည်း တကယ်တော့ အတုအယောင်တွေပဲ ..."

ပူလောင်မှု အလိုမကျမှု နာကျင်ဝမ်းနည်းမှု စိတ်ဆင်းရဲရခြင်း ဒေါသထွက်ရခြင်းတို့ကသာ အချစ်ရဲ့တန်ဖိုးအစစ်ပဲ။ ပျော်ရွှင်ရတာ ကြည်နူးရတာ ဆိုတာတွေက အချစ်ရဲ့ကြော်ငြာတွေပါ"

ဥပမာပေးပုံက ကောင်းလှသောကြောင့် သူတောင်သွေးရူးသွေးတမ်း ပြုံးမိသွားသည်။ မင်းကို အချစ်ယုံကြည်သူလေး ဖြစ်လာအောင် ဘယ်လိုလုပ်ရမလဲ ရွှေရယ်။





"မဟုတ်သေးဘူး ရွှေ။ မင်း ထင်တာ မှားနေပြီ။ ခံစားချက်နဲ့ ပတ်သက်တဲ့ကိစ္စတွေဆိုတာ သီအိုရီထုတ်လို့ မရအောင် သိပ်ပြီး သိမ်မွေ့နူးညံ့ပါတယ်။ မင်းကိုယ်တိုင် ကိစ္စတစ်ခုအပေါ်မှာ ထဲထဲဝင်ဝင် မခံစားကြည့်ဖူးဘဲနဲ့ မကောင်းတဲ့ side ကနေ တစ်ဖက်သတ် မပြောပါနဲ့"

"နေစမ်းပါဦး။ ရှင်က ဘာလဲ။ အချစ်ဆိုတာက အသင်းအဖွဲ့တစ်ခုက ထူထောင်ထားသလိုမျိုး ရှင်က ရှင်တို့အဖွဲ့အစည်းကိုထိလို့ နာနေတာလား"

"မဟုတ်ပါဘူး။ ဒါပေမဲ့ အချစ်ဆိုတာ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေအားလုံး ခံစား,စားသုံးကြတဲ့ စိတ်အစာတစ်မျိုးပဲလေ ရွှေရာ ...

ရွှေ့လိုမျိုး တစ်ကမ္ဘာလုံးကသာတွေးရင် ကမ္ဘာပေါ်မှာ လူသားဆိုတာ မျိုးတုံးပျောက်ကွယ်ကြတဲ့ အထဲမှာ ပါသွားမှာပေါ့"

အဲဒီစကားကိုတော့ သူမက သူငယ်တန်းကလေးတစ်ယောက်လို ချစ်စနိုးဖြင့် ကြည့်သလို ကရုဏာသက်စွာကြည့်သည်။

"ကျွန်မ ပြောနေတာ အချစ်အကြောင်းလေ ဆရာသမားရဲ့။ ရှင်က အိမ်ထောင်ရေးကိစ္စတွေနဲ့ လိုင်းပူးနေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com

သူ့နှလုံးသားထဲတွင် ဒိန်းခနဲ မြည်သွားပြီး သူမကို ဘာမှမပြောနိုင်ဘဲ စိုက်ကြည့်နေမိသည်။ သူ့ခေါင်းထဲတွင် တစ်ခုခုကို တရေးရေး သိမြင်လို့လာသည်။

"ဒါ ... ဒါဆို ... မင်း ဆိုလိုတာက ..."

"ဟုတ်တယ် ... ကျွန်မ ပြောနေတာ အချစ်ကြောင်းသက်သက်ပဲ။ အိမ်ထောင်ရေးမပါဘူး။ ကျွန်မ အပျိုကြီးလုပ်ချင်မှ လုပ်လိမ့်မယ်။ အိမ်ထောင်ပြုဖို့ ရာနှုန်းများတယ်လို့ ပြောလို့ရတယ် ...

ဒါပေမဲ့ အိမ်ထောင်ရေးဆိုတာကို အချစ်နဲ့ တိုက်ရိုက် ဆုံးဖြတ်မှာ မဟုတ်ဘူး"

သူသည် အံ့သြခြင်းကြီးစွာဖြင့် ရွှေ့ကို ပါးစပ်အဟောင်းသားပွင့်ကာ ကြည့်နေမိသည်။ အချစ်ကို အာရုံခံစားကြည့်ဖို့ အသက်အရွယ်အားဖြင့်ရော အလှအပအားဖြင့်ရော အားအကောင်းဆုံးအရွယ်မှာ ရှိနေသည့် မိန်းကလေးတစ်ယောက်ရဲ့ ပါးစပ်က ဒီလိုစကားမျိုး ပြောထွက်သတဲ့လား။ သူဟာ ရွှေ့ကို စိတ်ဝင်စားနေမိပြီ၊ ချစ်နေမိပြီ ဆိုသော်လည်း သူမအကြောင်းကို ဘယ်လောက်မှ မသိရသေး။

သူမမှာ ဘယ်လိုခံယူချက် အပြင်းစားတွေရှိနေလဲ။ သူ့နှလုံးသားလေးအတွက် သူ တကယ်ပဲ တုန်လှုပ်ချောက်ချားလာမိပါသည်။





"ရွှေ ... ဒါဆိုရင် မင်းက အရမ်းအရေးကြီးတဲ့ အိမ်ထောင်ရေးကိစ္စကို ဦးနှောက်ကြီးနဲ့ ဆုံးဖြတ်မယ်ပေါ့လေ ... ဟုတ်လား ...

အဟမ်း ... မင်း ... မင်း ယုံတမ်းစကား လျှောက်ပြောနေတာ မဟုတ်လား"

သူ့ရဲ့ချောင်းဟန့်သံကို သူမက သဘောတကျဖြင့် ဟက်ဟက်ပက်ပက် ရယ်မောသည့်ပုံမှာ ချစ်စရာကောင်းလေစွ။ ဒါပေမဲ့ မရယ်နိုင်လောက်အောင်ကို သူ တုန်လှုပ်ချောက်ချားနေသည်ဆိုလျှင် အပိုတွေဟု မထင်ကြစေကုန်။

"No ... No ... ။ ဒါ လုံးဝယုံတမ်းစကား မဟုတ်ဘူး။ အတည်ပြောနေတာ"

"အေးပါ ... ခဏလေး ... ခဏလေး။ ကိုယ်ကလည်း မင်းကို Request လုပ်ချင်တယ်။ ကိုယ်နဲ့ မင်းနဲ့ကြားမှာ ထားခဲ့တဲ့ မယုံကြေးဆိုတာကြီးကို ရုပ်သိမ်းလိုက်ကြရအောင်ကွာ ... နော် ...

အဲဒါကြီးက အဓိပ္ပာယ်မရှိပါဘူး။ ဟို ... မင်းနဲ့ ကိုယ့်ကြားမှာ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားပဲ ဆက်ဆံကြရအောင် ရွှေရာနော်"

သူ့စကားကို သူမက ရှုံ့စရာအလား နှုတ်ခမ်းကို ပယ်ပယ်နယ်နယ်မဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

“ဟင် ... ရှင်ကပဲ ပြောရတယ်ချည်သေး။ ရှင် တော်တော်လည်း တတ်နိုင်တဲ့သူပါလား ရာစုသစ်ရဲ့။ ရှင်ပဲ ဇာတ်လမ်းတွေအမျိုးမျိုး ထွင်ခဲ့တဲ့သူပါ။ ဘာမှ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး လာမလုပ်နဲ့ ...

ယောက်ျားဆိုရင် ကိုယ့်စကားကိုယ် တာဝန်ယူပေါ့”

“ဩော် ... တာဝန်ယူပါတယ်။ အရင်တုန်းက ကိုယ်ပြောခဲ့တယ်ဆိုတာက မင်းနဲ့ ရင်းနှီးမှုရချင်လို့ စတန့်ထွင်တဲ့သဘောပါ ...

တကယ်တော့ ကိုယ် မင်းကို ...”

သူက ဆက်မပြောတော့ဘဲ သူမကို နက်နက်ရှိုင်းရှိုင်း စိုက်ကြည့်မိလျှင် သူမထံမှ ဘာဖြစ်လဲဟူသော အသံက ဆောင့်ပြီးထွက်လာသည်။

“အင်း ... မင်းအပေါ်မှာ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံချင်တာပါ”

“ဆက်ဆံလေ ... ဆက်ဆံပေါ့”

“ဒါဆို ကိုယ်ပြောခဲ့တဲ့ အဲဒီကိစ္စကြီးကို မေ့ပစ်ပေးပါကွာ။ ပြီးတော့ ဒီကရှေ့လျှောက် ကိုယ်ပြောတဲ့စကားတွေကိုလည်း ယုံကြည်ပေးပါ”

သူမက ဒီတစ်ခါတော့ လွင့်ခနဲနေအောင်ပြုံးကာ ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်သည်။ သူသည် ဘာမှနားမလည်ဘဲ သူမကို အူကြောင်ကြောင်ဖြင့် မော့ကြည့်နေမိသည်။





သူမက သူ့ကို လွင့်လွင့်လေး ပြုံးကြည့်ကာ ...

“ကျွန်မ အချစ်ကိုလည်း မယုံကြည်ဘူး။ အဲဒီလိုပဲ ရှင့်ကိုလည်း မယုံကြည်ဘူး။ အဲဒီနှစ်ခု ထပ်တူကျနေပြီဆိုမှတော့ ဘာမှကို ပြောစရာမလိုတော့အောင်ပဲ ...

ရှင်းပါပြီနော်။ ထပ်ရှင်းချင်ရင်တော့ ဒီဝိုင်းကိုပါ ရှင်းလိုက်ပေါ့။ ကျွန်မ သွားတော့မယ် ဘိုင့် ဘိုင်”

သူမက အသေသတ်သောစကားကို ပြောပြီးနောက် လက်ချောင်းလေးများကို လှုပ်ခတ်ပြကာ နှုတ်ဆက်ထွက်သွားသည်။ သူသည် ဘာမှမပြောနိုင်ပါ။ အိမ်ကပြောမည်ဟု စီစဉ်လာခဲ့သော စကားများမှာ ဘာမှပြောခွင့်မရလိုက်ချေ။ တစ်ခိုင်လုံးရွှေရေ၊ ကိုယ့်တစ်သက်မှာ ကိုယ့်ကို ဘယ်မိန်းကလေးမှ ယှဉ်ပြီးစီးချင်း မထိုးနိုင်ခဲ့ဘူး ထင်နေတာ။ အခုတော့ ...

မင်းဟာ အပျိုတော်ကကွက်လောက်နဲ့တင် ကိုယ့်ကို သေစရော ညွှန်းခဲ့လေသလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

"ရွှေရေ ... အောက်မှာ ခေါင်ဘုန်းသိုက် ရောက်နေတယ်"

အိမ်က ဒေါ်ကြီးက ရွှေရဲ့အခန်းတံခါးကို အသာလှစ်ဟကာ ခေါင်းပြူပြီးပြောလျှင် ရွှေသည် ခုတင်ပေါ်မှာ ဝတ္ထုတစ်အုပ် ဖတ်နေရာမှ အသာလူးလဲထိမိသည်။

"လာခဲ့မယ် ဒေါ်ရွှေ။ တစ်ခုခု ဧည့်ခံထားပါဦး"

ဒေါ်ရွှေ့ကို မှာကြားပြီးနောက် ရွှေက မှန်ရှေ့မှာ ရပ်ကာ ကိုယ့်ကိုယ်ကိုယ် တစ်ချက် ကြည့်မိသည်။ အခုနကမှ မြို့ထဲရှိ စာအုပ်ဆိုင်က ပြန်လာခဲ့ခြင်း ဖြစ်သောကြောင့် ဝတ်ထားသည့် ဂါဝန်အတိုို လက်ပြတ်ကိုတောင် မလဲရသေး။ ရွှေက ဆံပင်တွေကိုပဲ ဘီးနဲ့ တစ်ချက်နှစ်ချက် ဖြီးသင်ကာ ဂါဝန်ကိုဆွဲဆန့်လျက် အောက်သို့ ဆင်းလာခဲ့သည်။ ရွှေတို့အိမ်က လှေကား





သည် ဆင်းဆင်းမှာကိုပဲ ဧည့်ခန်းကိုမျက်နှာပြုထားသည့် လှေကားဒီဇိုင်းပုံစံ ဖြစ်သောကြောင့် Cat Walk လျှောက်သလို ဆင်းလာသည့် ရွှေ့ကို ဧည့်ခန်းမှာထိုင်နေသော ခေါင်ဘုန်းသိုက်က အပြုံးတစ်ခုဖြင့် ဆီးကြိုကာ ပြုံးပြသည်။

ရွှေကလည်း သူ့ကို ဆင်းလာကတည်းက ပြုံးပြလာပြီးသား ဖြစ်ပါသည်။ သူသည် ရွှေ့မိဘတွေ သဘောကျသော အမျိုးကောင်းသားလေးတစ်ဦးဖြစ်သည်။ ရွှေ့ထက် တစ်နှစ်ခန့်ကြီးကာ နိုင်ငံခြားတက္ကသိုလ်တစ်ခုမှ ဘွဲ့ရထားသော၊ အကျင့်စာရိတ္တရည်မွန်ကောင်းမြတ်သော ရွှေ့ကို အင်မတန်မှ ချစ်ခင်အလိုလိုက် ရွှေကလွဲ၍ ဘယ်မိန်းမကိုမှ လူမထင်ထားသော ယောကျ်ားတစ်ဦး ဖြစ်သည်။

ငယ်စဉ်တည်းက စည်းကမ်းကြီးသော မိဘနှစ်ပါး၏ အုပ်ထိန်းမှုအောက်တွင် နေခဲ့ရသောကြောင့် သူ့ပုံစံသည် Formal ဖြစ်ပြီး စနစ်ကျသည်။ သူ့မှာ ရည်းစားဆိုတာလည်းမရှိ။ အီစီကလီ ဆိုတာလည်း ဘာမှန်းတောင်မသိသည့် ရွှေသဘောကျသော ရှားပါးယောကျ်ားမျိုးဖြစ်သည်။ အချစ်ကိုတောင် ဦးနှောက်နှင့် ဘွက်ချက်ချင်သည့် ရွှေ့အတွက်တော့ ခုချိန်မှာ ခေါင်ဘုန်းသိုက်သည် ပြိုင်ဘက်မရှိ ဦးစားပေးနံပါတ်တစ်စာရင်းဝင် ဖြစ်တော့သည်။

"အိပ်နေတာလား ရွှေ"

"မဟုတ်ပါဘူး။ စာအုပ်ဖတ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကိုယ်လာတာ အနှောင့်အယှက် ဖြစ်သွားပြီပေါ့"

"မဖြစ်ပါဘူး၊ ပြောလေ ဘုန်းသိုက်။ လူကိုယ်တိုင်တောင် ရောက်ချလာတာဆိုတော့ ဘာတွေများ ပြောစရာရှိလို့လဲ"

"တကူးတကတော့ ပြောစရာ မရှိပါဘူး။ ရွှေ့ကိုတွေ့ချင်တာသက်သက်ပါ။ ပြီးတော့ ဒီတစ်ပတ်ဆန်းဒေးကို ရွှေ အားမလားလို့ ...

ကိုယ် ရွှေ့ကို ဒင်နာကျွေးချင်လို့လေ"

"သြော် ... ရပါတယ် ဘုန်းသိုက်ရဲ့။ အင်း ... ဆန်းဒေး ဆန်းဒေး ... ညနေဘက်ဆိုရင်တော့ အားပါတယ်၊ အား မှာပါ"

"ဟုတ်ပြီ၊ အဲဒါဆိုရင် ကိုယ် အဲဒီနေ့ညနေခြောက်နာရီခွဲ လောက်ကို confirm လုပ်လိုက်တော့မယ်။ ရွှေ့ကို ကိုယ်ပဲ လာခေါ်လိုက်မယ်လေ"

"အင်း ... ရတယ်လေ၊ ဖြစ်ပါတယ် အဲဒီလိုလဲ"

ရွှေရဲ့စကားအဆုံးတွင် ဒေါ်ကြီးက ပန်းသီးဖျော်ရည် တစ်ခွက် လာချပေးသည်။ သူက အဲဒါကို ယူသောက်နေတုန်း မှာပဲ ရွှေက ဘုန်းသိုက်ကို တစ်ချက်စိုက်ကြည့်မိသည်။ ဝင်းဝါ သော အသားအရေနှင့် ရှင်းသန့်သော ရုပ်ရည်ရူပကာပိုင်ရှင် ဘုန်းသိုက်သည် ယောကျ်ားတန်မဲ့ ချောလွန်းသော စတိုင်လ်မိုက် လွန်းသော အမျိုးအစားထဲမှာ မပါချေ။ သို့သော် သူ့ပုံစံသည်





မြင်လိုက်တာနှင့် အမြင့်တစ်နေရာက ဆင်းသက်လာမှန်း သိသာစေသော ဥပမိရုပ်မျိုးဖြစ်သည်။

တစ်နည်းဆိုသော် မိန်းကလေးတစ်ယောက်အတွက် ကိုယ့်ချစ်သူ ယောကျ်ားလေးကို စိတ်ချထားနိုင်မည့် ဥပမိရုပ်မျိုး ဖြစ်၏။ ဒါဆိုလျှင် ဘယ်လိုရုပ်မျိုးက စိတ်မချထားနိုင်တဲ့ ဥပမိ မျိုးလဲ။ ရွှေသည် ကိုယ့်ကိုယ်ကိုယ် အဲဒီမေးခွန်းကို ပြန်မေးနေစဉ် မှာပဲ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရသွားသည်။ သာမန် ကျောင်းသားတစ်ယောက်ဖြစ်ပေမယ့် မသိလျှင် Celebrity တစ် ယောက်လို စတိုင်လ်ကျနေသော ရာစုသစ်အကြောင်းကို တွေးမိ လျှင် ရင်ထဲ၌ ဆစ်ခနဲ ဖြစ်သွားသည်။ ပြောင်းလဲလာသော သူ့ အကြည့်တွေ အပြောအဆိုတွေကို ရွှေက မရိပ်မိဘဲ နေမလား။ ဒါပေမဲ့ ရွှေဟာ ခံစားမှုကို နောက်ထားပြီး ဦးနှောက်ကို ရှေ့တန်းတင်တတ်သော မိန်းကလေးတစ်ယောက်ပဲ ဖြစ်ပါသည်။

"ရွှေ"

"ဟင် ... အင်း ... ဘာလဲ"

ရွှေသည် အကြည့်ကသာ ဘုန်းသိုက်ကို ငေးကြည့် နေမိသော်လည်း စိတ်ထဲကတော့ ရာစုသစ်ကို သတိရနေသည်ဖြစ် လေရာ သူ ခေါ်လိုက်တော့မှပင် လက်ရှိအခြေအနေကို ပြန်ပြီး သတိကပ်သွားသည်။ ဘုန်းသိုက်က ရွှေ့ကို ပြုံးပြီးစိုက်ကြည့်နေ ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဘာဖြစ်လို့ အဲဒီလောက်တောင် စိုက်ကြည့်နေရတာလဲ"

"ကြည့်ချင်လို့ပါ"

ရွှေက အရိုးသားဆုံး ဖြေလိုက်လျှင် သူက အံ့သြသွားပုံဖြင့် မျက်ခုံးတစ်ချက်ပင့်ကာ သဘောကျစွာ ဟက်ခနဲရယ်သည်။

"ရွှေက အရမ်းပွင့်လင်းတယ်နော်။ ကိုယ့်ကို ဘယ်မိန်းကလေးကမှ စိုက်မကြည့်ဖူးဘူး"

"ကိုယ်ကပဲ စိုက်ကြည့်တာပေါ့"

"အဟား ... မဟုတ်ပါဘူး ရွှေရာ။ ကိုယ်ကမှ ဘယ်သူနဲ့မှကို ရွှေ့လောက် မရင်းနှီးဖူးဘူး။ သူငယ်ချင်းတွေ ဘာတွေ ရှိပေမယ့်လည်း အဲဒီလိုတော့ ကိုယ့်ကို စိုက်ကြည့်တာမျိုး မခံရဘူးဆိုတော့ နည်းနည်း ဘယ်လိုပြောရမလဲ ရင်ထဲမှာ ရှိန်းခနဲ ဖြစ်သွားတာပေါ့ ...

ပြီးတော့ ရွှေရဲ့မျက်လုံးတွေက သိပ်လှတာကိုး။ ကိုယ် ချစ်မြတ်နိုးရတဲ့ရွှေက ကိုယ့်ကို ရှေ့တည့်တည့်ကနေ အဲဒီလို စိုက်ကြည့်တယ်ဆိုတော့ ရင်ထဲမှာ လွင့်သွားတာပေါ့"

ရွှေက ဟုတ်လားဟူသော ပုံစံနဲ့သာ ခေါင်းတဆတ်ဆတ် ညိတ်မိသည်။





"ရွှေ ကိုယ်ပျော်ရမယ့် အဖြေကို မပေးသေးဘူးလားဟင်"

"ဟယ် ... သူများအိမ်ထဲလာပြီး အဲဒီလို အဖြေတောင်းရလား"

"ဩော် ... အဲဒီသဘောမျိုးနဲ့ တောင်းတာမဟုတ်ဘူးဆိုတာ ရွှေလည်း သိမှာပါ။ ကိုယ့်ရင်ထဲမှာ တစ်ခုခုကို အတိအကျနဲ့ စိတ်ချထားချင်ပြီ ရွှေရာ ...

ရွှေ့ကို ကိုယ် စိတ်မချဘူး"

"စိတ်မချလည်း မတတ်နိုင်ဘူး။ ရွှေကတော့ ဒီအတိုင်းပဲ ကြိုက်တယ်"

"အေးပေါ့လေ။ ကိုယ်က ချစ်တဲ့သူ ဆိုတော့လည်း နားလည်ပေးရမှာပေါ့၊ အိုခေလေ ... အဲဒါဆိုရင်"

သူ တစ်ခုခု ပြောမည်အလုပ်မှာပဲ ရွှေ့ရဲ့ဖုန်းက ထမြည်လာသည်။ Display မှာပေါ်နေသော နာမည်ကို တွေ့သောအခါ တိုက်ဆိုင်လိုက်တာဟု ရွှေက တွေးမိသေးသည်။ ဖုန်းမကိုင်သေးသော ရွှေ့ကို ဘုန်းသိုက်က ...

"ကိုင်ချင်ကိုင်လေ ရွှေ။ ကိုယ်လည်း ပြန်တော့မှာပါ"

"အိုခေ ... ဆီးယူနော်"

ရွှေက မတ်တတ်ထ နှုတ်ဆက်ရင်း ဖုန်းကိုဖွင့်လိုက်သည်။

"ရွှေ ... ကိုယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း ... ပြော ရာစုသစ်"

"ပြောစရာကိစ္စတော့ အထွေအထူး မရှိပါဘူး။ သတိရလို့ ဆက်လိုက်ရုံ သက်သက်ပါ။ ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး။ ဒီလိုပါပဲ"

"မဟုတ်ဘူးလေ။ တစ်ခုခုတော့ လုပ်နေမှာပေါ့။ ဘာမှ မလုပ်ဘဲ ဒီအတိုင်းကြီး ငုတ်တုတ်ထိုင်နေလား"

"အင်း ... တိုင်နေတာပဲလေ"

"ရွှေ ... အခု ကိုယ် ဘာဖြစ်နေလဲ သိလား"

"ဝမ်းလျှောနေသလား"

"ဖွီ ... သေလိုက်ပါတော့။ ဘာလို့ အဲဒီကြီးကိုများ သွား စဉ်းစားမိနေတာလဲ။ တခြားဟာ ကဗျာဆန်တာလေးတွေ မရှိတော့ဘူးလားကွာ"

"သိဘူးလေ။ ရှင်က ဟိုတစ်ခါ ကျွန်မ နေမကောင်းဖြစ်တုန်းက စိတ်ဝင်တစား မေးမြန်းထားတာကိုး"

"တော်ပါကွာ။ မင်း ပြောမှပဲ ဖီးလ်ငုပ်သွားပြီ။ ကိုယ် အခု ရောဂါတက်နေတယ် ရွှေ"

"ရှင် မှားနေပြီ။ ကျွန်မက ကျန်းမာရေးစာစောင်တွေ ဖတ်တယ်ဆိုပေမယ့် ရှင့်ရဲ့ရာသီစာရောဂါကို ကုပေးနိုင်တဲ့ အထိတော့ မပြည့်ဝသေးဘူးရှင့်"





"ဟာကွာ ... မနောက်ပါနဲ့ ရွှေရာ။ ကိုယ် တကယ်ပြောနေတာပါ။ ကိုယ် မင်းကို အရမ်းတွေ့ချင်နေတယ်။ အဲဒါ ဘယ်လိုလုပ်ရမလဲ"

"စိတ်ကျန်းမာရေးဆေးရုံကို သွားပေါ့"

ရွှေက နှိပ်ကွပ်သောစကား ဖြစ်သော်လည်း သူ လိုချင်သည့်ခွင်ထဲသို့ တည့်တည့်ဆင်းသွားသည်။

"ဟုတ်တယ်၊ ရွှေ အသိဆုံးပဲ မဟုတ်လား။ ကိုယ့်ရဲ့စွဲလမ်းမှုပြဿနာက စိတ်ရောဂါဆရာဝန်နဲ့တောင် ပြရတော့မယ့် အဆင့် ဖြစ်နေပြီလေ"

ရွှေက နှာခေါင်းတစ်ချက် ရှုံ့မိသည်။ သူ ဘယ်လိုပဲ ပြောပြော အရာရာမှာ ဦးနှောက်နှင့် နှိုင်းချိန်ဆုံးဖြတ်တတ်သူ ရွှေဟာ သူ့ရဲ့အပြောအဆိုတွေအောက်မှာ မျှောပါမနေပါ။

မပါနိုင်အောင်လည်း ကိုယ့်ကိုယ်ကိုယ် တောင့်ခံပြီး သားဖြစ်သည်။

"ဟာသတွေ ပြောမနေစမ်းပါနဲ့ရှင်"

"ကိုယ် တကယ်ပြောနေတာ ရွှေ။ ကိုယ် ဘယ်လိုတွေပြောမှ ကိုယ့်စကားကို မင်း ယုံကြည်မှာလဲ။ ကိုယ် ဘာလုပ်ပြမှ ယုံမှာလဲ"

"ရှင် ဘာလုပ်လုပ် မယုံဘူး"


www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... သေပြီဗျ မွေရယ်။ အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ။ ကိုယ် အရင်က မင်းနဲ့လောင်းကြေးတွေ ဘာတွေ လုပ်ခဲ့တယ် ဆိုတာကလည်း ဒါ မင်းစိတ်ဝင်စားအောင် တက်က နစ်တစ်ခု သုံးခဲ့တဲ့ သဘောပါပဲ။ ဟို ... မိန်းကလေးတွေရဲ့ Key ကို ဖွင့်လိုက်တာပေါ့"

"ဘာ ... ဘာ Key လဲ"

"တော် ... တော် ... ရှင် ပေါက်ကရတွေ လျှောက်ပြောတော့မှာ မဟုတ်လား"

"ပေါက်ကရတွေ လျှောက်ပြောမလို့ မဟုတ်ပါဘူး မွေ။ မင်းကို ကိုယ် တကယ်ကြီးကို ချစ်နေမိပြီဆိုတဲ့အကြောင်းကို အတည်အတံ့ အလေးအနက် ပြောမလို့ပါ"

မထင်မှတ်ဘဲပြောလိုက်သော ရည်းစားစကားကြောင့် မွေသည် ဘာပြန်ပြောရမှန်း မသိဘဲ ရှော့ရသွားသည်။ ကိုယ့်ကို ချစ်ကြိုက်သူတွေ ရှိခဲ့သော်လည်း ကိုယ်တိုင်ကိုယ်ကျ ရည်းစားစကား တဲ့ပြောထည့်လိုက်တာမျိုးကိုတော့ မကြုံဖူးသေးသဖြင့် ရတ်တရက် ကြောင်အနေသည်။

"မွေ ... ကိုယ်ပြောတာ ကြားရဲ့လား"

"ကြားတယ်။ ရှင် တော်တော်အတင့်ရဲတဲ့သူပဲ ရာစုသစ်။ ရှင်မို့ ဒီစကားကို ပြောထွက်တယ်"



"ဗျာ ... ဒါလေးပြောတာ ဘာတွေများ စော်ကားမိသလိုဖြစ်သွားလို့လဲကွာ"

"စော်ကားတယ်။ ရှင် ကျွန်မကို ဘယ်လိုမိန်းကလေးမျိုးများ ထင်နေလို့လဲ။ ယောကျ်ားတစ်ယောက်ဆိုတာ မိန်းကလေးတစ်ယောက်ကို ရည်းစားစကား ဖွင့်ပြောတယ်ဆိုတာ သူ့အတွက် မျှော်လင့်ချက်ရှိတဲ့ အခြေအနေမျိုးမှာမှ ပြောတတ်ကြတာရှင့် ...

"ဘာလဲ ... အခုဟာက ရှင့်အတွက် ကျွန်မက မျှော်လင့်ချက်ရှိတယ်ဆိုတဲ့ အခြေအနေလား"

"ဟာ ... ကိုယ်က အဲဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူးကွာ။ မင်းအပေါ်မှာ အဲဒီလိုစိတ်မျိုးလည်း တကယ်ပဲ မရှိပါဘူး ...

ကိုယ့်ရင်ထဲက ရိုးရိုးသားသား ရှိတာကို"

"တော်တော့ ... ရှင် ဆက်မပြောနဲ့တော့။ ရှင့်ကို ကျွန်မ တစ်ခါတည်း ပြောလိုက်မယ် ...

ကျွန်မရဲ့ အချစ်ရေးကိုရော အိမ်ထောင်ရေးကိုပါ ဦးနှောက်နဲ့ စဉ်းစားဆုံးဖြတ်မှာ ...

ဒီတော့ ရှင့်အတွက် ဘာမျှော်လင့်ချက်မှ မရှိနိုင်ဘူး။ အဲဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနှင့် ရွှေက ဘာစကားပြန်မှတောင် စောင့်မနေတော့ဘဲ ဖုန်းကို ပိတ်ပစ်လိုက်သည်။

ရွှေရဲ့ရင်ဘတ်အစုံမှာ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်မှာ ဘာသဘောပါလိမ့်။

ကိုယ့်ကိုယ်ကိုယ် တစ်ခုခုကို သိနေသည့်အတွက် ဖွတ်ကို ပြတ်ပြတ်သားသား လုပ်နေသည့် သဘောပဲလား။

ဒါမှမဟုတ် ထင်မထားဘဲ ရည်းစားစကား ပြောခံရသည့်အတွက် ရှက်ရမ်းရမ်းသည့် သဘောပဲလား။ ကိုယ့်ကိုယ်ကိုယ်တောင် မသေချာ မရေရာတော့ပေ။

သေချာတာကတော့ ရွှေ့ရင်ထဲ၌ မွန်းကျပ်မှုတစ်ခုကို ခံစားနေရသည်။ ဘာကြောင့်လဲ ဆိုတာတော့ ဆက်လက်ပြီး အဖြေမထုတ်ချင်ပေ။

ရွှေ့ရဲ့ဦးနှောက်၊ မိဘများရဲ့ သဘောတူကျေနပ်မှု၊ စဉ်းစားစီစဉ် တွက်ချက်ထားသော ဘုန်းသိုက်သည်သာ ရွှေ့ဘဝအတွက် အကောင်းဆုံးလက်တွဲဖော် ဖြစ်လာလိမ့်မည်ဟု ယုံကြည်လေသည်။

ရွှေက လှုပ်ခတ်ရသော၊ အချိုးအကွေ့များသော အချစ်ကို မကြုံတွေ့ချင်ပါ။ ဘဝကို ပျင်းစရာကောင်းစွာပဲ ဖြတ်သန်းချင်သူ။





ဒါမှမဟုတ် တွက်ချက်တတ်သော မိန်းမဟူ၍ပဲဆိုဆို ရွှေ့ကို စိတ်ချမ်းသာမှု ပေးနိုင်သော ယောကျ်ားတစ်ယောက်ကိုပဲ ရွှေ ရွေးချယ်လိုသည်။ ကံစမ်းမဲနှိုက်သလို နှိုက်ရမည့် အချစ်ဆိုသော ထိုအရာကို မယုံကြည်ပေ။



www.burmeseclassic.com

www.burmeseclassic.com



# ❦ ၂၂ ❦

"ဟော့ကောင် ... မင်းကကွာ။ တစ်ခါမှ မလေစဖူး။ ရုပ်ကလည်း ရွဲလိုက်တာ ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး။ ဒီလိုပါပဲ"

ဒီလိုပါပဲ ဆိုသော်လည်း သူ့ရုပ်သည် ခါတိုင်းလို မလန်းဆန်းဘဲ ငွမ်းနေသည် ဆိုတာလည်း သူ့ကိုယ်သူ သိသည်။ တစ်နေ့က ရွှေ့ထံမှ ရင်တွင်းစကားတွေကို ပီပီပြင်ပြင်ကြားပြီးတည်းက သူ့နှလုံးသားတွေ မလန်းဆန်းနိုင်တော့တာဖြစ်သည်။ ဒီခေတ်ကြီးထဲမှာ သချ်ာတွက်တတ်သော မိန်းကလေးတွေရှိကြောင်း ကြားဖူးပေမယ့်လည်း ရွှေ့ကို အဲဒီလောက်ထိ serious ဖြစ်လိမ့်မယ်လို့ မထင်ခဲ့ပေ။ အခုတော့ ရွှေက ...။

"ဘာမှဖြစ်ဘူးဆို မင်းရုပ်က ဘာဖြစ်လို့ ဒီလောက်တောင် ရွဲနေတာလဲ။ ဘာလဲ ... တစ်ခိုင်လုံးရွှေက ဘာတွေကန်လွှတ်လိုက်လို့လဲ"





"ကန်တာမှ အကြီးကြီး ကန်တာ"

"ဘာတွေကန်တာလဲ၊ အဆင်မပြေဘူးလား"

"အင်း ... ဆိုပါတော့"

"အဲဒါဆိုလည်း ဘော်ဒါတွေကို ရင်ဖွင့်လေကွာ။ မင်းတစ်ယောက်တည်း ကျိတ်ခံစားနေရရုံနဲ့ ပြီးမယ့်ကိစ္စမှ မဟုတ်တာ။ ပြော ... ဘာတဲ့လဲ။ တစ်ခိုင်လုံးရွှေက မင်းကိုငြင်းလွှတ်လိုက်ပြီးလား"

"ဟုတ်တယ် ... ငြင်းတာမှ အကြီးကြီးငြင်းတာ"

"ဟင် ... အကြီးကြီး ငြင်းတယ်လို့ပဲ ရှိသေးလား"

"ရှိတာပေါ့ကွ။ အသက်လေးကသာ ငယ်တာ၊ ဦးနှောက်က အကြီးကြီး။ သူက အချစ်ရေးကို လုံးဝထည့်မစဉ်းစားဘဲ အိမ်ထောင်ရေးကိုပဲ စဉ်းစားမှာတဲ့"

"ဟာ ... ဒါများ လွယ်လွယ်လေး။ မင်းက မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းပါ့မယ်လို့ ကတိပေးလိုက်ပေါ့"

"ဟား ... ရက်စက်ကြတယ် သူငယ်ချင်းတို့ရာ။ သူက ငါ့ကို အိမ်ထောင်ဖက်အဖြစ်ကို မစဉ်းစားတာကွ။ ငါလိုကောင်ကို လုံးဝ စိတ်မကူးဘူးတဲ့"

သူ့စကားကို ပြည့်ဖြိုးက ထောက်ခံသလို ခေါင်းတစ်ချက်ဆတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်တယ်ကွ။ တစ်နိုင်လုံးရွှေက သူတို့နဲ့တောင် သိပ်မတူဘူးလို့ လွန်းမြတ်က ငါ့ကိုပြောတယ်။ ဘာမဆို သူ့ဦးနှောက်နဲ့ စဉ်းစားတွက်ချက်တတ်တာ အကျင့်ကြီးတစ်ခုလို ဖြစ်နေပြီတဲ့ ...

ဒါကြောင့် သူတို့ကတောင် တစ်နိုင်လုံးရွှေကို ဦးနှောက်လို့ ခေါ်ကြသတဲ့။ ရုပ်ရှင်ကြည့်တာကအစ မုန့်စားတာအဆုံး feel ကို ရှေ့တန်းမတင်ဘဲ ဒါလုပ်သင့်လား မလုပ်သင့်ဘူးလား တွေးနေလို့တဲ့ကွာ"

"အေးလေ ... ငါလည်း ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး။ ငါက သူ့ကို အရမ်းချစ်မိနေပြီကွ"

သူ့ခံစားချက်ကို သူငယ်ချင်းတွေ တိတ်ဆိတ်စွာ နားထောင်ပေးနေကြသည်။ အဲဒီအချိန်မှာပဲ ကန်တင်း၏အဝင်ဝဘက်သို့ မျက်နှာမူထိုင်နေသော လင်းထက်သည် အကြည့်ကိုတော့ အဝင်ဝဘက်မှ မရွှေ့စေရဘဲ သူ့လက်ကို အသာလာကုတ်လေသည်။

"ဟော့ကောင် ... ဟော့ကောင် ... ချက်ချင်းကြီး လှည့်မကြည့်နဲ့။ ဖြည်းဖြည်းချင်းကျမှကြည့်။ မင်းရဲ့လေဒီက ဘဲတစ်ပွေနဲ့ စုံတွဲခုတ်လာတယ် ...

ဘဲကတော့ ဂျန်းတဲမန်းအထာနဲ့ဟော့။ ကားကလည်း Latest model နဲ့ဘယ်ကအကောင်းစားငနဲလဲတော့မသိဘူး"





"ဒါများ သေချာကြည့်ထားစမ်းပါ။ တစ်ရက်အတွင်းသိအောင် စုံစမ်းပေးမယ်"

သူသည် ဆိုင်ထဲသို့ဝင်လာသော သူမနှင့် တစ်စုံတစ်ယောက်ကို ပေါ်တင်ပဲ ငေးမောကြည့်နေလိုက်သည်။ သူမကတော့ သူတို့ရှိရာဘက်သို့ မကြည့်ပါ။ (တမင်မကြည့်ဘူးဆိုတာကိုလည်း သူ သိပါသည်။) သူမနှင့် ထိုဘဲက သူတို့နှင့်မလှမ်းမကမ်းခုံမှာ ဝင်ထိုင်လိုက်ကြသည်။

"ပုံစံကြည့်ရတာတော့ သမီးရည်းစားအတွဲတော့ မဟုတ်ဘူးကွ။ ဘဲကတော့ မလုံးရွှေကို ကြွေနေတဲ့အထာနဲ့။ ကြည့်နေတာကိုက အရည်ပျော်ကျမတတ်၊ လွန်တယ်ကွာ"

"စဉ်းစားစရာ တစ်ခုရှိတာက မလုံးရွှေက ဘာဖြစ်လို့ ဒီဘဲနဲ့ တွဲလာသလဲ ဆိုတာပဲ။ သာမန်ဆိုရင်တော့ ကျောင်းထဲအထိ သူ တွဲလာမှာ မဟုတ်ဘူးကွ"

"ငါ့ရင်ထဲမှာ တစ်ခုခုကို သိနေတဲ့ ခံစားချက်မျိုးရှိနေတယ်။ ဒီကောင့်ကို ရွှေက favour ပေးပုံရတယ်။ ဟား ... ငါ့ရင်တွေ ပူလိုက်တာကွာ။ ဒီကောင် ဘယ်သူလဲ သိချင်တယ်"

ပြည့်ဖြိုးက သူ့ကျောကုန်းကို နှစ်သိမ့်သလို ပုတ်ပေးကာ ...

"အဲဒါတွေက ကိုယ့်တာဝန်ထား သူငယ်ချင်း။ အဲဒီကောင် ဘယ်သူလဲဆိုတာ ဒီနေ့ပဲ မင်းသိစေရမယ် ... အိုခေ"



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဘာမှမပြောနိုင်ဘဲ ရွှေ့ထံသို့သာ ကြက်ကြီးလည်လိမ်ထားသလို စောင်းငန်းငန်းကြီး ကြည့်နေမိသည်။ ရွှေကတော့ သူ့ကို တစ်ချက်လေးသော်မှ မကြည့်ပါ။ တမင်မကြည့်ခြင်း ဆိုတာကိုလည်း သူက နားလည်ပါသည်။ ဘာကြောင့် မကြည့်ရသလဲ ဆိုတာကိုတော့ သူ မဝေခွဲတတ်တော့။

ရွှေရဲ့အရိပ်အကဲသည် ဘယ်လိုမှ ဖမ်းယူ၍မရအောင် ငြိမ်သက်အေးဆေးလို့နေသည်။ မုန်တိုင်း ရောက်မလာခင် လေပြည်၏ စစ်ဆင်ရေးပေလား။ နာဂစ်မတိုက်ခင် တစ်ပတ်လောက်အလိုက ရန်ကုန်မြို့ကြီး၏ ရာသီဥတုသည် ထင်မထားစွာ လှပခဲ့သည်ကို သူ အမှတ်ရနေမိသေးသည်။ မိန်းမတစ်ယောက်ရဲ့နှလုံးသားဟာ ပင်လယ်ပြင်လိုပဲ အစိုးမရ အကဲခတ်နိုင်စွမ်း မရှိလေသည်လားတော့ သူ မပြောတတ်တော့ပါ။ သေချာတာကတော့ သူသည် အချစ်မှာ ပြိုလဲခဲ့ပြီဖြစ်သည်။





## ၂၃

ဒီနေ့ မနက်ခင်းပိုင်းမှာ ရွှေ တစ်ယောက် ကျောင်းမတက်ဖြစ်ချေ။ မတက်ဖြစ်ရတဲ့ အကြောင်းရင်းကတော့ ဘုန်းသိုက်တို့ရဲ့အလှူကို သွားနေရ၍ဖြစ်သည်။ ရွှေတို့ တစ်မိသားစုလုံးကို အထူးဧည့်သည်တော်အနေဖြင့် မလာမနေရ ဖိတ်ကြားထားတာဖြစ်သောကြောင့် သွားကြရတာဖြစ်သည်။ ဒီလိုနှင့် နေ့ခင်းထမင်းစားချိန် အတန်းနားသည့်အခါမှပဲ ရွှေ့မှာ သူငယ်ချင်းနှစ်ယောက် စောင့်နေသော ကန်တင်းသို့ ရောက်သွားရသည်။ သူငယ်ချင်းမနှစ်ယောက်မှာ ထမင်းစားရင်း ရွှေ့ကို စောင့်နေကြလေသည်။

"ဟော့ ... ဘာတွေ ဝါးတီးဖွဲ့နေတုန်း"

"ဒီလိုပါပဲ။ ဖြစ်သလို ထမင်းပေါင်းလေ ဆွဲနေရတာပေါ့။ သူများတွေလို အလှူမှာ သွားစားတာလောက်တော့ ဘယ်စိုပြည်ပါ့မလဲ ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

"ပေါ်တင်စောင်းပြောနေတာပါလား။ မစားခဲ့ပါဘူးဟာ။ မနက်ခင်း ထမင်းကျွေးတာဆိုတော့ တစ်မျိုးကြီးပဲ။ ငါမှ ထမင်းကို စော်စောမစားတတ်တာ ...

အခုမှ ဗိုက်က ဆာလာတာ။ ငါကတော့ ကန်တင်းက အစားအသောက်တွေပဲ ကြိုက်တယ်။ ဟိတ် ... စိုးမြင့် ကြော်တစ်ပွဲ၊ ဖရုတ်ိုတစ်လုံးလည်းချ"

ရွှေက အနားသို့ရောက်လာသော စားပွဲထိုးလေးကို လှမ်းမှာလိုက်ပြီးနောက် အကဲခတ်နေကြသော သူငယ်ချင်းများကို ဘာမှမဖြစ်သလို ပုံစံမျိုးဖြင့် ပခုံးတစ်ချက်တွန့်ကာ ပြုံးပြလိုက်သည်။ မယ်သီက ရွှေ့ကို မချိုမချဥ် ပြုံးကြည့်လျက် ...

"မိန်းမ ... နင့်ကို ငါတို့ စစ်စရာ ရှိသေးတယ်"

"ဘာစစ်မှာလဲ"

"ဩော် ... နင် ဘုန်းသိုက်ကို ရွေးချယ်တော့မှာလား ဆိုတာကိုပါ"

အဲဒီမေးခွန်းကိုတော့ ရွှေသည် ချက်ချင်းမဖြေမိဘဲ အသာပြုံးနေမိသည်။ ဘာကြောင့်မှန်းမသိ ရာစုသစ်ကိုလည်း ချက်ချင်းပဲ သတိရသွားသေးသည်။ တစ်နေ့က ဘုန်းသိုက် တစ်ယောက် ကျောင်းထဲကို လိုက်လည်စဥ်က ကန်တင်းမှာ သွားထိုင်ချင်သည်ဆို၍ ရွှေမှာ သူ့ကို လိုက်ပို့ခဲ့ရသေးသည်။ အဲဒီမှာ ရွှေတို့နှစ်ယောက်ကို သူ တွေ့မြင်ပါလိမ့်မည်။ အဲဒီအတွက် သူ့သဘောထားတွေ နောက်ဆုတ်သွားရင်လည်း ဆုတ်ပါစေတော့။



ရွှေ့ရင်ထဲမှာ အမြင်ကတ်စရာမှတစ်ဆင့် အမြင်ကြည်လာပြီး နေရာတစ်ခုပေးမိတော့မှာကို ကိုယ့်ကိုယ်ကိုယ်သိနေပြီဖြစ်သည်။ သို့သော် ရွှေဟာ ရွှေပဲဖြစ်သည်။ ရွှေသည် ကိုယ်ချစ်ထက် သူချစ်ကို ဦးစားပေးသော သူတစ်ယောက်သာ ဖြစ်ပါသည်။ နှလုံးသားနှင့် ရင်းနှီးရသော အချစ်တစ်ခုရဲ့ နောက်ဆက်တွဲဆိုးကျိုးများကို ရွှေ မခံစားလိုပါ။ ရွှေသည် နှလုံးသားကို ဦးစားမပေးသော သူတစ်ယောက်သာ ဖြစ်ပါသည်။

"နင်တို့က ဘယ်လိုထင်လို့လဲ"

အကြာကြီးနေပြီးမှ မေးခွန်းကိုလည်း ပြန်မဖြေဘဲ ပြန်လည်မေးခွန်းထုတ်နေသော ရွှေ့ကို သူငယ်ချင်းတွေက မျက်စောင်းထိုးကြသည်။ ဒိုးဒိုးဒေါက်ဒေါက် စကားပြောတတ်သော မယ်သီကတော့ ရွှေ့ကို မျက်ဝန်းများ မှေးစင်းကြည့်ပြီးမှ ...

"ငါကတော့ နင် ဘုန်းသိုက်ကို ဦးနှောက်နဲ့ ရွေးချယ်တော့မယ်လို့ ထင်တာပဲ"

ရွှေက ရေတစ်ခွက်ကို အရင်မော့ရင်းမှ မျက်လုံးပြူးပြကာ ...

"နေပါဦး ... နင့်စကားက အဆန်းပါလား။ ဘုန်းသိုက်ကို ရွေးချယ်တော့မယ်လို့ပြောရင်လည်း ရတဲ့စကားကို ဘာဖြစ်လို့ ဦးနှောက်နဲ့ဆိုတဲ့ စကားကြီးက ထည့်နေရတာလဲ"

"ငါပြောတာ မဟုတ်လို့လား"

www.burmeseclassic.com

www.burmeseclassic.com

ရွှေက အရင်လာချပေးသော ဖရုံတိုပုလင်းကို ပိုက်နဲ့ တစ်ချက်စုပ်သောက်ပြီးတော့မှ ...

"အဲဒီလို ထင်ရလို့လား"

"ပြန်မမေးနဲ့လေ။ ဟုတ်ရင် ဟုတ်တယ်ဖြေပေါ့"

"မင်း မဆိုးပါဘူး"

"ဘာလဲ ... မင်းလူ ဝတ္ထုလား"

"မင်းလူ ဝတ္ထုလား ဘာလားတော့ မသိဘူး။ ငါသိတာက တော့ နင်က ဦးနှောက်သုံးလိုက်တာပဲ၊ ဒီ့ထက် ယဉ်ယဉ် လေး ပြောလိုက်ရရင်တော့ သူချစ်ကို ရွေးချယ်တယ် ပေါ့"

"မရွေးချယ်ရသေးပါဘူးဟာ"

ရွှေက လာချပေးသော စိုးမြင့်ကြော်ကို ခက်ရင်းနဲ့ မွှေရင်းမှ ဝေဝေဝါးဝါး ဖြေမိသည်။ စိတ်ထဲမှာ ဘုန်းသိုက်အကြောင်း စဉ်းစားမိတိုင်း ရာစုသစ်ကို ဘာကြောင့် သတိရသွားသလဲဆို တာတော့ ရွှေ မတွေးတတ်တော့ပါ။ သတိရသွားတိုင်းလည်း တစ်ခုခုကို ခံစားသွားရသေးသည်။ သို့သော် အဲဒီဝေဒနာကို ရွှေ မကြိုက်ပါ။ ယောကျ်ားတစ်ယောက်အတွက် အဲဒီလောက်လေး တောင် မခံစားချင်ပေ။

"မရွေးချယ်ရသေးဘူး ဆိုပေမယ့် ရွေးချယ်တော့မှာ မဟုတ် လား။ ငါ မသိလို့ မေးပါရစေ။ နင် ရာစုသစ်ကို စိတ်





ဝင်စားရဲ့သားနဲ့ သူနဲ့စခန်းကို ရှေ့မဆက်ဘဲ ဘာကြောင့် ဘုန်းသိုက်ကို ရွေးချယ်ချင်ရတာလဲ"

အဲဒီမေးခွန်းသည် ရွှေ့ကို တွေဝေသွားစေသည်။ ရွှေရဲ့မျက်လုံးထဲတွင် တောက်ပသောအကြည့်တွေနဲ့ ကြည့်တတ် သူ၊ အပြုံးချိုချိုများဖြင့် တစ်ဖက်သားရဲ့နှလုံးသားအထိရောက် အောင် ပြုံးပြနိုင်သူရဲ့ ပုံရိပ်တွေက ထင်ယောင်လာသည်။ ဟာသ ဉာဏ်ရှိသော သူ့စကားတွေအောက်မှာ ရွှေ တစ်ယောက် မွေ့ပျော် မှန်းမသိ မွေ့ပျော်ခဲ့ရသည်။

မသိစိတ်မှာ သာယာကြည်နူးနေခဲ့ပေမယ့် သိစိတ် ကတော့ ဒါကို လက်မခံနိုင်။ မဖြစ်သင့်ဘူး ဆိုတာကို ဦးနှောက် က နှလုံးသားကို အကြိမ်ကြိမ် အခါခါ သတိပေးနေခဲ့သည်။

"အဲဒီမေးခွန်းကို နင်မဖြေနိုင်ရင် ငါ ဝင်ဖြေပေးရမလား"

ရွှေက မယ်သီ့ကို တစ်ချက်ကြည့်မိလိုက်လျှင် သူမက ခေါင်းတစ်ချက်ဆတ်ကာ ပြောသည်။

"ဒီအတိုင်း ကြာကြာဆက်သွားရင် ရာစုသစ်ရဲ့ ဆက်ကွင်း က မလွတ်မှာစိုးလို့ မဟုတ်လား။ ဒါကြောင့် ဘယ်ဘက် ကမှ ပြောစရာမရှိတဲ့ ဘုန်းသိုက်ကို နင် ခေါင်းညိတ်ချင် တာ။ နင့်နှလုံးသားကို ထိုးဖောက်တော့မယ့် ရာစုသစ်ရဲ့ မြားချက်တွေကို ဘုန်းသိုက် ဆိုတဲ့ ဒိုင်းတစ်ခုနဲ့ကာကွယ် ချင်တာ ...


www.burmeseclassic.com

www.burmeseclassic.com



နင့်အတွေးနဲ့နင်တော့ ဟုတ်နေတာပဲ ရွှေ။ ဒါပေမဲ့ ကိုယ်မျှော်လင့်ထားသလို ဖြစ်မလာရင်ဆိုတဲ့ အတွေးကိုရော နင် တွေးထားမိရဲ့လား ...

နှလုံးသားဆိုတာ သိပ်နားလည်ရ ခက်တယ်နော်။ ဘုန်းသိုက်ကို ရွေးချယ်ပြီးတော့မှ နင့်နှလုံးသားကို နင်မနိုင်ရင် အားလုံးရှုပ်ထွေးကုန်မယ်။ အဲဒီတော့မှ တိုင်ပတ်မှာ။ ငါ ထင်တော့ နင့်ဦးနှောက်က အခါခပ်သိမ်း မမှန်နိုင်ဘူးဆိုတာပဲ။ ဦးနှောက်နဲ့ ဆုံးဖြတ်တိုင်း နေရာတကာမှာ Perfect ဖြစ်တယ်လို့မှ မရှိတာ”

မယ်သီရဲ့ တရှည်တလျား အေးဆေးသော စကားတွေသည် ရွှေ့ကို စိုးမြင့်ကြော်ကိုတောင် ဆက်မစားနိုင်တော့ဘဲ နင်သွားစေသဖြင့် ဖရူတိုပုလင်းကို ကောက်မော့လိုက်ရသည်။

“အချစ်ဆိုတာ လုပ်ယူလို့ရတာပဲ မဟုတ်လားဟာ”

“normally အားဖြင့်တော့ မှန်မှာပေါ့။ ဒါပေမဲ့ အဲဒါက ယှဉ်ဘက်မရှိဘူး ဆိုရင်တော့ ဟုတ်တာပေါ့။ ဘယ်သူမှ သွားစရာမရှိလို့ ဒီတစ်ယောက်က အသင့်တော်ဆုံးဆိုပြီး ရွေးယူလိုက်ရတာက ဘာပြဿနာမှ မရှိဘူး ...

ကိုယ့်ရင်ထဲမှာ တစ်စုံတစ်ယောက်ကို နေရာပေးထားနိုင်ရဲ့သားနဲ့ အဲဒါကိုရှောင်ပြီး တခြားတစ်ယောက်ကို နေရာပေးဖို့ ကြိုးစားထားတာတော့ ရှော့ရှိတယ်”





“ငါမှ သူ့အချစ်ကို မယုံတာ”

“အင်းလေ ... မယုံတဲ့ဟာကို ဇွတ်တော့ မတိုက်တွန်းချင်ပါဘူး။ ဒါပေမဲ့ ငါ သေချာပြောနိုင်တာ တစ်ခုကတော့ နင့်ကို ရာစုသစ်က တကယ်ချစ်တယ် ဆိုတာပဲ”

အဲဒီအပြောကြောင့် ရွှေ့နှလုံးသားထဲတွင် နွေးခနဲ ဖြစ်သွားသည်။ (ဒါတောင် သူကိုယ်တိုင်ပြောတာ မဟုတ်သေးဘူးနော်) ဒါပေမဲ့လည်း ဦးနှောက်က ဟင်းနော် ... ဟင်းနော်ဟု သတိပေးနေသည်။

“ဒါပေမဲ့ဟာ နင်တို့ပဲ စဉ်းစားကြည့်။ ကိုယ့်ကို နည်းပရိယာယ်တစ်ခုနဲ့ ချဉ်းကပ်လာတဲ့ ယောကျ်ားတစ်ယောက်က အခုကျမှ မင်းကို ငါ တကယ်ချစ်တာပါ။ အရင်ကဟာတွေ လျှော်ပစ်လိုက်ပါ ပြောတိုင်း ငါက ယုံစားပြီး ခံပေးရမှာလား ...

နင်သာဆိုရင်ရော ... ကဲ”

“ငါသာဆိုရင်တော့ ကိုယ်က feel လာနေပြီပဲ။ နည်းနည်းတော့ ခံစားကြည့်ချင်သေးတာပေါ့။ ပြီးတော့ သူက နင်ထင်သလို မဟုတ်ဘဲ နင့်ကို တကယ်ချစ်နေပြီ ဆိုရင်ရော”

ရွှေသည် ဘာမှပြန်မဖြေနိုင်ခဲ့ပါ။ သို့သော်လည်း တစ်ခုခုကိုတော့ နက်နက်ရှိုင်းရှိုင်း တွေးတောနေခဲ့သည်။ ရွှေသည် ဦးနှောက်ကိုသုံးသော မိန်းကလေးတစ်ယောက်မို့ ဦးနှောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသောကိစ္စဟာ မှန်ပါသလား ဆိုတာကိုလည်း ဦးနှောက်နဲ့ ပဲ ပြန်လည်တွေးတော ခံစားနေမိခဲ့သည်။ ဆုံးဖြတ်ချက်ချမည့် နှလုံးသားသည် လွယ်လွယ်မဆုံးဖြတ်နိုင်ဘဲ တွေဝေစွာဖြင့် အဝေး တစ်နေရာသို့ ငေးမောနေဆဲ။ ။





၂၄

"နာမည်က ခေါင်ဘုန်းသိုက်။ အေး ... မိုးဆန်းပန်းဘဏ် ဥက္ကဋ္ဌကြီးရဲ့သားပဲ။ ရေလျှံဘဲတွေပေါ့။ ရုပ်ပါအားဖြင့်လည်း သမီးရှင်တွေအကြိုက် ဂျန်းတဲလ်မန်းအထာနဲ့ ပညာအားဖြင့်လည်း ဩဇီက Business Management နဲ့ ဘွဲ့ရထားတာ ...

ဒီကောင့်ကို လိုချင်နေတဲ့ သမီးရှင်တွေ ဒုနဲ့ဒေး။ ဒါပေမဲ့ အဲဒီကောင်ကလည်း မလုံးချွေကို အသားကုန်ကြွေ နေတာ။ ဖအေချင်းကလည်း ဂေါက်ရိုက်ဖော်ရိုက်ဖက်တွေ။ မလုံးချွေတို့ကလည်း သူ့ဟာနဲ့သူ ပြည့်စုံတယ်ဆိုပေမယ့် ဘုန်းသိုက်တို့နဲ့ယှဉ်ရင်တော့ အဖျားအနားလောက်ပဲ ရှိတော့ တာပေါ့။ ဟိုကောင်တွေက တကယ့် အလျှံတွေကိုး ...



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဒီမင်းသားက မင်းလို ငပွေးလည်းမဟုတ်ဘူး။ ကဲ ... ခန့်မှန်းတာ မလွဲဘူးဆိုရင် မလုံးရွှေက ခေါင်ဘုန်းသိုက်ကို ဒါသုံးလိုက်တာမဟုတ်ဘူး(ရင်ဘတ်ကိုလက်နဲ့ပုတ်ပြ၍) ဒါသုံးလိုက်တာ(နားထင်ကို လက်ညှိုးနှင့်ထောက်သည်)"

ပြည့်ဖြိုးက သူ့ကို တစ်ချက်စိုက်ကြည့်ကာ ...

"မင်း ဘာဆက်လုပ်မှာလဲ"

"ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာပဲ"

"မင်းနဲ့ မလုံးရွှေ နှစ်ယောက်တည်းသိတဲ့ အထာတွေရှိတယ် မဟုတ်လား။ မင်း ဘယ်လိုမျှော်မှန်းလဲ"

"သူ ငါ့အပေါ်မှာ အရမ်းကြီးတော့ မခါးသီးပါဘူး"

"ငါ မပြောဘူးလား။ မလုံးရွှေက မင်းကို ခံစားပေးပါတယ်လို့။ အေး ... ဒါပေမဲ့ သူက မင်းကို လုံးဝမယုံဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းက သူ့ကို လှော်သွားမယ်ပဲထင်နေတာ ...

ဒါကြောင့် သူ့အတွက် Perfect လို့ ထင်ရတဲ့ လူတစ်ယောက်ကိုပဲရွေးဖို့ စိတ်ကူးလိုက်တာ။ အဲဒါကို မင်းလက်ပိုက်ပြီး ကြည့်နေမလားဆိုတဲ့ မေးခွန်းကိုပဲ တို့က မေးစရာရှိတယ်"

"လက်ပိုက်မကြည့်လို့ လက်မြှောက်ပြီး ကြည့်နေရမှာလား"





ဟု ဘုတောသော်လည်း သူငယ်ချင်းတွေက ဗွေမယူကြပါ။ လင်းထက်က သူ့ကို အရောင်လက်နေသော မျက်လုံးများဖြင့်ကြည့်ကာ ...

"ငါ မင်းကို အကြံတစ်ခုပေးမယ်ကွာ။ မင်း လိုက်လုပ်မှာလား။ နည်းနည်းတော့ စွန့်စားရမှာပေါ့"

"ဘာလဲ"

"ဘာလဲ ဆိုတာတော့ ဒီအတိုင်းကြီး ဘယ်ပြောမလဲ။ မင်းက လိုလိုလားလားနဲ့ လုပ်မယ်ဆိုမှ ပြောမှာပေါ့။ ငါပေးမယ့်အကြံက မင်းအတွက် တကယ်အကျိုးရှိမှာနော်"

"ဘာအကြံမို့လဲ"

"မင်း လုပ်မှာလား မလုပ်ဘူးလား ဆိုတာကိုသာ ပြောပါ"

"မင်းတို့က ..."

သူ့စကားတောင် မဆုံးသေး။ လင်းထက်က သူ့မျက်နှာကို လက်ညှိုးနှင့်ငေါက်ငေါက်ထိုးကာ ...

"မင်း ဘာမှ ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောမနေနဲ့။ ဒီအချိန်မှာ မင်းအတွက် ကောက်ရိုးတစ်မျှင်တွေ့ရင်လည်း ဆွဲထားရမယ့် အခြေအနေဖြစ်နေပြီ။ မင်း သူ့ကို တကယ်ပိုင်ဆိုင်ချင်တယ်ဆိုရင် စွန့်စားလိုက်"

"ဟော့ကောင်တွေ ဘာအထာလဲ။ ငါက သူ့ကို ကားတင်ပြေးရမယ့် အထာလား။ ဟာ ... အဲဒါကတော့"



www.burmeseclassic.com

www.burmeseclassic.com

သူ့ရဲ့ရှုးရှုးရှဲရှဲအပြောကို ပြည့်ဖြိုးက ငထူငထိုင်းတစ်ယောက်အား ကြည့်သော ဒီဇိုင်းမျိုးဖြင့်ကြည့်ကာ ငါးသလောက်ပြုံး ပါးပါးလေးဖြင့် ခေါင်းအသာယမ်းပြသည်။

“နှစ်ဆယ်ရာစုပြဇာတ်ထဲက ဇာတ်ကွက်တွေကို မစဉ်းစားပါနဲ့လား သူငယ်ချင်းရယ်”

အရေးထဲ ပဲများနေသော လင်းထက်ကို သူက အသံမထွက်ဘဲ ဆဲပေးလိုက်သည်။ လင်းထက်က သူ့ရဲ့သွေးပျက်နေသော ဒီဇိုင်းကို ခံစားနားလည်စွာဖြင့် အသာပြုံးပြကာ သူ့နားရွက်အနားသို့ တိုးတိုးလေး ကပ်ပြောသည်။

“မင်းက သူ့ကိုကားတင်ပြေးရမှာ မဟုတ်ဘူးကွ။ သူ့ကိုကားတင်ပြေးမယ့်လူတွေလက်ထဲက ကယ်တင်ပေးရမှာ၊ သိပြီလား”

“ဘာရယ် ! ”

“မင်း အံ့သြသွားတယ် မဟုတ်လား။ ဒါပေမဲ့ အဲဒီကိစ္စကတကယ်လုပ်ရမှာ။ အိုဗာတင်းလေး နည်းနည်းဖျော်ပြီးလုပ်တဲ့ မင်းကို မလုံးရွှေက အသိအမှတ် ပြုသွားလိမ့်မယ်။ အဲဒီအခါကျရင် မင်းတို့ဇာတ်လမ်းက တစ်မျိုးတစ်မည်ပြောင်းလဲသွားမှာပဲ ...

အမိက,က မင်း တကယ်ချစ်တာကို သူ ယုံသွားဖို့မဲလေ။ ယုံရင် ပွဲကသိမ်းသွားပြီမဲ။ ဟုတ်တယ် မဟုတ်လား”



“နေပါဦး။ မင်းတို့ ပြောနေတာတွေက ဘာတွေလဲ။ ငါက တစ်ခိုင်လုံးရွှေကို ကယ်တင်ရမှာတော့ ဟုတ်ပါပြီ၊ သူ့ကို ဘယ်ကောင်တွေက ကားတင်ပြေးမှာတဲ့လဲ”

“ကျွတ် ... မင်းက ဝေးလိုက်တာကွာ။ ဘယ်သူကမှ ကားတင်မပြေးဘူးဟ့။ ဒါပေမဲ့ အဲဒီလို တမင်ဖန်တီးရမှာ။ ဇာတ်လမ်းရိုက်မှာ သိပြီလား”

ဒီတော့မှ သူက သဘောပေါက်သွားသည်။ သို့သော်ချက်ချင်းပဲ တစ်စုံတစ်ခုကို စဉ်းစားမိကာ ...

“ဟေ့ကောင် ... အဲဒီလိုလုပ်ဖို့ ဖြစ်ပါ့မလားကွာ။ ရွှေ့ကို ကားတင်ပြေးတဲ့အထိ ရူးရူးမူးမူး ကြိုက်နေတဲ့ကောင်တွေက လတ်တလောမှာ ရှိနေလို့လား”

“မင်းက ဝေးရမယ့်နေရာဆို နှစ်ယောက်မရှိဘူး။ ဒီမှာ ဟေ့ကောင်။ သူတို့အကွက်နဲ့ပဲ သူတို့ကို ပြန်စားမှာကွ သိလား။ မင်းရဲ့ မလုံးရွှေက အခု ဘယ်သူနဲ့ တွဲနေလဲ။ ရေလျှံဘဲ ဘုန်းသိုက်နဲ့ တွဲနေတယ် မဟုတ်လား ...

ဘုန်းသိုက်နဲ့ ပတ်သက်တဲ့ မိန်းကလေးတစ်ယောက် အဖြစ် ဘုန်းသိုက်ဆီက ငွေညှစ်ချင်တဲ့သဘောနဲ့ ပြန်ပေးဆွဲမှာ။ အဲဒါကို မင်းက ကြားထဲက ကယ်တင်ရမှာ။ နားလည်လား”

www.burmeseclassic.com

www.burmeseclassic.com

သူက ရေးတေးတေးတော့ သဘောပေါက်လာသည်။ သို့သော် သိပ်တော့ မရှင်းလင်းသေးပါ။ အပြောအားဖြင့်တော့ လွယ်သော်လည်း လက်တွေ့မှာတော့ နည်းနည်းခက်မည်ဟု ထင်သည်။

"မင်းတို့ပြောသလောက်တော့ လွယ်မယ်မထင်ဘူးကွ"

"ဩော် ... မင်းကြီးတော်ကြီး။ ဒီအတိုင်းတော့ လွယ်နေပါ့မလား။ သေချာလုပ်မှ ရမှာပေါ့ကွ။ မဟုတ်ရင် တိုင်ပတ်ပြီး အားလုံးမြွေကိုက်ကုန်မယ်။ ပေါ့သေးသေးကိစ္စမှ မဟုတ်တာ ...

ဒါပေမဲ့ အောင်မြင်သွားရင်လည်း မင်းအတွက် အခွင့်အရေးက အများကြီးပဲ။ ကဲ ... ဘယ်လိုလဲ၊ မင်း လုပ်မှာလား"

သူ အာခေါင်တွေ ချက်ချင်းပဲ ခြောက်သွေ့လာသလို ခံစားရသည်။ မျက်ဝန်းထဲတွင် စွဲမက်ဖွယ်အပြုံးမျိုးနှင့် ညို့တတ်သူ ရွှေရဲ့ရုပ်သွင်ကို မြင်ယောင်လာသည်။ လေပြည်တွေ တိုက်ခတ်သွားသဖြင့် ရွှေရဲ့ဆံနွယ်တွေ လေထဲမှာ လွင့်ပျံသွားပုံ၊ စကားပြောလျှင် တစ်ဖက်သားရဲ့ မျက်နက်ဆန်လေးထဲသို့ တည့်တည့်စိုက်ကြည့်ပြီးမှ ပြောတတ်ပုံ၊ ခေါင်းလေးငုံ့ကာ စောင်းကာဖြင့် မချိုမချဉ် ပြုံးကြည့်ပြီး ပြောတတ်ပုံ စသော ပုံရိပ်များက နှလုံးသားထဲသို့ တန်းစီပြီး ဝင်ရောက်လာသည်။





ဒီလို စွဲလမ်းရသော မိန်းကလေးတစ်ယောက်ကို သူ လက်လွှတ်ဆုံးရှုံးနိုင်ပါသလား။ ဟင့်အင်း ... ဆုံးရှုံးကာမှ ဆုံးရှုံး။ ပီပြင်သော စွန့်စားခန်းတစ်ခုကိုတော့ စွန့်စားကြည့်ချင်လေသည်။

"မင်းတို့ဟာက သေရော သေချာမှာလား"

"အောင်မာ မေးပုံကိုက။ မင်းရဲ့စိတ်ပျက်နေတဲ့ အရွဲ့အပြုံ ဒီမိုင်းကို မကြည့်ရက်လို့ ငါတို့ ခေါင်းသုံးခေါင်း ပိုင်းစဉ်းစားထားတာကွ သိလား ...

သေချာလား မသေချာလား မေးမနေနဲ့။ အဆင်ပြေရင် ကောင်းစားမှာက မင်း၊ အဆင်မပြေရင် ထောင်နန်းစံရမှာက ငါတို့ပါ အဆစ်ပါတယ်"

"အေးပါကွာ ... အေးပါ။ ယောက်ဖတို့ စေတနာကို လေးစားပါတယ်။ ဒီတော့ တို့ ပရောဂျက်ကို ဘယ်တော့ အကောင်အထည် ဖော်မှာလဲ"

"ဒါကတော့ စီစဉ်စရာရှိတာတွေ သေချာစီစဉ်ပြီးမှ အကောင်အထည် ဖော်ရမှာပေါ့။ နည်းနည်းလေးမှ လွဲလို့ရတဲ့ကိစ္စမှ မဟုတ်တာ။ ပြီးတော့ မလုံးရွှေကို အဲဒီလို ပြန်ပေးဆွဲနိုင်ဖို့အတွက် သူ့ကိုဘတ်ပြီးခေါ်နိုင်ဖို့ ခိုင်လုံတဲ့အကြောင်းပြချက်ကလည်း လိုသေးတယ်။ အဲဒီလို ခေါ်နိုင်ပါပြီတဲ့ မင်းက အဲဒီနေရာကို ယုတ္တိရှိရှိနဲ့ ရောက်သွားမယ့် အကြောင်းရင်းကလည်း ရှိဦးမှ ...


www.burmeseclassic.com

www.burmeseclassic.com

သေချာကို plan ဆွဲမှ ရမှာ”

“အိုကေ ... We are Fighting ! ”

သူတို့လက်ဖဝါးတွေက လေထဲတွင် တဖြောင်းဖြောင်း မြည်သွားကြသည်။

ရင်တွေ ပိုခုန်လာပြီ ရွှေရေ။





## ၂၁

နံနက်ခင်း၏နေရောင်ခြည်သည် အားမာန်အပြည့်ဖြင့် ကျောင်းထဲ၌ လင်းချင်းစွာ ဖြာကျနေသည်။ ရွှေသည် အဓိပတိလမ်းအတိုင်း လျှောက်လှမ်းလာရင်းမှ “အဓိပတိလမ်းက ခြေရာများ”ဟူသော သီချင်းကို အမှတ်ရမိသွားကာ တိုးတိတ်စွာ ညည်းမိသည်။ အဓိပတိလမ်းမှာ ချစ်သူစုံတွဲတွေ ပျော်ရွှင်စွာ ဖြတ်သန်းသွားလာခဲ့ကြဖူးမှာပဲ။ ရွှေကတော့ တစ်သက်လုံး အဲဒီ အခွင့်အရေးကို မရနိုင်တော့ဘူးဟု ထင်သည်။

ချစ်ခြင်း၏အရသာကို တစ်ခါမှ မခံစားဖူးသော ရွှေသည် အချစ်၏အစိတ်အပိုင်းတစ်ခုဖြစ်သော ရင်ခုန်ခြင်းကဏ္ဍမှာတောင် ကိုယ့်ကိုယ်ကိုယ် ထိတ်လန့်စွာ နောက်ဆုတ်ခဲ့တာလည်းဖြစ်သည်။ သူချစ်သည်သာ ကိုယ့်အတွက် စိတ်အချမ်းသာဆုံးဟု တွေးထင်ထားမိခဲ့တာ မှန်ပါသလား။ စိတ်ချမ်းသာမှုနှင့်


www.burmeseclassic.com

www.burmeseclassic.com



ထပ်တူပျော်ရွှင်မှုကရော ရှိပါသလား။ အချစ်ဆိုတဲ့ အရာကရော ကိုယ့်ရဲ့စိတ်ချမ်းသာမှုကို ပေးနိုင်ပါသလား စသဖြင့် ရွှေ့ရဲ့ ဦးနှောက်ထဲတွင် အချစ်နဲ့ပတ်သက်ပြီး အတွေးတွေ ကစဉ့်ကလျား ပြေးလွှားနေသည်။

အဲဒီအချိန်မှာပဲ တစ်စုံတစ်ယောက်က ရွှေ့ရဲ့လက်မောင်းတွေကို နောက်ကနေ၍ ဖျတ်ခနဲ ဖမ်းဆွဲထားတာနှင့် ကြုံလိုက်ရလျှင် ရွှေသည် အံ့သြတကြီး နောက်သို့လှည့်ကြည့်မိသည်။ ရွှေ့ကို ဖြေရှင်းချက်ပါသော မျက်လုံးများဖြင့် ကြည့်နေတာက ရာစုသစ်ပဲဖြစ်သည်။ သူက ရွှေရဲ့လက်မောင်းကို လွှတ်ပေးပြီး နောက် ကွန်ကရစ်လမ်းပေါ်သို့ မျက်လုံးဖြင့်ပြကာ ...

"ငှက်ပျောခွံကို မင်း မမြင်ဘူး မဟုတ်လား"

အို ... ဟုတ်ပါရဲ့။ ရွှေရဲ့ရှေ့မှာ စည်းမဲ့ကမ်းမဲ့ လွှင့်ပစ်ထားသော ငှက်ပျောခွံတစ်ခုကို ရွှေ တကယ်ပဲ မမြင်မိပါ။ သူသာ ဆွဲမဖမ်းထားလျှင် အဟုတ်ကိုပဲ တက်နင်းပြီးနောက် ချော်လဲကျတော့မှာဖြစ်သည်။ သူ့ကို ကျေးဇူးတင်စကား ပြောရကောင်းနိုး၊ မပြောရကောင်းနိုး စဉ်းစားနေတုန်းမှာပဲ သူက ငှက်ပျော်ခွံကိုကောက်ကာ လမ်းဘေးတစ်နေရာမှာ ချထားလိုက်သည်။ အောက်က အမှိုက်သရိုက်ပစ္စည်းတစ်ခုကို လက်နဲ့ကိုင်ရတာလောက် ရွံတာမရှိသော ရွှေသည် ရုတ်တရက် စကားတစ်ခွန်း ထွက်သွားသည်။





"ဟယ် ... ဘာလို့ လက်နဲ့ကောက်ကိုင်ရတာလဲ။ ရွံစရာကြီး"

"ဪ ... မင်းလိုအဖြစ်မျိုး နောက်တစ်ယောက် ထပ်ကြုံမှာစိုးလို့ပေါ့။ မင်းချော်လဲမယ့်ဆဲဆဲမှာ ကိုယ်က အချိန်ကိုက် ရောက်လာနိုင်ပေမယ့် တခြားတစ်ယောက်ဆိုရင်တော့ ရောက်လာချင်မှ ရောက်လာနိုင်မယ်လေ"

ရွှေက သူ့ကို အပိုတွေဟုသော သဘောမျိုးဖြင့် မချိုမချဉ် ပြုံးကြည့်လိုက်လျှင် သူက ရွှေရဲ့မျက်ဝန်းများထဲသို့ မွတ်သိပ်စွာ ငေးမောနေတာနှင့် ကြုံရသည်။ ဒါပေမဲ့ သူက အကြည့်တွေကို ချက်ချင်းလွှဲကာ ရွှေရဲ့ဘေးမှ လိုက်လျှောက်ရင်း စကားပြောသည်။

"ဘယ်လိုဖြစ်တာလဲ။ အမြဲတမ်း သတိရှိတဲ့ တစ်ခိုင်လုံးရွှေက ရှေ့တည့်တည့်မှာရှိတဲ့ ငှက်ပျောခွံတစ်ခုလုံးတောင် မမြင်ရလောက်အောင် ဘာတွေများ စဉ်းစားခန်းဝင်လာရတာလဲ"

"ဒီလိုပဲပေါ့"

"အေးပေါ့ ... တစ်ခါတလေလည်း ဤသို့ဖြစ်တတ်သည်ပေါ့"

ရွှေက သူ့စကားကို ငုံပြီးပြုံးပြလျှင် သူက ရွှေ့ကို တစ်မျိုးသောအဓိပ္ပာယ်ပါသည့် မျက်ဝန်းတွေဖြင့် ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဓိပ္ပာယ်တွေကို ရွှေ ကောက်တတ်သည်။ သဘောကတော့ ရွှေရဲ့နံဘေးမှာ ကပ်ပါလာပြီး အဓိပတိလမ်းကို အတူတွဲလျှောက်ခွင့်ရတယ်ဟူသော သူ့မျက်ဝန်းအဓိပ္ပာယ်များကို ရွှေက နားလည်လေသည်။ ဒါကြောင့် သူ့ကို မျက်ခုံးပင့်ကြည့်ကာ "ဘာလဲ"ဟု ခပ်ဆတ်ဆတ်ဆိုမိသည်။ သူက ဟက်ခနဲရယ်ကာ ...

"ဘာမှမလဲပါဘူး။ ကိုယ် မင်းကို ဘာပြောမိလို့လဲ"

"ရှင် ဘာမှမပြောပေမယ့် ရှင့်စိတ်ထဲမှာ ဘာပြောချင်လဲဆိုတာကို သိတယ်"

"ဟုတ်လား။ သိပ်တော့ မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ ကျွန်မထင်ရင် လွဲခဲတယ်"

သူက ရွှေရဲ့စကားကို ခေါင်းမော့ကာ ဟားခနဲရယ်သည်။ အပေါ်ကို ခေါင်းမော့ပြီး ဟားခနဲရယ်ပုံမှာ လွင့်မျောနေသောပုံစံ ဖြစ်သောကြောင့် ရွှေသည် အဲဒီပုံစံကို ငေးခနဲဖြစ်သွားသည်။ ရင်ထဲမှာလည်း လွင့်ခနဲဖြစ်သလို ခံစားသွားရပါသည်။ သူက ရွှေရဲ့ဘက်သို့ တစ်ချက်ငဲ့ကြည့်ကာ ...

"ကိုယ့်ရင်ထဲမှာ ဘာတွေရှိတယ် ဆိုတာကို မင်း သိနိုင်တယ်ဆိုတာ သိပ်တော့ မဖြစ်နိုင်ဘူး ထင်ပါတယ် ရွှေရယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရင်ကိုသာ မင်း အမှန်အတိုင်းမြင်နိုင်ရင် ဒီလောက်တော့ လျစ်လျူရှုထားမှာ မဟုတ်ဘူးလား"





"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့။ မင်း ထင်နေတာတွေက ဟုတ်မှမဟုတ်တာ"

သူ့စကားကို ရွှေသည် တစ်စုံတစ်ရာ ပြန်မပြောဖြစ်ချေ။ ဘုန်းသိုက်နဲ့ တွဲနေတာကို သူ သိတော့သိမှာပင်။ ခုတလော ရွှေ့ထံသို့ ဖုန်းသိပ်မဆက်တော့တာ၊ ရွှေရှိတဲ့နေရာတိုင်းမှာ သူ့ကို တွေ့ရသော်လည်း စကားလာပြောနေတာမျိုး မရှိတော့ဘဲ ခပ်ဝေးဝေးကသာ ငေးနေတာတွေဟာ ရွှေ့ကို တဖြည်းဖြည်း နောက်ဆုတ်သွားတာလားဟု တွေးမိလာသည်။ ဒီလိုကျတော့လည်း ရွှေရဲ့ရင်ထဲမှာ ဘယ်လိုဖြစ်မိလဲတော့ မသိပါ။

"ရွှေ"

သူ့ရဲ့တိုးတိတ်သော အခေါ်အဝေါ်ကို ရွှေက မျက်ဝန်းများဖြင့် တုံ့ပြန်ထူးမိသည်။ နှစ်ယောက်သား ကြည့်မိသောအကြည့်များထဲတွင် တိမ်မျှင်တွေ ယှက်သိုင်းနေသလို ခမ်းနားသင်းဖြာပြီးနေခဲ့သည်။

"မင်း ကိုယ့်ကို ဘယ်တော့မှ မယုံတော့ဘူးပေါ့၊ ဟုတ်လား"

ရွှေသည် သူ့ကို ဘာစကားမှ ပြန်မပြောဖြစ်ပေ။ တိတ်ဆိတ်ငြိမ်နေခြင်းဟာ ဝန်ခံသည့်သဘော သက်ရောက်စေသလားတော့ မပြောတတ်ပါ။ ရွှေက ကြိုးစားပြီး စကားပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ယုံကြည်ခြင်း၊ မယုံကြည်ခြင်းကလည်း ရှင့်အတွက် ဘာမှအရေးမပါဘူး မဟုတ်လား"

"ဘယ်လိုပြောလိုက်တာလဲ ရွှေ။ မင်းရဲ့ယုံကြည်ခြင်းဆိုတာ ကိုယ့်အတွက် အသက်တမျှ မဟုတ်တောင် လက်ရှိကြုံတွေ့နေတဲ့ ကိစ္စတွေထဲမှာ အရေးကြီးဆုံးကိစ္စပါ"

"ဪ ... ဟုတ်လား"

"မခနဲ့ပါနဲ့ ရွှေ။ မင်းကို သိပ်ချစ်သွားတဲ့ စိတ်တစ်ခုကြောင့်သာ ဒီလောက်ထိ ကိုယ်သည်းခံနေတာပါ။ ကိုယ့်ဘဝမှာ မိန်းကလေးတော်တော်များများကို အီစီကလီ ရိုက်ခဲ့တယ်။ အာထုခဲ့ဖူးတယ်၊ ဒါတွေကို သူတို့က ယုံတယ် ...

ကိုယ် မိန်းကလေးတစ်ယောက်ကို တကယ်ကြွေပြီဆိုတော့မှ ကိုယ့်ရဲ့အမှန်အကန်စကားတွေကို အဲဒီမိန်းက[illegible]လေးက မယုံဘူး။ သိပ်ရင်နာဖို့ကောင်းတဲ့ ဟာသတစ်ခုပဲ"

"လူတစ်ယောက်ရဲ့သမိုင်းဆိုတာ လွယ်လွယ်လေးနဲ့ ပြုပြင်[illegible]လွယ်တဲ့ ကိစ္စတစ်ခုမှ မဟုတ်တာ"

"ဟုတ်ပါတယ်။ မင်းမှာ ကိုယ့်ကို သံသယဖြစ်ပိုင်ခွင့်အပြည့်အဝ ရှိပါတယ်။ ဒါပေမဲ့ ကိုယ်က အမှန်တ[illegible] တစ်ခုကို ပြောင်းလဲနေတဲ့အချိန်မှာ မင်းက အဲဒါလေး[illegible]တော့ စောင့်ကြည့်အသိအမှတ်ပြုပေးဖို့ လိုတယ်လို့ ထင်[illegible]တယ်လေ။ ဘလိုင်းကြီးပဲ မျက်စိစုံမှိတ်ပြီး ကိုယ်ပြောသ[illegible]





ကိုယ်လုပ်သမျှကို မယုံဘူး စွတ်အော်နေတာတော့ တစ်ဖက်စောင်းနင်း သိပ်ကျနေတယ်လို့ မထင်ဘူးလား"

"မထင်ပါဘူး"

"အိုကေလေ။ မင်းသဘောပါ ရွှေ။ မင်းရဲ့နှလုံးသားကို မင်းကြိုက်သလို စီရင်ခွင့်ရှိပါတယ်"

"ရှင့်စကားက ဘယ်လိုလဲ။ ဝတ္ထုထဲက စာသားတွေအတိုင်း ရွတ်မယ်ဆိုရင် ကိုယ့်နှလုံးသားကို မင်းစိတ်ကြိုက် စီရင်ခွင့်ရှိပါတယ်လို့ ပြောရမှာ မဟုတ်ဘူးလား"

ရွှေရဲ့ရယ်ဟဟအမေးကို သူက နှုတ်ခမ်းတစ်ဖက်တွန့်ရုံပြုံးသည်။

"မဟုတ်ဘူး။ ကိုယ်ကတော့ အဲဒီလို မယူဆဘူး။ မင်းနှလုံးသားကို မင်းစိတ်ကြိုက် စီရင်ခွင့်ရှိတယ်။ ဆိုလိုတာက မင်းနှလုံးသားက အဖြူရောင်ကို တောင့်တနေပေမယ့် မင်းက အနီရောင်မှ အနီရောင် ရွေးချယ်ရင်လည်း ကိုယ်က မင်းကို အနီရောင်ကို မရွေးပါနဲ့ အဖြူရောင်ကိုပဲ ရွေးပါလို့ ပြောပိုင်ခွင့် မရှိဘူးလေ ...

ကိုယ်ဆိုလိုတာက အဲဒါမျိုးပါ"

သူပေးသော ဥပမာမှာ ဘာကိုဆိုလိုမှန်း ရိပ်မိသဖြင့် ပြောတတ်သော သူ့ကို ရွှေက ဖျားသွားသည်။ သူဟာ ရွှေရဲ့နှလုံးသားကို တကယ်ပဲ လှမ်းမြင်နိုင်သူပါလား။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီ။ ဒါဖြင့်ရင် ရှင့်နှလုံးသားကရော"

"မင်းက ကိုယ့်နှလုံးသားကို စိတ်ဝင်စားသေးလား"

"အင်း ... စိတ်ဝင်စားပါတယ်"

"အိုကေလေ ... အဲဒါ မင်းရဲ့တကယ့်စိတ်ရင်းဆိုတာ ကိုယ်ယုံပါတယ်။ အဲဒါဟာ မင်းမျက်ဝန်းတွေကတစ်ဆင့် မင်းနှလုံးသားကို ကိုယ် မြင်ရလို့ပေါ့။ မင်းမျက်ဝန်းတွေက တော့ မင်းတစ်ကိုယ်လုံးမှာ အံ့သြစရာကောင်းလောက် အောင်ကို နူးညံ့ရိုးသားဆဲပါ"

"ဩော် ... ကျန်တာတွေကတော့ မရိုးသားဘူးလို့ ပြော တာပေါ့"

"အဲဒီလိုကြီး အတိအကျ စွပ်စွဲတာတော့ မဟုတ်ပါဘူး။ ဒီတစ်ခုကို ကောင်းတယ်ပြောတိုင်း ဟိုတစ်ခုကိုတော့ မကောင်းဘူးလို့ ပြောတာမှ မဟုတ်တာ ...

ကဲ ... အဓိပတိလမ်းလည်း ဆုံးခါနီးပြီ။ ဘာပဲပြော ပြော မင်းနဲ့အတူ အဓိပတိလမ်းကို တွဲလျှောက်ခွင့်ရတဲ့ အတွက် ကိုယ် အရမ်း ဝမ်းသာပါတယ် ရွှေ"

သူက ကော်ရစ်တာတစ်ခုဘက်သို့ ချိုးကွေ့မည့်ဟန် ပြင်သည်။ ရွှေသည် သူ့ကို ရုတ်တရက် လက်ယပ်ပြီးတော့တောင် ခေါ်မိတော့မလို ဖြစ်သွားသည်။





"ဟော့ ... ရှင် စကားကို တန်းလန်းကြီး မထားခဲ့နဲ့လေ။ ရှင့်နှလုံးသားအကြောင်း ပြောခဲ့ဦးမှပေါ့"

သူက ရွှေ့ကို လည်ပြန်ကြည့်ကာ အသေအချာ ပြုံးပြသည်။ ဖြူစင်သော အပြုံးတစ်ခုမှန်း သိသာစေသည်မှာ အဲဒီအပြုံးတွင် ရွှေက ငေးခနဲ မှေ့မျောပါသွားလေသည်။

"ကိုယ့်နှလုံးသားက အလွယ်တကူ မပြောင်းလဲတတ်တဲ့ နှလုံးသားမျိုးပါ။ မင်းကို အမြဲတမ်း မျှော်လင့်နေမှာပါ ... အိုခေ"

ရွှေက ဘာမှပြန်မပြောနိုင်ဘဲ နှစ်ဝင်ငေးမောစွာ ကျန်ရစ်ခဲ့သည်။ ဘာတဲ့ ... သူပြောသွားတဲ့ စကားလေးက ရွှေ့ နှလုံးသားကို စိတ်ကြိုက်စီရင်ခွင့် ရှိတယ် ဆိုပါလား။ စီရင်တဲ့ စကားလုံးကကို ရက်စက်နေပြီဟုထင်သည်။ ရွှေသည် ယောင်ယမ်း ပြီး ဘယ်ဘက်ရင်ခွင်ရှိရာသို့ ငုံ့ကြည့်မိသွားသည်။ ရွှေရဲ့နှလုံး သားလေးက မျက်နှာငယ်စွာဖြင့် မော့ကြည့်နေသည်ဟု ထင်မိလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၆

"ဟော့ကောင် ... မင်းဟာ သေချာတယ်နော်"

သူက လက်ဖဝါးနှစ်ဖက်ကိုပွတ်ကာ စိတ်လှုပ်ရှားသလို မေးမိလျှင် လင်းထက်က စီးကရက်ကို ရှိုက်ဖွာရင်းမှ သူ့ကို မျက်မှောင်ကြုတ်ကြည့်သည်။ ပြီးတော့ အပိုတွေ မပြောဘူးဟူသော သဘောဖြင့် တစ်ဖက်သို့ လှည့်သွားသည်။ သူက ပြည့်ဖြိုးကို တစ်ချက်မော့်ကြည့်လိုက်လျှင် အဲဒီကောင်ကတော့ နည်းနည်း စိတ်လှုပ်ရှားသလို နှုတ်ခမ်းကို လျှာဖြင့် တစ်ချက်သပ်တင်လိုက်တာကို တွေ့ရသည်။ ဒီနေ့သည် သူတို့ရဲ့အော်ပရေးရှင်းကြီး စမည့်နေ့ဖြစ်သည်။

ဆွဲထားသော အစီအစဉ်မှာ ပြည့်ဖြိုး တစ်ယောက် လွန်းမြတ်ဆီမှ ကြားသိလာသော လျှို့ဝှက်သတင်းအရ ရွှေသည် ငယ်သူငယ်ချင်းတစ်ယောက်၏ မင်္ဂလာဆည့်ခံပွဲ ဒင်နာသို့ ဒီနေ့ည သွားမှာဖြစ်သည်။ အဲဒီ မင်္ဂလာဆောင်မှာ သတို့သမီးအရံလုပ်ပေးခဲ့သော ရွှေသည် ဒင်နာကိုလည်း ဧည့်သည်သဘောမျိုးထသွားထလာ သွားမှာမဟုတ်ဘဲ ပွဲပြီးသည်အထိ နေမှာဖြစ်သည်။ ဒင်နာပြီးသည့် အိမ်ပြန်ချိန်ဟာ ညဆယ်နာရီလောက် ဖြစ်တာမို့ အဲဒီအချိန်ကို အခွင့်ကောင်းယူကာ သူတို့ရဲ့နှလုံးသားစစ်ဆင်ရေး ဗီဒီယိုကားလေးကို ရိုက်ကူးမှာဖြစ်သည်။ ဘယ်လောက်ပဲအတိအကျ စီစဉ်ထားသည်ဟုပြောပြော ရွှေတစ်ယောက်လုံး ပါဝင်သည့်ကိစ္စမို့ သူသည် အင်မတန် ရင်ခုန်သည်။

"မင်းတို့ အစီအစဉ်ကို ပြန်ပြောစမ်းပါဦး"

"ကျွတ် ... ဒီကောင်တော့ ဘယ်လိုဖြစ်နေလဲ။ ဒီမှာ မင်းစိတ်ကိုလျှော့ထား သူငယ်ချင်း ... နော်။ အခြေအနေတွေအားလုံးက ယုတ္တိယုတ္တာရှိရှိ စီစဉ်ပြီးသား ...

အဲဒီဟိုတယ်မှာ ကလပ်ရှိတယ်။ ငါတို့က အဲဒီကိုသွားမှာ။ အဲဒီမှာ လမ်းမှာ မင်းမလှုံးရွှေကို ပြဿနာရှာတဲ့ကောင်တွေနဲ့ ငါတို့နဲ့တွေ့မှာ။ ဒီကောင်တွေက ရွှေ့ကို ကားတင်ပြေးဖို့ ကြိုးစားတုန်း ငါကို့က ရောက်သွားပြီး အဓိက,က မင်း၊ မင်းက မင်းသား။ အဲဒီမှာ မင်းကကယ်မှာ၊ မင်းကို အဲဒီထဲကတစ်ယောက်က ဓားနဲ့ထိုးသွားမှာ။ ထိုးပြီး အဲဒီကောင်တွေပြေးမယ်။ မင်းက ဓားဒဏ်ရာနဲ့ ကျန်ခဲ့မယ်။ ဒါပေမဲ့ သိပ်မများဘူးပေါ့ကွာ။ ပြဿနာမရှိ





www.burmeseclassic.com

www.burmeseclassic.com


ဘူး။ ရဲစခန်းမသွားဘူး။ အဓိက,က မင်းအပေါ်မှာ မလုံး ရွှေက အကြင်နာမိုးတွေ ရွာဖို့ပဲ။ ဇာတ်လမ်းက ရိုးရိုးရှင်း ရှင်းလေး ဘာမှစိတ်လှုပ်ရှားပြီး ကြောက်မနေနဲ့”

“အေးပါကွာ။ ကြောက်တာတော့ မကြောက်ပါဘူး။ ငါက ရွှေပါတော့ တစ်ခုခုလွဲချော်သွားမှာကို စိုးရိမ်တာပါ။ မင်းတို့ကောင်တွေက သေရော သေချာပါတယ်နော်”

“ဟေ့ကောင် ... မသေချာမှာစိုးလို့ ရုပ်ရှင်ထဲက လူကြမ်းတွေကို ငှားထားတာကွ သိရဲ့လား။ အိုက်တင်က ပိုင်ပြီးသား၊ မင်းသာ ယုတ္တိရှိရှိလုပ် ...

အမူအရာ မပျက်စေနဲ့။ ယောင်ပြီးတော့လည်း သွားမရယ်နဲ့”

“အေးပါကွာ ... ဟား ဟား”

“တွေ့လား ... ပြောရင်းနဲ့တောင် ရယ်နေပြန်ပြီ”

“မဟုတ်ပါဘူး။ မင်း ငှားထားတဲ့လူတွေက ဂိုဏ်းစတားအုပ်စုထဲက လူတွေလို ကုတ်အင်္ကျီအနက် ဘောင်းဘီအနက်တွေနဲ့ မျက်မှန်အမည်းကြီးတွေ တပ်ဦးမှာလားလို့ပါ”

“မင်းကြီးတော် ... ညဆယ်နာရီလောက်ကြီးတော့ မျက်မှန်အမည်းတွေ တပ်နေပါ့မလား”

“သိဘူးလေ။ ယောင်ပြီး တပ်လာမှာစိုးလို့”

“မတပ်စေရပါဘူးကွာ။ ငါ သေချာမှာပြီးသားပါ”

“အေးပါကွာ။ မင်းရဲ့အစွမ်းအစကို ယုံပါတယ်။ ဒါဆို ငါတို့က ကိုးနာရီခွဲလောက်တည်းက ဟိုတယ်နားက လမ်းချိုးကို ရောက်နေရမှာပေါ့”

“အေးပေါ့၊ မင်း ဒီလောက်မှ စိတ်လှုပ်ရှားနေရင်လည်း အပြင်းသွားချမလား ယောက်ဖ။ အချိန်ရသေးတယ်”

“နေပါကွာ။ မလုပ်ပါဘူး။ တော်ကြာ မူးနေမှ အကုန်လုံး တိုင်ပင်လွဲကုန်မယ်”

“ဟင်း ... အမျိုးမျိုးပဲ။ ကဲ ... ဒါဆိုလည်း ပါးစပ်ပိတ်တော့”

ဒီတစ်ခါတော့ သူက တကယ်ပဲ ပါးစပ်ပိတ်လိုက်တော့သည်။ တဖြည်းဖြည်းနဲ့ အချိန်တွေနီးကပ်လာလေလေ သူ့ရင်တွေက အတိုင်းအဆမရှိ ခုန်လာလေလေပဲဖြစ်သည်။ ကိုးနာရီခွဲခါနီး အချိန်မှာတော့ သူတို့အုပ်စုရဲ့ဒါရိုက်တာကြီး လင်းထက်က ဟိုတယ်နားရှိ လမ်းချိုးသို့ နေရာပြောင်းဖို့ လောဆော်သည်။ ဟိုတယ်နားသို့ ရောက်လာလေလေ သူက ရင်ပိုခုန်လာလေဖြစ်သည်။ လင်းထက်က ကားပေါ်မှဆင်းကာ ...

“ကဲ ... ဒီနားကနေ ငါကချောင်းမယ်။ မလုံးရွှေရဲ့ကား လာပြီဆိုတာနဲ့ ဟိုဘဲတွေက သူတို့အလုပ်ကို သူတို့လုပ်မှာပဲ။ ကားနံပါတ်ကအစ အတိအကျ ငါပြောပြီးသား။ ဒီတော့ ဟိုမှာ ကားနှစ်စင်းရပ်ပြီး ကွိုင်တက်နေပြီဆိုတာနဲ့ တို့က ထွက်ရုံပဲ။ မရှင်းတာရှိလား”



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး"

အဲဒီ ခပ်ကြောင်ကြောင် အဖြေကိုတော့ ဟိုနှစ်ယောက်ကဖြေတာ မဟုတ်ဘဲ သူက ဖြေမိတာဖြစ်သည်။ ဒီလိုနှင့် အချိန်တွေက တရွေ့ရွေ့ ကုန်သွားကာ ဆယ်နာရီကိုတောင် ကျော်သွားပြီဖြစ်သည်။ အခြေအနေက ဘာမှမထူးခြားသေးပါ။ သူက လင်းထက်ကို မော့်ကြည့်လိုက်လျှင် ဟိုကောင်က မေးစရာတောင် မလိုဘဲ ဖြေသည်။

"ဘယ်ထူးခြားဦးမလဲ။ မလုံးရွှေမှ ထွက်မလာသေးတဲ့ဟာ"

"ဟင်း"

သူက သက်ပြင်းတစ်ချက်ကို အကြီးကြီးပဲ ချမိသည်။ အဲဒီအချိန်မှာပဲ လင်းထက်က လမ်းထောင့်ကနေပြီး ကားဆီသို့ ပြေးလာသည်။

"ဟော့ကောင်တွေ တက်တော့၊ တက်တော့၊ ဟိုမှာတွေ့ကုန်ပြီ"

"ဟင် ... ဟုတ်လား"

သူက အခုမှပဲ ရင်တွေတဒိန်းဒိန်း ခုန်လာကာ ကား ပေါ်သို့ အမြန်ပြေးတက်ရသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် သူ့ကို ကားပေးမမောင်းဘဲ လင်းထက်ကသာ ကားမောင်းသည်။ သူတို့ကားမှာ ရွှေရဲ့ကားနှင့် လူဆိုးတွေရဲ့ကားနားသို့ ရောက်



သွားလျှင် အရေးကြီးစွာဖြင့် ကျွီခနဲ ထိုးရပ်သွားသည်။ မြင်ကွင်းကတော့ တကယ်ပဲ ရုပ်ရှင်တွေထဲကအတိုင်း ဖြစ်ပါသည်။ ရွှေရဲ့ ကားတံခါးတစ်ဖက်က ပွင့်နေလျက် ရွှေနှင့် သူမ၏သူငယ်ချင်း တစ်ယောက်တို့မှာ လူဆိုးတွေကြားထဲ၌ မျက်လုံးပြူး ထိတ်လန့်နေကြသည်ကို နီယွန်မီးရောင်အောက်၌ မြင်နေရသည်။ သူက ကားပေါ်မှ အပြေးအလွှား ဆင်းသွားကာ ရွှေဆီသို့ အမောတကော ရောက်သွားသည်။

"ရွှေ"

သူ့ကိုမြင်သွားသော ရွှေရဲ့မျက်လုံးတွေက အဟုတ်ကိုပဲ အံ့သြစိတ်ဖြင့် ပြူးကျယ်ဝိုင်းစက်သွားကြသည်။ ပြီးတော့ တောက်ပသွားသောအခါ သူသည် တကယ့်ကိုပဲ လှိုက်ခနဲ ဝမ်းသာသွားရပါသည်။

"ဘာဖြစ်တာလဲ"

"ဟော့ကောင် ... မင်းက ဘာကောင်လဲ ထွက်သွားစမ်း"

သူ့စကားတောင် မဆုံးသေး။ လူဆိုးတစ်ယောက်က သူ့ရင်ဘတ်ကို ဆောင့်တွန်းထုတ်လိုက်သည်မှာ ရင်ဘတ်တောင် အောင့်သွားသည်။ သို့သော် သူက သဏ္ဌာန်လုပ် သရုပ်ပါသော ပညာကို နားလည်စွာဖြင့် သည်းခံလိုက်သည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ။ ရွှေ ဘာဖြစ်တာလဲ"



www.burmeseclassic.com

"သူတို့ ... သူတို့ ... ကားကို ခေါင်းချင်းဆိုင်လာပြီး ..."

ရွှေရဲ့စကားတောင် မဆုံးသေး။ လူဆိုးတစ်ယောက်က သူ့ကို စိတ်မရှည်သံဖြင့် ဟာခနဲ ရေရွတ်ကာ လက်သီးနဲ့ပိတ်ထိုးလိုက်တာဖြစ်သည်။ သူ့မေးစေ့တစ်ဖက်မှာ ပူခနဲဖြစ်သွားပြီး ထင်မှတ်မထားသော အကွက်ကြောင့် နောက်သို့ပက်လက်လှန်လဲကျသွားသည်။ သို့သော် ဒီလောက်ကြီးပဲ လုပ်ရသလားဟူသော ဒေါသစိတ်ကြောင့် ချက်ချင်းပဲ လူးလဲထကာ လင်းထက်ကို လှည့်ကြည့်မိသည်။ လင်းထက်ရဲ့မျက်နှာသည် တစ်စုံတစ်ခုကို နားမလည်စွာဖြင့် ဇဝေဇဝါ ဖြစ်၍နေသည်။

ထိုအချိန်မှာပဲ ထိုအုပ်စုထဲမှ ကျန်တဲ့လူတွေကပါ လင်းထက်နှင့် ပြည့်ဖြိုးကိုပါ ဝိုင်းဘောတော့တာဖြစ်သည်။ သူသည် အခြေအနေကို နားမလည်စွာဖြင့် ကြောင်ငေးနေတုန်းမှာပဲ သူ့ကိုပါ ထပ်ဆင့်ပြီး သုံးလေးချက်ထိုးတာကို ခံလိုက်ရသည်။ ဒီတော့ မှပင် တကယ်လုပ်နေသလားဟူသော အသိဖြင့် သူတို့ကလည်း ပြန်လည်ခုခံကြတာဖြစ်သည်။ သို့သော် အင်အားချင်းကမျှ၊ ဟိုဘက်အုပ်စုကလည်း ခြောက်ယောက်ဖြစ်ကာ အားလုံးကလည်း လက်ယဉ်သူများ ဖြစ်ကြသည်။

အခြေအနေတွေက တစ်ခုခုတော့ လွဲနေပြီဟု သိရသော်လည်း ဘယ်လိုမှ ရှင်းမရနိုင်ဘဲ ဖြစ်နေသည်။ ဒါပေမဲ့





သူသည် ရွှေ့အတွက်တော့ အန္တရာယ်တကယ်ရှိနေပြီဟု သိသောကြောင့် သူ့ကိုဝိုင်းထိုးနေသူရဲ့လက်ထဲမှ ဖွတ်လွတ်အောင်ပြေးကာ ရွှေရဲ့လက်ကိုဆွဲလျက် ကားပေါ်သို့ ပြန်တင်ပေးနိုင်ဖို့ ကြိုးစားသည်။ အဲဒီအချိန်မှာပဲ သူ့ကို နောက်က တစ်ယောက်က ဆွဲလှည့်တာကို ခံလိုက်ရသည်။ ရွှေရဲ့ထိတ်လန့်တကြား အော်ဟစ်လိုက်သံကို ကြားလိုက်ရသောကြောင့် သူက ကပျာကယာရှောင်လိုက်သော်လည်း အသွားချွန်သောဓားသည် သူ့ဝမ်းဗိုက်ကိုတော့ ရှပ်ခနဲ ထိသွားသေးသည်။ သွေးတွေမှာ ဖြာခနဲ။

ထိုအချိန်မှာပဲ နောက်ထပ် ကားမီးရောင်တွေက နောက်က ရောက်လာလျှင် သူ့ကို ဓားနဲ့ထိုးသော အုပ်စုသည် ကားပေါ်တက်၍ မောင်းထွက်သွားတော့တာဖြစ်သည်။ သူသည် ဝမ်းဗိုက်ကို ဖိကိုင်၍ မြေပြင်ပေါ်သို့ ပစ်လဲသွားသည်။ သို့သော် အဆုံးထိမရောက်။ ရွှေသည် သူ့ကို သူမ၏ရင်ခွင်ထဲသို့ ပွေ့ထားသောကြောင့်ဖြစ်သည်။ ရွှေရဲ့နှုတ်ခမ်းများသည် တဆတ်ဆတ်တုန်နေကာ မျက်လုံးထဲတွင် မျက်ရည်များဖြင့် ပြည့်နှက်နေသည်။

"ရာ ... ရာစုသစ်၊ ရှင် ... ဘာမှမဖြစ်ရဘူးနော်"

"အား ... ကျွတ် ... ကျွတ် ... ရွှေရယ် ... ကိုယ်လေ"

"ဟင့်အင်း ... ရှင် စကားတွေ မပြောနဲ့။ ရှင် ဘာမှမဖြစ်ရဘူး"

စေတနာစာပေ

www.burmeseclassic.com

သူ ဘာမှမဖြစ်နိုင်ဘူးဆိုတာ သူ့ကိုယ်သူ သိပါသည်။ သူရသွားသောစားဒဏ်ရာသည် သေစေသောစားဒဏ်ရာ မဟုတ်။ သို့သော် ဒီနေရာမှာ သူ သရုပ်ဆောင်ကောင်းရမည်ကို နားလည်သည်။ ဒါကြောင့် ရွှေရဲ့ရင်ခွင်ထဲ၌ မေ့ချင်ယောင်ဆောင်လိုက်ပါသည်။ ရွှေရဲ့အော်သံကျယ်ကြီးသည် သူ့နားတွေကိုတောင် အူသွားစေလေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် (၁၁၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

## နိဂုံး

အဖြစ်အပျက်များ၏ နိဂုံးသည် ပျော်ရွှင်ဖွယ်ကောင်းသော ဇာတ်သိမ်းခန်းလေးကို ဖြစ်စေခဲ့ပါသည်။ သူတို့အဖွဲ့ကြိုတင်ကြံစည်ခဲ့သော လူကြမ်းမင်းသားများ စီးလာသည့်ကားမှာ လမ်းမှာပျက်နေတာကြောင့် ရောက်မလာခဲ့သော်လည်း ရွှေ့ကို တကယ်ပဲ ပြန်ပေးဆွဲကာ ခေါင်ဘုန်းသိုက်ထံမှ ငွေညှစ်ချင်သည့် လူရမ်းကားအုပ်စုက တိုက်တိုက်ဆိုင်ဆိုင် ရှိနေခဲ့သည်မှာလည်း အံ့သြစရာကောင်းလွန်းသောကိစ္စပဲ ဖြစ်တော့သည်။ ထူးအိမ်သင်ရဲ့ သီချင်းထဲကလို နည်းနည်းလေးတော့ လွဲနေခဲ့သည်။ သို့သော်ငြားလည်း အားလုံးအဆင်ပြေခဲ့ပါသည်။

သူ့အချစ်ကို လုံးဝယုံကြည်သွားပြီး သူမကို အသက်စွန့်ကယ်တင်ခဲ့သော သူ့ကျေးဇူးရှင်ကို ရွှေက နှလုံးသားတစ်ခုဖြင့် ဆပ်ခဲ့သည်။ အရာရာမှာ ဦးနှောက်နှင့် တွက်ချက်စဉ်းစားတတ်သော မိန်းကလေးသည် အခုတော့ မေတ္တာတရား၏ အဓိပ္ပာယ်ကို

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းကြီး နားလည်သဘောပေါက်သွားခဲ့ပြီဖြစ်သည်။ သူမဟာ မာယာတွေလည်း မသုံးခဲ့။ ချစ်စရာကောင်းအောင်လည်း တမင်မလုပ်ခဲ့ပါဘဲ ရိုးရိုးလေး နေခဲ့တာတောင် သူက အရှုံးအမူး ကြွေခဲ့ရသည်။ အပျိုတော်ကကွက်လေးနဲ့တောင် သူ ကျရှုံးခဲ့ရလျှင် ဆယ့်နှစ်ကြိုးကကွက်ဆိုရင်တော့ မတွေးရဲတော့ပါ။

ဘယ်လိုပဲဖြစ်ဖြစ် ချစ်သူလေးကို ပိုင်ဆိုင်ခဲ့ရပြီတည်း။

**ချစ်ခင်လေးစားသော**

BURMESE CLASSIC .com

ဆုမြတ်မွန်မွန်
24.11.2011
10:45 (P:M)

www.burmeseclassic.com